

ဝိုးကျော်သူ
သစ္စာသွေးသောက်
တို့နှစ်ယောက်

စာအုပ်စာတမ်းပုံနှိပ်ခွင့်အမှတ် (၂၆၉)
မျက်နှာဖုံး ပုံနှိပ်ခွင့်အမှတ် (၃)

ထုတ်ဝေခြင်း၊
၁၉၈၆–ခု၊ ဖေဖေါ်ဝါရီလ
ပထမအကြိမ်
အုပ်ရေ–၁၅၀၀
တန်ဖိုး–နှစ်ဆယ့်နှစ်ကျပ်၊

မျက်နှာဖုံးသရုပ်ဖော်
ချမ်းမြေ့အောင်

ကာလာခွဲ
ဦးတင်စိုး

စီစဉ်သူ
မောင်မောင်သန်း(သတ္တုဗေဒ)

မိုးကျော်သူ

# သစ္စာသွေးသောက် တို့နှစ်ယောက်

(လုံးချင်း စ–ဆုံး)

ထုတ်ဝေသူ

ဦးပါကြီး (မြ-၀၁၃၃)
ရုပ်ရှင်သစ်စာပေ
အမှတ်-၅၀၂၊ သိမ်ဖြူလမ်း၊
ကန်တော်ကလေး
ရန်ကုန်မြို့။

အဖုံးရိုက် — လင်းအော့ဖ်ဆက်

ပုံနှိပ်သူ

ဦးပါကြီး (မြ-၀၁၉၅)
ဆန်းသစ်ပုံနှိပ်တိုက်
အမှတ်-၅၀၂၊ သိမ်ဖြူလမ်း၊
ကန်တော်ကလေး၊
ရန်ကုန်မြို့။

F 1

## မိုးကျော်သူ

# သစ္စာသွေးသောက်
# တို့နှစ်ယောက်

ရှိ၊ ၂၁၃၄၄

## မိုးကြိုးဓား

လေပြေလေညင်းကလေး ဝေ့ယမ်းတိုက်ခတ်လာသည်။

တဖြိုမ့်ဖြိုမ့်စီးဆင်းနေသော ချန်ကျန်းမြစ်ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများ ဖြစ်ပေါ်လာ၏။ မြစ်ထဲတွင် ရေစုန်ရေဆန်လှော်ခတ်သွားလာနေကြသော ရွက်လှေများလှေငယ်များမှ လှေထိုးသားများ၊ သီဆိုဟစ်ကြွေးလိုက်သော တေးသီချင်းသံများကို လေပြည်နှင့်အတူ ကြည်နူးဖွယ်ကြားရလေသည်။

ကောင်းကင်မှာ ပုဇွန်ဆီရောင်သန်းနေသည်။ အရုပ်ဆိုးအကျည်းတန်သူများပင် လှသည်ဆိုသော ညနေဆည်းဆာတိမ်တောက်ချိန်ဖြစ်သည်။ ငှက်တအုပ်သည် အသံစာစာမြည်စာမ်း

ယင်း တညတာအနားယူရန် အိပ်တန်းသို့ ပျံသန်းသွားနေကြသည်။

အရာရာသည် ရင်သပ်ရှုမော ကြည်နူးဖွယ်အတိပြီးနေသည့်အလား။

မြင်ကမ်းနားဘေး သဲပြင်တနေရာတွင် လူရွယ်တယောက် လက်နှစ်ဘက်နောက်ပစ်ကာ ရပ်နေသည်။ သူသည် သဘာဝ၏ အလှအပ ရှုမျှော်ခင်းများကို အရသာခံကြည့်ရှုနေသည့် စာပေသမားယောက်အလား ထင်ရပေသည်။

သို့သော် ထိုလူရွယ်မှာ စာပေသမားတယောက် မဟုတ်ပါ။ သူ၏ထူးချွန်သောပညာမှာ စာပေပညာမဟုတ်ပဲ ဓားပညာဖြစ်နေသည်။ သူသည်သိုင်းလောကတွင် အချိန်တိုတိုဖြင့်ကျော်ကြားလာသူဖြစ်သည်။ သူ၏သုံးပေခန့်ရှိသောဓားသည် သိုင်းလောကတွင် နေရာယူထားနှင့်ပြီးသော ဓားအမျိုးမျိုးကိုကျော်ဖြတ်ကာ ထိပ်ဆုံးအဆင့်သို့ လှမ်းတက်လာ၏။

သိုင်းလောကတွင် 'မိုးကြိုးဓား' ဟုဆိုလျှင် လူတိုင်းလိုလိုသိကြလေသည်။ ထိုလူရွယ်မှာ 'မိုးကြိုးဓား' ပိုင်ရှင်ဖြစ်သည်။ သူသည် အသက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့်ရှိ လူရွယ်တယောက်ဖြစ်သော်လည်း ထိပ်တန်းဓားသမားအဆင့်သို့ လှမ်းတက်လာသောအခါ အသက်အရွယ်နှင့်မလိုက်အောင် အခက်အခဲဒုက္ခများနှင့် ရင်ဆိုင်ရတော့သည်။

ယခုလည်း ချန်ကျန်းမြစ်တနေရာသို့ အပျော်ခရီးထွက်လာခြင်းမဟုတ်ပါချေ။ အနက်ရောင်သိုင်းသမားလောကမှ 'ပုလဲကိုးလုံးနဂါးရိုဖွေး' ၏ ချိန်းဆိုမှုကြောင့် ရောက်ရှိလာခြင်းဖြစ်



လေသည်။ ပုလဲကိုးလုံးနဂါးရိုဖွေးမှာ မကောင်းမှုဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူဖြစ်သည်။

သူ့အား ဖမ်းဆီးရန်သက်ဆိုင်ရာ အာဏာပိုင်များက ကြိုးစားနေခဲ့ကြသည်။ အမိန့်ထုတ်ခြင်း၊ ဆုငွေကြော်ငြာခြင်းပြုလုပ်ကြသည်။ ယခုအချိန်တွင် ပုလဲကိုးလုံးနဂါးရိုဖွေး၏ အသက်မှာ ငွေငါးထောင်ခန့်တန်ဖိုးရှိပေသည်။

မိုးကြိုးဓားပိုင်ရှင်မှာ ငွေမက်မောသူမဟုတ်ပါ။ သို့သော်သူသည် မတရားမှုကိုရွံမုန်းသည်။ ထို့ကြောင့် သိုင်းလောကတွင် ပုလဲကိုးလုံးနဂါးရိုဖွေးကို မြေလှန်ရှာဖွေခဲ့လေသည်။ ဤအကြောင်းကို ပုလဲကိုးလုံးနဂါးရိုဖွေးသိသွားလျှင် အလွန်ပင်စိတ်ဆိုးသွား၏။

သူက မိုးကြိုးဓားပိုင်ရှင်အား ချန်ကျန်းမြစ်ကမ်းတနေရာတွင် တွေ့ဆုံရန်ချိန်းဆိုလိုက်သည်။ သတ္တိရှိလျှင် အဖော်မပါပဲ တယောက်ထဲလာရန် ဖိတ်ကြား၏။ သူကလည်းတယောက်တည်းလာပြီး မိုးကြိုးဓားပိုင်ရှင်အား ရင်ဆိုင်မည်ဟုဆိုလေသည်။

ထိုချိန်းဆိုမှုကြောင့် မိုးကြိုးဓားပိုင်ရှင်မှာ ချန်ကျန်းမြစ်ကမ်းလေးဘနေရာသို့ ရောက်ရှိလာရခြင်းဖြစ်ပေသည်။ မိုးကြိုးဓားပိုင်ရှင်လူရွယ်၏အမည်မှာ 'ပိုင်ချူးရီ' ဖြစ်ပါသည်။

* * *

ပိုင်ချူးရီက လက်နှစ်ဘက်နောက်ပစ်ကာ ချန်ကျန်းမြစ်ထဲသို့ငေးကြည့်နေ၏။ သီချင်းသီဆိုဟစ်ကြွေးသွားကြသော လှေထိုးသားများ၏အဝမှာ လွတ်လပ်လှသည်။ စိတ်ချမ်းသာဖွယ်ကောင်းလှသည်ဟု တွေးနေမိသည်။ ထို့အပြင် ကောင်းကင်ပေါ်တွင် ပျံသန်းသွားကြသော ငှက်များမှာလည်း အတားအဆီးနှောင်ကြိုးကင်းမဲ့ကာ လွတ်လပ်ခြင်းအရသာကို အပြည့်အဝခံစားနိုင်ပေသည်။

သူသည် ငွေကြေးပြည့်စုံသော လူတယောက်ဖြစ်သည်။

သို့သော် လွတ်လပ်ခြင်းကင်းမဲ့နေသည်ဟု ခံစားမိလေသည်။ သူ၏အဝမှ လွတ်လပ်ခြင်းအရသာ၊ ပျော်ရွှင်ခြင်း စိတ်ချမ်းမြေ့ခြင်းစသော ခံစားချက်များ ကွယ်ပျောက်သွားခဲ့သည်မှာ သိုင်းလောကသို့ခြေချလာပြီး နာမည်ရလာသည့်အချိန်မှ စတင်ခဲ့လေသည်။

နေ့စဉ်နှင့်အမျှဆိုသလို သူများကလည်း စိန်ခေါ်ကြသည်။ တနေ့ပြီးတနေ့ တိုက်ပွဲများဖြင့်သာ အချိန်ကုန်နေရသည်။ သိုင်းလောကတွင် ခြေချခဲ့သည်မှာ ငါးနှစ်ခန့်ရှိပေပြီ။ ငါးနှစ်အတွင်း အလွန်ကျော်ကြားသူ တယောက်ဖြစ်လာခဲ့ရသည်။ သို့သော် ယခုအချိန်တွင် သူကသိုင်းလောကအား စွန့်ခွာသွားရန် စိတ်ကူးမိနေပြီဖြစ်ပါသည်။

ပိုင်ချူးရီ မည်မျှကြာအောင် တွေဝေငေးမောနေမိမှန်းမသိ ရုတ်တရက်ကျယ်လောင်စွာ ထွက်ပေါ်လာသော ရယ်မောသံကြောင့် ပြန်လည်သတိဝင်လာလေသည်။

'ဟား ... ဟား.... ဟား....'



ရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပိုင်ချူးရီက မြွေတကောင်ပမာ ခန္ဓာကိုယ်တွန့်လိမ်၍ နောက်လှည့်ကြည့်လိုက်လျှင် ခပ်လှမ်းလှမ်း၌ လူတယောက်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူမျှားမည်သည့်အချိန်က ရောက်ရှိလာမှန်းမသိ။ ပိုင်ချူးရီနှင့် ဝါးတပြန်ခန့်အကွာသို့ပင် ရောက်ရှိနေ၏။ အကယ်၍ ထိုလူထံမှ ရယ်မောလာခြင်းမရှိလျှင် ထိုလူရောက်လာသည်ကို သူသိနိုင်ဦးမည်မဟုတ်ဟု တွေးတောမိကာ ကိုယ့်ကိုယ်ကိုဒေါသဖြစ်လာသည်။

သူက တွေဝေငေးမောနေခြင်းသည် သတိလစ်ဟင်းပေါ့လျော့နေခြင်းဖြစ်သည်။ သိုင်းလောက၌ သိုင်းသမား တယောက်မှာ သတိတချက်လစ်ဟင်းသွားရုံဖြင့် အသက်ဆုံးရှုံးသွားနိုင်သည်ကို မေ့ထား၍ မဖြစ်ချေ။ ထို့အပြင် အနောက်ဘက်မှရောက်လာသူ၏ ကိုယ်ဖော့ပညာသည် ထိပ်တန်းအဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်းပိုင်ချူးရီရိပ်မိလိုက်လေသည်။

ထိုသူ၏ ရယ်မောသံမှာ ကျယ်လောင်လွန်းလှပြီး စူးရှအက်ကွဲသောကြောင့် အတွင်းအားအလွန်ကောင်းသူ တယောက်ဖြစ်သည်ကိုလည်း သိနိုင်ပေသည်။ ပိုင်ချူးရီကထိုလူအား သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ တည်ကြည်သောမျက်နှာထားဖြင့်-

'ခင်ဗျားက ပုလဲ့ကိုးလုံး နဂါးရိုဖွေးမဟုတ်လား'

ထိုလူမှာ ခန္ဓာကိုယ် ထွားကြိုင်းသန်မာသူ တယောက်ဖြစ်ပေသည်။ သူ၏တကိုယ်လုံး အဝါရောင် အဝတ်အစားများဝတ်

ဆင်ထား၏။ ခါးတွင်အပြားကြီးသောဓားရှည်တလက်ချိတ်ထားပြီးရွှေခါးပတ်တချောင်း ပတ်ထား၏။

ရုပ်ရည်ခတ်ထန်ပြီး ပိုင်ချူးရီအား စားမတတ်ဝါးမတတ်စိုက်ကြည့်နေလေသည်။ ပိုင်ချူးရီ၏ စကားကြားရလျှင် ထိုလူကျယ်လောင်စွာ ရယ်မောလိုက်ပြန်သည်။ ပြီးမှခါးထောက်ယင်း....

'မင်းက ငါ့ကိုတောင် မသိဘူးဆိုယင် သိုင်းလောကမှာဘယ်လိုလုပ်ကျော်ကြားလာသလဲ ငါ မစဉ်းစားတတ်တော့ဘူးကွ မင်းဟာအချောင်သက်သက် နာမည်ကြီးလာတာဖြစ်ရမယ်'

ပိုင်ချူးရီပြုံးလိုက်သည်။ ပုလဲကိုးလုံးနဂါးရိဖွေးမှာပရိယာယ်ကြွယ်ဝသူဖြစ်ကြောင်းချက်ချင်းရိပ်မိလိုက်လေသည်။ သိုင်းပညာဖြင့်ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုမီ ပြိုင်ဘက်၏ ဒေါသစိတ်ကို ဆွပေးခြင်းဖြင့် အမှားပြုလုပ်စေသည်။

ထိုအခါမှ အမှားကွက် ဟာကွက်ကိုထောက်ကာ အနိုင်ယူရပေမည်။ ပုလဲကိုးလုံးနဂါးရိဖွေးက ပရိယာယ်ဆင်ကာ တမင်စိတ်ဆွပေးလိုက်ခြင်းဖြစ်ပေသည်။ သို့သော် ပိုင်ချူးရီမှာ လူငယ်သော်လည်း အတွေ့အကြုံရင့်ကျက်လာပြီဖြစ်ရာ အပြုံးမပျက်ပဲ-

'စိတ်ချပါဗျာ၊ ကျုပ်ဟာ အချောင် နာမည်ကြီးလာတာဟုတ်မဟုတ် မကြာခင် သိရပါလိမ့်မယ်၊ ခင်ဗျားကျုပ်ကို အထင်သေးယင် ဒုက္ခရောက်လိမ့်မယ်ဆိုတာတော့ ကြိုပြီးသတိပေးပါရစေဗျာ'

ပုလဲကိုးလုံး နဂါးရိဖွေး မျက်နှာမဲ့လိုက်ပြီး -



'မင်းတော်တော် လေလုံးထွားပါလား မင်းငါ့ကိုများ နိုင်မယ်ထင်လို့လား'

ပိုင်ချူးရီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားကို ကျုပ်အနိုင်ရမှာ ကျိန်းသေပါတယ်'

ပုလဲကိုးလုံးနဂါးရိဖွေးက သူ၏ခါးမှ ဓားကိုဖြည်းညင်းစွာဆွဲထုတ်လိုက်သည်။ ဆည်ဆာနေရောင်ခြည်ဖြင့် ဓားအိမ်မှထွက်ပေါ်လာသောဓားသည် အရောင်တဖျပ်ဖျပ်ဝင်းလက်ကာ ဝန်းကျင်သို့ ဓားရောင်လွှမ်းမိုးသွား၏။

အေးစက်သောဓား၏အငွေ့အသက်များနှင့် လူသတ်လိုသောအရိပ်အရောင်များ ရုတ်ခြည်းထွက်ပေါ်လာလေသည်။ ပိုင်ချူးရီမှာ ပုလဲကိုးလုံးနဂါးရိဖွေးဓားဆွဲထုတ်သည်ကို တွေ့မြင်ရလျှင် အသက်ကိုဝအောင် ရှူရှိုက်လိုက်ပြီး စိတ်ဓာတ်စုစည်းလိုက်သည်။ သိုင်းပညာယှဉ်ပြိုင်လျှင် စိတ်တည်ငြိမ်မှုသည်လည်းအရေးပါလှပေသည်။ စိတ်တည်ငြိမ်နေပါမှ ရန်သူကို ခွန်တိုက်အားတိုက်ခုခံတိုက်ခိုက်နိုင်ပေမည်။

စိတ်ဓာတ်စုစည်း၍ မရလျှင် ရန်သူလက်ချက်ဖြင့် အသက်ဆုံးရှုံးရနိုင်၏။

ပုလဲကိုးလုံးနဂါးရိဖွေးက ဓားကို တချက်ဝေ့ယမ်းလိုက်ပြီး....

'ကဲ ဘယ်သူ နိုင်မလဲကြည့်ကြသေးတာပေါ့ ကျုပ်ဓားကိုသတိထားပေတော့ မိုးကြိုးဓားရေ့'

စကားဆုံးလျှင် ကြီးမားသောဓားဖြင့် ပိုင်ချူးရီ၏ တဟုန်ထိုးဝင်၍ တိုက်ခိုက်လိုက်လေသည်။ ပိုင်ချူးရီကလည်းသူ၏မိုး

ကြိုးဓားကိုဆွဲထုတ်လိုက်သည်၊ မိုးကြိုးဓားသည် ဓားအိမ်ထဲမှ ထွက်လာပြီးလျှင် သွေးသောက်ပြီးမှ ဓားအိမ်တွင်းသို့ ပြန်ဝင်သွားတတ်ပေသည်။

ယခုအကြိမ်တွင် မည်သို့ရှိမည်နည်း။

ပိုင်ချူးရိနှင့် ပုလဲကိုးလုံးနဂါးရိဖွေးတို့မှာ ပြင်းထန်စွာဖြင့် သူနိုင်ကိုယ်နိုင် တိုက်ခိုက်နေကြလေတော့သည်။

* * *



အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အချိန်ကုန်ဆုံးလာသည်နှင့်အမျှ တိုက်ပွဲမှာလည်း တစထက်တစ ပြင်းထန်လာလေသည်။ ပိုင်ချူးရိနှင့် ရိဖွေးတို့သူတပြန်ကိုယ်တပြန်တိုက်ခိုက်နေကြသည်။ တိုက်ပွဲအစတွင် ရိဖွေးကဖိ၍ တိုက်ခိုက်နိုင်ခဲ့သော်လည်း တိုက်ပွဲအရှိန် မြင့်မားလာသောအခါ ပိုင်ချူးရိက အပေါ်စီးရောက်ရှိလာလေသည်။

ရိဖွေးမှာ ပိုင်ချူးရိကို တိုက်ခိုက်ရန် မဆိုထားနှင့် အသက်မသေရလေအောင်မနည်းပင် ခုခံကာကွယ်နေရသည်။ ပိုင်ချူးရိ၏မိုးကြိုးဓားသည် သည်းထန်စွာရွာသွန်းနေသော မိုးစက်မိုးပေါက်များအလား ပိုက်ကွန်သဖွယ်ဖြန့်ကြက်ကာ တိုက်ခိုက်နေသည်။

တချက်တချက်ထိုးဖေါက်ထွက်လာသော ဓားချက်များမှာ မိုးကြိုးပစ်သည့်အလား လျှပ်စီးလက်သည့်အလား ရိဖွေးထံသို့ ပြင်းထန်စွာတိုးဝင်သွားသည်။ ပိုင်ချူးရိမှာ မုန်တိုင်းကြားမှ နဂါးတကောင်နှင့်ပင် တူနေသေးတော့၏။ ရိဖွေး၏မျက်နှာဖြူဖပ်ဖြူရော် ဖြစ်လာသည်။

သူသည် ပိုင်ချူးရိအား မကြာမီရှုံးနိမ့်တော့မည်ဖြစ်ကြောင်းရိပ်စားမိလာချေပြီ။ ထိုသို့သဘောပေါက် နားလည်လာသည်နှင့်တပြိုင်နက်ချက်ချင်းနောက်သို့ ခုန်ဆုတ်လိုက်လေသည်။

ပိုင်ချူးရိ၏ ဓားပိုက်ကွန်မှ ရုန်းထွက်ရန် ကြံစည်ခြင်းသည် တကယ်တမ်းလွယ်ကူလှသည်ကား မဟုတ်ချေ။ သို့သော် ရိဖွေးမှာလည်း ခေသူမဟုတ်သဖြင့် လက်ထဲမှ ဓားပြားကြီးကို ပိုင်ချူးရိထံ အားကုန်ပစ်ပေါက်ပြီးမှ ဆုတ်လိုက်ခြင်း ဖြစ်သည်။

သူပစ်ပေါက်လိုက်သောဓားကို ပိုင်ချူးရိက ဓားဖြင့် ပြန်လည် ရိုက်ထုတ်လိုက်ရသည့် တခဏတာ အချိန်အတွင်းမှာပင် ရိဖွေးက အနောက်ဘက်သို့ ရောက်အောင် ဆုတ်သွားနိုင်ခဲ့လေသည်။

သူက ဝေးသည်ထက်ဝေးအောင် ဆုတ်သွားသည်။ ပိုင်ချူးရိ သဘောကျစွာ ပြုံးကာ

'ဘယ်လိုလဲ ကျုပ်က အချောင်နာမည်ကြီးလာတဲ့လူလို့ ခင်ဗျား ထင်ဦးမှာလားဗျ'

ရိဖွေးက တံတွေးတချက် ထွီကနဲ ထွေးလိုက်သည်။ ပိုင်ချူးရိကို မကျေနပ်ကြည့်ကာ

'ဒီကနေ့ မင်း ငါ့လက်က လွတ်မယ်ထင်သလား'

ပိုင်ချူးရိက ပြုံးကာ

'ခင်ဗျား ကျုပ်ကို ကြိမ်းမောင်းဖို့ အချိန်မရှိတော့ပါဘူး၊ ခင်ဗျား မကြာခင် သေရတော့မှာပါ'

ရိဖွေး ကျယ်လောင်စွာ ရယ်မောလိုက်ပြီး

'မင်းမှားပြီ၊ ငါဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ အခုသိရစေ့မယ်'

ပြောပြီး လက်ခုပ်သုံးချက်တီးလိုက်လေသည်။ လက်ခုပ်သံအဆုံးတွင် မြစ်ကမ်းပါး၏အပေါ်ဘက် တောင်ကမူ နောက်ကွယ်မှ လူနှစ်ယောက် လွှားကနဲ ခုန်ဆင်းလာကြသည်ကို တွေ့မြင်လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ ရိဖွေးကဲ့သို့ ရုပ်ရည် ခက်ထန် ကြမ်းတမ်းပြီး ရက်စက်ကြမ်းကြုတ်မည့်ပုံသဏ္ဍာန်ရှိလေသည်။ ထိုလူနှစ်ယောက်အနက်တယောက်ကအနီရောင်ဝတ်ရုံတထည် လွှမ်းခြုံထားပြီး၊ ကျန်တယောက်မှာဦးခေါင်းပြောင်အောင် ခေါင်းတုံးရိတ်ထားလေသည်။



ထိုလူနှစ်ယောက်ကို တွေ့ရလျှင် ပိုင်ချူးရိ မျက်နှာကွက်ကနဲ ပျက်သွား၏။ ထိုလူနှစ်ယောက်အနက် အနီရောင်ဝတ်ရုံလွှမ်းခြုံထားသူမှာ သိုင်းလောကတွင် ရိဖွေးနည်းတူ ကျော်ကြားနေသော သံလက်ဝါးတစ္ဆေ 'လေ့ချူး' ဖြစ်၏။

ခေါင်းတုံးပြောင်အောင် ရိတ်ထားသူမှာမူ အကျင့်စာရိတ္တမကောင်းသောကြောင့် ရှောင်လင်ကျောင်းမှ နှင်ထုတ်ခံခဲ့ရသည့် 'မုကျိ'ဆိုသူဖြစ်၏။ ထိုလူများ သိုင်းလောကတွင်မကောင်းသည့်ဘက်မှ နာမည်ကျော်နေကြောင်း ပိုင်ချူးရိ သိထားလေသည်။ ပိုင်ချူးရိက ရိဖွေးကို ရွှံ့ရှာစက်ဆုပ်စွာ ကြည့်ကာ

'ရိဖွေး ခင်ဗျား ကတိမတည်ဘူး၊ တော်တော်ယုတ်မာတဲ့လူပါလား'

ရိဖွေးက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။

'ဟား.... ဟား.... ဟား.... ငါ ဘယ်လို လူစားမျိုးလဲဆိုတာ မင်းသိပြီလား၊ ငါ့ကို မင်းကြိုက်သလို ပြောနိုင်တယ်၊ အရေးကြီးတာက မင်းကို ရှင်းပစ်နိုင်ဖို့ပဲ'

ပိုင်ချူးရိ ဒေါသချောင်းချောင်း ထွက်သွား၏။ ရိဖွေး အဖော်နှစ်ယောက် ခေါ်ထားသောကြောင့် အနိုင်ရရန် လွယ်ကူမည် မဟုတ်ကြောင်း ရိပ်မိလိုက်လေသည်။ သို့သော် နောက်ဆုတ်၍ မဖြစ်တော့ချေ။

သူသည် အသက်စွန့်ကာ ရှေ့တိုးတိုက်ခိုက်ရန်မှတပါး ရွေးချယ်စရာ လမ်းမရှိတော့ပြီ။ ပိုင်ချူးရှီ အံကိုတင်းတင်းကြိတ်ကာ

'ခင်ဗျားတို့ လူများလို့ ကျုပ်က ကြောက်မယ် ထင်သလား၊ ခင်ဗျားတို့အားလုံး ကျုပ်ရှင်းပစ်မယ်'

စကားဆုံးလျှင် ဓားနှင့်လူ တသားတည်းကျစွာ ရှေ့သို့ ပစ်လွှင့်လိုက်သည့် မြားတစင်းပမာ ရိဖွေး၊ လွေ့ချူးနှင့် မုကျိုတို့ထံသို့ တဟုန်တိုး ပြေးဝင် တိုက်ခိုက်လိုက်သည်။ အမှန်ဆိုလျှင် တယောက်ချင်း တိုက်ခိုက်ပါက ရိဖွေး၊ လွေ့ချူးနှင့် မုကျိုတို့မှာ ပိုင်ချူးရှီကို အနိုင်ရမည် မဟုတ်ကြချေ။

သို့သော် သူတို့သုံးယောက် ပေါင်း၍ တိုက်ခိုက်လိုက်ကြသောအခါ တခဏအတွင်းမှာပင် ပိုင်ချူးရှီကို အနိုင်တိုက်ခိုက်နိုင်ခဲ့ကြလေတော့သည်။

* * *



လေတချက် ဝေ့ယမ်းတိုက်ခတ်လာသည်။ ခလေထဲတွင် ဝြာသံပေးလိုက်သောအသံများ၊ သံသံချင်းထိခိုက်မိသောအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တောလမ်းကလေးအတိုင်း မြင်းစီးလာသော လူရွယ်တယောက်မှာ ရုတ်တရက် တိုက်ခိုက်နေကြသော အသံများကို ကြားလိုက်ရလျှင် ချက်ချင်း မြင်းကို ရပ်တန့်လိုက်သည်။

တဖန် မြင်းပေါ်မှ ခုန်ဆင်း၍ မြင်းကို သစ်ပင်တပင်နောက်ကွယ်တွင် ချည်နှောင်ထားပြီးလျှင်တိုက်ခိုက်နေသောအသံများ ထွက်ပေါ်လာရာဆီသို့ ခြေဖော့နင်းကာ ချဉ်းကပ်သွားလေသည်။

မကြာပါချေ။ သစ်ပင်များကို လွန်မြောက်ပြီး အရှေ့ဘက် မလှမ်းမကမ်း၌ ကျယ်ဝန်းသော ချန်ကျန်းမြစ်ကို တွေ့မြင်လိုက်ရသည်။ လူရွယ်က သတိနှင့် ရှေ့တိုးသွားလျှင် မြစ်ကမ်းနဖူးသို့ ရောက်ရှိသွားပြီး အောက်ဘက်မြစ်ကမ်းပါး သဲသောင်ပြင်တွင် ပြင်းထန်စွာ တိုက်ခိုက်နေကြသော လူတစုကိုတွေ့မြင်လိုက်ရလေသည်။

ထိုလူများမှာ ပိုင်ချူးရှီနှင့် ရိဖွေးတို့လူစု ဖြစ်ကြလေသည်။ လူရွယ်က တိုက်ပွဲကို အကဲခတ်ကြည့်ယင်း မျက်မှောင်ကုပ်လိုက်သည်။ လူသုံးယောက်က လူတယောက်ကို သဲကြီးမဲကြီး ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်၏။

လူသုံးယောက် ဝိုင်းရံတိုက်ခိုက်ခြင်းကို ခံနေရသောလူမှာ အခြေအနေမဟန်တော့ကြောင်း လူရွယ် သဘောပေါက်သွား

သည်။ မှန်ပါသည်။ ပိုင်ချူးရီမှာ အခြေအနေ ဆိုးဆိုးဝါး ဝါး ဖြစ်နေလေသည်။

ရိဖွေး၏လက်ထဲတွင် ဓားပြားကြီးပြန်လည်ရောက်ရှိသွားပြီ ဖြစ်သည်။ လေ့ချူးက ဆူးငယ်ကလေးများ ပါသော လက်အိတ်နှစ်ဘက်စွပ်ကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်နေသလို မုကျိုက သံတုတ်တချောင်းဖြင့် တိုက်ခိုက်နေသည်။

သူတို့သုံးယောက်သည် တိုက်ပွဲများစွာကို စုပေါင်းရင်ဆိုင် တိုက်ခိုက်ခဲ့ဖူးပုံ ရပါ၏။ တယောက်နှင့် တယောက် အချိတ်အဆက်မိမိဖြင့် ဝိုင်းရံ တိုက်ခိုက်နေကြသည်။ တိုက်ပွဲ၏ အခြေအနေမှာလည်း တဘက်စောင်းနင်း ဖြစ်နေလေသည်။

ဒုတိယအကြိမ်တိုက်ပွဲပြန်လည်ဖြစ်ပွားလာပြီး တခဏအကြာတွင် ပိုင်ချူးရီ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာ သုံးလေးချက်မျှ ရရှိသွားလေသည်။ သူ၏အဝတ်အစားများ စုတ်ပြဲသွားပြီး သွေးများစို့လာ၏။

သို့သော် ပိုင်ချူးရီက အံကိုတင်းတင်းကြိတ်ကာ ခုခံ တိုက်ခိုက်နေသည်။ သူ၏မိုးကြိုးဓား အစွမ်းထက်မြက်မှုကြောင့် ရိဖွေးတို့အသာစီး ရနေသော်လည်း ပိုင်ချူးရီကို အသေမသတ်နိုင်ကြချေ။

မြစ်ကမ်းပါး နဖူးပေါ်မှ လူရွယ်က တိုက်ပွဲကို ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။ တဖန် တကိုယ်တည်းကျိတ်၍ ရေရွတ်လိုက်လေသည်။

'အင်း....သုံးယောက်နဲ့ တယောက် ဆိုတော့ မတရားဘူး၊ အားနည်းတဲ့လူကို ကူညီမှဖြစ်မယ်'



စကားဆုံးလျှင် မြစ်ကမ်းပါးနဖူးမှ အောက်ဘက်သဲသောင်ပြင်သို့ လွှားကနဲခုန်ချလိုက်သည်။ သဲသောင်ပြင်နှင့် သူ၏ ခြေထောက် ထိတွေ့မိသောအခါ သူ၏လက်ထဲတွင် ဓားတချောင်းအသင့်ကိုင်ဆောင်ထားပြီး ဖြစ်လေသည်။ လူရွယ်က တိုက်ပွဲဖြစ်ပွားနေရာသို့ လျင်မြန်စွာပြေးပြီး....

'ရပ်လိုက်'

ကျယ်လောင်စွာ အော်ငေါက် ဟန့်တားလိုက်၏။ သို့သော်သူကိုယ်တိုင်မူ ရပ်တန့်ခြင်းမရှိပဲ ရိဖွေးတို့အား တဟုန်ထိုး ဝင်တိုက်ခိုက်လိုက်လေသည်။ ရုတ်တရက်လူတယောက် ကြားဝင်တိုက်ခိုက်လာသောကြောင့် တဒင်္ဂအချိန်တွင်းမှာပင် ရိဖွေးတို့လူစု ဖရိုဖရဲဖြစ်သွားကြ၏။

ပိုင်ချူးရီကို ဆက်၍ တိုက်ခိုက်နိုင်ခြင်း မရှိပဲ ကပျာကယာနောက်ဆုတ်သွားကြရလေသည်။ ပိုင်ချူးရီ ကြောင်အမ်းအမ်းဖြစ်နေသည်။ သူ့အား ဝင်၍ကူညီ တိုက်ခိုက်လာသော လူရွယ်ကို သူလုံးဝ မသိချေ။ ထိုစဉ် လူရွယ်က....

'ဗျို့...မိတ်ဆွေ ငေးမနေနဲ့၊ ဒီလူတွေကို အမြန် ရှင်းမှဖြစ်မယ်'

သူ၏စကားကြားမှ ပိုင်ချူးရီ သတိဝင်လာကာ ဆက်၍ တိုက်ခိုက်လေသည်။ လူရွယ်ကြားဝင်လာလျှင် တိုက်ပွဲမှာ တမျိုးတဖုံပြောင်းလဲသွားသည်။ တခဏအတွင်း လူရွယ်နှင့် ပိုင်ချူးရီတို့ အပေါ်စီး ပြန်လည်ရရှိသွားကြသည်။

ထိုလူရွယ်၏သိုင်းပညာမှာ ပိုင်ချူးရီနှင့် မတိမ်းမယိမ်းရှိနေပါသည်။ ထို့ကြောင့် ရိဖွေးတို့ အကျပ်အတည်း ကြုံရတော့သည်။ ရိဖွေးက တိုက်ခိုက်ယင်း မကျေမနပ်ဖြင့်

'ဟေ့ ပိုင်ချူးရီ မဲးလဲ လူယုတ်မာပဲ၊ မင်းက လူပို ခေါ်လာတာမဟုတ်လား'

ပိုင်ချူးရီ မဲ့ပြုံး ပြုံးကာ

'ကျုပ်ခေါ်လာတော့ဘာဖြစ်သေးသလဲ၊ ရိဖွေး ဒီကနေ့ဟာ ခင်ဗျားရဲ့ နောက်ဆုံးနေ့ဆိုတာ မှတ်ထားစမ်းပါ'

သူတို့နှစ်ယောက် အပြန်အလှန်ပြောနေကြသော စကားများကိုကြားရလျှင် လူရွယ် မျက်မှောင်ကုပ်သွားလေသည်။ သူက ရိဖွေးကိုစိုက်ကြည့်ကာ

'ခင်ဗျားက ပုလဲကိုးလုံးနဂါး ရိဖွေး ဟုတ်လား'

ရိဖွေးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ကျုပ်နာမည်ကြားဘူးတယ်ဆိုယင် မင်းမသေချင်ယင် နောက်ဆုတ်လိုက်ပါ'

လူရွယ်က သူ၏စကားကို လုံးဝ ဂရုမစိုက်ချေ။ ပိုင်ချူးရီဘက်သို့ လှည့်ကာ....

'ခင်ဗျားက မိုးကြိုးဓား ပိုင်ချူးရီ ဟုတ်လား'

ပိုင်ချူးရီက ခေါင်းညိတ်ကာ—

'ဟုတ်ပါတယ်'

လူရွယ်၏မျက်နှာ ပြုံးရွှင်သွားလေသည်။ တိုက်ခိုက်နေသည့်ကြားမှာပင် ပိုင်ချူးရီကိုဦးညွှတ်ကာ

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'



ပိုင်ချူးရီမှာ ရန်သူ အလွတ်မပေးပဲ တိုက်ခိုက်နေရသော်လည်း လူရွယ်ကို စိတ်ဝင်စားနေမိသည်။ ထို့ကြောင့် တိုက်ယင်းခိုက်ယင်း မေးလေသည်။

'မိတ်ဆွေက ဘယ်သူလဲ'

'ကျုပ်နာမည် 'ကျူးကျန့်ရှန်း' လို့ ခေါ်ပါတယ်၊ မြောက်ပိုင်းနယ်ကပါ'

ပိုင်ချူးရီမျက်လုံးများဝင်းလက်သွားကာ

'လက်စသတ်တော့ သိုင်းလောကမှာ ကျော်ကြားနေတဲ့ မြောက်ပိုင်းနယ်က သူရဲကောင်း ကျူးကျန့်ရှန်းကိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'

ပြောပြီး ဦးညွှတ် အရိုအသေပြုလိုက်လေသည်။

သူတို့ နှစ်ယောက်သည် တယောက်နှင့် တယောက် အပြန်အလှန် တရိုတသေပြုနေကြသော်လည်း တိုက်ခိုက်သည့် အရှိန်အဟုန် ရပ်တန့်သွားခြင်း မရှိချေ။ ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်လှသော ဓားကွက်များထုတ်ကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြလေသည်။

ရိဖွေးတို့လူစုမှာ အခြေအနေ မဟန်ကြောင်း ရိပ်မိလိုက်၏။ ထို့ကြောင့် ရိဖွေးက

'ကျဲယို'

ဟု စူးစူးရှရှတချက်အော်ဟစ်လိုက်ပြီး နောက်ဆုတ်သွား၏။ ကျဲယိုဆိုသည်မှာ အခြေအနေမဟန်သဖြင့် နောက်ဆုတ်ရန် အချက်ပေးသော အနက်ရောင်သိုင်းသမားတို့၏ လျှို့ဝှက်စကားဖြစ်သည်။ ပိုင်ချူးရီက အနက်ရောင်သိုင်းသမားအတော်

များများနှင့် ရင်ဆိုင်ခဲ့ဖူးရာ နားလည်နေပေသည်။ ရိဖွေးကို ကြည့်ယင်း မဲ့ပြုံးပြုံးကာ

'ရိဖွေး ခင်ဗျားထွက်ပြေးဖို့ကြိုးစားလဲအလကားပဲ၊ ကျုပ်လက်က ပြေးလွတ်မယ်မထင်နဲ့'

ပြောယင်း သူနှင့်တိုက်ခိုက်နေသော လွှချူးအားနောက်ဆုတ်သွားအောင် ဖိ၍တိုက်ခိုက်လိုက်သည်။ လွှချူး၏ဆူးအတိပြီးသော လက်အိတ်နှစ်ဘက်မှာသည်း ပိုင်ချူးရီကို ဟန့်တားရာတွင် အသုံးမဝင်တော့ချေ။

လွှချူးမှာ ယိမ်းယိုင်သောခြေလှမ်းများဖြင့် အနောက်ဘက်သို့ ကပျာကယာဆုတ်သွားရ၏။ ထိုစဉ်မှာပင် ပိုင်ချူးရီက

'ခင်ဗျားဘယ်ပြေးမလဲ'

ကျယ်လောင်စွာအော်ဟေါက်ကာ ထွက်ပြေးရန်ဟန်ပြင်နေသော ရိဖွေးအားခုန်အုပ်လိုက်လေသည်။ ရိဖွေး မျက်နှာပျက်သွားသည်။ ထွက်ပြေး၍မလွတ်နိုင်မှန်းသိလျှင် ခုခံရန်ကြိုးစားလိုက်လေသည်။

သို့သော် သူက ထွက်ပြေးရန်စိတ်စောနေသောကြောင့် ခုခံရာတွင် အကွက်ကျကျခုခံနိုင်ခြင်းမရှိတော့ပါ။ သိုင်းကွက် သုံးလေးကွက်မျှ ဆက်တိုက်ဖိ၍တိုက်ခိုက်ခြင်းခံရလျှင်

'ခြွမ်း'

ရိဖွေး၏လက်မှဓားပြားကြီးမှာမြေပေါ်သို့ ဒုတိယအကြိမ်လွတ်ကျသွားပြန်လေသည်။ ပိုင်ချူးရီက ရိဖွေး၏ဓားပြားကို ရိုက်ထုတ်လိုက်ပြီးလျှင်—

'လူယုတ်မာ သေပေတော့'



ကြုံးဝါးယင်း ဓားကိုင်ထားသောလက်ကို ဝေ့ဝိုက်ကာ ခုတ်ချလိုက်၏။ သူ၏မိုးကြိုးဓားသည် မြွေတကောင်ပမာ လိမ်၍ ရိဖွေးအားခုတ်ချလိုက်လေသည်။ ဓားရိပ်များသည် တွန့်လိမ်နေသော အဖြူရောင်တန်းများအဖြစ် ထွက်ပေါ်လာ၏။

အဖြူရောင်တန်းမှာ နောက်ဆုံး၌ အနီရောင်တန်းတခုနှင့် ပေါင်းစည်း၍ ကွယ်ပျောက်သွားလေသည်။ ဓားရောင် ကွယ်ပျောက်သွားသည့် တခဏတာအချိန်တွင်....

'အား'

စူးစူးဝါးဝါးအော်ဟစ်လိုက်သော အသံတချက် ထွက်ပေါ်လာသည်။ ရိဖွေး၏ရင်ဝတွင် နီရဲသောသွေးများ ရွှဲနစ်နေ၏။ ရိဖွေးသည် ပိုင်ချူးရီအား ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်ကာ

'မင်း _'

သူသည် စကားကိုပင်ဆုံးအောင် မပြောနိုင်ပါချေ။ ခန္ဓာကိုယ် တချက်တုန်ခါသွားပြီး သဲသောင်ပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသေဆုံးသွားလေသည်။ သိုင်းလောကတွင် နာမည်ပျက်နေသော ပုလဲကိုးလုံးနဂါး ရိဖွေးမှာမိုးကြိုးဓား ပိုင်ချူးရီ၏ လက်ချက်ဖြင့်သေဆုံးသွားပြီ ဖြစ်လေသည်။

* * *

ပုလဲကိုးလုံးနဂါးရိုဖွေးမှာ မြေပေါ်တွင် လဲကျသေဆုံးနေသည်။ ရိုဖွေးသေဆုံးသွားသည်ကိုတွေ့ရလျှင် 'သံလက်ဝါးတစ္ဆေ' လေချူးနှင့် မုကျိတို့ မျက်နှာ ပျက်သွားကြလေသည်။

နှစ်ယောက်သား နောက်ဆုတ်ထွက်ပြေးရန် ဟန်ပြင်လိုက်သော်လည်း ကျူးကျန့်ရှန်းက သူတို့အား အလွတ်မပေးပဲ ပြေးပေါက်မရှိအောင် ပိတ်ဆို့တိုက်ခိုက်ထားသည်။

ထို့ကြောင့် လေချူးနှင့်မုကျိတို့အခက်ကြုံသွားရလေသည်။ ထိုစဉ်မှာပင် ပိုင်ချူးရိက သူတို့ထံသို့ ပြေးဝင်တိုက်ခိုက်လာပြန်သည်။ ယခုမှ တိုက်ပွဲမျှမျှတတ ဖြစ်သွားတော့သည်။

ပိုင်ချူးရိက မုကျိကိုရင်ဆိုင်ပြီး ကျူးကျန့်ရှန်းက လေချူးကို ရင်ဆိုင်လေသည်။ သူတို့နှစ်ယောက်တိုက်ခိုက်မှုမှာ ပြင်းထန်လှသောကြောင့် လေချူးနှင့်မုကျိတို့လည်း အချိန်ကြာကြာ ခုခံနိုင်ခြင်းမရှိတော့ပါ။

'အား'

စူးရှသော အော်ဟစ်သံတချက်ထွက်ပေါ်လာသည်။ မုကျိမှာပိုင်ချူးရိ၏ဓားချက်ဖြင့် မြေပေါ်လဲကျသွားသည်။ သူသည် မည်သည့် အခါမျှ မြေပေါ်မှ ပြန်ထလာတော့မည်မဟုတ်ချေ။ မုကျိလဲကျသွားသည်ကိုတွေ့ရလျှင် လေချူးဆက်လက်တိုက်ခိုက်ဝံ့ခြင်း မရှိတော့ပါ။

လက်နှစ်ဘက်ဝေ့ယမ်းကာ အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ပေါက်လိုက်ပြီးလျှင် ခန္ဓာကိုယ်ချာကနဲလှည့်ကာ ထွက်ပြေးသွားလေသည်။ ကျူးကျန့်ရှန်းက လေချူး၏လက်နက်ပုန်းများကို ရှောင်တိမ်းခြင်းမပြုပါချေ။



လက်နက်ပုန်းများ တိုးဝင်လာသည်နှင့် ဓားကိုရဟတ်တခုပမာ ပတ်ချာလည်လှည့်လိုက်သည်။ ဓားရိပ် မြောက်မြားစွာထွက်ပေါ်လာပြီး သူ၏ရှေ့သို့ ရေပက်မဝင်အောင် တားဆီးထားလိုက်လေသည်။

'ခြင်....ခြင် ခြင်'

လက်နက်ပုန်းကလေးများမှာ ကျူးကျန့်ရှန်း၏ဓားဖြင့်ရိုက်ထုတ်ခြင်း ခံလိုက်ရသောကြောင့် ပြင်းထန်စွာဖြင့် ပြန်လည်ပစ်လွှင့်သွားသည်။

အချို့လက်နက်များမြေပေါ်ကျသွားပြီး အချို့ကအပေါ်သို့ ထောင်တက်သွားသည်။ အချို့လက်နက်များ လေထုကိုထိုးခွဲကာ အရှိန်ပြင်းစွာဖြင့် ပြန်ကန်ထွက်သွားသည်။

ထိုသို့ ပြန်ကန် ထွက်သွားသော လက်နက်ပုန်းများအနက် လက်နက်ပုန်းသုံးခုက ချာကနဲလှည့်ကာ ထွက်ပြေးသွားသော လေချူး၏နောက်ကျောဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွားကြလေသည်။

'ဟွန့်'

မသဲမကွဲ မြည်သံတချက်ထွက်ပေါ်လာပြီး၊ ပြေးလွှားနေသောလေချူးမှာ တုံ့ကနဲရပ်တန့်သွား၏။ တဖန် မြေပေါ်သို့ ဘိုင်းကနဲလဲကျသွားလေတော့သည်။

* * *

ပုလဲ ကိုးလုံး နဂါးရိဖွေး…

သံလွက်ဝါးတစ္ဆေလွေချူးနှင့် မုဂျီတို့ သေဆုံးသွားကြပြီ ဖြစ်လေသည်။ ပိုင်ချူးရီမှာ ဒဏ်ရာများ ရရှိထားသော်လည်း အသက်အန္တရာယ်စိုးရိမ်စရာ မရှိပါ။ ယခုတကြိမ် တိုက်ပွဲတွင် ရန်သူအား အောင်ပွဲခံနိုင်သည့်အပြင် မိတ်ဆွေကောင်း တယောက်ပါ ရရှိခဲ့သည်။

ထို့ကြောင့်ပိုင်ချူးရီ အပျော်ကြီးပျော်နေသည်။ သူသည် ကျူးကျန့်ရှန်းအား 'နန်းထိုက်မြို့' သို့ ဖိတ်ကြားကာ ဧည့်ခံပြုစုခဲ့သည်။ ကျူးကျန့်ရှန့်ကလည်း သူနေထိုင်သောကျင်းလိမ်မြို့သို့ ပြန်လည်ဖိတ်ကြားခဲ့၏။ ထိုနေ့ထိုအချိန်မှစ၍ ပိုင်ချူးရီနှင့်ကျူးကျန့်ရှန်းတို့မှာ သွေးသောက်ညီအစ်ကိုပမာ ချစ်ခင်ကြသောမိတ်ဆွေများ ဖြစ်ခဲ့ကြလေသည်။

*　*　*



ကျူးကျန့်ရှန်းသည် ပိုင်ချူးရီထံသို့ မကြာခဏလာရောက်လည်ပတ်တတ်၏။ ပိုင်ချူးရီကလည်း ကျူးရှန့်ကျန်းထံသို့ မကြာခဏသွား၍ လည်ပတ်လေသည်။ သူတို့နှစ်ယောက်သည် မိတ်ဆွေများဖြစ်သော်လည်း ညီရင်းအစ်ကိုပမာ ချစ်ခင်ခဲ့ကြသည်။

သူတို့နှစ်ယောက် ဆုံမိကြလေတိုင်း ကျင်းလိမ်မြို့မှ 'ပန်း' စားသောက်ဆိုင်သို့သွားကာ အေးအေးဆေးဆေး အပန်းဖြေတတ်ကြသည်။ သို့သော် နှစ်ယောက်စလုံးမှာ သိုင်းလောကသားများ ဖြစ်နေကြသောကြောင့် အချိန်ကြာလာလျှင် တယောက်ကိုတယောက် မတွေ့နိုင်ကြတော့ချေ။

တနှစ်တကြိမ်၊ နှစ်နှစ်တကြိမ်တွေ့ရန်ပင် ခဲယဉ်းလာသည်။ နှစ်ယောက်စလုံး ကိုယ်ရေးကိုယ်တာကိစ္စများ၊ သိုင်းလောကမှ ဒုစရိုက်မှုများကို ဖြေရှင်းယင်း အချိန်ကုန်နေကြတော့သည်။

ပိုင်ချူးရီနှင့် ကျူးကျန့်ရှန်းတို့ စတင်သိကျွမ်းပြီး ငါးနှစ်ခန့်ကြာသောတနေ့တွင် ပိုင်ချူးရီထံသို့ ထူးထူးခြားခြား စာတစောင်ရောက်ရှိလာသည်။ ထိုစာမှာ ကျူးကျန့်ရှန်းထံမှဖြစ်သည်။ စာထဲတွင်ပါဝင်သော အကြောင်းအရာများမှာလည်း တိုတိုတုတ်တုတ်ရေးထားသည်။

အစ်ကိုပိုင်ချူးရီ—

အင်မတန် အရေးကြီးတဲ့ကိစ္စရှိလို့ ၃–လ လဆန်း ၁၅ ရက်ခါတိုင်းတွေ့နေကြ 'ပန်း' စားသောက်ဆိုင်ကို ရောက်အောင်လာခဲ့ပါ။

ညီလေးကျူးကျန့်ရှန်း

ဟူ၍ ဖြစ်လေသည်။

ထိုစာကို လက်ခံရရှိလျှင် ပိုင်ချုံးရီအငြိမ်မနေနိုင်တော့ချေ။ စာရသည့်နေ့မှာ ၃ လ လဆန်း ၇ ရက်နေ့ရှိပြီ ဖြစ်သည်။ ထို ကြောင့် အဝတ်အစား ပစ္စည်းအသုံးအဆောင်များပင် သယ် ဆောင်ထုပ်ပိုးခြင်း မပြုနိုင်တော့ပဲ ကျင်းလိမ်မြို့သို့ ထွက်လာခဲ့ သည်။ တလမ်းလုံး ကျုံးကျန့်ရှန်းမှာ မည်သို့သောအရေးကြီး ကိစ္စရှိနေသည်ကို တွေးတောစဉ်းစားလာခဲ့လေတော့သည်။

* * *

## အရိပ်

နေဝင်ဆည်းဆာအချိန် ဖြစ်ပါသည်။

ကောင်းကင်မှာ ပုစွန်ဆီရောင်သန်းနေ၏။

အိပ်တန်းပျံသွားသော ငှက်တအုပ်တွေ့ရသည်။ တောတန်း ကလေးအလွန်တွင် သာယာလှပကာ စိမ်းလန်းစိုပြေနေသော မြက်ခင်းပြင်ရှိသည်။

မြက်ခင်းပြင်အဆုံးတွင် အဝေးဆီမှ မှိုင်းညို့နေသော တောင်တန်းများကို တွေ့ရသည်။ နေဝန်းနီသည် တောင်စွယ် တွင်မေးတင်နေသည်။ မကြာမီ မိုးချုပ်သွားပေတော့မည်။ တောလမ်းကလေးအတိုင်း လူတယောက်ခပ်သုတ်သုတ်လျှောက်

လာနေသည်။ ထိုလူမှာ စာပေသမားဟန်ရှိသော လူတယောက် ဖြစ်သည်။

သို့သော် စာပေသမားမဟုတ်သည့် မိုးကြိုးဓား ပိုင်ချူးရီ ဖြစ်လေသည်။ ပိုင်ချူးရီ၏ ခြေဦးညွှန်ရာအရပ်တွင် ကျင်းလိမ်မြို့ရှိနေသည်။ မြက်ခင်းပြင်ကျော်ဖြတ်ပြီးလျှင် မှိုင်းညို့သော တောင်ခြေကို ရောက်ပေမည်။

တောင်ခြေမှလွန်မြောက်သော် မြေပြန့်လွင်ပြင်ကို တွေ့ရလိမ့်မည်။ မြေပြန့်လွင်ပြင်တဘက်တွင်ကား စိမ်းလန်းစိုပြေသော သစ်ပင်များ၊ သာယာလှပသော ရှုမျှော်ခင်းများနှင့် ကျော်ကြားသော ကျင်းလိမ်မြို့ တည်ရှိလေသည်။ ကျင်းလိမ်မြို့နှင့် နီးကပ်သောကြောင့် ပိုင်ချူးရီက ခြေလှမ်းခပ်သွက်သွက် လျှောက်လှမ်းလိုက်သည်။ ကျင်းလိမ်မြို့သို့ရောက်လျှင် ပန်းစားသောက်ဆိုင်သို့ သွားရပေမည်။ ယနေ့သည် ၃-လ လဆန်း ၁၄ ရက်နေ့ ရှိချေပြီ။

မနက်ဖြန်ဆိုလျှင် ကျူးကျန့်ရှန်းနှင့် ချိန်းဆိုထားသော အချိန် ရောက်ပြီမဟုတ်ပါလော။ ပိုင်ချူးရီမှာ ကျင်းလိမ်မြို့နှင့် နီးကပ်လာပြီး ကျူးကျန့်ရှန်းနှင့်တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာနေသင့်သည်။ စိတ်ရွှင်လန်းတက်ကြွမှု မျက်နှာပေါ်တွင် ထွက်ပေါ်နေသင့်သည်။

သို့သော် ပိုင်ချူးရီ၏မျက်နှာတွင် တက်ကြွခြင်း၊ ဝမ်းသာခြင်း စသည့်စသည့် အရိပ်အရောင်များ လုံးဝမတွေ့ရပါ။ ရွှင်



လန်းခြင်းသည် ပျောက်ချင်းမလှ ပျောက်ကွယ်နေပေသည်။ သူ၏မျက်နှာ တင်းမာခက်ထန်နေသည်။

စိတ်ရှုပ်သည့် အမူအရာများလည်း ထွက်ပေါ်နေသည်။ ပိုင်ချူးရီမှာ မည်သည့်အတွက် စိတ်ရှုပ်ကာ အလိုမကျ ဖြစ်နေရပါသနည်း။

အဘယ့်ကြောင့်ပါနည်း။

* * *

ပိုင်ချူးရီက ခြေလှမ်း ရုတ်တရက် ရပ်တန့်လိုက်သည်။ တဖန် နောက်သို့ ချာကနဲ လှည့်ကြည့်လိုက်ပြီး

'မင်း ဘာဖြစ်လို့ ငါ့နောက်လိုက်နေရတာလဲ'

ဟု အော်ငေါက်လိုက်သည်။

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အနီး အနား သစ်ပင်ထက်မှ အိပ်တန်းဝင်နေသော ငှက်တချို့ပင် လန့်ဖျပ်သွားကာ ဝေါကနဲထ၍ ပျံသန်းသွားကြသည်။ ပိုင်ချူးရီမှာ ကျယ်လောင်စွာ အော်ငေါက်လိုက်ရ၍ စိတ်ကျဉ်းကျပ်မှု လျော့နည်းသွားသည်။

သို့သော် အံ့ဩမှုကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။ အကြောင်းမှာ သူ၏နောက်ဘက်တွင် လူတယောက်မျှ ရှိမနေပါချေ။ ဝန်းကျင်တွင် နေရောင်ခြည်ဖြာကျနေသည်။ နေဝင်ဆည်းဆာအချိန် ဖြစ်သော်လည်း နေ၏ အလင်းရောင်ကြောင့် အရာရာကို သဲသဲကွဲကွဲ တွေ့မြင်နေရပေသည်။

သူ၏အနောက်ဘက်တွင် လူသားနှင့်တူသည့် အရိပ်အရောင်ပင် ရှိမနေပါ။ ပိုင်ချူးရီ မကျေမနပ်ဖြစ်သွား၏။ သူကမျက်စိအစွမ်းကုန်ဖွင့်ကြည့်လိုက်သော်လည်း မည်သူ့ကိုမျှ မမြင်ရချေ။ အနီးအနားတွင် လူသူပုန်းအောင်းနေရန် နေရာများရှိနေသော်လည်း ပုန်းအောင်းနေသည်ဆိုလျှင်ပင် သူ၏ထူးကဲ စူးရှသော အကြည့်ကြောင့် တွေ့ရလိမ့်မည်ဟု ယူဆထားသည်။

ပိုင်ချူးရီ သက်ပြင်း မသိမသာ ချမိသည်။ သူသည် တနေ့လုံးလိုလို နောက်မှ လူတယောက် နောင်ရောင်ခံ လိုက်လာနေသည့် ခံစားချက်မျိုး ခံစားနေခဲ့ရပါသည်။ ယခုတကြိမ် သူက



နောက်လှည့်ကာ အော်ငေါက် မေးမြန်းလိုက်ခြင်းသည် ပထမအကြိမ် မဟုတ်တော့ချေ။

နံနက်စောစောကတကြိမ်၊ နေ့လယ်ကတကြိမ်နှင့် ယခုအကြိမ်ပါဆိုလျှင် သုံးကြိမ်မြောက်ပြီးဖြစ်သည်။ သူလှည့်ပြီး မေးလိုက်တိုင်း လူရိပ်လူရောင် မတွေ့ရပါ။ ပုန်းကွယ်စရာ နေရာမရှိသော နေရာတွင်ပင် မတွေ့ရချေ။ ထို့ကြောင့် သံသယစိတ်များ ဝင်လာ၏။

သူ၏နောက်မှ လူတယောက် နောက်ရောင်ခံလိုက်ပါလာနေခြင်းမှာ အမှန်တကယ်မဟုတ်ပဲ သူ့စိတ်ထင်နေခြင်းကြောင့်ပေလော။ သူ၏ သိုင်းလောက အတွေ့အကြုံအရ သူ၏စိတ်ထဲမှ ဖြစ်ပေါ်လာသော ခံစားချက်သည် လုံးဝ မှားယွင်းမှု မရှိနိုင်ကြောင်း သူသိထားပေသည်။ သို့သော် နောက်ရောင်ခံ လိုက်ပါလာသူကို မတွေ့ရသည်မှာ အဘယ့်ကြောင့်ပါနည်း။

ပိုင်ချူးရီက နေရာတွင် မလှုပ်မယှက်ရပ်ကာ တွေဝေနေသည်။ မြေလျှိုးမိုးပျံသည့် အဘတ်ပညာမှာ ပုံပြင်ထဲတွင်သာ ရှိကြောင်း သူငယ်စဉ်က ကြားဖူး၍ သိထားသည်။

ယခု နောက်ယောင်ခံလိုက်ပါလာသူမှာ မြေလျှိုးမိုးပျံခြင်း အတတ်ကို တတ်မြောက်နေသည်လော။ သို့ဆိုလျှင် ထိုလူမှာ လူသားစစ်စစ်မဟုတ်နိုင်တော့ပါ။ သရဲတစ္ဆေ နာနာဘာဝသာ ဖြစ်ပေလိမ့်မည်။

ဤအချက်ကိုလည်း ပိုင်ချူးရီ လက်မခံနိုင်ပါ။ လောကတွင် တစ္ဆေသရဲမရှိ သူယုံကြည်ထားလေသည်။ မည်သို့ဆိုစေ

နောက်ယောင်ခံလိုက်လာသူမှာ လုံးဝမတွေ့ရပဲပျောက်ခြင်းမလှ ပျောက်နေသည်ကို မည်သို့ပြောရမည်နည်း။

ပိုင်ချူးရိက သူ၏လက်တဘက်ကို လက်သည်းဖြင့်ဆိတ်လိုက်သည်။ နာကျင်ခြင်းဝေဒနာခံစားရမှ အိပ်မက်မဟုတ်ကြောင်း သိလေသည်။ နေ့ဘက်ခရီးသွားနေစဉ် အိပ်မက် မက်သည်မှာလည်း အဓိပ္ပာယ်မရှိပါ။ စိတ်ထဲ၌ အဘယ်ကြောင့်သူ၏နောက်သို့ လူတယောက် နောက်ယောင်ခံလိုက်လာနေသည်ဟု ခံစားနေရပါသနည်း။

ထိပ်တန်းအဆင့်သို့ရောက်ရှိပြီးသော သိုင်းသမားများတွင် ထူးကဲသောအာရုံခံစားမှုရှိကြသည်။ အချို့ဆိုလျှင် မိမိ၏အသက်ဘေးအန္တရာယ်ကျရောက်လာမည်ကို ကြိုတင်ခံစားသိနိုင်ကြ၏။ ထိုနည်းတူ ပိုင်ချူးရိမှာလည်း သူ၏ နောက်သို့ လူတယောက် နောက်ယောင်ခံလိုက်ပါလာနေသည်ကို စိတ်ထဲမှအလိုလိုခံစားသိရှိနေ၏။

ယင်းသို့ခံစားချက်မှာ လမ်းခရီးတထောက်နားပြီး ညအိပ်စဉ်မှာ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ နံနက်မိုးလင်း၍ ခရီးဆက်လာခဲ့သော်လည်း ထိုခံစားချက် ကွယ်ပျောက်သွားခြင်းမရှိသေးချေ။ ထိုခံစားချက်သည် ညနေပိုင်းသို့ရောက်မှ ပို၍ပို၍ပြင်းထန်လာသည်ဟုတွေးမိသည်။

တချိန်လုံး နောက်ယောင်ခံလိုက်လာသူမှာ မိမိနှင့် နီးကပ်လာသည်ထက် နီးအောင်ချဉ်းကပ်လာနေပြီဟု ရိပ်မိလေသည်။ သို့သော် ခန္ဓာကိုယ်ချာကနဲလှည့်ကာ မေးလိုက်တိုင်း လူမတွေ့ရသည်မှာ ထူးဆန်းနေသည်။ သူ၏ရင်ထဲ၌ စိုးရိမ်ထိတ်လန့်မှုများနှင့် ဖော်မပြနိုင်သောဝေဒနာများ ခံစားလာရသည်။

တသက်တာတွင် တကြိမ်တခါမျှ မဖြစ်ခဲ့ဖူးသောကြောက်ရွံ့ထိတ်လန့်မှုများလည်း ဖြစ်ပေါ်လာ၏။ သူ၏ လက်ဖဝါးတွင် ချွေးများပင်စို့လာသည်။ ပိုင်ချူးရိက ခါးတွင် ချိတ်ထားသော ဓားရိုးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

ယခု သူသည် အချိန်မရွေးတိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။ သို့သော် တိုက်ခိုက်ရမည့်လူကိုမတွေ့ရချေ။

'ဘယ်သူလဲ၊ ခိုးကြောင်ခိုးဝှက် ကျုပ်နောက်လိုက်နေတာ၊ သတ္တိရှိယင် ထွက်လာခဲ့စမ်း'

သူက စိတ်သက်သာလိုသက်သာငြား ထပ်မံအော်ဟစ်လိုက်သည်။ သူ၏အသံသည် လေသံနှင့်အတူ ဝန်းကျင်တခုလုံးလွှင့်ပျံ့သွား၏။

သူ၏အသံမှာ ပတ်ဝန်းကျင်တွင်ပဲ့တင်ထပ်ကာ ထွက်ပေါ်လာပြီးလျှင် နောက်ဆုံး တိုး၍တိုး၍ ကွယ်ပျောက်သွားလေသည်။

သို့သော် တုံ့ပြန်သံမကြားရပါ။ အရပ်လေးမျက်နှာလုံးတိတ်ဆိတ်ငြိမ်သက်နေသည်။ လေတိုက်ခတ်မှုကြောင့် သစ်ရွက်လှုပ်သံ၊ သစ်ရွက်ကြွေသံမှလွဲ၍ လူသံသူသံမကြားရချေ။

ပိုင်ချူးရိ ဒုတိယအကြိမ်သက်ပြင်း ချလိုက်ပြန်သည်။ ထို့နောက် အနီးအနားရှိ ကျောက်တုံးတတုံးပေါ်သို့ သွားကာ ထိုင်ချလိုက်၏။ သူ၏အမူအရာ အေးအေးဆေးဆေးနိုင်လှ



လွင်စာပေ

ပေသည်။ တောသမ်းခရီးတွင်ပျော်ပွဲစားထွက်လာသူတယောက် အလားရှိနေ၏။

အမှန်တော့ သူက ရှေ့ဆက်မသွားပဲထိုင်နေခြင်းဖြင့် နောက်ယောင်ခံသိုက်လာသူကို ဖော်ထုတ်ရန်ကြိုးပမ်းလိုက်ခြင်းဖြစ်ပေသည်။

နောက်ယောင်ခံ လိုက်လာသူရှိနေလျှင် အချိန်ကြာသောအခါ သည်းမခံနိုင်ပဲ ထွက်၍ရင်ဆိုင်လိမ့်မည်ဟု ယုံကြည်ထား၏။ သူသည် သိုင်းလောကသို့စတင်ဝင်ရောက်ပြီး နှစ်များမကြာမီ ယခုလိုအဖြစ်မျိုး ကြုံတွေ့ခဲ့ဖူးသည်။

ထိုစဉ်က ရှေ့ဆက်မသွားပဲ ထိုင်စောင့်နေခြင်းဖြင့် နောက်ယောင်ခံလိုက်လာသူကို ဖော်ထုတ်နိုင်ခဲ့ပေသည်။ ယခုလည်း သူက နည်းဟောင်းကို အသုံးချလိုက်ခြင်းဖြစ်သည်။ အောင်မြင်မှု ရှိမည်မရှိမည်မှာ နောက်ယောင်ခံလိုက်လာသူ၏ စိတ်ရှည်မှု သည်းခံနိုင်မှုအတိုင်းအတာပေါ်တွင် မူတည်နေပေသည်။

ပိုင်ချူးရိ က အေးအေးဆေးဆေးထိုင်ယင်း လေများပင်ချွန်လိုက်သေးသည်။

ပျောက်နေသော နောက်ယောင်ခံလိုက်သူ၏ စိတ်ကိုဆွပေးလိုက်သည့် သဘောဖြစ်သည်။ သို့သော် သူ၏ လေချွန်သံမှာ တဝက်တပျက်ဖြင့်ရပ်တန့်သွားသည်၊ သူသည်လည်း ကျောက်တုံးပေါ်တွင်ထိုင်နေရာမှ တင်ပါးကို ဆူးချွန်ဖြင့် ထိုးချလိုက်ခြင်း ခံရသည့်အလား ဆတ်ကနဲခုန်ထလာခဲ့သည်။



အကြောင်းမှာ သူက တစုံတရာစဉ်းစားမိ၍ဖြစ်သည်။ သူက နောက်ယောင်ခံလိုက်လာသူအား ဖော်ထုတ်ရန် ကြိုးစားနေလျှင် ကျူးကျန့်ရှန်းထံသို့ ချိန်းဆိုထားသည့်အတိုင်း အချိန်မီသွားနိုင်တော့မည်မဟုတ်ချေ။

နောက်ယောင်ခံလိုက်လာသူထက် ကျူးကျန့်ရှန်းက ပို၍အရေးကြီးသည်မဟုတ်ပါလား။ ပိုင်ချူးရိ က နောက်ယောင်ခံလိုက်လာသူကို ဂရုမစိုက်တော့ပဲ ရှေ့သို့ တဟုန်ထိုးပြေးသွားလေတော့သည်။

* * *

ပိုင်ချူးရှိသည် လျင်မြန်စွာပြေးသွားနေ၏။

သူက ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးနေခြင်း ဖြစ်လေသည်။ အကယ်၍ နောက်ယောင်ခံလိုက်လာသူရှိပါက နောက်ချန်ထားပစ်ရန် ရည်သန်ကာ လျင်မြန်စွာ ပြေးနေခြင်းဖြစ်သည်။

သူ၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့် ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် တော်ရုံသိုင်းသမား လိုက်မမီအောင်ပြေးနိုင်လေသည်။

ပိုင်ချူးရှိ မိုင်ငါးဆယ်ခန့် ပြေးလာမိပြီ ဖြစ်သည်။ ထိုအခါ သူ၏နောက်ကျောဘက်မှ လူတယောက် နောက်ယောင်ခံ လိုက်လာနေသော ခံစားချက်များ ပြန်လည်ဖြစ်ပေါ်လာ၏။ ယင်းခံစားချက်သည် ခြေတလှမ်းပြီးတိုင်း တိုး၍ တိုး၍ ခံစားလာရသည်။

သို့သော်ပိုင်ချူးရှိက လုံးဝ အရေးမစိုက်ပဲ စိတ် ချုပ်တည်းထားရလေသည်။ နောက်ယောင်ခံလိုက်လာသူမှာ သူ လျင်မြန်စွာပြေးနေသည်ကိုပင် အရိပ်ပမာကပ်လိုက်လာနိုင်သောကြောင့် အနည်းငယ်အံ့သြမိပါသည်။ နောက်ယောင်ခံလိုက်ပါလာသော ခံစားချက်မှာ အချိန်ကြာလေလေ သူ၏နောက်ကျောသို့ ဆူးဖြင့်ထိုးလာသကဲ့သို့ဖြစ်ကာ အခံရ ခက်လာသည်။

ယခင်ကထက်ပို၍ နီးကပ်လာသည်ဟုလည်း ထင်ရပေသည်။ ခံစားချက်အင်မတန်ပြင်းထန်လာသောအခါ ပိုင်ချူးရှိက ပြေးနေသော ခြေလှမ်းများကို တုံ့ကနဲရပ်လိုက်ပြီး နောက်သို့ ချာကနဲလှည့်လိုက်လေသည်။ သူ၏လှုပ်ရှားပုံမှာ တကယ့် လျင်မြန်လှ



ပေသည်။ ရုတ်ခြည်းရပ်ကာ နောက် လှည့်လိုက်သောကြောင့် နောက်မှ ပြေးလိုက်လာသောသူ အရှိန် မထိန်းနိုင်ပဲ ဝင်တိုက်မိမည်ကိုပင် စိုးရိမ်ရသေးသည်။ သို့သော် သူ့အား မည်သူမျှ ဝင်မတိုက်ပါ။

သူ၏နောက်တွင် မည်သူမျှလည်း ရှိမနေပါချေ။

ပိုင်ချူးရှိ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။ သူ၏နောက်ဘက်တွင် ဖြည်းညင်းစွာ တိုက်ခတ်လာသော လေပြည်လေညင်းကလေးကြောင့် ယိမ်းနွဲ့ လှုပ်ရှားနေသော မြက်ပင်များကိုသာ တွေ့ရသည်။

သူသည် စိတ်ဓာတ်ကိုချုပ်တည်းကာ အသက်ဝဝ ရှူလိုက်သည်။ သူ၏အခြေအနေသည် ပုံမှန်အတိုင်း ရှိနေ၏။ ရန်သူကို တိုက်ခိုက်ရန် သို့မဟုတ် တိုက်ပွဲဝင်ရန် အသင့် ဖြစ်နေသည်။ သို့သော် ရန်သူမှာ အဘယ်နေရာသို့ ရောက်ရှိနေပါသနည်း။

ဤသို့ဆိုလျှင် လူတယောက် နောက်ယောင်ခံ လိုက်ပါလာသည်ဆိုသော ခံစားချက်မှာ အဘယ်ကြောင့် ပျောက်ကွယ်သွားခြင်းမရှိရပါသနည်း။ ပိုင်ချူးရှိက အတွင်းအားကို စုစည်းလိုက်ပြီး

'ဘယ်သူလဲ ထွက်လာခဲ့စမ်း'

သူ၏အသံမှာ ကျယ်လောင်အက်ကွဲစွာထွက်ပေါ်လာသည်။ ယခင်နည်းအတိုင်းပင် ထူးခြားမှုဖြစ်ပေါ်မလာပါ။ သူ၏အသံတဖြည်းဖြည်းတိုးကာ ကွယ်ပျောက်သွားသည်မှ အပ တုံ့ပြန်သံကိုမကြားရချေ။ ပိုင်ချူးရှိမှာ ရှည်ရှည်ဝေးဝေးတွေးတော

နေခြင်းမပြုပဲ ချာကနဲလှည့်ကာ ရှေ့သို့ ဆက်၍ ပြေးသွား၏။ ယခုတကြိမ် သူက ပို၍လျင်မြန်စွာ ပြေးသွားလေတော့သည်။

ပိုင်ချူးရိ နဖူးပေါ်တွင် ချွေးများပင်စို့လာသည်။ ညနေဆည်းဆာ၏ လေပြေလေအေး တိုက်ခတ်နေသော်လည်း သူက အေးချမ်း ငြိမ်သက်မှုကို မခံစားနိုင်ပါ။ သူ၏ ရင်တွင်း၌ ပူလောင် ပြင်းပျနေသည်။ ဒေါသူပုန် ထကာ စိတ်တိုနေ၏။ အကြောင်းမှာ နောက်ရောင်ခံ လိုက်လာသည်ဆိုသော ခံစားချက် ကွယ်ပျောက်မသွားပဲ အချိန်ကြာသည်နှင့်အမျှ တစထက် တစ ပြင်းထန်လာခြင်းကြောင့် ဖြစ်ပေသည်။

ပိုင်ချူးရိမှာ ခံစားချက်ပြင်းထန်လာသည်နှင့်အမျှ နောက်လှည့်ကြည့်လိုသောစိတ်များ ဖြစ်ပေါ်လာ၏။ သို့သော် စိတ်ကိုချုပ်တည်းကာ ရှေ့သို့ဆက်၍ ပြေးသွားလေသည်။ သူ့နောက်လှည့်ပါက အကျိုးထူးမည်မဟုတ်ကြောင်း နားလည်ထား၏။

ထိုစဉ်မှာပင် ပိုင်ချူးရိ တကိုယ်လုံး ကြက်သီးမွေးညင်းထလာသည်။ ရင်ထဲ၌ အေးပြီး ဟာကနဲ ဖြစ်သွားသောကြောင့် ရှုတ်တရက် အပေါ်သို့ခုန်တက်ကာ ကျွမ်းတပတ် ပစ်လိုက်လေသည်။

မြေပေါ်သို့ ခြေပြန်ချသောအခါ နောက်ဘက်သို့ မျက်နှာလှည့်ပြီးဖြစ်လေသည်။ သူ၏နောက်ဘက်တွင် လူသူ တစုံတယောက်ရှိမနေပါချေ။ ပိုင်ချူးရိ၏ရင်ထဲ၌ လှိုက်မောလာသည်။

သူ၏ နောက်ကျောဘက်မှ လည်ကုပ်ဆီသို့ လေအေးဖြင့် မှုတ်ထုတ်လိုက်သကဲ့သို့ ခံစားရသောကြောင့် ချက်ချင်းခုန်ထွက်



လိုက်ခြင်းဖြစ်ပါသည်။ ပိုင်ချူးရိ၏ ခြေလက်များ အေးစက်လာသည်။ လည်ချောင်းယားယံလာသည်ခံစားရကာ ချောင်းဆိုးလိုက်လေသည်။ တဆက်တည်း နှုတ်မှ ထိတ်လန့်စွာ ရေရွတ်လိုက်သည်။

'ငါ သရဲတစ္ဆေများ ကြုံတွေ့ရတာလား'

မှန်ပါ၏။ အဖြစ်အပျက်သည် ဆန်းကြယ်နေသည်တကား။ ပိုင်ချူးရိ စိတ်မထိန်းနိုင်တော့ပါချေ။ နေရာတွင်ပင် ငြိမ်သက်စွာရပ်စောင့်မနေတော့ပဲ အနီးအနားပတ်ဝန်းကျင်ကို လိုက်လံရှာဖွေကြည့်တော့သည်။

ယခုလောလောဆယ်တွေ့ဆုံရန် ချိန်းထားသော ကျူးကျန့်ရှန်းကိုလည်း မေ့လျော့နေပြီဖြစ်လေသည်။ သူသည် မြက်ခင်းပြင်အတွင်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။ လက်တဘက်က ဓားရိုးကိုတင်းကျပ်စွာဆုပ်ကိုင်ယင်း ကျန်လက်တဘက်က မြက်ပင်ကို ဖယ်ရှားကာ လိုက်လံရှာဖွေ ကြည့်လိုက်သည်။

ပေသုံးဆယ်ခန့် ရှာဖွေပြီးသော်လည်း လူရိပ်လူရောင်မတွေ့ရချေ။ ထူးခြားသည်မှာ လိုက်လံရှာဖွေနေစဉ် စိတ်ထဲမှာ ခံစားချက် ကွယ်ပျောက်နေခြင်း ဖြစ်သည်။ ပိုင်ချူးရိက ပတ်ဝန်းကျင်ကိုလှည့်ပတ်ရှာဖွေပြီးလျှင် မြက်ပင်များအကြားရှိ လူသွားလမ်းကလေးပေါ်သို့ ပြန်လည်ရောက်ရှိလာ၏။

ထိုအခါမှ သူ၏စိတ်ထဲမှခံစားချက် ရုတ်ခြည်းပြန်လည်ထွက်ပေါ်လာလေသည်။ ပိုင်ချူးရိက စိတ်အာရုံ စုစည်းထားလိုက်သည်။ ခံစားချက်မှာ တစထက် တစ တိုးကာ ပြင်းထန်လာသည်။

မည်သည့်အကြောင်းကြောင့် ယင်းသို့ထူးခြားသော ခံစားချက်မျိုး ဖြစ်ပေါ်နေမိမှန်း မသိ၊ ပိုင်ချူးရိခတွေးမရနိုင်အောင် ရှိနေပါသည်။ ယခုအခါ နောက်ယောင်ခံလိုက်ပါလာသော ခံစားချက်ထက် အန္တရာယ်က နီးကပ်လာပြီဟူသော ခံစားချက်မျိုးပါ ထပ်ဆင့်ဆောင်လာသည်။

ပိုင်ချူးရိမှာ စုစည်းထားသောအာရုံကြောင့် မိမိ၏နောက်ဘက်တွင် လူတယောက်ရှိနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။ သို့သော် သူလှည့်ကြည့်လိုက်လျှင် ထိုလူရှယ်ပျောက်သွားဦးမည်ဟု ထင်သည်။

ထို့ကြောင့် ပိုင်ချူးရိ နောက်လှည့်မကြည့်ပါ။

မည်သို့ဆိုစေ အသက်အန္တရာယ်ရှိသည်ဆိုသော ခံစားချက်က ပြင်းပြင်းထန်ထန် ခံစားလာရသောကြောင့် မနေနိုင်တော့ပဲ နောက်သို့ ချာကနဲလှည့်ကြည့်လိုက်သည်။ သူ၏မျက်ဝန်းအစုံမှာလည်း အနောက်ဘက်မှမြင်ကွင်း၏ လှုပ်ရှားမှုကို မလွတ်တမ်းစိုက်ကြည့်လိုက်လေသည်။

ယခုအကြိမ် သူ့အမြင် ဒုတိယလူတယောက် ရှိနေသည်ကို သေသေချာချာ တွေ့မြင်လိုက်ရလေတော့သည်။

* * *



ပိုင်ချူးရိ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ သို့သော်ဒုတိယလူမှာမူ လှုပ်ရှားခြင်းမရှိ ငြိမ်သက်နေသည်။ သူ၏စူးရှသော မျက်ဝန်းအစုံသည် ပိုင်ချူးရိအား မျက်တောင်မခတ်ပဲ စိုက်ကြည့်နေသည်။

ပိုင်ချူးရိမှာ ထိုလူနှင့် မျက်လုံးချင်းဆုံမိလျှင် ချောင်းဟွတ်ကနဲဆိုးလိုက်ပြီး ...

‘ဒီလူ တော်တော် အေးတိအေးစက်နိုင်တဲ့ လူတယောက်ပဲ’ ဟု စိတ်ထဲမှကြိတ်၍ တွေးမိလိုက်လေသည်။

သေသေချာချာ ကြည့်လျှင် ထိုလူသည် သက်ရှိလူသားတယောက်နှင့်မတူပဲ၊ အသက်ဝိညာဉ် ကင်းမဲ့နေသည့် လူသေအလောင်းတလောင်းပမာ ရှိနေသည်။ တကိုယ်လုံး မီးခိုးရောင်မွဲခြောက်ခြောက် အဝတ်အစားများ ဝတ်ဆင်ထားသည်။ အသားအရည်မှာ သွေးရောင်မရှိ ဖြူရော်ရော်ဖြစ်နေသည်။

ခန္ဓာကိုယ်ပိန်လှီပြီး၊ မေးရိုးများငေါထွက်နေသည်။ မျက်နှာပေါ်တွင် အမွှေးအမျှင်နည်းပါးပြီး၊ မျက်ဝန်းစုံမှာ အဖြူများပြီး အနက်နည်းပါးသည်။ လက်များမှာ အကြောများ ထောင်ထကာ အရိုးချည်းရှိသည်ကို တွေ့ရ၏။ သူ၏ခါးတွင် အပြားကြီးသောဓားတလက် ချိတ်ဆွဲထားသည်။

အရိုးပြိုင်းပြိုင်းထနေသော လက်တဘက်က ဓားရိုးပေါ် တင်ထားလေသည်။ ထိုလူမှာ မတ်တတ်ရပ်နေခြင်းကြောင့် လူသေအလောင်းတခုမဟုတ်သည်မှာတော့ သေချာလှပေသည်။

လူသေအလောင်းနှင့်တူသူသည် တချိန်လုံး နောက်ယောင်ခံလိုက်နေသူ ဖြစ်ရမည်ဟု ပိုင်ချူးရိတွေးမိလေသည်။ ထိုလူမှာ

အလွန်ကြောက်စရာကောင်းသူတယောက် ဖြစ်လိမ့်မည်ဟု ပိုင်ချူးရိ ထပ်မံတွေးမိသည်။

ထိုလူ၏ ကိုယ်ဖော့ပညာမှာ သူ့ထက်မြင့်မားနေကြောင်း ဝန်ခံရပေမည်။ သို့မဟုတ်ပါက လမ်းတဝက်ခန့်တွင်ပင် ထိုလူကို သူက ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ယခု ထိုလူကိုယ်ထင်ပြမှ သူကတွေ့ရသေးသည်။

ပိုင်ချူးရိ၏တကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ သူ၏ ...ဝတသက်တာတွင် ရင်ဆိုင်ရန် အင်မတန်ခက်ခဲသော ရန်သူတယောက်ကို တွေ့ရပြီဟု ရုတ်ခြည်း နားလည်လာလေသည်။

ထိုလူ သူ၏နောက်သို့ နောက်ယောင်ခံ လိုက်လာသည်မှာ အကြောင်းမဲ့သက်သက် မဖြစ်နိုင်ချေ။ ပိုင်ချူးရိ အသက်ကို ခက်ခဲစွာရှုရှိုက်လိုက်ရသည်။ ယနေ့သည် သူ၏ နောက်ဆုံးနေ့ သို့မဟုတ် လူသေအလောင်းနှင့်တူသောလူ၏ နောက်ဆုံးနေ့ဖြစ်လိမ့်မည်။

မည်သို့ဆိုစေ ဤနေရာမှ တယောက်ကထွက်သွားပြီး၊ တယောက်ကျန်ခဲ့မည်ကသေချာနေသည်။ ကျန်ရစ်ခဲ့သူမှာ အသက်ရှင်နေသူ မဖြစ်နိုင်တော့ချေ။ ပိုင်ချူးရိမှာ ကျူးကျန့်ရှန်းထံသို့ ရောက်နိုင်ပါတော့မည်လောဟု သံသယစိတ်များ ဖြစ်ပေါ်လာလေတော့သည်။

* * *



'မိတ်ဆွေက ဘယ်သူလဲ'

ခြောက်သွေ့အက်ကွဲသော ပိုင်ချူးရိ၏အသံ ထွက်ပေါ်လာသည်။ လည်ချောင်းများ တင်းကျပ်လာကာ ခြောက်သွေ့နေသောကြောင့် မနည်းပြောလိုက်ရခြင်း ဖြစ်သည်။ သို့သော် သူ၏အသံသည် နားထောင်ကောင်းသည် မဟုတ်ကြောင်း သူကိုယ်တိုင်သိထားလေသည်။ ဝန်းကျင်မှာ ငြိမ်သက်နေသည်။

လေတိုက်ခတ်မှုပင် မရှိတော့ပါချေ။ ပိုင်ချူးရိ၏အသံကို မျက်နှာချင်းဆိုင်တွင်ရပ်နေသူသာမက အနီးအနားတွင် လူရှိနေသည်ဆိုပါလျှင် ကြားနိုင်လောက်ပေသည်။ ထိုလူ၏ ပါးလွှာသောနှုတ်ခမ်းများ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ တဆက်တည်းမှာပင် စကားသံထွက်ပေါ်လာလေသည်။

'ဟိုကြည်ထုံ'

ထွက်ပေါ်လာသောအသံသည် တုံးတိတိဖြစ်နေသည်။ ပိုင်ချူးရိ၏အမေးကို တိတိကျကျ အဖြေပေးလိုက်ခြင်းဖြစ်သည်။ အပိုအလိုမရှိ တိကျလှပေသည်။

ထိုလူက သူ၏အမည်ကို ထုတ်ဖော်ပြောဆိုလိုက်ခြင်းပေတကား။

'ဟိုကြည်ထုံ' ဟူသောအမည်ကို ကြားရလျှင် ပိုင်းချူးရိ မျက်မှောင်ကုပ်၍သွား၏။ တဆက်တည်း သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ်ဝင်းလက်တောက်ပလာသည်။

သို့သော်... မျက်နှာအမူအရာကား အနည်းငယ် ပျက်သွားပါသည်။ ပိုင်ချူးရိ ထိုလူကိုကြည့်ယင်း....

'ဓားသရဲ ဟိုကြည်ထုံ ဟုတ်လား'

ထိုလူက ခေါင်းညိတ်ခြင်း ခေါင်းခါခြင်းမပြုပါ။ နေရာတွင် မလှုပ်မရှက် ငြိမ်သက်စွာရပ်နေသည်။ ပိုင်ချူးရီ၏စကားဝန်ခံခြင်း ငြင်းပယ်ခြင်း မပြုချေ။ မည်သို့ဆိုစေ တိတ် ဆိတ်နေခြင်းက ဝန်ခံခြင်း မည်သောကြောင့် ထိုလူမှာ ခေါ်းသရဲဟိုကြည်ထုံ ဖြစ်ကြောင်း သေချာသွားချေပြီ။

ပိုင်ချူးရီ၏ ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူသည် သိုင်းလောကသားတယောက် ဖြစ်သောကြောင့်သိုင်းလောကတွင် ကျော်ကြားနေသူများကို သိရှိထားပါသည်။

ခေါ်းသရဲဟိုကြည်ထုံမှာ ကြေးစားလူသတ်သမားတယောက်ဖြစ်သည်။ သိုင်းလောကတွင် ခေါ်းသရဲဟိုကြည်ထုံအား တွေ့ဖူးသူမရှိဟု ဆိုကြလေသည်။ ခေါ်းသရဲဟိုကြည်ထုံအား တွေ့မြင်ဖူးသူများလည်း လောကကိုမျက်ကွယ် ပြုသွားကြပြီဖြစ်သည်။

ထိုသူများသည် ခေါ်းသရဲ ဟိုကြည်ထုံ၏လက်ချက်ကြောင့် လောကကိုစွန့်ခွာသွားကြရခြင်းဖြစ်ပေသည်။ ခေါ်းသရဲ ဟိုကြည်ထုံသည် သိုင်းလောကတွင်ကျော်ကြားလာပြီးနောက် တကြိမ်တခါမျှ ရှုံးနိမ့်ခဲ့ဘူးခြင်း မရှိကြောင်းသိရ၏။

ယခုသူသည်ခေါ်းသရဲဟိုကြည်ထုံနှင့်မျက်နှာခြင်းဆိုင်တွေ့နေရချေပြီ။ သူက ဟိုကြည်ထုံကိုတွေ့လို၍ လိုက်ရှာလျှင်မိုးအဆုံးမြေအဆုံး လိုက်ရှာသော်လည်း တွေ့ရမည်မဟုတ်ပါ။

သို့သော် ဟိုကြည်ထုံကမူ သူ့တွေ့လိုသူကို တွေ့အောင်ရှာနိုင်ပေသည်။ ဟိုကြည်ထုံသူ၏ရှေ့သို့ရောက်လာခြင်းမှာကောင်းသောလာခြင်းတရပ်မဟုတ်ကြောင်း ပိုင်ချူးရီ နားလည်လိုက်သည်။



သူသည် ရင်ထဲ၌ ဖြစ်ပေါ်လာသော ထိတ်လန့် စိုးရိမ်မှုကို ထိန်းချုပ်ထားလိုက်ပြီး....

'လက်စသတ်တော့ ခင်ဗျားက ခေါ်းသရဲ ဟိုကြည်ထုံ ကိုး၊ ခင်ဗျားကို တွေ့ရတဲ့အတွက် ကျုပ်ကံကောင်းတယ်လို့ ဆိုရမှာပေါ့'

ဟိုကြည်ထုံ၏ မျက်နှာအမူအရာ ပြောင်းလဲသွားခြင်း မရှိပါ။ လူသေအလောင်းပမာ အမူအရာကင်းမဲ့စွာ မလှုပ်မယှက်ရပ်နေသည်။ သို့သော် သူ၏မျက်ဝန်းအစုံတွင် ပိုင်ချူးရီ အားလှောင်ပြောင်သော သရော်လိုသည့် အရိပ် ရောင်များ ရှိနေကြောင်း ပိုင်ချူးရီ ရိပ်စားမိလိုက်လေသည်။ ပိုင်ချူး၏ ခန္ဓာကိုယ်၌ သွေးတိုးနှုန်းမြန်လာသည်။

သူသည် တိုက်ပွဲများစွာ ဆင်နွှဲခဲ့သော သိုင်းသမား တယောက်ဖြစ်သည်။ ထို့ကြောင့် ခေါ်းသရဲကိုဟိုကြည်ထုံကိုတွေ့လိုက်ရသည်နှင့် ထိတ်လန့်ကြောက်ရွံ့သွားမည်လော။ ပိုင်ချူးရီ၏ ရင်ထဲ၌ စိုးရွံ့မှုများအစား ခံပြင်းသည့်စိတ်များ ဖြင့်ပေါ်လာသည်။

သူသည် ဟိုကြည်ထုံကို ရဲဝံ့သော စိတ်ဓာတ်ဖြင့် ရင်ဆိုင်ရန် လိုအပ်နေသည် မဟုတ်ပါလား။ ပိုင်ချူးရီ၏ သွေးများဆူဝေလာသည်။ ခေါ်းသရဲဟိုကြည်ထုံကို မခကျ မနပ် ကြည့်ကာ-

'ခင်ဗျား ဘာကြောင့် ကျုပ်နောက်ကို တချိန်လုံးလိုက်နေရတာလဲဗျ'

သူ၏စကားဆုံးလျှင် ဟိုကြည်ထုံမှ စကားသံထွက်ပေါ်လာသည်။

'မင်းကို သတ်ဖို့'

ယခုတကြိမ်လည်း တုံးတိတိ အဖြေပေးလိုက်သည်။ သူက ပိုင်ချူးရိကို ခြိမ်းခြောက်နေခြင်းမဟုတ်ပါချေ။ အမှန်တကယ် လုပ်ဆောင်မည်ဖြစ်ကြောင်း အဘည်ပြုပြောကြားနေသလိုရှိ၏။ သူ၏အမူအရာကလည်း ဖော်ပြနေပေသည်။

အေးတိအေးစက်နိုင်လှသော ဟိုကြည်ထုံ၏ မျက်နှာတွင် လူသတ်လိုသောအရိပ်အရောင်များ ထွက်ပေါ်လာနေပြီ မဟုတ်ပါလား။ ပိုင်ချူးရိ၏စိတ်များ တည်တည်ငြိမ်ငြိမ် ဖြစ်လာသည်။

သူသည်တချိန်လုံး သူ၏နောက်သို့ နောက်ယောင်ခံလိုက်လာနေသည့်ခံစားချက်များဖြစ်ပေါ်ခံစားရပြီးနောက်ယောင်ခံလိုက်ပါလာသူကို မတွေ့ရသောကြောင့် စိတ် ခြောက်ခြား ခဲ့ရပါသည်။

ဟိုကြည်ထုံအား ဘွားကနဲ တွေ့ရစဉ် ထိတ်လန့်တုန်လှုပ်မိသော်လည်း ယခုစိတ်ဓာတ်အခြေအနေမှန်ကို ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ သူ၏မျက်နှာတွင် စိတ်ညစ်ခြင်း၊ အလိုမကျဖြစ်ခြင်း စသည့်အမူအရာများ ကွယ်ပျောက်သွားပြီး လေးနက်တည်ကြည်လာသည်။

တိုက်ပွဲဝင်တော့မည့် စစ်သူကြီးဘယောက်ပမာ ရဲရင့်သောအသွင်ဆောင်နေပေသည်။ ဟိုကြည်ထုံ၏ စကားကို ကြားရလျှင် မဲ့ပြုံးပြုံးလိုက်ပြီး....



'ခင်ဗျားနဲ့ ကျုပ် ရန်ငြိုးမရှိဘူးထင်တယ်၊ ခင်ဗျား ဒုက္ခရောက်အောင်များ ကျုပ်လုပ်ခဲ့မိလို့လား ကျုပ်မှာ အပြစ်ရှိသလား၊ မကျေနပ်စရာရှိလား'

'ဘာမှမရှိပါဘူး'

'ဒါဖြင့် ဘာ့ကြောင့် ကျုပ်ကို သတ်ချင်တာလဲ'

'ငွေကြောင့်ပေါ့'

'ကျုပ်ကို သတ်ပေးယင် ခင်ဗျား ငွေရမယ်ဟုတ်လား'

ဟိုကြည်ထုံ အဖြေမပေးချေ။

ပိုင်ချူးရိ ဒေါသထွက်လာလေသည်။ သူ့အားသတ်ဖြတ်လိုသူများက ဓားသရဲ ဟိုကြည်ထုံကို ငှားရမ်းခဲ့သည်မှာ မှန်ကန်နေသည်ဟု တွက်ဆမိသည်။

တော်ရုံတန်ရုံ လူမျိုးဆိုလျှင် သူ့ကိုသတ်ရန် မဆိုထားနှင့်၊ သူ၏အနီးသို့ပင် ချဉ်းကပ်လာနိုင်မည် မဟုတ်ချေ။ သူ့အား ဟိုကြည်ထုံက တမင်သက်သက် လာရောက် သတ်ဖြတ်ခြင်းမဟုတ်သည်က ထင်ရှားနေသည်။

ဟိုကြည်ထုံကို ငွေပေးလိုက်သူ ရှိနေချေပြီ။ ထိုလူမှာမည်သူဖြစ်ပါသနည်း။ အဘယ့်ကြောင့် သူ့အား သတ်ပစ်လိုပါသနည်း။

ပိုင်ချူးရိ မအောင့်နိုင်တော့ပဲ—

'ကျုပ်ကို ဘယ်သူက သတ်ခိုင်းတာလဲ'

ဟိုကြည်ထုံက သူ၏အမေးကို မဖြေပါ။

သူ့ကို လုံးဝဂရုမစိုက်ပဲ မကြာမီ သေဆုံးသွားတော့မည့် လူသေအလောင်းတခုလို သဘောထားကာ ကြည့်နေ၏။ ပိုင်

ချူးရီမှာ ဒေါသဆွက်သောကြောင့် တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာ၏။

'ပြောစမ်း ဘယ်သူက ကျုပ်ကို သတ်ခိုင်းတာလဲ'

ဟိုကြည်ထုံမှာ ပင့်သက်ချသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ များမကြာမီ စကားသံ ကြားလိုက်ရလေသည်။

'မင်းသိလို့ ဘာထူးမှာလဲ၊ မင်းမကြာခင် သေရတော့မှာ မဟုတ်လား'

ထိုစကားကြားရလျှင် ပိုင်ချူးရီမှာ ခံပြင်းစွာ ရယ်မောမိလေသည်။ သူ၏ ရင်ထဲ၌ ဟိုကြည်ထုံအား ယှဉ်ပြိုင် တိုက်ခိုက်ကာ အနိုင်ယူလိုသောစိတ်များ ဖြစ်ပေါ်လာသည်။

ဓားသရဲ ဟိုကြည်ထုံကို သူအနိုင်ရခဲ့ပါလျှင် သူ့အားလုပ်ကြံရန် ကြိုးစားသူများ ထိတ်လန့်တုန်လှုပ်သွားကြပေလိမ့်မည်။

ထိုသို့တွေးမိလျှင် ပိုင်ချူးရီ၏ ခန္ဓာကိုယ်တွင် ခွန်အားများ တိုးပွားလာသည်ဟုပင် ခံစားရတော့သည်။ ဟိုကြည်ထုံကို စူးစူးရဲရဲ စိုက်ကြည့်လိုက်ပြီး

'ခင်ဗျား ကျုပ်ကို သတ်နိုင်မယ် ထင်လို့လား'

ဟိုကြည်ထုံက စကားမပြောပါ။

သူဓားကိုင်ထားသော သူ၏လက်ကို တဖြည်းဖြည်း မ,လိုက်၏။ ဓားအိမ်မှဓားသည် ညည်းသံပြုပြီး နှေးကွေးစွာ ထွက်ပေါ်လာလေသည်။

ပိုင်ချူးရီ သတိကြီးစွာ ထားယင်း



'ဟိုကြည်ထုံ ခင်ဗျားကို ဘယ်သူ ခိုင်းတယ်ဆိုတာ ပြောပြယင် ခင်ဗျားကို ကျုပ် ခွင့်လွှတ်လိုက်မယ်၊ ဒါမှမဟုတ်ယင်တော့'

သူသည် စကားကိုပင် ဆုံးအောင် မပြောလိုက်ရချေ။ ရုတ်တရက် ဟိုကြည်ထုံ၏ ခန္ဓာကိုယ် လျှပ်ပြက်သလို လှုပ်ရှားသွားပြီး ဓားဖြင့် တိုက်ခိုက်လာသည်။ ပိုင်ချူးရီက ဟိုကြည်ထုံမှာ ကြောက်မက်ဖွယ်ကောင်းသည့် ဓားသမားဖြစ်ကြောင်း သိထားရာ မပေါ့မဆဝံ့ပဲ မိုးကြိုးဓားကို ဆွဲထုတ်၍ ပြန်လည်ခုခံလိုက်ရသည်။

'ခြွမ်း'

သံသံချင်း ထိတွေ့မိသော အသံတချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဟိုကြည်ထုံနှင့် ပိုင်ချူးရီတို့ အနောက်ဘက်သို့ ခြေသုံးလှမ်းမျှ ပြိုင်တူဆုတ်သွားကြရသည်။ သူတို့နှစ်ယောက် လက်ရည်ညီမျှနေခြင်းပေတကား။

သူတို့နှစ်ယောက် တယောက်ကို တယောက် အတန်ကြာအောင် စူးစိုက်ကြည့်ကြသည်။ တအောင့်မျှ ကြာသွားသောအခါ

'ယား'

ကျယ်လောင်သော ကြွေးသံများ ပြိုင်တူအော်ဟစ်လိုက်ကြပြီး ရှေ့သို့ခုန်တိုးကာ တိုက်ခိုက်လိုက်ကြသည်။ သူတို့နှစ်ယောက်စလုံးမှာ သိုင်းလောကတွင် ကျော်ကြားနေသူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတို့၏တိုက်ပွဲမှာ အလွန်ပြင်းထန်နေလေတော့သည်။

* * *

တိုက်ပွဲမှာ ပြင်းထန်နေသည်။

ပိုင်ချူးရိ နှင့် ဓားသရဲ ဟိုကြည်ထုံတို့ တယောက်ကို တယောက် သဲကြီးမဲကြီး တိုက်ခိုက်နေကြသည်။ ဟိုကြည်ထုံက ဓားပြားကို ငှေ့ယမ်းယင်း ပြင်းထန်စွာ တိုက်ခိုက်သလို ပိုင်ချူးရိကလည်း မိုးကြိုးဓား ၁၈ ကွက်ကို ဖော်ထုတ်တိုက်ခိုက်နေသည်။

မိုးကြိုးဓား ၁၀ ကွက်သည် သူ့အား သိုင်းလောကတွင် ကျော်ကြားစေခဲ့သော သိုင်းကွက်များဖြစ်သည်။ ယခုအချိန်ထိ မိုးကြိုးဓား ၁၈ ကွက်ပြည့်သည်အထိ တိုက်ခိုက်ပြီးလျှင် အနိုင်ရခဲ့သည်က များသည်။

ပိုင်ချူးရိ၏ဓားတချက်သည် တဒင်္ဂ အချိန်အတွင်းမှာပင် ဓားရိပ်ထောင်ပေါင်းများစွာ ဖြစ်ပေါ်လာသည်။ မည်သည့် ဓားရိပ်ကအစစ် မည်သည့်ဓားရိပ်ကအတုမှန်း ဝေခွဲရန်ခက်ခဲလှသည်။

ဟိုကြည်ထုံမှာ ခေသူတယောက် မဟုတ်ပါ။ ဓားပညာ ဗေဒကမ်းခပ် ကျွမ်းကျင်တတ်မြောက်ထားသောကြောင့် ဓားသရဲဟူသောဘွဲ့ကို ရရှိထားခြင်း ဖြစ်လေသည်။ ဟိုကြည်ထုံသည် ပိုင်ချူးရိကဲ့သို့ မာန်ဟုန်ပြင်းစွာ တိုက်ခိုက်ခြင်းမပြုချေ။ သူသည် အခွင့်အရေးကို စောင့်မျှော်ကာ ပိုင်လောက်မှ တချက်နှစ်ချက် ခုတ်ချသည်၊ ထိုးသွင်းသည်။

သို့သော် သူ၏ ဓားချက်များ ဇယ်စက်သလို မြန်လှသောကြောင့် ပိုင်ချူးရိတိုက်ကွက်နှင့် ညီမျှနေပေသည်။



သူတို့နှစ်ယောက် သိုင်းကွက်ပေါင်း ၁၀၀ ခန့် တိုက်ခိုက်ပြီးကြသော်လည်း မည်သူမျှ အသာစီးမရချေ။

ထိုစဉ် ဟိုကြည်ထုံက နောက်သို့ ရုတ်ခြည်းဆုတ်သွားသည်။ ထို့ကြောင့် ပိုင်ချူးရိပင် ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။ သူ၏ တိုက်ကွက်အောက်မှ ဟိုကြည်ထုံ ကွယ်ပျောက်သွားသည်ကို တွေ့ရလျှင် သူလည်း နောက်သို့ ကမန်းကတန်း ဆုတ်လိုက်၏။ ဟိုကြည်ထုံက ပိုင်ချူးရိကို စိုက်ကြည့်ကာ

'မင်းမဆိုဘူး'

ပိုင်ချူးရိ ပြုံးလိုက်ပြီး...

'ခင်ဗျားလဲ မဆိုးပါဘူး'

'ဘာပဲဖြစ်ဖြစ် မင်းငါ့လက်ချက်နဲ့ သေရမှာပါ'

'စိတ်ချ ခင်ဗျားလဲကျုပ်လက်ချက်နဲ့ သေရမှာပဲ'

'ပိုင်ချူးရိ မင်းကိုငါပြောစရာတခုရှိတယ်'

'ပြောပါ'

'ငါ့ကို ဘာကြောင့် လူတွေကဓားသရဲလို့ ခေါ်ကြသလဲဆိုတာမင်းသိလား'

ပိုင်ချူးရိ မျက်မှောင်ကုပ်သွား၏။

'ခင်ဗျားက ဓားပညာတော်လို့နေမှာပေါ့'

'မဟုတ်ဘူး'

'ဒါဖြင့် ဘာကြောင့်လဲ'

'ငါ့မှာ ဓားသရဲရှိလို့ပေါ့'

ပိုင်ချူးရိ အံ့ဩသွားပြီး....

'ဓားသရဲဟုတ်လား'

'ဟုတ်တယ် မမြင်ရတဲ့ ခွေးတချောင်းပေါ့'

ပိုင်ချူးရ် တွေဝေသွား၏။

ဟိုကြည်ထုံက ဆက်ပြောလေသည်။

'ကျုပ်မှာ ခွေးပိုတချောင်းရှိတယ်၊အဲဒီခွေးဟာ မမြင်ရတဲ့ ခွေးသရဲပေါ့၊ ကျုပ်သတ်မယ့် လူမှန်သမျှ ခွေးသရဲကြောင့်သေ သွားရတာချည်းပဲ'

ပိုင်ချူးရ်က တည်ကြည်သောမျက်နှာဖြင့်....

'ကျုပ်လဲ ခင်ဗျား၏ ခွေးသရဲ အစွမ်းထက်မထက်စမ်းကြည့် ချင်တယ်'

'ကျုပ်မင်းကို သတိပေးပြီးပြီ၊ မမြင်ရတဲ့ခွေးသရဲဟာမင်း ကိုတိုက်ခိုက်သုတ်သင်ဖို့ အဆင်သင့်ဖြစ်နေပြီ မင်းသေဖို့သာပြင် ထားပေတော့'

ပြောပြီးလျှင် ရုတ်တရက်ရှေ့သို့ ခုန်တိုးကာ ပိုင်ချူးရ်အား တိုက်ခိုက်လိုက်လေသည်။ပိုင်ချူးရ်မှာ သတိကြီးစွာထားနေ ရာ ဟိုကြည်ထုံတိုက်လိုက်သည်နှင့် ချက်ချင်း ပြန်လည်တိုက်ခိုက် လိုက်လေသည်။

ယခုတကြိမ်သူက ပို၍ သတိကြီးစွာထားကာ ခုခံတိုက်ခိုက် လိုက်ခြင်းဖြစ်၏။သို့သော် ဟိုကြည်ထုံ၏ ခွေးကွက်များသည် ပို၍ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လာသည်။

မျက်စိတမှိတ် လျှပ်တပြက်အချိန်အတွင်းမှာပင် ပိုင်ချူးရ် အား အပေါ်စီးမှဖိကာ တိုက်ခိုက်ခဲ့လေသည်။သူ၏ ခွေးရိုက် များသည် ပိုင်ချူးရ်၏တကိုယ်လုံး လွှမ်းခြုံသွားသည်။ပိုင်ချူး ရ်သည် အသက်ဝဝရှူကာ ခုခံနေစဉ် ရုတ်တရက် ဟိုကြည်



ထုံ၏ ကိုယ်အောက်ပိုင်းမှ ခပ်မည်းမည်းသဏ္ဍာန်တခု ရိပ်ကနဲ ပစ်လွှင့်လာသည်ကို တွေ့ရ၏။

လက်နက်များသည် အသုံးပြုကြသူ၏ ခါးအထက်ပိုင်းမှ ထွက်ပေါ်လာတတ်ပေသည်။ ယခုမူ ဟိုကြည်ထုံ၏ ခါးအောက် ပိုင်း ဝတ်ရုံရှည်အောက်မှထွက်ပေါ်လာခြင်းဖြစ်၏။

ပိုင်ချူးရ် ထိတ်လန့်ကာနောက်သို့ခုန်ရှောင်လိုက်သည်။

သို့သော် ဟိုကြည်ထုံက ဖိ၍ တိုက်ခိုက်နေသောကြောင့် လွတ်လွတ်ကင်းကင်းရှောင်ထွက်သွားနိုင်ခြင်း မရှိချေ။ ပစ်လွှင့် လာသော ခပ်မည်းမည်းအရာသည် သူ၏ဝမ်းဗိုက်ဆီသို့ တည့် မတ်စွာ တိုးဝင်သွားလေတော့သည်။

* * *

ဓားသရဲ။

ဟိုကြည်ထု၏ ဓားသရဲမှာ မထင်မှတ်သောနေရာမှ ထွက်ပေါ်လာပြီဖြစ်သည်။

'ဒုတ်'

မြည်သံတချက်ထွက်ပေါ်လာပြီးလျှင် ပိုင်ချူးရီ၏ မျက်နှာရှုံ့မဲ့သွား၏။ နာကျင်သောဝေဒနာတရပ် ဝမ်းဗိုက်တွင် ပြင်းထန်စွာဖြစ်ပေါ်လာသည်။ ဟိုကြည်ထုအား ပြင်းပြင်းထန်ထန် ခုခံတိုက်လိုက်ပြီး ဝါးတရိုက်အကွာသို့ ခုန်ဆုတ်သွားကာ ဝမ်းဗိုက်ကို ငုံ့ကြည့်လိုက်လေသည်။

သူ၏ဝမ်းဗိုက်တွင် နီရဲသောသွေးများ စီးရွဲလာသည်။ခန္ဓာကိုယ်အနည်းငယ် လှုပ်ရှားလိုက်တိုင်း ပြင်းပျစွာနာကျင်သောဝေဒနာ ခံစားလာရသည်။ သူ၏ဝမ်းဗိုက်တွင် ပြင်းထန်သောဒဏ်ရာတချက်ရရှိသွားပြီတကား။

ပိုင်ချူးရီ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ သူ၏ဝမ်းဗိုက်တွင် ပြင်းထန်သော ဒဏ်ရာရရှိသွားသော်လည်း မည်သည့် လက်နက်ဖြင့် မည်သို့တိုက်ခိုက်ခံခဲ့ရသည်ကို သူ သေသေချာချာမသိချေ။ ဟိုကြည်ထုအား ထိတ်လန့်စွာကြည့်ယင်း...

'ခင်....ခင်ဗျား'

ဟိုကြည်ထု ရယ်မောလိုက်သည်။

'ကျုပ်ရဲ့ဓားသရဲကို မင်းမမြင်လိုက်ရဘူး၊ မဟုတ်လား'

ပိုင်ချူးရီ အံကြိတ်ကာ....



'ကျုပ်မြင်တယ်၊ ခင်ဗျားက ခိုးကြောင်ခိုးဝှက်ဓားချောင်းကို သံကြိုးကွင်းနဲ့ချည်ထားပြီး လက်မှာလျှိုထားတာ ကျုပ်သိတယ်'

ထိုစကားကြားရသောအခါ ပိုင်ချူးရီမှာ လျှို့ဝှက်ချက်ကိုသိသွားကြောင်း ထင်ရှားနေလေသည်။သို့သော် ဟိုကြည်ထု စိတ်ပျက်သွားခြင်းမရှိပါ။မကြာမီ ပိုင်ချူးရီလည်း ကျဆုံးသွားလိမ့်မည်ဟု ယုံကြည်ထားလေသည်။

အမှန်တော့ သူက သံကြိုးကွင်းနှင့်ဆက်ထားသော ဓားတိုတချောင်းကိုလက်တွင်ချိတ်ဆွဲထားသည်။ဓားကိုမူ ခါးကြားတွင်ထိုးကာ အင်္ကျီစဖြင့် ဖုံးထား၏။တိုက်ခိုက်ယင်း သံကြိုးကို လက်ဖြင့် တဖြည်းဖြည်းရစ်ပတ်ပြီး ဓားတိုကို မသိမသာဆွဲယူလိုက်၏။

တဖန် လက်ဆန့်တန်းလိုက်ရာ အရှိန်ဖြင့်ဓားကိုပစ်လွှင့်လာခြင်းဖြစ်ပေသည်။ ဓားတို ရန်သူကိုထိသွားလျှင် သူကလက်ပြန်ရုပ်လိုက်ရုံမျှဖြင့် ဓားတိုကိုသိမ်းဆည်းလိုက်ပြီးဖြစ်သည်။

နောက်ထပ်တဖန် အချိန်မရွေးပြန်လည်ပစ်လွှင့် တိုက်ခိုက်နိုင်လေသည်။ ဟိုကြည်ထုက အေးတိအေးစက်ဖြင့်....

'မင်းကိုမင်း သတ်သေမလား၊ ဒါမှမဟုတ် ငါက ကိစ္စတုံးပေးရမလား၊ ကိုယ့်ကိုယ်ကို သတ်သေယင်တော့ သက်သာမယ်ထင်တယ်'

ပိုင်ချူးရီ ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားပြောတာမှန်တယ်၊ဒါပေမယ့် ခင်ဗျားကိုသတ်ပြီးမှ ကျုပ်သေမယ်'

စကားဆုံးလျှင် ရုတ်တရက် မြေကိုဖနောင့်ဖြင့် ပေါက်ကာ အားယူ၍ ခုန်လိုက်ပြီး ဟိုကြည်ထံကိုတဟုန်ထိုး တိုက်ခိုက် လိုက်လေသည်။ ပိုင်ချူးရှိ မှာ လွယ်လွယ်ကူကူနှင့် သေသွားသည့် လူစားမျိုးမဟုတ်ကြောင်းကို ဟိုကြည်ထံ သိပါ၏။

ထို့ကြောင့် သူက သတိဖြင့်စောင့်ကြည့်နေရာမှ ပိုင်ချူးရှိ တိုက်ခိုက်လာသည်ကိုတွေ့ရလျှင် ဓားပြားကြီးဖြင့်ခုခံလိုက်သလို လက်ထဲမှလျှိုထားသော ဓားသရဲဖြင့် ပစ်ပေါက်တိုက်ခိုက်လိုက်လေသည်။

ဓားရောင်များ ဖွေးဖွေးလှုပ်သွားသည်။ ပိုင်ချူးရှိ တွင် အကြံရှိနေပါသည်။ ဟိုကြည်ထံ၏ဓားပြားကြီးထက် ဓားသရဲက ကြောက်မက်ဖွယ်ကောင်းကြောင်း သူ နားလည်လိုက်ပြီဖြစ်လေသည်။

ထို့ကြောင့် တိုက်ခိုက်နေစဉ် ဟိုကြည်ထံ၏ ဓားပြားကို မရှောင်ပဲ လက်မောင်းတဘက်ဖြင့် ခုခံလိုက်သည်။

သူ၏ဓားကမူ အရိပ်ပမာ လျင်မြန်စွာ ပစ်လွှင့်လာသော ဓားသရဲကို ရိုက်ထုတ်လိုက်၏။ တဆက်တည်းမှာပင် သူ၏ မိုးကြိုးဓားကို ဟိုကြည်ထံသို့ ပစ်လွှင့်လိုက်လေသည်။ အဖြစ်အပျက်များသည် မျက်စိတမှိတ်လျှပ်တပြက်အတွင်း လျင်မြန်စွာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

'အွန့်'

'အား'

စူးရှသောအသံများ ထွက်ပေါ်လာသည်။ ပိုင်ချူးရှိ ပခုံးတွင် ခြောက်လက်မခန့်ရှည်လျားသော ဓားဒဏ်ရာတချက်ရရှိ



သွားပြီး အနောက်ဘက်သို့လွင့်စဉ်ကာ မြေပေါ် လဲကျသွားသည်။ သို့သော် သူက သေလောက်အောင် ဒဏ်ရာရရှိသွားခြင်း မဟုတ်သော်လည်း မြေပေါ်မှမထနိုင်အောင်ဖြစ်နေ၏။

သူ၏တကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ဒဏ်ရာကြောင့် အသက်မသေလျှင်ပင် သွေးထွက်လွန်မှုကြောင့် သေဆုံးသွားရမည်ဖြစ်သည်။ သူ့အတွက် အချိန်မီကုသရန် လိုအပ်နေသည်။ ပိုင်ချူးရှိ မှာ အခြေအနေမကောင်းတော့ချေ။

ထို့နည်းတူ ဓားသရဲဟိုကြည်ထံမှာလည်း အခြေအနေမကောင်းပါချေ။ ပိုင်ချူးရှိ က သူ၏ဓားပြားကြီးကို ဒိုက်မဲစွာခုခံခြင်းမပြုပဲ၊ ဓားသရဲကို ရိုက်ထုတ်လိုက်သောကြောင့် ပြန်လည်ပစ်လွှင့်လာသော ဓားသရဲက သူ၏ရင်ဝသို့ တည့်မတ်စွာ ထိုးဝင်လာသည်ကို တွေ့ရ၏။

ထို့ကြောင့် ခုတ်ချလိုက်သော ဓားပြားကြီးအရှိန်ကို လျှော့ချကာ နောက်ဆုတ်ရှောင်ရန် ကြိုးစားလိုက်သည်။ မည်သို့ဆိုစေ သူ၏လှုပ်ရှားမှု အနည်းငယ် နောက်ကျသွားသောကြောင့် ပြန်လည်ပစ်လွှင့်လာသော ဓားသရဲက လှမ်း၍ဖမ်းလိုက်သော သူ၏လက်ဖဝါးကို စိုက်ဝင်သွားသည်။

နာကျင်မှုကြောင့် တကိုယ်လုံးတုန်ခါသွားစဉ် လျင်မြန်စွာ ပစ်လွှင့်လာသော မိုးကြိုးဓားက သူ၏ရင်ဝသို့ ရောက်ရှိလာသည်။ ဟိုကြည်ထံမှာ လုံးဝမမျှော်လင့်သောအချိန်တွင် ဖြစ်ပေါ်ပြောင်းလဲလာမှုကြောင့် မည်သို့လုပ်ရမှန်းမသိ ဖြစ်နေသည်။

မိုးကြိုးခေါ်တိုးဝင်လာသည်ကို တွေ့ရသော် ရှောင်ရန်မကြို
နိုင်တော့ပါချေ။ မိုးကြိုးခေါ်သည် သူ၏ရင်ဝမှ နောက်ကျော
သို့တိုင် ထိုးဖောက်သွား၏။ ခေါ်သရဲဟိုကြည်ထု၏မျက်လုံး
များ ပြူးထွက်လာသည်။ ပိုင်ချူးရီ မယုံကြည်နိုင်စွာကြည့်
ယင်း....

'မင်း မင်း...'

သူသည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ပါချေ။
ပါးစပ်မှသွေးများ ဝေါကနဲအန်ထုတ်လိုက်ပြီး၊ မြေပေါ်သို့လဲ
ကျသွားလေသည်။ ပြင်းထန်သောတိုက်ပွဲကြီး ပြီးသွားချေ
သည်။

တိုက်ခိုက်ခဲ့သူနှစ်ယောက်စလုံး မြေပေါ်သို့ လဲကျနေလေ
တော့သည်။

* * *



လေပြေလေညင်းကလေး ဝှေ့ယမ်း တိုက်ခိုက်လာသည်။
လေပြေနှင့်အတူ ညှီစို့စို့သွေးနံ့များ ပါဝင်လာသည်။ ရင်
သပ်ရှုမောဖွယ်ရာ သဘာဝအလှအပနှင့် တည်ငြိမ်မှုသည် လူ
သားတို့၏ဖျက်ဆီးမှုကြောင့် အရုပ်ဆိုးအကျည်းတန်နေရချေပြီ။
မြေပေါ်တွင် လူနှစ်ယောက်လဲကျနေသည်။

အနီးအနားပတ်ဝန်းကျင်မှ မြက်ပင်များလည်း ဓားချက်
များကြောင့် အပိုင်းပိုင်းပြတ်ကျနေသည်။ မြေပေါ်တွင် နီရဲ
သောသွေးများ ဟိုတကွက်သည်တကွက် ရှိနေသည်။

တခဏအကြာတွင် လဲကျနေသောလူနှစ်ယောက်အနက် တ
ယောက်မှာ တဖြည်းဖြည်းချင်း အားယူထလာသည်။ ထိုလူမှာ
ပိုင်ချူးရီဖြစ်လေသည်။ ပိုင်ချူးရီ၏မျက်နှာ ဖြူဖပ်ဖြူရော်
ဖြစ်နေသည်။ သူကကြိုးစား၍ အင်္ကျီအိတ်သို့လက်နှိုက်ကာ အ
သက်ကယ်ဆေးလုံး နှိုက်ယူလိုက်သည်။ ထို့နောက် ရေမပါပဲ
သောက်ချလိုက်လေသည်။

သိုင်းသမားများသည် တိုက်ပွဲများနှင့် ရင်ဆိုင်နေရတတ်
သောကြောင့် အသက်ကယ်ဆေး၊ ဒဏ်ကြေဆေးနှင့် အားတိုး
ဆေးများ ဆောင်ထားတတ်ကြပေသည်။

ပိုင်ချူးရီ ဆေးသောက်ပြီးလျှင် ခေါ်သရဲဟိုကြည်ထုအနီး
သို့ လျှောက်သွားသည်။ ခေါ်သရဲဟိုကြည်ထုမှာ မြေပေါ်တွင်
ပက်လက် အနေအထားဖြင့် လဲကျနေ၏။ မျက်လုံးမှိတ်ကာ
အသက်ရှူနေရသည်။

သူသည် အသက်ကိုခဲခဲယဉ်းယဉ်း ရှူရှိုက်နေပြီး၊ တချက်တချက် လည်ပင်းကြောများ ထောင်ထလာသည်ကိုပင် တွေ့ရ၏။ သူ၏အခြေအနေမှာ ပိုင်ချူးရီထက်ပို၍ ဆိုးရွားလှပေသည်။ သူ့အား မည်မျှတော်သောသမားတော် ကုသပါစေ အသက်ရှင်လာနိုင်မည် မဟုတ်တော့ပါ။ ပိုင်ချူးရီမှာ ယိမ်းယိုင်လျက်သျောက်သွားပြီး **ဟို**ကြည်ထုံ အနီးသို့ရောက်လျှင်

'ဟိုကြည်ထုံ'

သူ၏အသံမှာ တိုးညင်းစွာထွက်ပေါ်လာသည်။ အားအင်ကုန်ခန်း မောပန်းနေသောအသံ ဖြစ်လေသည်။ ဟိုကြည်ထုံ မျက်လုံးပွင့်လာသည်။ သူ၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းနေသည်ကို တွေ့ရ၏။ လူသားတယောက်သည် အသက်ရှင်လျက်ရှိစဉ် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများ၏ စေခိုင်းမှုအောက် မလှုပ်နိုင် မယှက်နိုင် ရုန်းမထွက်နိုင်ပဲ ရှိနေတတ်သော်လည်း အသက်သေဆုံးလုလုအချိန်တွင် မာန်ကျသွားတတ်ပေသည်။

ယခုလည်း ဟိုကြည်ထုံမှာ တစုံတခုသော နောင်တ တရားများ ရနေဟန်ရှိသည်။ ပိုင်ချူးရီက....

'ဟိုကြည်ထုံ ကျုပ်ကို ဘယ်သူသတ်ချင်နေသလဲ ပြောပြပါဗျာ'

ဟိုကြည်ထုံ၏မျက်လုံးများက ပိုင်ချူးရီကို စိုက်ကြည့်နေသည်။ သို့သော် ပိုင်ချူးရီအား သဲသဲကွဲကွဲမြင်ရတော့ဟန်မတူပါချေ။ ဟိုကြည်ထုံ၏နှုတ်ခမ်းများ လှုပ်လှုပ်ရွရွဖြစ်လာ၏။



စကားသံ ထွက်ပေါ်လာမည်အထင်ဖြင့် ပိုင်ချူးရီ နားစိုက်ထောင်လိုက်သော်လည်း သွေးများထွက်လာသည်ကိုသာ တွေ့ရသည်။ ခဏကြာလျှင် ဟိုကြည်ထုံ ဇက်အောက်သို့ကျိုးကျသွားလေသည်။ ပိုင်ချူးရီ စိတ်မာတ်ကျဆင်းသွားသည်။

ဤနေရာတွင် ဆက်နေ၍ အကြောင်းမထူးတော့သည့်အတူတူ **ဟို**ကြည်ထုံ၏ရင်ဝမှမိုးကြိုးဓားကို ဆွဲနှုတ်ယူလိုက်ကာ လာလမ်းအတိုင်း ကျင်းလိမ်မြို့သို့ ထွက်လာခဲ့လေတော့သည်။

* * *

မြက်ခင်းပြင်ကို လွန်မြောက်တော့မည်ဖြစ်သည်။ မြက်ခင်းပြင်၏တဘက်မှ တောင်တန်းများကို ကျော်လိုက်လျှင် ကျင်းလိမ်မြို့သို့ သွားရာလမ်းပေါ် ရောက်ပေမည်။ ကျင်းလိမ်မြို့သို့ ရောက်လျှင် သူ့အတွက် စိုးရိမ်စရာ မရှိတော့ဟု ပိုင်ချူးရ် တွေးမိသည်။

သို့သော် သူက ကျင်းလိမ်မြို့သို့ရောက်အောင် သွားနိုင်ပါဦးမည်လော။ ဤနေရာသည် လူသူ အရောက်အပေါက် နည်းပါးလှသော နေရာတခုဖြစ်သည်။ သူကကျင်းလိမ်မြို့သို့ အမြန်ဆုံး ရောက်နိုင်ရန် တောလမ်းကိုအသုံးပြု၍ ဖြတ်လာခဲ့ခြင်း ဖြစ်လေသည်။

ယခု လူသူကင်းမဲ့ခြင်းက သူ့အတွက် ဒုက္ခပိုစေသည်။ လူသွားလူလာရှိလျှင် သူ့အား ကူညီမည့်သူ တွေ့ကောင်းတွေ့နိုင်မည်မဟုတ်ပါလား။ ပိုင်ချူးရ်က မိုးကြိုးမားကို မြေပေါ် ထောက်၍ တလှမ်းချင်း ဖြည်းညင်းစွာ လျှောက်သွားနေသည်။

ခြေလှမ်းသုံးလေးလှမ်းမျှ သွားပြီးတိုင်း တကြိမ်ရပ်နားကာ အမောဖြေရလေသည်။ သူ၏ခန္ဓာကိုယ်မှာ အင်အားများ ကုန်ခန်းလုနီးနီး ဖြစ်သည်။ မျက်လုံးများလည်း ပြာဝေလာပြီး ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲမမြင်ရတော့ချေ။ ထို့အပြင် လက်မောင်းမှ ဒဏ်ရာသည် မပြောပလောက်သော်လည်း ဝမ်းဗိုက်မှဒဏ်ရာက သူ၏အသက်ကို နှုတ်ယူသွားနိုင်၏။

သို့တည်း မဟုတ် သူ့ကို ဒုက္ခိတ ဖြစ်သွားစေနိုင်ပေသည်။ ဤအတိုင်း မြေပေါ်လှဲကာ သေရမည့်အချိန်ကို စောင့်နေမည့်အစား ရုန်းကန်လှုပ်ရှားကာ ရှေ့တိုးသွားခြင်းဖြင့် အသက်



ရှင်လမ်း ရှာဖွေပေရမည်။ ရှာဖွေကြိုးစားယင်း သေလျှင် မြတ်သေး၏။

အမှန်တော့ ပိုင်ချူးရ်၏ စိတ်အလိုကို ခန္ဓာကိုယ်က လိုက်လျောနိုင်စွမ်းမရှိတော့ပါချေ။ မြက်ခင်းစပ်သို့ရောက်လျှင် ပိုင်ချူးရ်၏ ဒူးများ ကွေးညွတ်သွား၏။ လက်ထဲမှ မိုးကြိုးမား လွတ်ကျသွားပြီး လူလည်း မြေပေါ်သို့ အရှပ်ကြီး ပြတ်လဲကျသွားလေတော့သည်။

* * *

## လဆန်း ၁၅ ရက်

ကျင်းလိမ်မြို့....

ကျင်းလိမ်မြို့မှာ မြို့တော်တခုဖြစ်သည်နှင့် အညီ အလွန်စည်ကားသာယာ လှပေသည်။ မြို့လယ် မင်းလမ်းမကြီးတလျှောက် စားသောက်ဆိုင်များ၊ဈေးဆိုင်များ၊အရက်ဆိုင်များ၊ အပေါ် ဆိုင်၊ တည်းခိုးခန်းစသည့် ဆိုင်ခန်းများဖြင့် ပြည့်ကျပ်နေလေသည်။

နံနက်စောစော အချိန်နှင့် ညနေဆည်းဆာအချိန်တွင် တို မပေါက်အောင် ပွဲတခုပမာ လူစည်ကားနေတတ်သည်။ လူသ သူသံများဖြင့်လည်း အုတ်အုတ်ကျက်ကျက် ဆူညံနေတတ်ပေ



သည်။သို့သော်လည်း ကျင်းလိမ်မြို့ကြီး တမြို့လုံး ဆူညံနေသည် ကားမဟုတ်ချေ။

အုတ်အုတ်ကျက်ကျက် ဆူညံသည့်အပိုင်း ရှိသလို အေးချမ်း တိတ်ဆိတ်သည့် ရပ်ကွက်များလည်း ရှိပါသည်။ 'ပန်း' စား သောက်ဆိုင်မှာ လူစည်ကားရာနှင့် အေးချမ်းတိတ်ဆိတ်ရာ နေ ရာနှစ်ခုအကြား ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

'ပန်း' စားသောက်ဆိုင်သည် လမ်းဆုံ လမ်းခွတွင် ဖွင့်လှစ် ထားသောကြောင့် အချက်အချာ ကျသော နေရာတခုဖြစ်ပေ သည်။ ပန်းစားသောက်ဆိုင်အပေါ်ထပ် ဝရန်တာတက်မှ လှည့် ကြည့်လျှင် ကျင်းလိမ်မြို့အတွင်း လှုပ်ရှား သွားလာနေသူများ မြို့ထဲသို့ဝင်လာနေသူများ မြို့ထဲမှ ထွက်သွားသူများကိုပင် တွေ့ မြင်ရလေသည်။

ကျင်းလိမ်မြို့၏ လှုပ်ရှားမှု စည်ကားသက်ဝင်မှုကို ကြည့်ရှုလို သူများက 'ပန်း' စားသောက်ဆိုင်သို့ ရောက်လာတတ်သည်။ ထိုလူများသည် ဝရန်တာဘက်နှင့် ပြတင်းပေါက်ဘက်တွင် ခင်း ကျင်းထားသော စားပွဲများတွင်ထိုင်ကာ ကျင်းလိမ်မြို့၏ တနေ့ တာလှုပ်ရှားမှုစည်ကားမှုကို အရသာခံ ကြည့်ရှုနိုင်ပေသည်။

ပန်းစားသောက်ဆိုင်သည် ကျင်းလိမ်မြို့တွင် အကောင်းဆုံး စားသောက်ဆိုင်တခု မဟုတ်သော်သည်း နာမည် ကျော်ကြား သော စာရင်းတွင် တခုအပါအဝင် ဖြစ်သည်။ နေ့လယ်ပိုင်း အချိန် လူနည်းပါးသည်မှ လွဲ၍ နံနက်ပိုင်းနှင့် ညနေပိုင်းအချိန် များတွင် လူသူ စည်ကား နေတတ်လေသည်။

ပန်းစားသောက်ဆိုင်မှာ အပေါ်ထပ် အောက်ထပ် နှစ်ထပ်ရှိလေရာ စားသောက်သူအတော်များများ လက်ခံနိုင်ပေသည်။ ပန်းစားသောက်ဆိုင်မှ စားပွဲထိုးများကလည်း ယဉ်ကျေး ပျူငှာကြပါသည်။

ပန်းစားသောက်ဆိုင်သို့ တကြိမ်ရောက်မိလျှင် နောက်ထပ်တကြိမ် အလိုလိုသွားလိုစိတ်များ ဖြစ်ပေါ်လာတတ်သည်ဟု ဆို၏။ ပန်းစားသောက်ဆိုင်မှလည်း လာနေကျ ဖောက်သည်များကို တခြားလူများထက် ပို၍ ဦးစားပေးတတ်သည်။

ယနေ့ ပန်းစားသောက်ဆိုင်အတွင်းသို့ အသက် သုံးဆယ်ခန့်ရှိ လူရွယ် တယောက် လှမ်းဝင်လာသည်။ ထိုလူရွယ်အား စားပွဲထိုး ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆိုကြသောကြောင့် လာနေကျဖောက်သည်တယောက် ဖြစ်ဟန်တူသည်။

ထိုလူရွယ်မှာ ပန်းစားသောက်ဆိုင် အပေါ်ထပ်သို့ တက်သွားပြီး ကျင်းလိမ်မြို့ လမ်းများအား အပေါ်စီးမှ ကြည့်နိုင်သော ပြတင်းပေါက် တပေါက်နံဘေးရှိ စားပွဲတွင် နေရာယူလိုက်သည်။

မကြာပါချေ။ သူမှာကြားထားသော စားသောက်ဖွယ်ရာများ ရောက်ရှိလာ၏။ စားသောက်ဖွယ်များမှာ တယောက်ထဲအတွက် အလွန်မြားပြားနေပြီး နှစ်ယောက်စာ မှာကြားထားကြောင်း မြင်ရုံဖြင့် သိနိုင်ပေသည်။

လူရွယ်သည် အစားအစာနှင့် အရက်များကို လက်ဖျားဖြင့်ပင် မတို့ပါချေ။ ထူထဲသော မျက်ခုံးမွေးအစုံ နဖူး အလယ်



တွင် စုသွားအောင် မျက်မှောင်ကုပ်ယင်း ကျင်း လိမ် မြို့ ဝင်လမ်းဆီသို့ မကြာခဏ ငေးမျှော်ကြည့်နေ၏။

သူ၏ပုံသဏ္ဍာန်မှာ တစုံတယောက်အား စောင့်မျှော်နေပုံရလေသည်။ အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားသည်။ လူရွယ်မျှော်လင့်နေသူ ရောက်မလာသေးသောကြောင့် ထိုင်ရမလိုထရမလိုဖြစ်နေသည်ကို နံဘေးမှ စားသောက်နေသူများပင် ရိပ်မိကုန်ကြလေသည်။ ထိုလူရွယ်၏ မျက်နှာညှိုးလျော်နေပြီး တစုံတခုအတွက် စိတ်ဇောက ရောက်နေပုံရလေသည်။

သူသည် သက်ပြင်းအခါခါချယင်း မျက်တောင်တချက်မျှမခတ်ပဲ အပြင်ဘက်သို့ ငေးကြည့်နေရာ အစားအသောက်စားနေသူများအတွက် အထူးအဆန်းလို ဖြစ်နေပေတော့သည်။ အမှန်တော့ ထိုလူရွယ်မှာ 'ကျူးကျန့်ရှန်း' ဖြစ်သည်။

သူသည်ပိုင်ချူးရဲ အလာကို ပန်းစာသောက်ဆိုင်မှာ စောင့်မျှော်နေခြင်း ဖြစ်ပေသည်တကား....။

* * *

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အလင်းရောင်က တဖြည်းဖြည်းအားပျော့သွားပြီး နေဝင်ဆည်းဆာအချိန်သို့ပင် ရောက်ရှိလာသည်။ ကျင်းလိမ်မြို့မှ အချို့အိမ်များ မီးထွန်းညှိထားကြပြီဖြစ်လေသည်။

လမ်းပေါ်တွင် မီးခွက်များဖြင့် ရောင်းချသောညဈေးတန်းကလေး ထွက်ပေါ်လာလေသည်။ ကျူးကျန့်ရှန်းမှာ နေမထိထိုင်မသာဖြစ်လာသည်။ သူသည်လဆန်း ၁၅ ရက်နေ့တွင် ပိုင်ချူးရီလာတွေ့ရန် သေသေချာချာ ချိန်းဆိုခဲ့သည်။

သို့သော်ယခုတိုင် ပိုင်ချူးရီရောက်မလာသေးသည်မှာ အဘယ့်ကြောင့်ပါနည်း။ ပိုင်ချူးရီသည် သူပေးပို့လိုက်သောစာကို မရရှိခဲ့၍လော...။ ပိုင်ချူးရီ ဒုက္ခရောက်မည်ဟု သူလုံးဝ မထင်ချေ။

ကျူးကျန့်ရှန်းမှာ ပိုင်ချူးရီ အချိန်မီရောက်မလာသည့်အတွက် စိတ်ဆိုးနေမိ၏။ ပိုင်ချူးရီရောက်လာမှ အပြစ်တင်စကားပြောရန် ထိုင်ယင်း စကားလုံးများရွေးချယ်နေလေသည်။ ထိုစဉ်သူ၏အနီးသို့ လူတယောက်ရောက်လာသည်။ ထိုလူမှာခြေတဘက်မသန်သော လူတယောက်ဖြစ်သည်။

ဤဆိုင်မှ စားပွဲထိုးတယောက်လည်း ဖြစ်လေသည်။ ကျူးကျန့်ရှန်းအား ကြည့်ယင်း

'ဆရာ'

လူရှယ်၏အသံကြားမှ ကျူးကျန့်ရှန်းက သတိဝင်လာသည်။ လူရှယ်ကိုမော့ကြည့်ကာ

'ဪ....ခြေကျိုးပါလား ဘာကိစ္စလဲကွ'



ကျူးကျန့်ရှန်းနှင့် ခြေတဘက်မသန်သောလူတို့မှာ အတော်ပင်ရင်းနှီးကြဟန်ရှိလေသည်။

ကျူးကျန့်ရှန်းက ခြေကျိုးဟု နောက်ပြောင်ခေါ်သည်ပင် ခြေတဘက်မသန်သောလူရှယ် စိတ်မဆိုးချေ။ သူကကျူးကျန့်ရှန်းအား ပြုံးပြလိုက်ပြီး

'ဆရာမှာထားတဲ့ စားစရာတွေအေးကုန်ပြီ'

ကျူးကျန့်ရှန်း သက်ပြင်းချလိုက်ကာ....

'အေး....ငါ့မိတ်ဆွေတယောက် ဒီကနေ့ လာလည်မယ်ဆိုလို့ ငါက စားစရာတွေ အသင့် မှာထားပြီး စောင့်နေတာ သူက အခုအချိန်အထိ ရောက်မလာသေးဘူး'

'ဆရာ့မိတ်ဆွေတွေ မလာတော့ဘူး ထင်တယ်'

'ဘာ'

ကျူးကျန့်ရှန်း၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။ ခြေကျိုး၏လက်တဘက်ကို ဖြတ်ကနဲ လှမ်းဆွဲလိုက်၏။ သူကအားထည့်လိုက်သောကြောင့် ခြေကျိုးနာကျင်သွားကာ မျက်နှာရှုံ့မဲ့သွားလေသည်။

ကျူးကျန့်ရှန်းက တင်းမာသော မျက်နှာထားဖြင့်-

'ခြေကျိုး မင်းဘာပြောလိုက်တာလဲ'

ခြေကျိုးမှာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့်....

'ဆ....ဆရာ ဆရာ ဆရာမိတ်ဆွေတွေ၊ အကြောင်း တခုခုကြောင့် အလုပ်များနေပြီထင်လို့ ပြောမိတာပါ၊ ကျွန်တော်စကားရှည်မိယင် ခွင့်လွှတ်ပါ ဆရာမကြိုက်ယင် မပြောတော့ပါဘူး'

ကျူးကျန့်ရှန်းက သက်ပြင်းချလိုက်သည်။ ခြေကျိုးလက်ကို လွှတ်လိုက်ပြီး....

'အေး ငါလဲ သူရောက်မလာလို့ စိတ်တိုနေတယ်ကွ ငါ့ကို ခွင့်လွှတ်ကွာ'

'ရပါတယ်ဆရာ'

'ကဲ....မင်းသွားလုပ်စရာရှိယင် သွားလုပ်ပါ'

ခြေကျိုးက ကျူးကျန့်ရှန်း၏ မျက်နှာကို မဝံ့မရဲ ကြည့်ယင်း ...

'ဆရာ စားသောက်စရာတွေအေးနေပြီ ကျွန်တော် သွားလဲပေးရမလား'

ကျူးကျန့်ရှန်း ခေါင်းညိတ်လိုက်သည်။

ခြေကျိုးက စားသောက်စရာများကို လင်ဗန်း တချပ်ဖြင့် သိမ်းဆည်းပြီး ဆိုင်အောက်ထပ်သို့ လျင်မြန်စွာ ဆင်းသွား၏။

ကျူးကျန့်ရှန်းမှာမူ ပြတင်းပေါက်မှတဆင့် အပြင်ဘက်သို့ ငေးမျှော်ကြည့်နေလေသည်။

* * *



ခဏကြာလျှင်....

ခြေကျိုးအပေါ်ထပ်သို့ ပြန်တက်လာသည်။ သူ၏လက်ထဲတွင် စားသောက်ဖွယ်ရာများ ထည့်ထားသော လင်ဗန်းတချပ်ကိုင်ဆောင်လာ၏။

လင်ဗန်းထဲ၌ စားသောက်စရာများမှာ အငွေ့ တထောင်းထောင်းထနေလေသည်။

ခြေကျိုးက လင်ဗန်းကို ကျူးကျန့်ရှန်း၏စားပွဲပေါ်ချပေးလိုက်ပြီး....

'ဆရာ စားစရာတွေ ရပြီ'

ကျူးကျန့်ရှန်း ခေါင်းညိတ်လိုက်သည်။ ဤဆိုင်သို့သူရောက်လာလျှင် ခြေကျိုးက စေတနာဖြင့် လဲလှယ်ပေးသည်ကိုကျေးဇူးတင်ရပေမည်။

စားသောက်ဖွယ်ရာများမှ မွှေးကြိုင်သောရနံ့ကြောင့် ကျူးကျန့်ရှန်း ဝမ်းဗိုက်များပင် ဆာလောင်လာသည်။ ခြေကျိုးစားပွဲပေါ်သို့ ပန်းကန်များ ချပေးနေစဉ်....

ကျူးကျန့်ရှန်းက

'ခြေကျိုး မင်းကိုတော့ ငါဆုချရအုံးမယ်'

ပြောပြီး တူတုချောင်းကိုင်ကာ ပန်းကန်ထဲမှအမဲကျော်တတုံးကိုနှိုက်ယူလိုက်လေသည်။ ထိုစဉ်မှာပင် မထင်မှတ်သော ပြောင်းလဲမှုတခုဖြစ်ပေါ်လာလေသည်။ခြေကျိုးက ငုံ့ကာချပေးယင်း စားပွဲကိုမှီထားသော ခြေတဘက် ယိုင်သွားကာ ရှေ့သို့ မှောက်ကျလာသည်။

'အမလေးဗျ'

ခြေကျိုးမှာ ခြေမသန်သူဖြစ်ကြောင်းသိရ၍ အားလွန်လဲကျ လာသောကြောင့် ကျူးကျန့်ရှန်းက အချိန်မီ လှမ်း၍တားထား လိုက်ရသည်။ ထို့ကြောင့် ခြေကျိုး၏လက်တဘက်က အပေါ်မှ အုပ်ထားသည့်စားပွဲ ခုံသုတ်အဝတ်အောက်မှ ရှေ့သို့ တိုးထွက် လာသည်။

ခြေကျိုး၏လက်တွင် အရောင်တဖိတ်ဖိတ် တောက်နေသော ဓားတိုတချောင်း ပါလာလေသည်။

ကျူးကျန့်ရှန်းမှာ လက်နှစ်ဘက်ဖြင့် ခြေကျိုးလဲမကျသွား ရန် ထိန်းထားရခြင်းဖြစ်သည်။

ခြေကျိုးက သူ့အား လုပ်ကြံလာလိမ့်မည်ဟုလည်း မထင် မှတ်ချေ။ ခြေကျိုးထိုးသွင်းလိုက်သောဓားမှာ သူ၏ဝမ်းဗိုက်ဆီ သို့ ဘည့်မတ်စွာ စိုက်ဝင်သွားလေသည်။

'အွန့်'

ကျူးကျန့်ရှန်း၏ နှုတ်မှမသဲမကွဲ ထွက်ပေါ်လာလေသည်။ ခြေကျိုးမကောင်းကြံစည်ကြောင်းသိရလျှင် ချက်ချင်း လက်နှစ် ဘက်ဖြင့် ခြေကျိုးကို ရိုက်ထုတ် လိုက်လေသည်။ ခြေကျိုးမှာ သိုင်းပညာတတ်သူတယောက် မဟုတ်ပါချေ။ သူသည် သာမန် ဆိုင်လုလင်တယောက်မျှသာဖြစ်လေသည်။ ထို့ကြောင့် ကျူး ကျန့်ရှန်းက လက်ဝါးနှစ်ဖက်ဖြင့် ရိုက်ချသည်ကို မရှောင်နိုင်ပဲ

'ဝုန်း....'

အသံတချက် ထွက်ပေါ်လာပြီး ခြေကျိုးအနောက်ဘက်သို့ လွင့်စဉ်သွား၏။ ကျူးကျန့်ရှန်းက ချက်ချင်းရှေ့သို့ ခုန်ထွက် ကာ ခြေကျိုးနောက်သို့ လိုက်သွားလေသည်။ ခြေကျိုးမှာ



ကြမ်းပြင်ပေါ်လဲကျသွားပြီး ချက်ခြင်း လူးလိမ့်ထလာသည်။ သူ၏မျက်နှာ ညိုမည်းနေပြီးနှုတ်ခမ်းထောင့်တွင် သွေးများစီးကျ နေသည်။

ကျူးကျန့်ရှန်းကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေလေသည်။ သူသည် အတွင်းဒဏ်ရာပြင်းထန်စွာရရှိသွားပြီဖြစ်သည်။ ကျူး ကျန့်ရှန်းမှာ ခြေကျိုးအနီးသို့ ရောက်သွားလျှင် ခြေထောက် ဆန့်ထုတ်လိုက်ကာကန်ချပြီး ခြေကျိုးကြမ်းပြင်ပေါ်လဲကျသွား မှ ရင်ဘတ်ကို ခြေထောက်ဖြင့် ဖိနင်းထားလေသည်။

သူက အားစိုက်နင်းထားလိုက်ရာ အတွင်းဒဏ်ရာ ရရှိထား သော ခြေကျိုးမှာ ပြင်းပြသောဝေဒနာကို ခံစားရပြီး

'အမလေးဗျ'

စူးရှကျယ်လောင်သောအသံဖြင့် အော်ဟစ်လိုက်သည်။

ကျူးကျန့်ရှန်းမှာ ခြေကျိုးကို လုံးဝမသနားတော့ပါ။ ခြေ ထောက်ကို ပို၍အားစိုက်နင်းချလိုက်ပြီး....

'မင်း ဘာ့ကြောင့် ငါ့ကို သတ်ဖို့ကြံတာလဲ ပြောစမ်း'

ခြေကျိုးမှာ နာကျင်လွန်းသောကြောင့် တအားအား အော်ဟစ်နေသည်။ သို့သော် ကျူးကျန့်ရှန်း၏ အမေးကို မဖြေ။ ကျူးကျန့်ရှန်း မဲ့ပြုံးပြုံးကာ

'မင်း မပြောပေမယ့် ဘယ်သူက ငါ့ကို သတ်ချင်နေတယ် ဆိုတာ ငါသိတယ်၊ ငါ့အသက်ကိုသတ်ဖို့ ကြိုးစားယင် မင်း အသက်လျှော်ပေးရလိမ့်မယ်'

ပြောပြီးလျှင် ခြေထောက်တဘက်က ခြေကျိုး၏ရင်ဘတ်ကို နင်းကာ ကျန်ခြေထောက်တဘက်က ခြေကျိုး၏ နားသင်ကို ကန်ချလိုက်လေသည်။

'ဖြောက်'

အရိုးကျိုးသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ ခြေကျိုးမှာ အသံပင် မထွက်နိုင်ပဲ ဇက်ကျိုးကာ သေဆုံးသွားတော့သည်။

* * *



ပန်း စားသောက်ဆိုင်....

စားသောက်ဆိုင် အပေါ်ထပ်တခုလုံး ရှုတ်ရှုတ်သဲသဲ ဖြစ်သွား၏။ အချို့အမျိုးသမီးများ ဆူညံစွာ အော်ဟစ်လိုက်ကြပြီး အောက်ထပ်သို့ ပြေးဆင်းသွားကြသည်။ အမျိုးသားများမှာမူ ခြေကျိုးနှင့် ကျူးကျော်နှင့်ရှန်းတို့ အဖြစ်အပျက်ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေကြသည်။

သို့သော် သတိဝင်လာသောအခါ အောက်ထပ်သို့ ချက်ချင်းပြေးဆင်းသွားကြလေသည်။ နောက်ဆုံး စားသောက်ဆိုင် အပေါ်ထပ်တွင် ကျူးကျန့်ရှန်းတယောက်သာ ကျန်ရစ်ခဲ့လေတော့သည်။ ကျူးကျန့်ရှန်းက ဝမ်းဗိုက်မှ သွေးကြောနေရာ အချို့ကို လက်ညှိုးဖြင့်ထောက်ကာ ပိတ်ပစ်လိုက်သည်။

သို့မှသာ ဒဏ်ရာသွေးထွက်နည်းပေမည်။ ခြေကျိုးထိုးသွင်းခဲ့သော ဓားတိုမှာ ယခုတိုင် ကျူးကျန့်ရှန်း၏ဝမ်းဗိုက်တွင် စိုက်ဝင်နေဆဲ....။

ကျူးကျန့်ရှန်း၏ဝမ်းဗိုက်တွင် သွေးခြင်းခြင်း နီရဲနေ၏။ ကျူးကျန့်ရှန်းက ဝမ်းဗိုက်တွင် စိုက်ဝင်နေသော ဓားကိုပင် နှုတ်ပစ်ရန် မကြိုးစားချေ။ သမားတော်ကြီးဆီသို့ မရောက်သေးပဲ ဓားဆွဲနှုတ်လိုက်လျှင် ပို၍အန္တရာယ်များကြောင်း သူသိထား၏။

သူရရှိခဲ့သော ဝမ်းဗိုက်ဒဏ်ရာမှာ ပြင်းထန်နေသည်ဟု ဆိုရပေမည်။ ကျူးကျန့်ရှန်းမှာ ပြင်းပျနာကျင်သော ဝေဒနာကိုခံစားနေရာမှပင် ပြုံးဖြစ်အောင်ပြုံးပြလိုက်သေးသည်။

လဲကျသေဆုံးနေသော ခြေကျိုးကိုကြည့်ကာ....

'ဟင်း....ငါ့ကိုသတ်ဖို့လူယ်မယ်များထင်နေသလား၊ ပိုင်ချုပ်ရ ရောက်လာယင် မင်းတို့အားလုံးကိုရှင်းပစ်မယ်'

ဟု ကြုံးဝါးလိုက်လေသည်။

စားသောက်ဆိုင် အပေါ်ထပ်ဘခုလုံး ဖရိုဖရဲဖြစ်နေ၏။ စားပွဲခုံများ လဲကျနေပြီး စားသောက်ဖွယ်ရာထည့်သောပန်းကန်များ ကြမ်းပြင်ပေါ်သို့ကျကာ ကွဲကြေကုန်သည်။

အစားအစာများလည်း ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေလေသည်။ အပေါ်ဘက်မှ ဆူဆူညံညံအသံများကြောင့် အောက်ထပ်မှ လူတယောက် အပြေးတပိုင်းတက်လာသည်ကို တွေ့ရသည်။

ထိုလူမှာ ပန်းစားသောက်ဆိုင်အား အုပ်ချုပ်သည့်တာဝန်ခံ ဖြစ်လေသည်။

တာဝန်ခံမှာ အပေါ်ထပ်သို့ရောက်လျှင် လဲကျသေဆုံးနေသော ခြေကျိုးနှင့် ဝမ်းဗိုက်တွင် ဓားတချောင်း စိုက်ဝင်နေသော ကျူးကျန့်ရှန်းတို့အား တွေ့လိုက်ရလေသည်။ ကျူးကျန့်ရှန်းမှာ ဤဆိုင်သို့လာနေကျ ဖောက်သည်ဖြစ်လေရာ သူကမှတ်မိလေသည်။ ကျူးကျန့်ရှန်းကို ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်ယင်း....

'ဘယ်... ဘယ်လိုဖြစ်တာလဲဆရာ'

သူ၏အသံမှာ တုန်တုန်ယင်ယင်ဖြစ်နေလေသည်။ တာဝန်ခံအား တွေ့ရလျှင် ကျူးကျန့်ရှန်း ဒေါသ ထွက်သွားသည်။ ပန်း စားသောက်ဆိုင်မှ စားပွဲထိုးခြေကျိုးက သူ့အားလုပ်ကြံသည်မှာ တာဝန်ခံတွင် တာဝန်ရှိသည်ဟု ယူဆလေသည်။



ချက်ချင်းပင် တာဝန်ခံအနီးသို့ ခြေသုံးလေးလှမ်းဖြင့် ရောက်အောင် သွားကာ တာဝန်ခံ၏အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်သည်။

'ကျုပ်...ကျုပ်ကို ချမ်းသာပေးပါဗျာ'

တာဝန်ခံမှာ ကျူးကျန့်ရှန်း သူ့အား သတ်လိမ့်မယ် ထင်မှတ်သွားပြီး တောင်းပန်တိုးလျှိုးလိုက်လေသည်။ ကျူးကျန့်ရှန်းက တင်းမာသော မျက်နှာထားဖြင့် -

'သူ ဘယ်သူလဲ ပြောစမ်း'

ပြောယင်း လဲကျသေဆုံးနေသော ခြေကျိုးကို လက်ညှိုးညွှန်ပြလိုက်လေသည်။ တာဝန်ခံက

'ခြေ....ခြေကျိုးပါ ဆရာ'

'ခြေကျိုးဆိုတာ သေချာဘယ်နော်'

'ဟုတ်.... ဟုတ်ပါတယ်'

ကျူးကျန့်ရှန်းက တာဝန်ခံကို လက်လွှတ်လိုက်ပြီး ခြေကျိုး၏ အလောင်းအနီးတွင် ဒူးထောက် ထိုင်ချလိုက်သည်။ ထို့နောက် ခြေကျိုး၏ တကိုယ်လုံး စမ်းသပ်ကြည့်လိုက်လေသည်။ မှန်ပါ၏။ ခြေကျိုးမှ ခြေကျိုးအစစ် ဖြစ်သည်။

တစုံတယောက်က ခြေကျိုးအဖြစ် ဟန်ဆောင်ထားခြင်း မဟုတ်ချေ။ ကျူးကျန့်ရှန်း မတွေးတတ်အောင် ဖြစ်သွားသည်။ ပထမ တစုံတယောက်က ခြေကျိုးအဖြစ် ဟန်ဆောင်ကာ သူ့အား လုပ်ကြံရန် ကြိုးစားခဲ့သည်ဟု ထင်မိလေသည်။

ယခုရက်များတွင် သူ့အားလုပ်ကြံလိုသူများ ရှိနေသည်ကို သူသိထားပါသည်။ သို့သော် သူ့အားလုပ်ကြံလိုသူမှာခြေကျိုး

ဖြစ်မည်မဟုတ်ချေ။ ခြေကျိုးသည် အဘယ့်ကြောင့် သူ့အား လုပ်ကြံရပါသနည်း။ ခြေကျိုးသည် သူ့အားသတ်ရန် လုံးဝ အကြောင်းမရှိဟု ထင်မိ၏။

တာဝန်ခံအား မျက်မှောင်ကုပ်၍ ကြည့်ကာ....

'ခြေကျိုးက ဘာ့ကြောင့် လုပ်ကြံဖို့ ကြိုးစားရတာလဲ'

တာဝန်ခံ မျက်စိပျက် မျက်နှာပျက်ဖြင့်

'ကျုပ်....ကျုပ်လဲ မသိပါဘူးဗျာ'

ကျူးကျန့်ရှန်း မျက်နှာထား တင်းတင်းထားကာ

'ခင်ဗျား လုပ်ကြံခိုင်းတာလား'

'မဟုတ်ပါဘူးဗျာ.... မဟုတ်ရပါဘူး၊ ဘုရားပေးပေးပေး ကျမ်းပေးပေး ကျုပ် ကျိန်ပြောဝံ့ပါတယ်'

ပျာပျာသလဲ ငြင်းဆန်လိုက်လေသည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျား အလုပ်သမားက အခုလို လုပ်တာ ခင်ဗျားမှာ တာဝန်ရှိတယ် မဟုတ်လား'

တာဝန်ခံ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကျူး ကျန့်ရှန်းကို ကြောက်ရွံ့သောကြောင့် တကိုယ်လုံး တုန်ယင်နေ ပါတော့သည်။

ကျူးကျန့်ရှန်းက အသံကျယ်လောင်စွာဖြင့်

'ကျုပ်မေးတာ ဖြေစမ်း'

တာဝန်ခံ မဖြေသာတော့ပဲ....

'အလုပ်သမားတွေ သာမန်ပြစ်မှုကျူးလွန်ယင် စားသောက် သူတွေဆီက ခိုးယင် ဝှက်ယင် ကျုပ်မှာ တာဝန်ရှိပါတယ်၊ ကျုပ်က ပြေလည်တဲ့အထိ ဖြေရှင်းပေးရပါတယ်၊ အခုဟာက



သူက စကားတပိုင်းတစဖြင့် ရပ်တန့်ထားလိုက်လေသည်။ ကျူးကျန့်ရှန်းကလည်း ဆက်မမေးတော့ချေ။

သူ့အား လုပ်ကြံရာတွင် ပန်းစားသောက်ဆိုင်ရှိ ခြေကျိုး တယောက်မှလွဲ၍ ကျန်လူများ လုံးဝပါဝင်ပတ်သက်ခြင်း မရှိ ကြောင်း နားလည်သွားသည်။

သူသည် ခြေကျိုးတယောက်တည်းအပေါ်တွင်သာ စူးစမ်း အဖြေရှာရပေမည်။ သူက တာဝန်ခံကိုကြည့်ကာ....

'ခြေကျိုးနဲ့ပတ်သက်တာ ခင်ဗျားဘာသိသလဲ၊ သိသလောက် ကျုပ်ကို အကုန်ပြောပြစမ်းပါ၊ သူဘယ်ကလာသလဲ၊ သူ့မှာ မိတ်ဆွေအပေါင်းအသင်း ဘယ်လောက်ရှိသလဲ'

တာဝန်ခံ သက်ပြင်းချလိုက်ပြီး....

'ခြေကျိုးဒီကိုရောက်လာတာ နှစ်နှစ်လောက်ရှိပါပြီ၊ 'ဟန့် ယန်'မြို့ကပြောင်းလာတာပါ၊ သူဟာ စကားများတာတခုကလွဲ ယင် အလုပ်အင်မတန်ကြိုးစားတဲ့ လူတယောက်ပါ၊ သူက ဘာ ပြစ်မှုမှ မကျူးလွန်ခဲ့ပါဘူး။ ဒါပေမယ့် အခုတလော ညဘက် ဆိုင်သိမ်းယင် အပြင်ဘက် ခဏခဏထွက်တတ်တယ်၊ လူပျိုလူ ရွယ်ဆိုတော့ ကျုပ်တို့ကလဲ မတားပါဘူးဗျာ'

ကျူးကျန့်ရှန်းမှာဝေဒနာ နာကျင်လာသောကြောင့်မျက်နှာ မဲ့မိအောင် စိတ်ထိန်းထားလိုက်ရသည်။ သူက ဒဏ်ရာပြင်း ပြင်းထန်ထန် ရရှိထားသော်လည်း လူမသိစေလိုသောကြောင့် ဟန်ဆောင်နေရပေသည်။ တာဝန်ခံ၏စကား ကြားရလျှင် စိတ် ဝင်စားသွားကာ....

'ညတက်အပြင်ထွက်တတ်တယ် ဟုတ်လား၊ သူဒီလိုအပြင်ထွက်တာ ဘယ်လောက်ကြာပြီလဲ'

'သုံးလလောက်ရှိပါပြီ'

'သူဘာသွားလုပ်တာလဲ'

'သူဟာ အသောက်အစားအပျော်အပါး ဝါသနာမပါဘူး။ ဒါပေမယ့် လောင်းကစားမှုခုံမင်တယ်လို့ အလုပ်သမားချင်း ပြောနေကြတာ ကြားတယ်'

ကျူးကျန့်ရှန်းမှာ ခြေကျိုးအကြောင်း အတော်များများ သိရပြီဖြစ်သော်လည်း သူ့အား အဘယ့်ကြောင့်လုပ်ကြံရသည်ကို စဉ်းစားမရသေးချေ။ သေဆုံးနေပြီဖြစ်သော ခြေကျိုးကိုငုံ့ကြည့်ယင်း....

'ထူးဆန်းတယ်၊ သူက သိုင်းပညာမတတ်တဲ့ သာမန် စားပွဲထိုးတယောက်ပဲ၊ ဘာ့ကြောင့်ကျုပ်ကို သတ်ချင်တာပါလိမ့်'

တာဝန်ခံ ပါးစပ်ပိတ်ထားလိုက်လေသည်။ ထိုစဉ်မှာပင်

'လွယ်ပါတယ်၊ မင်းသိချင်ယင် ကျုပ်ပြောပြမယ်'

စကားသံတချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ထိုအသံကြားရလျှင် ကျူးကျန့်ရှန်း၏ခန္ဓာကိုယ် တချက်တုန်ခါသွားသည်။ အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သောအခါ၊ အောက်ထပ်မှတဆင့် လှေကားအတိုင်း အပေါ်ထပ်သို့ လူတယောက် လှမ်းတက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

● ✱ ✱



အောက်ထပ်မှ တက်လာသူမှာ အသက်ငါးဆယ်ကျော်ခန့်ရှိ အဘိုးအိုတယောက်ဖြစ်သည်။ သူသည် အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး၊ အပေါ်ထပ်သို့ ခြေလှမ်းမှန်မှန်ဖြင့် တက်လာနေ၏။

အပေါ်ထပ်သို့ရောက်မှ မုတ်ဆိတ်မွေး၊ ဆံပင်မွေးများပင် ဖြူဖွေးနေသော အဘိုးအိုတယောက်ဖြစ်နေသည်ကို တွေ့ရ၏။ သူ၏တကိုယ်လုံး အဖြူရောင်ချည်းသာ လွှမ်းမိုးနေလေရာ တခါတွေ့လျှင် အမြဲမှတ်မိစေနိုင်သည့် ရုပ်ရည်မျိုးဖြစ်ပေသည်။

ကျူးကျန့်ရှန်းမှာ အဘိုးအိုတွေ့ရလျှင် မျက်နှာကွက်ကနဲပျက်သွားလေသည်။ ထိုအဘိုးအိုအား သူသိထားပါ၏။ ထိုအဘိုးအိုမှာ သူ၏ ရန်သူတယောက်ပင် မဟုတ်ပါလား၊ ယခုရက်ပိုင်းအတွင်း တိုးပွားလာသောသူများအနက် သူ့အားလုပ်ကြံသတ်ဖြတ်လိုများအနက် ထိုအဘိုးအိုလည်း တယောက်အပါအဝင် ဖြစ်လေသည်။

အဘိုးအို၏အမည်မှာ 'တန်ကျိုဝိုက်'ဟုခေါ်သည်။ သူ၏ အဆိပ်လက်နက်ပုန်းများမှာ ကြောက်မက်ဖွယ်ကောင်းအောင် အစွမ်းထက်ကြောင်း သိုင်းလောကတွင် ကျော်ကြားလေသည်။

တန်ကျိုစိုက်သည် လက်နက်ပုန်းပညာသာမက အခြားသိုင်းပညာများပါ တတ်မြောက်ထားသည်။ သူသည် ကောက်ကျစ်စဉ်းလဲပြီး၊ ရက်စက်ကြမ်းကြုတ်သည့် လူတယောက်ဖြစ်သောကြောင့် သိုင်းလောကသားအများအပြားက သူ့ကို ရွံရှာမုန်းတီးကြလေသည်။

ကျူးကျန့်ရှန်းမှာ တန်ကျိုဝိုက်အားတွေ့ရလျှင် အနည်းငယ် ထိတ်လန့်သွားလေသည်။ သူက ဒဏ်ရာရရှိထားခြင်းမရှိလျှင် တန်ကျိုဝိုက်ကို ကြောက်စရာလိုမည်မဟုတ်ဟု တွေးမိ၏။ ယခုမှ တန်ကျိုဝိုက်အကြံကို တဖြည်းဖြည်း ရိပ်စားမိလာလေသည်။ တန်ကျိုဝိုက်က လဲကျသေဆုံးနေသောခြေကျိုးကို ငုံ့ကြည့်လိုက်သည်။

သူ၏မျက်နှာတွင် ကြင်နာသနားသည့်အမူအရာ လုံးဝမတွေ့ရပါချေ။ ခြေကျိုးကိုအပြစ်တင်လိုသည့် သဘောသာ ရှိနေသည်။ ပြီးမှတဖန် ကျူးကျန့်ရှန်းကိုပြုံးပြလိုက်ပြီး....

'သူ ဘာ့ကြောင့်မင်းကို လုပ်ကြံရသလဲဆိုတာ မင်းသိချင်တယ်မဟုတ်လား'

ကျူးကျန့်ရှန်း အံကိုတင်းတင်းကြိတ်ကာ ...

'ဒါ ခင်ဗျားရဲ့အကြံမဟုတ်လား'

တန်ကျိုဝိုက် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းချက်ချင်းတွေးမိသွားတာကိုး'

ကျူးကျန့်ရှန်း နှာခေါင်းရှုံ့လိုက်သည်။

'ခင်ဗျားက လောင်းကစားဘုရင်ပဲ၊ လောင်းကစားမက်တဲ့ ခြေကျိုးကို လောင်းကစားယင်း စည်းရုံးသိမ်းသွင်းမယ်၊ တနည်းနည်းနဲ့ ခင်ဗျားဘက်ပါအောင် ဆွဲယူမယ်၊ ပြီးမှ ကျုပ်ကို သတ်ခိုင်းတယ်မဟုတ်လား၊ ကျုပ်ကခြေကျိုးကို ယုံကြည်တယ်ဆိုတာလဲ ခင်ဗျားသိထားတယ်၊ ခင်ဗျားအကြံပက်စက်လှချည့်လား....'

တန်ကျိုဝိုက် ပခုံးတချက်တွန့်ကာ....



'သိုင်းသမားဆိုတာ သတိရှိရမှာပေါ့၊ သတိရှိယင် အခုလို ခံရပါမလား၊ ကျုပ်ကို အပြစ်တင်စရာမလိုဘူး'

ကျူးကျန့်ရှန်း ဒေါသထွက်လာပြီး—

'ခင်ဗျားဘယ်လိုပဲ အကြံထုတ်ပေမယ့် ကျုပ်ကို သတ်လို့မရဘူးမဟုတ်လား၊ ခင်ဗျားလွှတ်လိုက်တဲ့လူသာ ကျုပ်လက်ချက်နဲ့ သေသွားပြီလေ'

တန်ကျိုဝိုက် အားရပါးရ ရယ်မောလိုက်လေသည်။

'ခြေကျိုးကမင်းကို မသတ်နိုင်ဘူးဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမယ့် မင်းကို ဒဏ်ရာရအောင် လုပ်နိုင်မယ်လို့တော့ တွက်မိတယ် အခုကျုပ်ထင်တဲ့အတိုင်း ဖြစ်လာပြီလေ၊ မင်းဒဏ်ရာရတော့ ကျုပ်လက်က ဘယ်ပြေးလွတ်တော့မလဲ ဟား ဟား ဟား'

ကျူးကျန့်ရှန်း မျက်နှာ ပျက်သွားသည်။ တန်ကျိုဝိုက်၏ စကားများမှာ သေသွတ်အောင်မှန်ကန်နေပါသည်။ သူ့တွင် ဒဏ်ရာရရှိထားပြီး ဖြစ်သည်။ ခြေကျိုးသည် သူ့အား မသတ်နိုင်သော်လည်း ဒဏ်ရာအပြင်းအထန်ရအောင်လုပ်ခဲ့သည်။ တန်ကျိုဝိုက်ဆင်ထားသောအကွက် ဝင်သွားခြင်း ဖြစ်၏။ တန်ကျိုဝိုက်ကရယ်မောရာမှ ရပ်တန့်လိုက်ပြီး အေးတိအေးစက် ပြောလေသည်။

'ခြေကျိုးကို ပေးလိုက်တဲ့ဓားမှာ ကျုပ်က အဆိပ်ကြိုသုတ်လိမ်းထားခဲ့တယ်၊ အဲဒီအဆိပ်ဟာ လက်နဲ့ ထိတွေ့ ကိုင်တွယ်လို့ ဘာမှမဖြစ်ဘူး၊ ဒါပေမယ့် သွေးနဲ့ တွေ့ယင်တော့ အစွမ်းပြ

-လာတာပဲ၊ အနုမင်းဘယ်လောက်ပဲ တော်တော် ကျုပ်လက်က
မလွတ်နိုင်ပါဘူး၊ မကြာခင်သေရမှာပဲ'

'ကျူးကျန့်ရှန်းက အတွင်းအားကိုစုစည်းကြည့်လိုက်သည်။ ထိုအခါ ဒဏ်ရာ ရထားသော ဝမ်းဗိုက်မှ မခံ မရပ်နိုင်အောင် အပြင်းအထန် နာကျင်ကိုက်ခဲလာ၏။ တန်ကျိုဝိုက် ပြောသကဲ့သို့ အဆိပ်သုတ်လိမ်းထားသည့် ဓားဖြစ်နေပြီတကား။

အဆိပ်များသည် သူ၏ခန္ဓာကိုယ် အတွင်း ပျံ့နှံ့သွားချေပြီ။ ကျူးကျန့်ရှန်း မျက်နှာ ညိုမည်းသွားသည်။ အံကို တင်းတင်းကြိတ်ယင်း....

'ကျုပ်သေရမယ်ဆိုယင် ခင်ဗျားပါ အဖော် ခေါ်သွားချင်တယ်'

တန်ကျိုဝိုက် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မလိုက်ချင်သေးဘူး၊ မင်းသာ အယင်သွားပါ'

ပြောပြီး ပြန်လှည့် ထွက်သွားရန် ခြေလှမ်း ပြင်လိုက်လေသည်။ ကျူးကျန့်ရှန်းက....

'ခင်ဗျား ဒီလိုသွားလို့ ဖြစ်ပါ့မလား'

ကျယ်လောင်စွာ အော်ငေါက်ယင်း နောက်မှ ခုန်အုပ်လိုက်လေသည်။ တန်ကျိုဝိုက်က နောက်လှည့် မကြည့်ပဲ လက်ပြန်ရိုက်ထုတ်လိုက်လေသည်။

ကျူးကျန့်ရှန်းမှာ ဒဏ်ရာရထားသည့်အပြင် အဆိပ်မိထား
လေသည်။ ကျူးကျန့်ရှန်းက ခုန်အုပ်ယင်း ခါးတွင် ချိတ်
ဆွဲထားသေးဓားကို တဆက်တည်းခုတ်ချလိုက်သည်။ သူ့ အား
ကျောပေးထားသော ရန်သူကို ဓားတချက်တည်းနှင့် သုတ်သင်



ပစ်နိုင်သည့်အစွမ်း သူ့တွင် ရှိလေသည်။ သို့သော် အဆိပ်များ တကိုယ်လုံး ပျံ့နှံ့နေသောကြောင့် သူ၏လှုပ်ရှားမှု အဆမတန် လေးလံ နှေးကွေးနေသည်။

သူက ဓားဆွဲမထုတ်နိုင်မီ တန်ကျိုဝိုက်၏ လက်ဝါးက သူ့ထံသို့ ရောက်ရှိလာသည်။ ကျူးကျန့်ရှန်း ထိတ်လန့် ကြောက်ရွံကာ ရှောင်ရန် ကြိုးစားလိုက်သည်။ ထိုစဉ် ညိုမည်းနေသော တန်ကျိုဝိုက်၏ လက်ဝါးက သူ၏ရင်ဝသို့ တန်းမတ်စွာ တိုးဝင်သွားလေသည်။

'ဝုန်း....'

အသံတချက် ထွက်ပေါ် လာသည်။ ကျူး ကျန့် ရှန်း မှာ အနောက်ဘက်သို့ အရှိန်ဖြင့် ပစ်လွင့်သွားပြီး ကြမ်းပြင်ပေါ်သို့ ဟလိမ့်ခေါက်ကွေး ကျသွားသည်။ သူသည် လဲကျရာမှ လူးလိမ့်ထရန် ကြိုးစားလိုက်သော်လည်း အခြေအနေ မဟန်တော့ပါ။ ပါးစပ်မှသွေးမည်းများ ဝေါကနဲ အန်ထွက်လာသည်။ တဖန် ကြမ်းပြင်ပေါ်တွင် တချက်နှစ်ချက် လူးလွန့်လိုက်ပြီး ငြိမ်ကျသွားလေသည်။

သူ၏မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်ခြင်း အံ့သြခြင်း မယုံကြည်နိုင်ခြင်းစသည့် အရိပ်အရောင်များ ထွက်ပေါ်နေ၏။ သူသည် နောက်ဆုံးအချိန်ထိ သေရမည်ကို မယုံကြည်နိုင်ဟန် ရှိလေသည်။ မည်သို့ဆိုစေ မြောက်ပိုင်းနယ်သူရဲကောင်း ကျူးကျန့်ရှန်းမှာ မမျှော်လင့်ပဲ ရန်သူ၏ လုပ်ကြံမှုကြောင့် သေဆုံးသွားရပြီ မဟုတ်ပါလား။

တန်ကျိုဝိုက်က ကျူးကျန့်ရှန်း အမှန်တကယ်သေဆုံးသွား ခြင်းရှိမရှိ၊ အတန်ကြာ အကဲခတ်ကြည့်လိုက်သည်။ ပြီးမှ စိတ်ချ သွားဟန်ဖြင့် ခန္ဓာကိုယ်ချာကနဲလှည့်ကာ ထွက်သွား၏။ အဖြစ် အပျက်များသည် တခဏ အချိန်အတွင်းမှာ ဖြစ်ပွားသွားခြင်း ဖြစ်သည်။

ပန်းစားသောက်ဆိုင် အပေါ်ထပ်တွင် လူသေ အလောင်း နှစ်လောင်းရှိနေပြီဖြစ်သည်။ စားသောက်ဆိုင်တာဝန်ခံမှာ ပါး စပ်ဟောင်းလောင်းဖြစ်နေတော့သည်။

• • •

## ကျေးဇူးရှင်

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အချိန်မည်မျှ ကုန်ဆုံးသွားမှန်းမသိ၊ ပိုင်ချူးရီ သတိ ပြန် လည်ရလာ၏။ သူသည် အမှောင်တိုက်ထဲမှ အလင်းသို့ ရုတ် ခြည်းရောက်လာသည့်ပမာ ခံစားနေရသည်။ မျက်လုံးဖွင့်လိုက် လျှင် ရုတ်တရက်တွေ့မြင်ရသော အလင်းရောင်ကြောင့် မျက် လုံးများကျိန်းစပ်သွားပြီး ပြန်မှိတ်ထားလိုက်ရသည်။

သူ၏တကိုယ်လုံး ချစ်ချစ်တောက် ပူလောင်နေပါသည်။ ရင်ပူနေပြီး အာခေါင်ခြောက်ကာ ရေဆာနေသည်။ ဦးခေါင်း မှာလည်း ပြင်းထန်စွာ ကိုက်ခဲနေပြီး အဆမတန် ကြီးမားနေ သည်ဟု ထင်ရလေသည်။

ပိုင်ချူးရီ မျက်လုံးဖွင့်လိုက်သောအခါ အရာရာမှာပတ်ချာလည်နေသည်ဟု ထင်ရလေသည်။ ပိုင်ချူးရီသည် ကောက်ရိုးပုံတခုပေါ်တွင် ရောက်နေသည်ကိုလည်း တွေ့ရ၏။ ဤသည်က ပိုင်ချူးရီ နောက်ဆုံးသိလိုက်ရခြင်းဖြစ်သည်။ ကောက်ရိုးတဆုပ်ကို လက်ဖြင့် ဆုပ်ကိုင်လိုက်ပြီးနောက် ပြန်လည်သတိလစ် မေ့မြောသွားလေတော့သည်။

*  *  *



အချိန်များ ကုန်ဆုံးသွားပြန်သည်။ ပိုင်ချူးရီ ဒုတိယအကြိမ် ပြန်လည်သတိရလာ၏။ ထိုအခါ သူ၏ခန္ဓာကိုယ်မှ အပူလျော့ကျသွားပြီဖြစ်ကြောင်း ချက်ချင်း သိလိုက်ရလေသည်။

ထို့အပြင် ခန္ဓာကိုယ် ပေါ့ပေါ့ပါးပါး သက်တောင့်သက်သာ ရှိနေ၏။ ဝမ်းဗိုက်မှ ဒဏ်ရာမှာလည်း အနာဖေးတက်လာချေပြီ။ မကြာမီ အနာကျက်ကာ လုံးဝ ပျောက်ကင်းသွားတော့မည် ဖြစ်လေ့သည်။ သူက ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်သည်။

ထိုအခါ မြင်းဇောင်းတခုအတွင်း ရောက်နေသည်ကို တွေ့ရသည်။ ပိုင်ချူးရီက ကောက်ရိုးပုံပေါ်မှ ကြိုးစားထလိုက်လေသည်။ ထိုစဉ်မှာပင် မြင်းဇောင်းထဲသို့ လူတယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ပိုင်ချူးရီ ရင်ထိတ်သွားလေသည်။ သို့သော် ထိုလူ၏ မျက်နှာကို တွေ့လိုက်ရသောအခါ စိတ်သက်သာရာ ရရှိသွား၏။ ထိုလူက သူ့အားကြည့်ယင်း အားရပါးရ ပြုံးနေသည် မဟုတ်ပါလား။

ထိုလူက ပိုင်ချူးရီကို ပြုံးပြယင်း

'မိတ်ဆွေ နိုးလာပြီလားဗျ'

ပိုင်ချူးရီ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ ခဏကြာမှ ထိုလူသည် မြင်းဇောင်းပိုင်ရှင် ဖြစ်လိမ့်မည်ဟု တွေးမိသည်။ သူက လူသူမနီးသည့် မြက်တောစပ်တွင်လဲကျနေရာမှ မြင်းဇောင်းထဲသို့ ရောက်လာခြင်းမှာ တစုံတယောက် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်းသိလိုက်ရသည်။ ထိုလူသည် ရန်သူမဖြစ်နိုင်ပါချေ။

ဖြစ်ပေလိမ့်မည်။ သူ၏
သူ၏အသက်ကို ကယ်တင်သူသာ
ရန်သူဆိုပါက သူအသက်မသေသေးသည်ကိုတွေ့လျှင် နေရာတွင်
ပင် သုတ်သင်ရှင်းလင်းပစ်လိုက်မည် မဟုတ်ပါလား။ ပိုင်ချူးရီ
က ထိုလူအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး

'မိတ်ဆွေ ကျုပ်ကို ကယ်တင်လာတဲ့လူ ထင်ပါရဲ့'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျား အသက်မသေသေးပဲ ဒဏ်ရာနဲ့ လဲနေ
တာ တွေ့လို့ ကျုပ် ခေါ်လာတာပါ'

'ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါ
တယ်ဗျာ'

ထိုလူမှာ ရှက်ရွံ့စိတ်ဖြင့်မျက်နှာမထားတတ်အောင်ဖြစ်သွား
လေသည်။ သူ့အား လေးလေးစားစား အရိုအသေပြုနေသော
ပိုင်ချူးရီကိုကြည့်၍ လက်ခါခါ ခြေခါခါဖြင့်

'မလုပ်ပါနဲ့ မလုပ်ပါနဲ့ဗျာ၊ ကျုပ် ကျေးဇူးတင်ခံချင်လို့
မဟုတ်ပါဘူး၊ လူလူချင်း စာနာထောက်ထားရမယ်ဆိုတဲ့ စိတ်
ဓာတ်နဲ့ လုပ်ခဲ့တာပါ'

'ခင်ဗျားရဲ့စိတ်ဓာတ်ကို လေးစားပါတယ်ဗျာ'

ပိုင်ချူးရီသည်မြင်းဇောင်းပိုင်ရှင်၏စကားကို သူ၏အသည်း
နှလုံးထဲသို့တိုင်အောင် စိမ့်ဝင်သွားသည်ဟုခံစားနေရလေသည်။
မြင်းဇောင်းပိုင်ရှင်က ပြောလေသည်။

'ကျုပ်ဟာ မြင်းမွေးတဲ့လူတယောက်ပါ၊တောင်ညိုရဲ့ဟိုဘက်
မှာ မြက်ခင်းပြင် ရှိတယ်၊ အဲဒီနေ့ကမြက်ရိတ်ပြီး အပြန်မှာ



မြက်ခင်းအစပ်မှာ ခင်ဗျားလဲနေတာတွေ့လို့ ဆင်းကြည့်တော့
အသက်ရှိနေသေးတာတွေ့လို့ ခေါ်လာခဲ့တာပါ'

ပိုင်ချူးရီမှာ သူ၏ဒဏ်ရာများအား ဆေးကြော သုတ်သင်
ပြီး ဆေးထည့်ထားသည်ကို သတိပြုမိသည်။ ထို့ကြောင့် မြင်း
ဇောင်းပိုင်ရှင်အား မေးလိုက်သည်။

'ကျုပ်ရဲ့ဒဏ်ရာကို ခင်ဗျား ဆေးကုပေးတာလား'

မြင်းဇောင်းပိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မဟုတ်ဘူး၊ ခင်ဗျားမှာ ဒဏ်ရာ ကြီးကြီးကျယ်ကျယ်
ရထားတာတွေ့လို့ ကျုပ်က မြို့ထဲသွားပြီး သမားတော် ခေါ်ပြ
ခဲ့တယ်၊ သမားတော် ကုပေးတာပေါ့၊ ခင်ဗျားဒဏ်ရာ မြင်းလွန်း
လို့ သူက အိပ်ဆေးတိုက်ပြီး ကုခဲ့တာ၊ ဒီသမားတော်ဟာ ကျုပ်
နဲ့ ညီအစ်ကိုလိုနေတဲ့ သူငယ်ချင်းတယောက်ပါ၊ လူတဘက်သား
ကို အင်မတန် ကြင်နာသနားတတ်တဲ့ လူတယောက်ပါပဲဗျာ၊
ဒါထက် ခင်ဗျား ဘယ်လိုလုပ် ဒဏ်ရာရခဲ့တာလဲ၊ လမ်းမှာလူဆိုး
ဒမြတွေနဲ့ တွေ့ခဲ့လို့လား'

ထိုလူမှာ လူကောင်းတယောက်ဖြစ်သည်။ ထို့ကြောင့် သူ၏
ကိစ္စထဲသို့ ဆွဲသွင်း၍မဖြစ်ကြောင်း ပိုင်ချူးရီ သိထားပေသည်။
သူ့အား ကယ်တင်ခဲ့သည်ကို သူ့အသက် လုပ်ကြံလိုသော ရန်
သူများ သိသွားပါက မြင်းဇောင်းပိုင်ရှင်အား တနည်းတဖုံ ဒုက္ခ
ပေးကြပေလိမ့်မည်။ ပိုင်ချူးရီမှာ အမှန်အတိုင်းပြော၍ မဖြစ်
သောကြောင့် အလိုက်အထိုက် ပြောရတော့သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်ညီတယောက်မှာလိုကျင်းလိမ်မြို့ကို ဖြတ်လမ်းက လာခဲ့တာ၊ လမ်းမှာ လူဆိုးဒမြတွေနဲ့တွေ့ပြီး ဒုက္ခရောက်ခဲ့ရတာပါပဲ'

မြင်းဇောင်းပိုင်ရှင်က

'ခင်ဗျားက သိုင်းသမားလားဗျ'

ပိုင်ချူးရီ ဟန်ဆောင်လိုက်ရပြန်သည်။

'သိုင်းပညာမတောက်တ ခေါက်တတ်ပါတယ် ဒါပေမယ့် တကယ်တမ်းကျတော့ ကိုယ်ပဲခံရတာဗျ'

သူ၏စကားကြောင့် မြင်းဇောင်းပိုင်ရှင်သဘောကျစွာ ရယ်မောလိုက်လေသည်။

'ဟား.... ဟား.... ဟား.... ဟား ဘာပဲဖြစ်ဖြစ် သိုင်းပညာ နည်းနည်း ပါးပါး တတ်ထားတာ တမျိုးတော့ကောင်းပါတယ်ဗျာ၊ ခြော်.... ကျုပ်မေ့နေလိုက်တာ ခင်ဗျားရဲ့ပစ္စည်း ကျုပ်သိမ်းထားတယ်ဗျ'

ပြောပြီးလျှင် အပြင်ဘက်သို့ ချက်ချင်းပြေးထွက်သွား၏။ ပိုင်ချူးရီ ကြောင်အမ်းအမ်းဖြစ်သွားသည်။ မြင်းဇောင်းပိုင်ရှင် ထွက်သွားသည်မှာ မကြာလှပေ။ ချက်ချင်းပြန်ရောက်လာသည်။ သူပြန်ရောက်လာသောအခါ လက်ထဲတွင် ဓားတချောင်းကိုင်ဆောင်လာ၏။

ထိုဓားမှာ 'မိုးကြိုးဓား' ဖြစ်လေသည်။ မိုးကြိုးဓားကိုတွေ့မြင်ရလျှင် ပိုင်ချူးရီဖေါ်မပြနိုင်အောင် ဝမ်းသာသွား၏။ ဓားသမားတယောက်မှာ ဓားနှင့်ကင်းကွာလျှင် အဝတ်အစားမပါ



သော လူဘယောတ်ကဲ့သို့ အကာအကွယ် ကင်းမဲ့နေသည်ဟု ခံစားရသည်။ ဓားသမား၏အသက်သည် ဓားဖြစ်သည်။

ဓားမရှိလျှင် ဓားသမားရှိနိုင်မည်မဟုတ်ချေ။ မြင်းဇောင်းပိုင်ရှင်က မိုးကြိုးဓားအား ထောင်ပြလိုက်ပြီး

'ဒါ ခင်ဗျားဓားမဟုတ်လား'

ပိုင်ချူးရီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ဒါဖြင့် ခင်ဗျားပစ္စည်း ခင်ဗျားပြန်ယူပါ'

မြင်းဇောင်းပိုင်ရှင် လှမ်းပေးလိုက်လျှင် ပိုင်ချူးရီ လှမ်းယူလိုက်လေသည်။ သူသည် မိုးကြိုးဓားအား ယုယစွာပွေ့ဘ်သပ်လိုက်သည်။ သူ၏ချက်နှာ ပြုံးရွှင်နေ၏၊ မြင်းဇောင်းပိုင်ရှင်ကို နောက်ထပ်တကြိမ်ဦးညွှတ်လိုက်ပြီး

'ခင်ဗျားရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ'

မြင်းဇောင်းပိုင်ရှင် ပခုံးတွန့်ယင်း

'ကိစ္စမရှိပါဘူးဗျာ ခင်ဗျားအခုလို ပြန်ကောင်းလာတာတွေ့ရလို့ ကျုပ်ဝမ်းသာလှပြီ'

'မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်သလဲဗျ'

'ဝမ်းထိုက်လို့ ခေါ်ပါတယ်'

ပိုင်ချူးရီက ဝမ်းထိုက်ဟူသော အမည်ကိုသေသေ ချာချာမှတ်သားထားလိုက်သည်။ ဝမ်းထိုက်က အားတုံ့အားနာအမူအရာဖြင့်

'ခင်ဗျားကို မြင်းဇောင်းထဲမှာ ထားရတာ စိတ်မရှိပါနဲ့ဗျာ ကျုပ်ကိုယ်တိုင်လဲ မြင်းဇောင်းထဲမှာပဲနေပါတယ်၊ ဒီနေရာက မြို့ပြင်မြင်းဇောင်းပါ၊ မြို့ထဲမှာတော့ ကျုပ်အိမ်ရှိပါတယ် ဒါပေမယ့် ဒီမှာအစောင့်မရှိလို့ ကျုပ်ကိုယ်တိုင် လာစောင့်နေတာဗျ'

'အစောင့်တွေ ဘယ်ရောက်သွားလို့လဲ'

'အစောင့်ကောင်လေးနှစ်ယောက် မြို့ထဲမှာ လုပ်ခပိုရတယ်ဆိုပြီး၊ ထွက်သွားကြလို့ပါ'

ပိုင်ချူးရိက စကားပြောယင်း သူသိလိုသော အကြောင်းအမှတ်မထင်မေးလိုက်လေသည်။

'ဒီနေရာက မြို့နဲ့နီးတယ်မဟုတ်လား'

'ဟုတ်တယ်'

'ဘယ်မြို့နဲ့ နီးတာလဲ'

'ကျင်းလိမ်မြို့'

ပိုင်ချူးရိ ဝမ်းသာသွားလေသည်။ သူ၏မျက်လုံးများသည်လည်း အရောင်တဖိတ်ဖိတ်တောက်ပလာသည်။

'ပိုကျင်းလိမ်မြို့ကိုသွားရမှာ တော်တော်ဝေးသလားဗျ'

ဝမ်းထိုက် ခေါင်းခါယမ်းကာ....

'ဟင့်အင်း သိပ်မဝေးပါဘူး၊ ဒီကသွားယင် တမွန်းတည့်လောက်ပဲ သွားရတယ်'

ပိုင်ချူးရိမှာ ကျူးကျန့်ရှန်းနှင့် ချိန်းဆိုထားခဲ့သည်ကို ပြန်လည်သတိရလာလေသည်။ ထို့ကြောင့်အလောတကြီးမေးလိုက်ပြန်သည်။

'ဒီကနေ့ ဘယ်နှစ်ရက်ရှိပြီလဲကွ'



'လပြည့်ကျော်နှစ်ရက်၊ လဆုတ် ၂ ရက်နေ့ပေါ့'

ပိုင်ချူးရိ စိတ်မာတ်ကျဆင်းသွားလေသည်။ ကျူးကျန့်ရှန်းနှင့်ချိန်းထားသည်မှာ လဆန်း ၁၅ရက်နေ့ဖြစ်သည်။ ယနေ့ဆိုလျှင် နှစ်ရက်ကျော်လွန်သွားချေပြီ။

ပိုင်ချူးရိမှာ ကျင်းလိမ်မြို့သို့ အမြန်ဆုံးသွားလိုစိတ်များဖြစ်ပေါ်လာလေသည်။ ဓားကိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး

'မိတ်ဆွေကြီးဝမ်းထိုက် ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကိုသွားခွင့်ပြုပါအုံး'

သူက ပြောပြောဆိုဆို ထွက်ခွာသွားရန် ဟန်ပြင်လိုက်လေသည်။

'ဗျို့ မိတ်ဆွေကြီးခင်ဗျာ၊ သွားလို့မဖြစ်သေးဘူး'

'ဘာဖြစ်လို့လဲ'

'ခင်ဗျား ဒဏ်ရာမကျက်သေးပဲ သွားလို့ဖြစ်မလား'

'ဖြစ်ပါတယ်'

ဝမ်းထိုက်က စိုးရိမ်ကြောင့်ကြသော အမူအရာဖြင့်—

'ကျုပ်ဘာခု ပြောချင်တယ်'

'ပြောပါ'

'ခင်ဗျား နောက်တရက်နှစ်ရက်လောက်မှ သွားလို့မဖြစ်ဘူးလား'

ပိုင်ချူးရိမှာ ကျူးကျန့်ရှန်းနှင့်တွေ့လိုဇောသာ ပြင်းပျနေသောကြောင့် ဝမ်းထိုက်ကို လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'တောင်းပန်ပါတယ်ဗျာ၊ ကျုပ်ညီနဲ့တွေ့ဖို့ အင်မတန်အ
ကြီးနေလို့ပါ ကျုပ်'

သူက ကျူးကျန်ရှန်းထံ သူလာခဲ့ရာတွင် ခေါ်သခဲ့ဟိုကြ
ထုံ ကြားဖြတ်တိုက်ခိုက်လာသည်မှာ ကျူးကျန်ရှန်းထံသို့
ရောက်နိုင်စေရန်ဖြစ်ကြောင်း ယခုမှ သဘောပေါက်လာသည်

ကျူးကျန်ရှန်းအတွက် အလွန်အမင်း စိုးရိမ်လာ၏။ ထ
ကြောင့်သူက ကျူးကျန်ရှန်းအန္တရာယ်နှင့် ရင်ဆိုင်နေရ၍ အချိ
မီသွားမှဖြစ်မည်ဟု ပြောရန်ဟန်ပြင်မိသည်။ သို့သော် ဝမ်
ထိုက်ကို လိမ်ညာပြောထားမိသောကြောင့် အချိန်မီစကား
ဖြတ်လိုက်ရလေသည်။ ဝမ်းထိုက်က စိတ်မကောင်းသော
သံဖြင့်....

'ဒီလိုဆိုယင်လဲ ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးပါ့မယ်ဗျ
ကျင်းလိမ်မြို့ကို ကျုပ်မြင်းလှည်းနဲ့လိုက်ပို့ယင် ခင်ဗျားသ
သက်သာသာ သွားရလိမ့်မပေါ့'

ပိုင်ချူးရီမှာ ဝမ်းထိုက်ကို သူနှင့် လုံးဝမငြင်းပယ်သက်ဆေ
ပါချေ။ ဝမ်းထိုက်ဒုက္ခရောက်မည်ကို စိုးရိမ်ပူပန်သောကြော
မည်သို့လုပ်ရမှန်းမသိ ဖြစ်သွား၏။ သူအနည်းငယ်စဉ်းစားလို
ရာ၊ အကြံတခုရလာသောကြောင့် ဦးခေါင်းဆတ်ကနဲညိတ်က

'ကောင်းပြီလေ၊ ကျုပ်ကိုလိုက်ပို့ပေးပါဗျာ၊ တချိန်ခင်ဗျ
ဒုက္ခရောက်ယင် ကျုပ်အသက်နဲ့လဲပြီး ကူညီပါ့မယ်လို့၊ ကတိပေ
ပါတယ်'

ဝမ်းထိုက် အားရပါးရ ရယ်မောကာ
'စိတ်ချ ကျုပ်အနေပြန်လာမယ်'



ပြောပြီးအခန်းတွင်းမှ လျင်မြန်စွာထွက်ခွာသွားလေသည်။ ဝမ်းထိုက်ထွက်သွားသည်နှင့် တပြိုင်နက် ပိုင်ချူးရီက အသင့်တွေ့ရသော တုတ်တချောင်းဖြင့် မြေပြင်တွင် စာသုံးလေးကြောင်း ရေးချလိုက်သည်။

ထို့နောက် မိုးကြိုးခေါ်းကိုက်ုင်ဆောင်ကာ မြင်းဇောင်း၏ အနောက်ဘက်မှတဆင့် အပြင်ဘက် ခပ်သွက်သွက်လှမ်းထွက်ခဲ့လေတော့သည်။

* * *

ဝမ်းထိုက်မှာ အပြေး အမြန်ဆုံး မြင်းနှစ်ကောင်ကို မြင်းလှည်းတွင် တပ်ဆင်လိုက်သည်။ သူသည် ပိုင်ချူးရီကို စိတ်ဝင်စားနေပြီ ဖြစ်သည်။

ပိုင်ချူးရီ လူဆိုးဒမြမဟုတ်ပဲ လူကောင်းတယောက် ဖြစ်ကြောင်း သူသိထား၏။ ထို့ကြောင့် ပိုင်ချူးရီကို စိတ်ရင်းစေတနာဖြင့် အကူအညီပေးနေခြင်း ဖြစ်ပါသည်။ မြင်းလှည်းအသင့်ပြင်ပြီးလျှင် မြင်းဇောင်းထဲသို့ ပြန်ဝင်လာခဲ့သည်။ မြင်းဇောင်းအတွင်းသို့ ရောက်သောအခါ ပိုင်ချူးရီ ,မတွေ့ရချေ။

ဝမ်းထိုက် အံ့သြသွားသည်။

'မိတ်ဆွေ ကျို့·မိတ်ဆွေ'

သူက မည်သို့ပင် ခေါ်လိုက်သော်လည်း ပိုင်ချူးရီ၏အသံကို မကြားပါချေ။ ဝမ်းထိုက် နေရာအနှံ့ လိုက်ရှာသောအခါမှ မြေပေါ်တွင် တုတ်ဖြင့်ခြစ်ကာ ရေးသားထားသော စာများကို တွေ့လိုက်ရ၏။

'ကျေးဇူးရှင် ဝမ်းထိုက်....

ခင်ဗျားကို ပြောပြလို့မဖြစ်တဲ့ သေရေးရှင်ရေး ကိစ္စကြောင့် ကျုပ်ထွက်သွားပါပြီ၊ ကျုပ်အသက် ကယ်ခဲ့တဲ့ ကျေးဇူးရှင်ကို ဘယ်တော့မှ မမေ့ပါဘူး၊ ကျုပ်ကို မလိုလားတဲ့လူတွေ ရှိနေပါတယ်၊ ဒါကြောင့် ကျုပ်နဲ့ ပတ်သက်နေယင် ခင်ဗျားပါ ဒုက္ခရောက်မှာ စိုးရိမ်လို့ ထွက်သွားတာ ခွင့်လွှတ်ပါ'

သင့်မိတ်ဆွေ
ပိုင်ချူးရီ



စာဖတ်ပြီးသော် ဝမ်းထိုက် ငိုင်ကျသွားလေသည်။ သူသည် ရိုးသားသော လူဘယောက် ဖြစ်သည်။ ရှုပ်ထွေးပွေလီလှသော သိုင်းသမားများနှင့် မပတ်သက်လိုပါချေ။

မည်သို့ဆိုစေ သူကယ်တင်ခဲ့ရသော ပိုင်ချူးရီကို သတိရနေမိသည်၊ ပိုင်ချူးရီမှာ လူကောင်းဖြစ်ရမည် ဟူသော သူ့ရင်တွင် အတွေးများလည်း ပယ်ဖျက်မရနိုင်အောင် ခိုင်မာနေသည်။

ဝမ်းထိုက် သက်ပြင်းချလိုက်သည်။ သူသည် ပိုင်ချူးရီ မေ့မြောနေသော ရက်များတွင် ကိုယ်ဖိရင်ဖိပြုစုရသည်ကို ပြန်လည်အမှတ်ရလာသည်။ အမှန်တော့ ဝမ်းထိုက်သည် ယောကျ်ားကလေးအဖြစ် ဟန်ဆောင်ထားသော မိန်းကလေးတယောက် ဖြစ်နေသည်တကား။

ဝမ်းထိုက်က ပိုင်ချူးရီ လူဆိုးမှန်း လူကောင်းမှန်း မသိသောကြောင့် ယောကျ်ားကလေးအဖြစ် ဟန်ဆောင်ခဲ့ရခြင်းဖြစ်သည်။ ဟောင်းနွမ်းသော အဝတ်အစားများနှင့် ရှုပ်ပွနေသော ဆံကေသာတို့ကြောင့် ရုတ်တရက်ကြည့်လျှင် သူမအားမိန်းကလေးတယောက်ဟု မည်သူမျှထင်ကြမည် မဟုတ်ချေ။

သူမ၏အမည်ရင်းမှာလည်း ဝမ်းထိုက်ထိုက်မဟုတ်ပဲ ဝမ်းဝမ်းထိုက် ဖြစ်၏။ ဝမ်းထိုက်ထိုက်ကမြေပေါ်မှစာများကိုငုံ့ကြည့်ကာ

'ပိုင်ချူးရီ ရှင် ဘယ်များ ရောက်နေပြီလဲဟင်'

ဟု တီးတိုး ရေရွတ်လိုက်သည်။

ထိုအချိန်တွင် ပိုင်ချူးရီမှာ ကျင်းလိမ်မြို့အနီးသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

* * *

## မြေပုံသစ်

ပန်းစားသောက်ဆိုင်မှာ လူစည်ကားနေသည်။ ပိုင်ချူးရ ကျင်းလိမ်မြို့သို့ ရောက်သောအခါ ပန်းစားသောက်ဆိုင်သို့ ဦး တည်လာခဲ့လေသည်။ သူသည် ပန်းစားသောက်ဆိုင်သို့ မကြ ခဏ ရောက်ခဲ့ဖူးသောကြောင့် လမ်းမမှားပဲ လာနိုင်ခဲ့ပေသည်။

ကျင်းလိမ်မြို့သည် ကျူးကျန့်ရှန်း ကျင်လည် ကျက်စားရ နေရာတခုဖြစ်သည်။ ပန်းစားသောက်ဆိုင်သို့ ကျူးကျန့်ရှန်းက ခေါ်ဆောင်လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ပိုင်ချူးရီမှာ ပန်း စားသောက်ဆိုင်ကို တွေ့ရလျှင် ကျူးကျန့်ရှန်းကို သတိရလာ လေသည်။



ကျူးကျန့်ရှန်းသည် သူ့အား စောင့်ကြို့နေပါဦးမည်လော။

ပိုင်ချူးရီက ခြေလှမ်းသွက်သွက် လှမ်းလိုက်ရာ ဒဏ်ရာမှာ အနည်းငယ်နာကျင် ကိုက်ခဲလာလေသည်။ ဝမ်းဗိုက်မှ ဒဏ်ရာ လုံးလုံးလျားလျား ပျောက်ကင်းသွားအောင် နောက်ထပ် ၁၀ ရက်ခန့် အနားယူကာ ဆေးထည့်ပေးမှဖြစ်မည်။ ယခုမူ သူက ၁၀-ရက်ဟူသောအချိန်ကို စောင့်မနေနိုင်ပါ။

ကျူးကျန့်ရှန်းတွင် အလွန်အရေးကြီးသော ကိစ္စရှိနေပြီဟု သူတစထက်တစ နားလည်သဘောပေါက်လာသည်။ အမှန်တော့ ကျူးကျန့်ရှန်းမှာ သူ့အား အကူအညီတောင်းခံခဲ့ခြင်း ဖြစ် ကြောင်း ယခုမှသဘောပေါက်လာ၏။

ကျူးကျန့်ရှန်းမှာ မည်သို့သော အခက်အခဲဒုက္ခများနှင့် ကြုံ တွေ့နေရပါသနည်း။ ပိုင်ချူးရီက ကျူးကျန့်ရှန်းနှင့်အတူ ပန်း စားသောက်ဆိုင်သို့ လာရောက် စားသောက်နေကြဖြစ်သည်။

ထို့ကြောင့် ပိုင်ချူးရီသည် ပန်းစားသောက်ဆိုင် ရှေ့သို့ ရောက်သောအခါ ဆိုင်တွင်းသို့ ခပ်သွက်သွက် ဝင်ရောက်လိုက် သည်။ သူ့အား ဆိုင်လုလင်များက ပျူပျူငှာငှာ ကြိုဆိုကြ လေသည်။ ပိုင်ချူးရီက ကျူးကျန့်ရှန်းနှင့် အတူလာလျှင် အပေါ်ထပ် ဝရန်တာအနီး ပြတင်းပေါက်တွင်ထိုင်နေကျဖြစ်ရာ အပေါ်ထပ်သို့ တက်သွားလေသည်။

အပေါ်ထပ်တွင် စားသောက်သူများ ရှိနေပါ၏။ စားပွဲ တိုင်းလိုလို လူများပြည့်နှက်နေသည်။ သို့သော် သူတို့ထိုင်နေကျ စားပွဲတွင်မူ လူသူတစုံတယောက်မျှ ရှိမနေပါချေ။

ထိုစားပွဲတွင် အဘယ်ကြောင့် မထိုင်ကြသည်ကို ပိုင်ချူးရ စဉ်းစားမရပါ။ ဤနေရာသည် ကျင်းလိမ်မြို့ကို အပေါ်စီး ကြည့်ရန် အကောင်းဆုံးနေရာတခုဖြစ်သည် မဟုတ်လား။

ပိုင်ချူးရ က ထိုစားပွဲသို့တန်းတန်းမတ်မတ်သွားကာ ထိုင် ချလိုက်လေသည်။ ထိုအခါစားသောက်နေသူများက သူ့အား ဝိုင်းကြည့်နေကြသည်ကို တွေ့ရသည်။ အချို့က ခိုးကြောင်ခိုး ဝှက်ကြည့်နေကြပြီး အချို့ကမူ တည်တည်ပင် ပြောင်ကျကျ ကြည့်နေကြလေသည်။

ပိုင်ချူးရ အံ့သြသွားသည်။ လူအများသည် အဘယ် ကြောင့်သူ့အား စိတ်ဝင်စားစွာ ကြည့်နေကြရပါသနည်း။ ထို စဉ် ဆိုင်လုလင်တယောက် သူ၏အနီးသို့ ရောက်ရှိလာကာ ယဉ် ကျေးစွာဖြင့်

'ဆရာ ဘာများသုံးဆောင်မလဲ အမိန့်ရှိပါခင်ဗျား'

ပိုင်ချူးရ က အနည်းငယ်စဉ်းစားလိုက်ပြီး စားသောက်ဖွယ် ရာများ မှာကြားလိုက်သည်။ မကြာမီစားစရာများရောက်ရှိလာ ၏။ သို့သော်ပိုင်ချူးရ က လက်ဖျားနှင့်ပင်မတို့ပါချေ။ ပြတင်း ပေါက်မှတဆင့် အပြင်ဘက်လမ်းမဆီသို့သာ ငေးကြည့်နေလေ သည်။

သူ၏အပြုအမူကြောင့် ဆိုင်လုလင်ရင်ထိတ်သွားသည်။ သူလို လူတယောက်အား သူတို့တွေ့ခဲ့ရဖူးသည် မဟုတ်ပါလား။ မှ ပါသည်။ဤဆိုင်သို့ကူးကျန့်ရှန်း ရောက်လာစဉ်ကလည်း ဤပုံ စံအတိုင်း စားသောက်ဖွယ်ရာများကို လက်ဖျားနှင့်ပင်မတို့ပဲ အ ပြင်ဘက်သို့သာ ငေးမျှော်ကြည့်နေခဲ့သည် မဟုတ်ပါလား။



ဆိုင်လုလင် ကြောက်ရွံ့ဟုန်လှုပ်သွားသည်။လဆန်း ၁၅ရက် နေ့ညနေပိုင်းအချိန် ကူးကျန့်ရှန်းကြုံတွေ့ခဲ့ရသော အဖြစ်အ ပျက်များသည် ပန်းစားသောက်ဆိုင် နာမည်ပျက်စေသည်။

အလွန်ဆိုးရွားလှသော အဖြစ်အပျက်တခုမဟုတ်ပါလား။ ဆိုင်လုလင်မှာ စပ်စုတတ်သူတယောက်ဖြစ်ရာ စိတ်မထိန်းနိုင် တော့ပဲ

'ဆရာ'

သူ၏ခေါ်သံကြောင့် ပိုင်ချူးရ မျက်နှာလှည့်လာသည်။ ဆိုင်လုလင်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။ ဆိုင် လုလင်တွက်မသွားသေးသည်မှာ ထူးဆန်းသည်ဟုလည်း ထင်မိ လေသည်။

'မင်းဘာပြောချင်လို့လဲ'

ဆိုင်လုလင်က စကားရှာမရသဖြင့် အတန်ကြာတွေဝေနေ ၏။ ပိုင်ချူးရ မျက်မှောင်ကုပ်ကာ

'ငါပြောနေတာ မင်းကြားတယ်မဟုတ်လား၊ မင်းဘာပြော ချင်လို့လဲ'

ဆိုင်လုလင်က မနေနိုင်တော့ပဲ

'ကျွန်တော်တို့စားသောက်ဆိုင်က အစားအသောက်တွေမ ကောင်းလို့လားဗျာ၊ နည်းနည်းလောက်စားကြည့်ပါ လျှာလည် သွားပါလိမ့်မယ်၊ ပြီးတော့ဆရာ့ကိုကြည့်ရတာ တယောက် ယောက်နဲ့ ချိန်းထားသလိုပဲ'

ပိုင်ချူးရ မှာ စကားများသူကို မုန်းလေသည်။ သို့သော် ပိုင်ချူးရ ကဆိုင်လုလင်ကို မောင်းထုတ်ရန်မရည်ရွယ်ပါ။ ဆိုင်

လုလင်ထံမှ သူသိလိုသော အကြောင်းခြင်းရာများ မေးမြန်း စုံစမ်းနိုင်သည်မဟုတ်ပါလား။ ဆိုင်လုလင်ကို ပြုံးပြလိုက်ပြီး....

'မင်း မဆိုးဘူး၊ လူကဲခတ်တတ်သားပဲ၊ ကျုပ်မိတ်ဆွေတယောက်ကို စောင့်နေတာ၊ ဒါထက် မင်းကို ကျုပ် မေးစရာတခုရှိတယ်'

ထိုစကားကြားရလျှင် ဆိုင်လုလင် မျက်နှာ ပျက်သွားလေသည်။ ချက်ချင်း နောက်ဆုတ်ကာ ...

'ဆရာ ကျွန်တော့်မှာ လုပ်စရာ အလုပ်ကလေးတွေ ရှိလို့ သွားလိုက်ပါအုံးမယ်၊ ခွင့်ပြုပါအုံး'

ပိုင်ချူးရီက အင်္ကျီအိတ်ထဲမှ ငွေတုံးကလေးတတုံး နှိုက်ယူလိုက်သည်။ ထိုငွေတုံးသည် အလုပ်သမားတယောက်၏ လစာငွေနှင့် ညီမျှလေသည်။

ပိုင်ချူးရီက ငွေတုံးကလေးကိုမြှောက်ပြလိုက်ပြီး....

'ကျုပ်မေးတဲ့ စကား ဖြေမယ်ဆိုယင် ဒီငွေဟာ မင်းအတွက်ဖြစ်လိမ့်မယ်'

ငွေတုံးကလေးကိုစိုက်ကြည့်နေသော ဆိုင်လုလင်၏မျက်လုံးများ ဝင်းလက် တောက်ပလာသည်။ ပိုင်ချူးရီကို မဝံ့မရဲကြည့်ကာ....

'ဆ....ဆရာ ဘာမေးချင်လို့လဲ'

'လဆန်း ၁၅ ရက်နေ့က ဒီကို လူတယောက် ရောက်လာသလား၊ သူ့နာမည် ကျူးကျန့်ရှန်းလို့ ခေါ်တယ်၊ ဒီဆိုင်ကို လာနေကျ ဖောက်သည်တယောက်ပဲ၊ မင်းသိမှာပေါ့၊ သူ့ကို



ခြေကျိုးကတော့ ကောင်းကောင်းသိတယ်၊ ခြေကျိုးကော ခုဘယ်ရောက်နေသလဲ'

ဆိုင်လုလင် မျက်လုံးပြူးကျယ်သွားသည်။ နောက်သို့ ချက်ချင်းဆုတ်သွားရန် ခြေလှမ်း ပြင်လိုက်လေသည်။ ပိုင်ချူးရီ ခန္ဓာကိုယ်တချက်တွန့်လိုက်သည်။ သူ၏လက်တဘက်ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး ဆိုင်လုလင်၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

သူ၏လက်ကို အားစိုက် ဖျစ်ညှစ်လိုက်ရာ ဆိုင်လုလင်နာကျင်သွားသောကြောင့် မျက်နှာရှုံ့မဲ့သွားလေသည်။

'အမလေး မလုပ်ပါနဲ့ ဆရာ'

ပိုင်ချူးရီ သက်ပြင်းချလိုက်သည်။

'ကျုပ်မေးခွန်းကို မင်းဖြေမယ်မဟုတ်လား'

'ဟုတ်....ဟုတ်ကဲ့ ဖြေပါ့မယ်၊ ကျွန်တော့်လက်ကို လွှတ်လိုက်ပါအုံး'

ယခုမှစိတ်ချေသွားမှန်း သဘောပေါက်ကာ ပိုင်ချူးရီက ဆိုင်လုလင်၏လက်ကို လွှတ်လိုက်လေသည်။ ဆိုင်လုလင်မှာ ပိုင်ချူးရီအား ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကြည့်ကာ....

'ဆ....ဆရာ ကျွန်တော် အလုပ်ဝင်လာတာ နှစ်ရက်လောက်ပဲရှိပါသေးတယ်၊ သူများပြောသံကြားပဲ့ သိပါတယ်ဆရာ'

'ဘာတွေပြောသလဲ'

'လွန်ခဲ့တဲ့သုံးရက်လောက်က ဒီဆိုင်မှာ ကြောက်စရာကောင်းတဲ့လူသတ်ပွဲတခုဖြစ်တယ် ပြောကြတယ်'

ယခုတကြိမ် မျက်လုံး ပြူးသွားသူမှာ ပိုင်ချူးရီ ဖြစ်လေသည်။ ပိုင်ချူးရီ ရင်ထိတ်သွားပြီး....

'ဘာတွေဖြစ်ကြတာလဲ'

'လူသတ်ပွဲဟုတ်လား

'ဆရာထိုင်နေတဲ့စားပွဲမှာ ဆရာ့လိုထိုင်ပြီး လမ်းဘက် မျှ ကြည့်နေတဲ့လူ အသတ်ခံလိုက်ရတာပါ'

ပိုင်ချူးရှိ ထခုန်မိမတတ် ထိတ်လန့်တုန်လှုပ်သွားလေသည် ဤနေရာမှာ သူနှင့် ကျူးကျန့်ရှန်းတို့ ထိုင်နေကျ မဟုတ်လား ဤသို့ ဆိုလျှင် အသတ်ခံရသူမှာ ကျူးကျန့်ရှန်း ဖြစ်နေသည် လော။ ပိုင်ချူးရှိက ခြောက်သွေ့အက်ကွဲသော လေသံဖြင့်...

'အသတ်ခံရတဲ့လူက ဘယ်သူလဲ ပြောစမ်း'

ဆိုင်လုလင်က လက်ကာပြယင်း....

'ဒီထက်ပိုပြီး ကျွန်တော်မသိတော့ပါဘူးဗျာ၊ ဆရာသိချ တာဝန်ခံကို မေးကြည့်ပါ'

'ဆိုင်တာဝန်ခံက ဒီကိစ္စသိတယ်ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒီကိစ္စဖြစ်ပျက်နေတုန်း ဆိုင်တာဝန်ခံ ရှိပ တယ်၊ သူ့မျက်စိရှေ့မှာ ဖြစ်သွားတာပါ'

'ကောင်းပြီ'

စကားဆုံးလျှင် ပိုင်ချူးရှိကထိုင်ရာမှထလိုက်သည်။ တပ သူ၏ရှေ့စားပွဲပေါ်မှ စားသောက်ဖွယ်ရာများ ထည့်ထားသေ ပန်းကန်များကို လက်ဖြင့် သိမ်းကြုံး ဖယ်ရှား ပစ်လိုက်သည်

ပန်းကန်ခွက်ယောက်များ ကြမ်းပြင်ပေါ်သို့ ကျသွားက ကွဲကြေသွားပြီး ဆူဆူညံညံအသံများထွက်ပေါ်ပေါ်လာသည် ပိုင်ချူးရှိက ဤမျှဖြင့် မကျေနပ်သေးပါချေ။ စားပွဲကို တွ လှဲလိုက်သည်။ ကုလားထိုင်များ ရိုက် ချိုးပစ်လိုက်လေသည်



တဝုန်းဝုန်းတဒိုင်းဒိုင်း အသံများ ဆူညံစွာစွာ ထွက်ပေါ်လာ သည်။

စားသောက်နေကြများ ကြောက်အား လန့်အား အော်ဟစ် ကာ အောက်ထပ်သို့ ဒရောသောပါး ပြေးဆင်းသွားကြတော့ သည်။ ထိုစဉ် ပြေးဆင်းသွားသောလူအုပ်ကြားမှ လူတယောက် ပြေးတက်လာသည်။ ထိုလူ၏ပါးစပ်မှလည်း....

'ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ.... ဘာဖြစ်ကြတာလဲ'

ပိုင်ချူးရှိက ဆိုင်လုလင်ကိုတချက်ကြည့်လိုက်သည်။

ထို့နောက် ပြေးတက်လာသူအား လက်ညှိုးညွှန်ပြကာ....

'သူက ဆိုင်တာဝန်ခံလား'

'ဟုတ်ပါတယ်'

'ကောင်းပြီ မင်းသွားတော့'

ဆိုင်လုလင်လည်း အောက်ထပ်သို့ ဒရောသောပါးပြေးဆင်း သွားလေတော့သည်။

* * *

ပန်းစားသောက်ဆိုင်။

အပေါ်ထပ်တွင် စားသောက်သူများပြည့်ကျပ်နေရာမှ ယခု ရှင်းရှင်းလင်းလင်း ဖြစ်သွားချေပြီ။ ဆိုင်အပေါ်ထပ်တွင် ဆိုင်တာဝန်ခံက ပိုင်ချူးရီကို ကြောက်ရွံ့ထိတ်လန့်စွာ ကြည့်ကာ....

'ဆ....ဆရာ၊ ဘာများမကျေနပ်လို့လဲဗျ'

ပိုင်ချူးရီက တည်ကြည်သောမျက်နှာထားဖြင့်....

'အခုပျက်စီးသွားတဲ့ ပစ္စည်းတွေအတွက် ကျုပ်လျော်ကြေးပေးပါ့မယ်၊ ဒါပေမယ့် ကျုပ်မေးတဲ့စကားကို မှန်မှန်ပြောစေချင်တယ်'

ဆိုင်တာဝန်ခံက အံ့သြသွားဟန်ဖြင့်....

'ဆရာ ဘာသိချင်လို့လဲ'

'လဆန်း ၁၅ရက်နေ့ညနေပိုင်း ဒီမှာဘာဖြစ်ခဲ့တာလဲ'

ထိုစကားကြားရလျှင် ဆိုင်တာခံ မျက်နှာ ပျက်သွားလေသည်။ ပိုင်ချူးရီအား အကဲခတ်ကြည့်ယင်း....

'ဆရာ ဒီကိစ္စကိုသိချင်တယ် ဟုတ်လား'

'ဟုတ်တယ်'

'ဆရာနဲ့ပတ်သက်လို့လား'

ပိုင်ချူးရီ စိတ်တိုသွားပြီး....

'ကျုပ်နဲ့ဆိုင်တာ မဆိုင်တာအပထား၊ ကျုပ်မေးတာ ဖြေစမ်းပါ'

ဆိုင်တာဝန်ခံ သက်ပြင်းချကာ



'အဲ့ဒီနေ့ဟာ ကျုပ်ဆိုင်အရုပ်ဆိုးစေတဲ့နေ့ပါပဲ၊ ဘာကြောင့်လဲဆိုယင် ဒီအပေါ်ထပ်မှာ ကြောက်စရာကောင်းတဲ့လူသတ်ပွဲဖြစ်ခဲ့လို့ပါ'

'ကျုပ်ကို အစအဆုံးပြောပြပါ'

'ဒီလိုပါ၊ အပေါ်ထပ်မှာ ဆူဆူညံညံအသံတွေကြားလိုက်လို့ ကျုပ်တက်လာတော့ ဆိုင်လုလင် ခြေကျိုး သေနေပါပြီ။ လူတယောက်လဲ ဗိုက်မှာဓားတချောင်းစိုက်ဝင်နေတာ တွေ့ရပါတယ်'

ပိုင်ချူးရီ မျက်မှောင်ကုပ်ကာ....

'အဲဒီလူက ဘယ်သူလဲ'

'သူများတွေက မြောက်ပိုင်းနယ်က သူရဲကောင်း ကျူးကျန့်ရှန်းလို့ ပြောပါတယ်၊ ကျုပ်လဲ နောက်ပိုင်းမှသိတာပါ'

ပိုင်ချူးရီ ကြက်သေသေသွား၏။ သူ၏ တကိုယ်လုံးလည်ပတ်နေသော သွေးများရပ်တန့်သွားသည်ဟုလည်း ထင်ရပေသည် သူအလာကောင်းသော်လည်း အချိန်နှောင်းသွားချေပြီ။

ကျူးကျန့်ရှန်းမှာ ရေတိမ်နစ်ရပြီမဟုတ်ပါလား။ ပိုင်ချူးရီ၏ မျက်လုံးအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။ သူ၏ လက်တဘက် ပြုတ်သွားသည်ဟု ခံစားရသည်။

ကျူးကျန့်ရှန်းထံ သူအချိန်မီရောက်လျှင် ယခုကဲ့သို့ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။

ပိုင်ချူးရီမှာ အပြစ်ရှိသလိုခံစားရသည်။ သို့သော် သူသည်လည်း လမ်းမှကြားဖြတ်ဟန့်တားခဲ့သည့် ဓားသရဲဟိုကြည်ထု၏ လက်ချက်ဖြင့် မသေရုံတမယ် ဒဏ်ရာရရှိခဲ့သည် မဟုတ်ပါလား။

ဝမ်းထိုက်ကသာ သူ့ကိုတွေ့ရှိပြီး ကယ်တင်ခြင်း မပြုလျှင် ဤနေရာသို့ သူရောက်လာနိုင်လိမ့်မည်မဟုတ်ချေ။ ပိုင်ချူးရီက စိတ်ကို အနည်းငယ်ချုပ်တည်း ထားလိုက်ရလေသည်။ ဆိုင်တာဝန်ခံက....

'ဆ...ဆရာ ဘာဖြစ်တာလဲဟင်'

ပိုင်ချူးရီ လက်ကာပြလိုက်ပြီး

'သူက ဘယ်သူ့လက်ချက်ကြောင့် ဒုက္ခရောက်ရတာလဲ'

ဆိုင်တာဝန်ခံ ပြောရမှာဝန်လေးနေပါသည်။ ခြေကျိုးသည် ဤဆိုင်မှ အလုပ်သမားတယောက်မဟုတ်ပါလား။ သူ မပြော မဖြစ်သောကြောင့်...

'ကျုပ်တို့ဆိုင်က အလုပ်သမားခြေကျိုးက သူ့ကို ဓားနဲ့ ထိုးလိုက်ပါတယ်၊ သူ့လက်ချက်နဲ့ ခြေကျိုးလဲ သေသွားပါ တယ်'

ပိုင်ချူးရီ အံ့သြသွားသည်။

'ခြေကျိုးက ဘာကြောင့် သူ့ကိုသတ်ဖို့ ကြိုးစားရတာလဲ'

'လူတယောက်က ခိုင်းလို့ပါ'

'အဲဒီလူက ဘယ်သူလဲ'

'ဘယ်သူလဲဆိုတာတော့ ကျုပ်မသိပါဘူး'

'အဲဒီလူကို ခင်ဗျားမြင်လိုက်ရသလား'

'မြင်လိုက်ပါတယ်'

'သူ့ရဲ့ပုံသဏ္ဌာန် ကျုပ်ကိုပြောပြစမ်းပါ'



'သူဟာ တကိုယ်လုံး အဖြူရောင် အဝတ်အစားတွေဝတ် ထားပါတယ်၊ ဆံပင်မွေး၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ မျက်ခုံးမွေးကအစ ဖြူဖွေးနေပါတယ်'

'တကိုယ်လုံးဖြူနေတယ်ဟုတ်လား'

'ဟုတ်ပါတယ် ဒါပေမယ့် သူ့လက်ဝါး နှစ်ဖက်ကတော့ ညိုမည်းနေတယ်ဗျ'

ထိုစကားကြားရလျှင် ပိုင်ချူးရီ ခန္ဓာကိုယ်တချက် တုန်ခါ သွားသည်။

'တန်ကျိုဝိုက်'

ဆိုင်တာဝန်ခံ မျက်မှောင်ကုပ်ကာ...

'ဆရာ သူ့ကိုသိလို့လား'

ပိုင်ချူးရီ ခေါင်းညိတ်ကာ....

'သိတယ် သူဟာအဆိပ်လက် တန်ကျိုဝိုက် ပဲ'

ဆိုင်တာဝန်ခံက ဆက်ပြောလေသည်။

'အဲဒီလူက ဒဏ်ရာရထားတဲ့လူကို လက်ဝါးနဲ့ရိုက်သတ်လိုက် တာပဲ'

ပိုင်ချူးရီအံကိုတင်းတင်းကြိတ်လိုက်သည်။

ကျူးကျန့်ရှန်းမှာ အဆိပ်လက် တန်ကျိုဝိုက်၏ လက်ချက် ကြောင့် သေဆုံးသွားခြင်းဖြစ်ပေသည်။ ထို့ကြောင့် သူက အဆိပ်လက် တန်ကျိုဝိုက်ကို မရမနေ ရှာဖွေပေတော့မည်။

ကျူးကျန့်ရှန်းအတွက် သွေးကြွေးတောင်းရမည် မဟုတ်ပါ လား ။ထို့အပြင် အဘယ့်ကြောင့် ကျူးကျန့်ရှန်းအားလုပ်ကြံ

ရသည်ကိုပါ ဖေါ်ထုတ်ရပေမည်။ ဆိုင်တာဝန်ခံက ဆက်ပြော
လိုက်ပြန်သည်။

'အဲဒီလူဟာ အင်မတန်ကြောက်စရာကောင်းပါတယ်၊ သူ့
လက်ဝါးတချက်ထဲနဲ့ ဟိုလူလဲကျ သေဆုံးဘာပဲ၊ ဟိုလူ သေ
သွားတော့ သူလဲဆိုင်ထဲကထွက်သွားတယ်၊ နောက်ထပ်ရောက်
မလာတော့ဘူးဗျ'

ပိုင်ချူးရီ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး –

'ကောင်းပြီလေ ကျုပ်ကို ပြောပြတဲ့အတွက် ကျေးဇူးတင်
ပါတယ် ခင်ဗျားရဲ့ဆိုင်အပျက်အစီးတွေအတွက် ကျုပ် လျော်
ပေးပါမယ်'

ပြောပြီး အိတ်ထဲမှ ငွေတုံးကလေးများ နှိုက်ယူကာ ပေး
လိုက်လေသည်။ ဆိုင်တာဝန်ခံက ပိုင်ချူးရီကိုဦးညွှတ်လိုက်ပြီး

'ကျေးဇူးတင်ပါတယ်ဗျာ'

ပိုင်ချူးရီက....

'ခင်ဗျားကို ကျုပ်မေးစရာတခု ရှိသေးတယ်'

'မေးပါ'

'သေသွားတဲ့ ခြေကျိုးနဲ့ ဟိုလူကိုဘယ်သူလာယူသွားသလဲ'

ဆိုင်တာဝန်ခံ ခေါင်းခါယမ်းလိုက်ပြီး ..

'ဘယ်သူမှ လာမယူပါဘူး'

'ဒါဖြင့် ဘယ်ရောက်သွားသလဲ'

'ကျုပ်တို့ဆိုင်ကပဲ တာဝန်ယူပြီး မြေမြှုပ် လိုက်ရပါတယ်'

'ဘယ်မှာ မြှုပ်လိုက်တာလဲ'

'မြို့ပြင်သင်္ချိုင်းမှာပါ'



ပိုင်ချူးရီ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။ ထို့နောက်
ငွေတုံးကလေးများ ထပ်မံနှိုက်ယူလိုက်ပြီး....

'ကျုပ်ကို လိုက်ပို့ပေးပါ'

ပိုင်ချူးရီ၏ မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့် အရိပ် အ
ရောင်များ ထင်းသား ပေါ်လွင်နေသည်။ ဆိုင်တာဝန်ခံမှာ
ပိုင်ချူးရီကို ကြင်နာသွားသည်။ ပိုင်ချူးရီကို စိုက်ကြည့်ကာ

'ခင်ဗျားက သေသွားတဲ့လူရဲ့မိတ်ဆွေလား'

'ဟုတ်ပါတယ် သူဟာ ကျုပ်နဲ့ ညီအစ်ကိုလို နေတဲ့ လူတ
ပေါက်ပါ၊ သူ့ရဲ့မြေပုံကို သွားပြီး ဂါရဝ ပြုချင်ပါတယ်၊
လိုက်ပို့ပေးပါဗျာ'

ဆိုင်တာဝန်ခံ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ကျုပ်လိုက်ပို့ပေးပါမယ်၊ ဒါပေမယ့်ခင်ဗျားကတိ
တခုပေးမှ ဖြစ်မယ်'

'ဘာကတိပေးရမှာလဲဗျ'

'ခင်ဗျားကို လိုက်ပို့ပြီးတာနဲ့၊ ကျုပ်ကို ကျုပ်ကို ဆွဲမထား
ရဘူး ပြန်ခွင့်ပြုရမယ်'

'ဘာဖြစ်လို့လဲဗျ'

'ခင်ဗျားတို့သိုင်းသမားတွေဟာ တယောက်နဲ့ တယောက်
တိုက်ခိုက်ဖို့လောက်ပဲ စိတ်ကူးနေကြတာ ခင်ဗျားတို့ ကိစ္စထဲ
ကျုပ်မပါပါရစေနဲ့ ကျုပ်ဘာသာ အေးအေးဆေးဆေးနေပါ
ရစေဗျာ

ပိုင်ချုံးရီ မချိုပြုံး ပြုံးလိုက်ကာ....

'စိတ်ချပါဗျာ ခင်ဗျားကိုကျုပ်ဆွဲမထားပါဘူး'

'ကောင်းပြီ ကျုပ်တို့သွားကြရအောင်၊ ဆိုင်အနောက်ဘက်မှာ မြင်းလှည်းတစင်း ရှိပါတယ်'

ပိုင်ချုံးရီက ဆိုင်တာဝန်ခံနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

*　*　*



မြင်းလှည်းမှာ ကျင်းလိမ်မြို့ အပြင်ဘက်သို့ ဦးတည်မောင်းနှင်သွားလေသည်။

မြင်းလှည်းပေါ်တွင် ပိုင်ချုံးရီနှင့် ဆိုင်တာဝန်ခံတို့ပါလာကြသည်။

လမ်းတွင် ဆိုင်တာဝန်ခံ၏ ပြောပြချက်ကြောင့် ကျူးကျန့်ရှန်း သေဆုံးရသည့် အဖြစ်အပျက်များကို ခရေစေ့တွင်းကျ ပိုင်ချုံးရီ သိသွားလေသည်။

ပိုင်ချုံးရီမှာ တန်ကျိုဝိုက်အား လိုက်လံရှာဖွေရန်သန္နိဋ္ဌာန်ချမိသည်။ တချိန်က ကျူးကျန့်ရှန်းမှာ သူ၏အသက်ကို ကယ်တင်ခဲ့ဖူးပါသည်။ သို့သော် အရေးအကြောင်း ကြုံသောအခါ သူက ကျူးကျန့်ရှန်း၏ အသက်ကို ကယ်တင်နိုင်ခဲ့ခြင်းမရှိချေ။

ပိုင်ချုံးရီ၏မျက်ဝန်းအစုံတွင် ယခုတိုင် မျက်ရည်ရစ်ဝိုင်းနေဆဲ။

သူ၏ရင်တွင်းမှ ဒဏ်ရာထက်ပင် နာကျင်နေသည်ဟုခံစားရလေသည်။ မြင်းလှည်းကလေးက အရှိန်ခပ်ပြင်းပြင်းမောင်းနှင်လာသောကြောင့် မကြာမီ မြို့ပြင်သို့ ရောက်ရှိလာသည်။ မြို့ပြင်တွင် လူသွားလူလာကင်းရှင်းပါသည်။ သစ်ပင် ဝါးရိပ်များလည်း ရှိနေသည်။

မြို့ပြင်ရောက်လျှင် မြက်ပင်များအကြားမှ မြေနီလမ်းကလေး အတွင်း ချိုးကွေ့ဝင်သွားပြီး မြေနီလမ်းဆုံးသွားသောအခါ အထိမ်းအမှတ်ကျောက်တိုင်များ ထိုးထိုးထောင်ထောင်ရှိနေသော သင်္ချိုင်းမြေကိုတွေ့မြင်ရလေတော့သည်။

*　*　*

သင်္ချိုင်းကုန်းမှာခြောက်သွေ့တိတ်ဆိတ်နေသည်။ မြေပုံများ
လည်း ရှုပ်ထွေးနေသည်။ သင်္ချိုင်းစောင့်သူပင် ရှာဟန်မတူချေ
အချို့ မြေပုံများမှာ ပြုပြင်ထိန်းသိမ်းသူမရှိသောကြောင့်ပျက်စီး
ယိုယွင်းနေချေပြီ။

ထို့အပြင် သင်္ချိုင်းအတွင်း ဝင်မိသည်နှင့် တောခွေး
တကောင်၏ ဆွဲဆွဲငင်ငင်အူလိုက်သော အသံကိုကြားလိုက်ရ
သည်။ တခါတရံ ဘောကျီးအော်သံလည်း ကြားရလေသည်။

ဆိုင်တာဝန်ခံမှာ သင်္ချိုင်းမြေထဲသို့ ရောက်လျှင် မျက်စိ
မျက်နှာ ပျက်နေ၏။ သူက ပန်းစားသောက်ဆိုင်သို့ အမြန်ဆုံး
ပြန်သွားလိုဟန်ရှိလေသည်။ ရှေ့မှ ခပ်သုတ်သုတ်သွားကာ
တနေရာသို့ရောက်လျှင်....

'ဟိုမှာ သူ့ကိုမြှုပ်ထားတာ'

သစ်လွင်နေသေးသော မြေပုံတခုကို ညွှန်ပြလိုက်သည်။
မြေပုံမှာ မြေပေါ်မှ မို့မောက်နေ၍သာ လူတယောက်မြှုပ်နှံ
ထားသော မြေပုံဟု သိနိုင်၏။ အထိမ်းအမှတ် ကျောက်တိုင်
ဟူ၍ မရှိချေ။ ပိုင်ချူးရီ မကျေမနပ်ဖြစ်သွားပြီး

'ခင်ဗျားက အထိမ်းအမှတ်ကျောက်တိုင်ကလေးတခုတော
လုပ်မပေးနိုင်ခဲ့ဘူးလားဗျာ'

ဆိုင်တာဝန်ခံက ပိုင်ချူးရီကို တောင်းပန်သလိုကြည့်ယင်း

'ကျုပ် သူ့နာမည်ကို မသိလို့ပါဗျာ၊ မြှုပ်ပြီးမှသိတော့
မထူးတော့အတူတူ ဒီအတိုင်းထားလိုက်တာပါ'

ပိုင်ချူးရီက မြေပုံကိုကြည့်ကာ....

'ဒီမြေပုံဟာ 'ကျူးကျန့်ရှန်း' ရဲ့မြေပုံဆိုတာ အမှန်ပဲနော်



ဆိုင်တာဝန်ခံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ် ကျူးကျန့်ရှန်းရဲ့ မြေပုံပါပဲ'

ပိုင်ချူးရီက မြေပုံရှေ့သို့ လျှောက်သွားလေသည်။ ထိုစဉ်
အနောက်ဘက်မှ ဆိုင်တာဝန်ခံ၏ အသံထွက်ပေါ်လာသည်။

'မိတ်ဆွေ ကျုပ်သွားလို့ရပြီလား'

ပိုင်ချူးရီ မြေပုံကိုကြည့်ကာ ခေါင်းညိတ်လိုက်သည်။

ဆိုင်တာဝန်ခံ၏ ပြေးသွားသော အသံကိုကြားလိုက်ရသည်။
ဆိုင်တာဝန်ခံမှာ သင်္ချိုင်းမြေအတွင်း နေရသည်ကို ရွံရှာစက်
ဆုပ်နေလေသည်။

မကြာပါချေ။ အော်ငေါက်သံ ဘီးလိမ့်သံများ ထွက်ပေါ်
လာသည်ကိုကြားလိုက်ရသည်။ ဆိုင်တာဝန်ခံ ထွက်သွားပြီဖြစ်
သည်။ သူသာလိုက်မပြလျှင် ရှုပ်ထွေးနေသော သင်္ချိုင်းမြေထဲ
တွင်ပိုင်ချူးရီက ကျူးကျန့်ရှန်း၏ မြေပုံကို ရှာတွေ့နိုင်မည်မ
ဟုတ်ပါ။

ဆိုင်တာဝန်ခံကိုပင် ကျေးဇူးတင်ရပေမည်။ ဆိုင်တာဝန်ခံ
ထွက်သွားသောအခါသင်္ချိုင်းမြေအတွင်း ပိုင်ချူးရီ တယောက်
တည်းသာ ကျန်ရစ်ခဲ့လေတော့သည်။

* * *

'အားအား... အား'

တောကျီးကန်းတကောင်မှာ ပိုင်ချူးရိ ကို တွေ့ရလျှင်
ပင်ထက်တွင် မနားတော့ပဲ ပျံပြေးသွား၏။ သချိုင်းမြေ
တိတ်ဆိတ်နေသည်။ လေတိုက်ခတ်မှုကြောင့် သင်ရွက်လှုပ်
အပ ကြောက်မက်ဖွယ်ကောင်းအောင်တိတ်ဆိတ်သွားလေသ

အချိန်မှာ ညနေဆည်းဆာအချိန်သို့ ရောက်လုလုဖြစ်နေ
နေဝန်းနီအား သစ်ပင်များ ကွယ်နေသောကြောင့် မမြင်ရ
ချေ။ သချိုင်းမြေအတွင်း ရွက်ကြွေများဖြင့် ပြည့်နေ၏။

ပိုင်ချူးရိက လေးလံသောခြေလှမ်းများဖြင့် ကျူးကျန့်
၏ မြေပုံ အနီးသို့ လျှောက်လာလေသည်။ တချိန်က ညီအ
ပမာ ချစ်ခင်ခဲ့သူမှာ ယခုတော့ လောကကိုကျောခိုင်း၍
ောက်တွင် အိပ်ပျော်နေချေပြီ။

ပိုင်ချူးရိ၏မျက်ဝန်းအစုံမှ မျက်ရည်များ ထိန်းမနိုင်
မရဖြင့် စီးကျလာ၏။ သူသည် ကျူးကျန့်ရှန်း၏ မြေပုံ
တွင် ဒူးထောက်ချလိုက်ပြီး ရှိုက်ကြီးတငင်ငိုကြွေးလိုက်မိသ

သူ၏အသံမှာ အစတွင် တိုးညင်းစွာထွက်ပေါ်လာ
လည်း တစထက်တစ ကျယ်လောင်လာသည်ဟု ထင်မှတ်
သည်။ သချိုင်းမြေမှာ ပိုင်ချူးရိ ထံမှ ထွက်ပေါ်လာ
ငိုကြွေးသံကြောင့် ပို၍ခြောက်ခြားဖွယ် ကောင်းလာသ
ထင်မှတ်ရလေတော့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ အချိန်အ
ကြာသွားမှ ပိုင်ချူးရိ က ဒူးထောက်နေရာမှ ထလိုက်



သည်။ ကျူးကျန့်ရှန်းအတွက် ဝမ်းနည်းကြေကွဲမှုများသည် ဤတွင် ပြီးဆုံးသွားချေပြီ။

ကျူးကျန့်ရှန်းအား လုပ်ကြံသတ်ဖြတ်သွားသူကို ရှာဖွေဖော်ထုတ်ရန် ခြေလှမ်းစရတော့မည် မဟုတ်ပါလား။ ပိုင်ချူးရိက မြေပုံကိုစိုက်ကြည့်ယင်း ...

'ညီလေးကျူး မင်းအတွက် ကျုပ်ရန်သူဖော်ထုတ်မယ်လို့ကတိပေးပါတယ်၊ ကျုပ်အချိန်မီရောက်မလာနိုင်တာကို ခွင့်လွှတ်ပါညီလေး၊ ငါ့ညီအတွက် ကျုပ်အသက်ကိုသေချင်သေပါစေ၊ မရမနေသက်စားချေမယ်လို့ အစ်ကိုကတိပြုပါတယ်'

ပြောပြီးလျှင် ချာကနဲလှည့်ကာ မြေပုံရှေ့မှ ထွက်ခွာသွားသည်။ သို့သော် တခဏအကြာတွင် မြေပုံရှေ့သို့ ပြန်လည်ရောက်ရှိလာလေသည်။ ထိုအခါသူ၏လက်ထဲတွင် ကျောက်ပြားတချပ်ပါလာသည်ကို တွေ့ရသည်။ ပိုင်ချူးရိက မိုးကြိုးဓားဖြင့် ကျောက်ပြားပေါ်တွင်....

'သူရဲကောင်း ကျူးကျန့်ရှန်း၏မြေပုံ'

ဟူသော စာလုံးလေးများ ထွင်းလိုက်သည်။

ထို့နောက်ဓားဖြင့် သူ၏လက်မောင်းကို အနည်းငယ်လှီးလိုက်သောအခါ၊ နီရဲသောသွေးများ စီးကျလာသည်။ ပိုင်ချူးရိသည် သွေးများကိုလက်ဖြင့်ခံယူပြီး၊ ကျောက်ပြားပေါ်တွင် သုတ်လိမ်းလိုက်သည်။

ထိုအခါ ကျောက်ပြားပေါ်တွင် ထွင်းထုထားသော စာလုံးများ အနီရောင်ဆေးဆိုးလိုက်သကဲ့သို့ ရဲရဲနီသွားလေသည်။

ပိုင်ချူးရီအံ့ကြိတ်လိုက်သည်။ သူရဲကောင်းတို့၏သွေးသည် နီရဲစမြဲပင်...။

ကျူးကျန့်ရှန်း၏မြေပုံတွင် သူ၏သွေးဖြင့်ရေးသော အထိမ်းအမှတ်ကျောက်ပြားသည် အသိုက်ဖက်ဆုံး မဟုတ်ပါလား။ ပိုင်ချူးရီက အတွင်းအားကိုအသုံးပြုကာ မြေပုံရှေ့မြေကြီးထဲသို့ ကျောက်ပြားကို ဖိသွင်းလိုက်သည်။

ယခုအခါ၊ ကျူးကျန့်ရှန်း၏မြေပုံမှာ ကမ္ဘည်းကျောက်ပြားဖြင့် ခန့်ခန့်ထည်ထည် ဖြစ်သွားလေတော့သည်။ ပိုင်ချူးရီက သူ၏မိုးကြိုးဓားကို ဓားအိမ်ထဲသို့ ပြန်လည်ထိုးသွင်းလိုက်၏။ ပြီးမှ မြေပုံကိုတချက်ကြည့်ကာ...

'ငါညီရဲ့ရန်သူကို သုတ်သင်ပြီးတဲ့အခါ၊ အစ်ကိုတခေါက်လာခဲ့အုံးမယ်၊ အခုတော့ အစ်ကိုသွားပါရစေတော့'

ပြောပြီး ချာကနဲလှည့်ကာ ထွက်သွားရန်ခြေလှမ်းပြင်လိုက်သည်။ ထိုစဉ်မှာပင် ရွက်ခြောက်များ၏ ငြိုညည်းသံထွက်ပေါ်လာသည်ကို ကြားရလေသည်။

ပိုင်ချူးရီ မျက်မှောင်ကြုတ်သွား၏။ တစုံတယောက်သည် သချိုင်းမြေထဲသို့ ရောက်ရှိလာပြီမဟုတ်ပါလား။ ထိုလူမှာ မည်သူဖြစ်ပါသနည်း။ ပိုင်ချူးရီ သတိကြီးစွာထားယင်း ခြေသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ဝင်းလက်သော အရာဝတ္ထုတခုက သူ၏မျက်နှာဆီသို့ တန်းတန်းမတ်မတ် တိုးဝင်လာလေတော့သည်။

* * *



ပိုင်ချူးရီမျက်နှာပျက်သွားသည်။ ချက်ချင်း ခန္ဓာကိုယ်ကို ခါးမှနေ၍ အပေါ်ပိုင်းကို နောက်လှန်ချလိုက်လေသည်။ လျင်မြန်စွာ ပြုလုပ်လိုက်သောကြောင့် ဝမ်းဗိုက်မှကျက်စပြုနေသော အနာမှာ အက်ကွဲသွားပြီး၊ သွေးများစို့ထွက်လာသည်။ နာကျင်ခြင်းဝေဒနာကိုလည်း ခံစားလိုက်ရလေသည်။ သို့သော် ပိုင်ချူးရီ မမှုပါချေ။ သူကလျင်မြန်စွာ ရှောင်တိမ်းနိုင်ခြင်းမရှိလျှင် ပစ်လွှင့်လာသော လက်နက်ပုန်းမှာ သူ၏မျက်နှာဘည့်တည့်သို့ စိုက်ဝင်သွားမည် မဟုတ်ပါလော။

'ဒုတ်'

မြည်သံတချက် ထွက်ပေါ်လာသည်။ အလွန်ထက်မြက်သော ဓားတိုတလက် ကျူးကျန့်ရှန်း၏ အထိန်းအမှတ်ကျောက်တိုင်တွင် စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေသည်။ ပိုင်ချူးရီ ဒေါသ ခြောင်းခြောင်းထွက်သွားသည်။

ဓားတိုပစ်လွှင့်လာရာဘက်သို့ လှမ်းကြည့်လိုက်ရာ လူရိပ် လူရောင်ဟူ၍ လုံးဝမတွေ့ရချေ။ ထို့အပြင် ရွက်ကြွေခြောက်များအပေါ်မှ နင်းလာသောခြေသံသည် ကွယ်ပျောက်သွားပြီ ဖြစ်သည်။

ဝန်းကျင်တခုလုံးတွင် ပိုင်ချူးရီတယောက်တည်းရှိနေသည့်အလား တိတ်ဆိတ်နေလေတော့သည်။ ပိုင်ချူးရီမှာ ကြောက်ရွံ့ထိတ်လန့်ခြင်းထက် ဒေါသစိတ်ကပိုကဲနေပါ၏။ မိုးကြိုးဓားကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး....

'ဘယ်သူလဲ'

သူ၏အသံ ကျယ်လောင်သွားသည်။ သို့သော် တုံ့ပြန်
ဟူ၍ မကြားရချေ။ ပိုင်ချူးရဂ်က ယပ်မမေးတော့ပါ၊ ရန်
သည် ပြောင်ကျကျရင်ဆိုင်ရန်ထက် သူ့အား ခိုးကြောင်ခိုးဝှ
တိုက်ခိုက်လိုကြောင်း ရိပ်မိလိုက်သည်။

ပိုင်ချူးရဂ် သတိကြီးစွာထားကာ ရှေ့ဘက်ရှိ သစ်ပင်မျ
ကို မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။ သချိုင်းမြေတ
မြေပုံများအပြင် ချုံပုတ်များ၊ သစ်ပင်များ၊ မြက်ပင်မျ
ထူထပ်စွာ ပေါက်ရောက်နေပါသည်။

ပိုင်ချူးရဂ်က ရန်သူထွက်မလာလျှင် သူကရန်သူအားလိုက်
ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ ရှေ့သို့ခြေလှမ်းရန် ဟန်ပြင်
စဉ်မှာပင် အနောက်ဘက်မှ လေထုကိုထိုးခွဲကာ တစုံတခုပစ်လ
လာသည်ကို ခံစားသိရှိလိုက်သည်။ ထို့ကြောင့် ရှေ့သို့ငုံ့က
ခန္ဓာကိုယ်ကို ပုချလိုက်သည်။

‘ဗွိ’

ထက်မြက်လွန်းလှသော ဓားတိုတချောင်းသည် ပိုင်ချူးရ
ဦးခေါင်းပေါ်မှ ဖြတ်ကျော်ကာ အရှေ့ဘက်ရှိ သစ်ပင်တ
တွင် စိုက်ဝင်သွားလေသည်။ ပိုင်ချူးရဂ် အနောက်ဘက်
ချာကနဲလှည့်လိုက်သည်။

အနောက်ဘက်တွင်လည်း ရန်သူတယောက် ရှိနေပြီလော
သို့တည်းမဟုတ် အရှေ့ဘက်မှရန်သူက အသံလုံလုံဖြင့် သူ
အနောက်ဘက်သို့ ရောက်အောင်သွားပြီး တိုက်ခိုက်ခဲ့ခြင်း
လော။



ပိုင်ချူးရဂ်မျက်မှောင်ကုပ်သွားကာ အပြေးအလွှားစဉ်းစား
ကြည့်လိုက်သည်။ ရန်သူနှစ်ယောက် မဖြစ်နိုင်ဟု တွေးမိလေ
သည်။ အကြောင်းမှာ ပစ်လွှင့်လာသော ဓားများသည် တပုံစံ
တည်း ဖြစ်နေသည်။

ပုံသဏ္ဍာန်အရွယ်အစားတူညီသောဓားများကို လူတယောက်
တည်းကသာ ကိုင်ဆောင်ပေလိမ့်မည်။ ပိုင်ချူးရဲ စိတ်ခေတ်ကို
စုစည်းထားလိုက်ပြီး

‘ဘယ်သူလဲကွ၊ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်နေတာ သတ္တိရှိ
ယင် ထွက်လာခဲ့စမ်း’

သူ၏ အသံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တုံ့ပြန်သံ
မကြားရပဲ စူးရှထက်မြက်သော ဓားတိုတလက်သာ သူ၏ဝဲဘက်မှ
လှစ်ကနဲပစ်လွှင့်လာလေသည်။ ပိုင်ချူးရဂ်မှာ သတိထားနေပြီ
ဖြစ်ရာ ချက်ချင်း ခန္ဓာကိုယ်နံဘေးသို့တိမ်း၍လွတ်အောင်ရှောင်
ပေးနိုင်ခဲ့လေသည်။

ပိုင်ချူးရဂ်၏ရင်ထဲတွင် ဖော်မပြနိုင်သော ခံစားချက်များ
ဖြစ်ပေါ်လာသည်။ ရန်သူက တိတ်ဆိတ်စွာ ချောင်းမြောင်းကာ
ဓားဖြင့်တိုက်ခိုက်နေခြင်းသည် သူ့အတွက် အန္တရာယ်ရှိလှပေ
သည်။

တချိန်မဟုတ်တချိန် ရန်သူ၏ဓား ထိမှန်နိုင်သည် မဟုတ်ပါ
လား။ ထို့အပြင် ဓားတိုများက အရပ်လေးမျက်နှာမှ ပစ်လွှင့်
လာနေသောကြောင့် ရန်သူ မည်သည့်နေရာတွင် ရှိနေသည်ကို
မသိရချေ။ ရန်သူအား ရှာမတွေ့သည်မှာ အဆိုးဆုံး ဖြစ်လေ
သည်။

'ဝှီး'

လေတိုးသံသွက်ပေါ်လာပြီးနောက် ယာဘက်မှ ခါးတို တချောင်းပစ်လွှင့်လာပြန်သည်။ ယခုအကြိမ် ပိုင်ချူးရီ ရှောင်တိမ်ခြင်းမရှိတော့ချေ။ ခါးတိုမှာ သူ့ထံသို့တည့်တည့်မတ်မတ် ပစ်လွှင့်လာပါသည်။

သူက ခါးတို လာရာဘက်သို့ ခုန်ထွက်သွားသောကြောင့် ခါးတိုနှင့်ရင်ဆိုင်လိုက်သလို ဖြစ်နေသည်။

ပိုင်ချူးရီက မြေပေါ်ခြေဆောင့်ကာ လေထဲဘပတ်ကျွမ်းပစ်ကာ ခပ်သွက်သွက် ဖမ်းယူ လိုက်လေသည်။ တဆက်တည်း ပစ်လွှင့်လာရာဘက်ဆီသို့ ပြန်လည် ပစ်ပေါက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်စီးလက်သည့်ပမာ လျင်မြန်လှပေသည်။ ခါးတိုပြန်လည် ပစ်လွှင့်လိုက်သည်နှင့် ချုံဖုတ်တခု အကြားမှ လူရိပ်တခု လှစ်ကနဲပြေးထွက်သွားသည်ကို တွေ့ရလေသည်။

'မပြေးနဲ့'

ပိုင်ချူးရီက ကျယ်လောင်စွာ အော်ငေါက်ယင်း နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွား၏။ ချုံဖုတ် နောက်ကွယ်မှ ထွက်ပြေးသွားသူမှာ ပိုင်ချူးရီ လိုက်လာသည်ကို တွေ့ရလျှင် ပြေးလွတ်မည် မဟုတ်ကြောင်းသိ၍ ခြေလှမ်းရပ်ကာ နောက်လှည့် ရင်ဆိုင်လိုက်လေသည်။

ယခု ပိုင်ချူးရီသည်ရန်သူကို တွေ့မြင်လိုက်ရပြီဖြစ်ပါသည်။

* ● *



ရန်သူက ငြိမ်သက်စွာ ရပ်နေသည်။ ဖုံးရှုထောက်ပခံသော မျက်လုံးအစုံက ပိုင်ချူးရီကို မမှိတ်မသုန် စိုက်ကြည့်နေသည်။ ထိုလူကိုတွေ့ရလျှင် ပိုင်ချူးရီ ပါးစပ်ဟောင်းလောင်းဖြစ်သွားလေသည်။

ရန်သူမှာမိန်းကလေးတယောက်ဖြစ်နေသည်မဟုတ်ပါလား။ တကိုယ်လုံး ငွေရောင်အဝတ်အစားများ ဝတ်ဆင်ထား၍ ခါးတွင် ခါးတိုဘလေးများ ချိတ်ထားသေးသည်။ ခါးတိုငါးစင်း ချိတ်ထားရာ တချောင်းလျော့နေသည်ကို တွေ့ရသည်။

ပိုင်ချူးရီ မျက်မှောင်ကုပ်သွားသည်။

မိန်းကလေးမှာ ခါးငါးချောင်းရှိသည့်အနက် လေးချောင်းရှိနေသေးရာ တချောင်းသာ အသုံးပြုခဲ့သည်။ ပိုင်ချူးရီအား ပစ်ပေါက်ခဲ့သော ခါးတိုမှာ လေးချောင်းတိတိ ရှိပါသည်။

မိန်းကလေးက ခါးတချောင်းထဲသာ သုံးခဲ့သေးလျှင် ကျန်သည့် ခါးသုံးချောင်းမှာ မည်သည့်နေရာမှ ရောက်ရှိလာပါသနည်း။ နောက်ထပ် ရန်သူများရှိလိမ့်မည်ဟု ပိုင်ချူးရီ တွက်ဆမိလေသည်။

ပိုင်ချူးရီက မိန်းကလေးကို ကြည့်ကာ

'မင်း ဘယ်သူလဲ'

မိန်းကလေးက နှာခေါင်းရှုံ့ယင်း

'ရှင့်ကိုရှင် သိုင်းလောကမှာ ကျော်ကြားနေတယ် ဆိုပြီး ဘာမှအသုံးမကျပါလား၊ ကျွန်မကိုမြင်ရတာတောင် ဘယ်သူမှန်း မသိဘူးလား'

ပိုင်ချူးရီ မျက်မှောင်ကုပ်သွားသည်။ သူသည် သိုင်းလောကတွင် ကျော်ကြားသော သိုင်းသမား အတော်များများကို သိထားသော်လည်း မိန်းကလေးကို မသိသည်က အမှန်ပင်ဖြစ်ချေသည်။

ပိုင်ချူးရီ သက်ပြင်းချကာ....

'ကျုပ် မင်းကို တကယ်မသိပါဘူး'

မိန်းကလေးက သရော်ပြုံးပြုံးလျက်

'ကောင်းပြီ မသိယင် သေသေချာချာ မှတ်ထား ကျွန်မနာမည် 'မြွေဖြူ' လို့ ခေါ်ပါတယ်'

ထိုစကားကြားရလျှင် ပိုင်ချူးရီမျက်လုံးပြူးကျယ်သွားလေသည်။ မိန်းကလေးကို မယုံကြည်နိုင်စွာကြည့်ယင်း...

'အဆိပ်မြွေလေးဖော်ထဲကမြွေဖြူဆိုတာ မင်း ဟုတ်လား'

'ဟုတ်တယ်'

ပိုင်ချူးရီ ရင်လေးသွားမိလေသည်။ အဆိပ်မြွေလေးဖော်သည် ကြောက်စရာကောင်းသော ကြေးစားလူသတ်သမားများဖြစ်ကြသည်ဟု ကြားဖူးခဲ့လေသည်။ အဆိပ်မြွေ လေးဖော်၏ လက်ချက်ဖြင့် သေဆုံးသွားကြသောလူပေါင်း မနည်းတော့ချေ။

သူတို့သည် တရားမျှတမှုနှင့် ဥပဒေကို မျက်ကွယ်ပြုကာ သိုင်းပညာအားကိုးဖြင့် စိတ်ထင်တိုင်းကျဲနေသူများပေတကား။ ပိုင်ချူးရီ ဆုံးဖြတ်ချက်တခုကိုချလိုက်သည်။ အဆိပ်မြွေလေးဖော်သည် ကြောက်မက်ဖွယ် ကြေးစားများ ဖြစ်သောကြောင့် မိန်းကလေးများဖြစ်လင့်ကစား သူကညှာတာထောက်ထားမနေနိုင်ပါချေ။



ရန်သူကိုပြတ်ပြတ်သားသားသုတ်သင်ရှင်းလင်းရမည်မဟုတ်ပါလား။

ပိုင်ချူးရီက မြွေဖြူကိုကြည့်ကာ

'မင်းဘာ့ကြောင့် ငါ့ကိုသတ်ချင်ရတာလဲ'

'ငွေကြောင့်ပေါ့'

'မင်းတို့က ငွေရယင်ဘယ်သူ့ကိုမဆို သတ်မယ် ဟုတ်လား'

'ဟုတ်တယ်'

'ငွေရယင်ကော ဘာမဆိုလုပ်တာပေါ့'

'ဟုတ်တယ်'

'ကောင်းပြီ ကျုပ်ကငွေပေးမယ်၊ မင်းတို့ကိုဘယ်သူခိုင်းသလဲပြောပါ'

မြွေဖြူခေါင်းခါယမ်းလိုက်လေသည်။

'ဒါတော့ ပြောလို့မဖြစ်ဘူး'

'ဘာဖြစ်လို့'

'ကျွန်မကို ဘယ်သူဘယ်ဝါ ခိုင်းတယ်ဆိုတာ ဘယ်တော့မှ ထုတ်ဖော်မပြောပါဘူးလို့ ကတိခံထားတယ်ရှင့်'

ပိုင်ချူးရီ ပြုံးလိုက်ပြီး

'ကောင်းပြီ၊ ကျုပ်ကိုသတ်ပေးယင်မင်းတို့ငွေဘယ်လောက်ရမလဲ'

မြွေဖြူက လက်တချောင်း ထောင်ပြလိုက်လေသည်။

'တထောင်လား'

'မဟုတ်ဘူး'

ပိုင်ချူးရီ မျက်မှောင်ကုပ်သွားပြီး

'ဒါဆို တသောင်းပေါ့'

မြေဖြူ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဒါဖြင့် တသိန်းပေါ့'

ထိုအခါ မြေဖြူခေါင်းညိတ်လိုက်လေသည်။

ပိုင်ချူးရီ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ခဏကြာလျှင် သဘောကျစွာဖြင့် ဟားတိုက်ရယ်မောလိုက်တော့၏။ မြေဖြူမျက်မှောင်ကုပ်ကာ....

'ရှင် ဘာလုပ်တာလဲ'

ပိုင်ချူးရီက အတန်ကြာရယ်မောပြီးမှ ရပ်တန့်ကာ....

'ဩော်— ကျုပ်အသက်ဟာ ဒီလောက်တန်ဖိုးရှိနေမှန်းမသိလို့ပါဗျာ၊ ဘယ်သူကများ အရူးထပြီး ကျုပ်ကိုငွေတသိန်းပေးဝယ်တာလဲ'

မြေဖြူနှာခေါင်းရှုံ့လိုက်ပြီး—

'ဘယ်သူပဲဖြစ်ဖြစ် ငွေတသိန်းပေးယင် ကျွန်မတို့က ရှင့်ကိုသတ်မှာပဲ'

ပိုင်ချူးရီ အနည်းငယ် စဉ်းစားလိုက်ပြီး

'ကျုပ်တခု ပြောချင်တယ်'

'ပြောပါ'

'ကျုပ်က ငွေနှစ်သိန်းပေးမယ်ဆိုယင် ကျုပ်ကိုသတ်ခိုင်းတဲ့လူကို မင်းတို့ပြန်သတ်ပေးမလား'

ယခုတကြိမ် ပါးစပ်ဟောင်းလောင်းဖြစ်သွားရသူမှာမြေဖြူ ဖြစ်လေသည်။



ပိုင်ချူးရီကိုငေးကြည့်ကာ စကားမပြောနိုင်ပဲ ဖြစ်နေ၏။ ပိုင်ချူးရီက ပြုံးပြုံးဇေ့ဇေ့ဖြင့်

'ဘယ်လိုလဲ ကျုပ်ပြောတာ သဘောတူပြီလား'

မြေဖြူက အတန်ကြာ တွေဝေပြီးမှ ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ'

'ရှင့်မှာ ပေးစရာငွေနှစ်သိန်းရှိလို့လား'

'ရှိတာပေါ့'

'ကျွန်မ မယုံဘူး'

ပိုင်ချူးရီက တည်ကြည်သော မျက်နှာထားဖြင့်....

'ဒါဖြင့် ဒီလိုလုပ်ပါ ကျုပ်ကို ဘယ်သူ သတ်ခိုင်းသလဲ ပြောပြ၊ ကျုပ်ကလည်း ကျင်းလိမ်မြို့ကို ပြန်ပြီး ငွေတသိန်းယူပေးလိုက်မယ်'

မြေဖြူ ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး ကျွန်မတို့က အလုပ်တခုလက်ခံပြီးယင် ကိစ္စ ပြီးပြတ်အောင် လုပ်ပြီးမှ နောက်ထပ် အလုပ်တခုကို လက်ခံနိုင်မယ်၊ ရှင် ဒီလိုလုပ်ပါလား'

'ဘယ်လိုလုပ်ရမှာလဲ'

'ကျွန်မတို့ ရှင့်ကိုသတ်မယ်၊ ရှင်သေသွားပြီးတဲ့နောက် ရှင့်ကိုသတ်ခိုင်းတဲ့လူကို ပြန်သတ်ပေးမယ်၊ ရှင်မသေခင် အခကြေးငွေတော့ ပေးခဲ့ပေါ့'

ပိုင်ချူးရီ ရယ်မောလိုက်သည်။

F 9

'ခင်ဗျား အကြံ ဘော်တော်ကောင်းပါလား၊ ဒါဆိုယင် ကျုပ်က အကောင်းဆုံး အကြံပေးချင်တယ်'

'ပြောပါ'

'မင်းကိုမင်း သတ်သေလိုက်ယင် ကျုပ် ငွေသုံးသိန်း ပေးမယ်'

ထိုစကားကြားရလျှင် မြွေဖြူ ဒေါသခြောင်းခြောင်းထွက်သွားလေသည်။ အမှန်ဘော့ ပိုင်ချူးရှိက မြွေဖြူအား တမင်အချိန်ဆွဲထားခြင်း ဖြစ်သည်။ မြွေဖြူအပြင် အခြား အပေါင်းသုံးယောက်ရှိနေဦးမည်ဖြစ်ကြောင်း သူသိလေသည်။

ထိုလူများ မည်သည့် နေရာတွင် ရှိနေမှန်း မသိချေ။ ထို့ကြောင့် မြွေဖြူကိုအချိန်ဆွဲထားခြင်းဖြင့် အကဲခတ်ကြည့်လိုက်သည်။ တခါတရံ မြွေဖြူ၏မျက်လုံးများသည်သူ၏အပေါင်းများ ပုန်းအောင်းရာဘက်သို့ ရောက်သွားတတ်သည် မဟုတ်ပါလား။

ယခု မြွေဖြူ၏အပေါင်းသုံးယောက် မည်သည့်နေရာတွင် ပုန်းအောင်းနိုင်သည်ကို ပိုင်ချူးရှိ အကဲခတ်မိပြီ ဖြစ်လေသည်။ မြွေဖြူအံတင်းတင်း ကြိတ်ကာ ..

'ကျွန်မစိတ်ပြောင်းသွားပြီ၊ ငွေများများမလိုချင်တော့ဘူး'

ပိုင်ချူးရှိက ပြုံးကာ ...

'ဒါဖြင့် ကျုပ်ကိုမသတ်ပဲ သွားတော့မယ်ဆိုပါတော့'

'မဟုတ်ဘူး ရှင်သေမှ သွားမယ်'

ပြောပြီးလျှင် ဓားတိုများ လျှပ်တပြက် ဆွဲထုတ်လိုက်ကာ ပိုင်ချူးရှိအား ပစ်ပေါက်လိုက်လေသည်။ ဓားတိုလေးချောင်းသည် ဇယ်စက်သလို ပိုင်ချူးရှိထံ ပစ်လွှင့်လာသည်။



ပိုင်ချူးရှိမှာ မိုးကြိုးဓားကို အသင့်ဆုပ်ကိုင်ထားပြီးဖြစ်ရာ စက်ဝိုင်းပုံတချက် ဝှေ့ယမ်းခုခံလိုက်လျှင် ...

'ခြွမ်း.... ခြွမ်း ခြွမ်း ... ခြွမ်း'

ဓားတိုလေးများသည် မိုးကြိုးဓား၏ ရိုက်ထုတ်မှုကြောင့် နေရာအသီးသီးသို့ ပြန်လည် ပစ်လွှင့်သွား၏။ ထိုသို့ ပစ်လွှင့်ရာတွင် မြွေဖြူ၏အပေါင်းများ ပုန်းအောင်းရာ နေရာဆီသို့ ဦးတည်ပစ်လွှင့်သွားခြင်း ဖြစ်လေသည်။

ထိုအခါ ပုန်းအောင်းနေကြသူများမနေနိုင်ကြတော့ပဲ ဓားတိုကိုရှောင်ယင်း ခုန်ထွက်လာကြလေတော့သည်။ ယခု ပိုင်ချူးရှိမှာ နောက်ထပ် ရန်သူသုံးယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

မကြာသေးမီက သန့်ရှင်းမြေမှာ တိတ်ဆိတ် ခြောက်သွေ့နေသည်။ ယခုမူ လူသူအများဖြင့် စည်စည်ကားကား ဖြစ်လာလေသည်။ ပိုင်ချုံးရိကို မိန်းကလေး လေးယောက်က ဝိုင်းရံထားသည်။ ထိုမိန်းကလေးများမှာ အသက်နှစ်ဆယ်ကျော်ခန့် ပင်ရှိပါဦးမည်။

လေးယောက်စလုံး ချောမောလှပသော ရုပ်ရည်ရှိ၏။ သို့သော် ကြောက်မက်ဖွယ် ကောင်းသူများ ဖြစ်ကြလေသည်။ တယောက်က အနက်ရောင် ဝတ်ဆင်ထားပြီး တယောက်က အနီရောင် ဝတ်ဆင်ထားသည်။ ကျန် တယောက်မှာ အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူတို့ခါးတွင် ခါးပတ်ပြားကြီးတခု ပတ်ထားပြီး ပေါက်ဓားများ ထိုးထားသည်ကို တွေ့ရသည်။ ပိုင်ချုံးရိက မိန်းကလေးများကို တချက်ဝေ့ကြည့်လိုက်ပြီး....

'ကျုပ်တသက်တာမှာ မိန်းကလေးတွေကို တခါမှမသတ်ဖူးဘူး၊ ဒီကနေ့တော့ ပထမဆုံးအကြိမ်ဖြစ်မယ်ထင်တယ်၊ မင်းတို့ဟာ လူ့လောကမှာရှိနေယင် လူအများကို ဒုက္ခပေးကြမယ့် လူတွေမဟုတ်လား'

မြေဖြူ မဲ့ပြုံး ပြုံးလိုက်ကာ....

'ရှင်က ကျွန်မတို့လေးယောက်ကို အနိုင်ရမယ်ထင်သလား'

ပိုင်ချုံးရိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဟွန်း....ဝေးပါသေးတယ်၊ ရှင့်အသက်မသေအောင် သတိထား'



အမှတ်(၁၃၈)

ပြောပြီး လက်ဝှေ့ယမ်းပြလိုက်လေသည်။ ထိုအခါ မိန်းကလေးသုံးယောက်က ပိုင်ချုံးရိကို တဟုန်ထိုး ဝင်၍ တိုက်ခိုက်လိုက်ကြသည်။ မိန်းကလေး လေးယောက် အနက် မြေဖြူဆိုသော မိန်းကလေးမှာ ခေါင်းဆောင်ဖြစ်လေသည်။

ကျန်မိန်းကလေးများမှာ မြေစိမ်း၊မြေနီနှင့် မြေနက်တို့ဖြစ်ကြ၏။ သူတို့သည် ဓားတိုဖြင့်ပစ်ပေါက်တိုက်ခိုက်ရာတွင်လည်း ကျွမ်းကျင်သည်သာမက အဆိပ်လူးထားသော သုံးပေခန့် ဓားကိုယ်စီ ကိုင်ဆောင်တိုက်ခိုက်ရာတွင်လည်း ထူးချွန်သည်။

မိန်းကလေး လေးယောက်၏ဓားများတွင် အဆိပ်လူးထားသည်ကို သတိပြုမိလျှင် ပိုင်ချုံးရိလည်း မပေါ့ဆဝံ့တော့ပဲ သတိကြီးစွာထားကာ ပြန်လည် တိုက်ခိုက်လိုက်ရလေတော့သည်။

* * *

နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးသွားတော့မည် ဖြစ်ပေသည်။

အလင်းရောင် တဖြည်းအားနည်းသွားသည်။ သချိုင်းမြေတွင် သစ်ပင်များ ချုံနွယ်ပိတ်ပေါင်းများထူထပ်စွာ ဖုံးလွှမ်းနေသောကြောင့် ပို၍အမှောင် မြန်လာသည်ထင်ရသည်။

သချိုင်းမြေ မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ပြင်းထန်သော တိုက်ပွဲတခုဖြစ်ပွားနေသည်ကို တွေ့မြင်ရပေသည်။ ပိုင်ချူးရီနှင့် အဆိပ်မြွေလေးဖော်တို့ ပြင်းထန်စွာတိုက်ခိုက်နေကြခြင်းဖြစ်သည်။

အမှန်တော့ အဆိပ်မြွေလေးဖော်မှာ သူ၏ ပြိုင်ဘက်မဟုတ်ကြောင်း ပိုင်ချူးရီနားလည်ထားလေသည်။ သူသာ ဒဏ်ရာရရှိထားခြင်းမရှိလျှင် အဆိပ်မြွေလေးဖော်ကို သိုင်းကွက် ၁၀၀ ဒဏ်တွင်း နိုင်နိုင်လိမ့်မည်ဟု ယုံကြည်ထား၏။

ယခု တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေပြီး သိုင်းကွက် ၁၀၀ ကျော်လာသည်အထိ မည်သူမျှအသာစီးမရကြသေးချေ။ တိုက်ခိုက်ယင်း ပိုင်ချူးရီ၏ဒဏ်ရာမှ သွေးများ စိမ့်ထွက်လာသည်။

ခွန်အားစိုက်ကာ တိုက်ခိုက်နေရသောကြောင့် အနည်းငယ် မောပန်းလာသည်ဟုလည်း ထင်မိလေသည်။ ပိုင်ချူးရီ အနည်းငယ် ခြေကုန်လက်ပန်းကျလာလျှင် မြွေဖြူက....

'သူ့မှာ ဒဏ်ရာရထားတယ်၊ သူ့ကိုဖိပြီးတိုက်ကြ'

သူမ၏အသံကြောင့် ကျန်အဖော်များ အားတက်လာပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်လာကြလေသည်။ ပိုင်ချူးရီမှာ နောက်ဘက်သို့ တဖြည်းဖြည်းချင်းဆုတ်သွားရ၏။ ဆုတ်ယင်း



ဆုတ်ယင်း ကျူးကျန့်ရှန်း၏ မြေပုံအနီးသို့ပင် ရောက်ရှိသွားလေသည်။

ထိုအခါ မြေပုံ၏အထိမ်းအမှတ် ကျောက်ပြားတွင် စိုက်ဝင်နေသော ဓားတိုကို အမှတ်မထင်သတိပြုမိသည်။ ပိုင်ချူးရီက အနီးသို့ရောက်အောင်ဆုတ်သွားပြီး ရုတ်တရက် နံဘေးသို့ရှောင်ထွက်လိုက်၏။

သူ၏လက်တွင် ကိုင်ဆောင်ထားသော မိုးကြိုးဓားဖြင့် ကျောက်ပြားတွင်စိုက်ဝင်နေသော ဓားတိုကိုရိုက်ထုတ်ပစ်လိုက်လေသည်။

'ခြွင်'

သံသံချင်းထိမိသော အသံတချက် ထွက်ပေါ်လာပြီးလျှင် ကျောက်ပြားပေါ်မှဓားမှာ မီးပွားများပင် လွင့်စဉ်ထွက်လာသည်။ တဖန်အရှိန်ဖြင့် ပစ်လွင့်သွားပြန်၏။ ဓားရိုက်ထုတ်ခြင်း၊ အသံမြည်ခြင်း၊ ပစ်လွင့်ခြင်းမှာ တခဏတာအတွင်း ဖြစ်ပေါ်လာပြီးလျှင်....

မသဲမကွဲမြည်သံတချက် ထွက်ပေါ်လာပြီး မြွေနီမှာနောက်သို့ ဆုတ်သွား၏။ သူမ၏ခန္ဓာကိုယ်ထိန်းမရပဲ ယိမ်းယိုင်နေပါသည်။ လက်ထဲမှဓားလည်း မြဲမြံစွာဆုပ်ကိုင်ထားနိုင်ခြင်း မရှိပဲ မြေပေါ်လွတ်ကျသွားသည်။ သူမအား မြွေဖြူ၊ မြွေနက်၊ မြွေစိမ်းတို့က ကြောင်အမ်းအမ်းမြင့် လှမ်းကြည့်လိုက်ကြသည်။

မြွေနီ၏ရင်ဝတွင် ပစ်လွင့်လာသော ဓားတိုစိုက်ဝင်နေသည်တကား။ ယင်းဓားတွင် အဆိပ်များ သုတ်လိမ်းထားပါသည်။ မြွေဖြူ မျက်နှာကွက်ကနဲပျက်သွားသည်။

ထိုစဉ် မြွေနီမှာ သွေးမည်းများ ဝေါကနဲ ထိုးအန်လိုက်ပြီး မြေပေါ်သို့လဲကျသွားသည်။

မြွေလေးဖော်အနက် မြွေနီမှာ ပိုင်ချူးရီလက်ချက်ဖြင့် သေဆုံးသွားရပြီ ဖြစ်လေသည်။

* * *



မြွေဖြူ၏မျက်နှာ ရဲရဲနီနေသည်။ သူတို့လေးယောက်သည် အတူလက်တွဲ၍ တိုက်ပွဲဆင်နွှဲခဲ့သည်မှာ အကြိမ်ပေါင်းမနည်းလှချေ။ တိုက်ပွဲတိုင်းလည်း အနိုင်ရရှိခဲ့သည်။ယခုမူ မြွေနီ တယောက်လျော့သွားပြီမဟုတ်ပါလား။ မြွေဖြူက ဒေါသကြီးစွာဖြင့် ...

'သူ့ကို မလွှတ်စေနဲ့'

ပြောပြီးရှေ့သို့ ခုန်တိုးကာတိုက်ခိုက်လိုက်၏။ မြွေစိမ်းနှင့် မြွေနက်တို့ကလည်း ပြင်းထန်စွာ တိုက်ခိုက်လာကြလေသည်။ သို့သော် သူတို့လေးယောက်ရှိသည့်အနက် တယောက်လျော့သွားသောကြောင့် တိုက်စစ်အားပျော့သွားသည်ဟု ထင်မှတ်နေရသည်။

ပိုင်ချူးရီက သူတို့ထက်ပို၍ အတွေ့အကြုံရင့်ကျက်နေသည်။ ဓားပညာလည်း ပို၍ထက်မြက်နေပေသည်။ သူက မြွေဖြူတို့၏ဟာကွက်ကိုတွေ့လျှင် အဆိပ်ဓားများကိုမမှုပဲ လျပ်တပြက် ရှေ့တိုးဝင်ကာ တိုက်ခိုက်လိုက်သည်။သူ၏ဓားသည် လျပ်ပြက်သကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းသကဲ့သို့ မိုးကြိုးပစ်ချလိုက်သကဲ့သို့ ပြင်းပြင်းထန်ထန်အန္တရာယ်ပြုတော့၏။

ပိုင်ချူးရီက အမှန်တကယ် ပညာအစစ်အမှန်ထုတ်ဖော်ကာ တိုက်ခိုက်လာလျှင် မြွေဖြူတို့မခံနိုင်တော့ချေ။

'အား....'

စူးရှသောအော်ဟစ်သံတချက် ထွက်ပေါ်လာပြီး၊ မြွေနက်နောက်ဆုတ်သွား၏။

သူမ၏ဝမ်းဗိုက်တွင် ခြောက်လက်မခန့် ဓားဒဏ်ရာတချက် ထွက်ပေါ်လာလေသည်။ မြနန်ကက ပိုင်ချူးရီအား မယုံကြည်နိုင်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

ထို့နောက် ဒူးများကွေးညွတ်ကာ မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသေဆုံးသွားလေတော့သည်။

* * *



မြနီနှင့်မြနန်ကတို့ သေဆုံးသွားကြပြီ ဖြစ်သည်။ မြဖြူနှင့် မြစိမ်းတို့မှာ ပိုင်ချူးရီကို ဆက်လက်တိုက်ခိုက်ဝံ့ကြခြင်း မရှိတော့ပေ။ တိုက်ခိုက်မှုကို ရုပ်သိမ်းယင်း အနောက်သို့ လျင်မြန်စွာ ခုန်ဆုတ်သွားကြလေသည်။ သို့သော် ပိုင်ချူးရီက အလွတ်မပေးပဲ....

'မင်းတို့ဘယ်ပြေးမလဲ'

ကျယ်လောင်စွာအော်ငေါက်၍ နောက်မှလိုက်လံတိုက်ခိုက်သည်။ ပိုင်ချူးရီ၏ ဓားရိပ်များက ပတ်ဝန်းကျင်တွင် လွှမ်းမိုးနေလေရာ၊ မြဖြူနှင့်မြစိမ်းတို့မှာ ပိုင်ချူးရီကိုတိုက်ခိုက်ရန်ထက် ပိုင်ချူးရီ၏တိုက်ခိုက်မှုကို အသေအလဲ ခုခံနေရလေသည်။

ပိုင်ချူးရီက တခဏအကြာမှ ဖိ၍တိုက်ခိုက်ပြီးလျှင် မြဖြူနှင့် မြစိမ်းတို့အား အနိုင်ရတော့မည်ဖြစ်ကြောင်း သိလိုက်၏။ မြဖြူနှင့်မြစိမ်းတို့မှာလည်း မကြာမီ ရှုံးနိမ့်ကာ သေဆုံးရတော့မည်ဖြစ်ကြောင်း သိလာကြရလေသည်။

သူတို့၏မျက်နှာတွင် နောင်တရခြင်း၊ ကြောက်ရွံ့ခြင်းစသည့် အရိပ်အရောင်များ ထွက်ပေါ်လာ၏။ ထိုစဉ်မှာပင် မမျှော်လင့်သော အပြောင်းအလဲတရပ် ဖြစ်ပေါ်လာ၏။

အကြောင်းမှာ ပိုင်ချူးရီက သူ၏တိုက်ခိုက်မှုကို ရုပ်သိမ်းကာ နောက်သို့ခုန်ဆုတ်သွားခြင်း ဖြစ်လေသည်။ မြဖြူနှင့်မြစိမ်းတို့ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။ ပိုင်ချူးရီက သူတို့နှစ်ယောက်အား ပြုံးပြလိုက်ပြီး....

'ကျုပ် ရှေ့ဆက်တိုက်ခိုက်မယ်ဆိုယင် မင်းတို့နှစ်ယောက်စလုံး သေသွားမယ်ဆိုတာ သိတယ်မဟုတ်လား'

မြေဖြူ ပါးစပ်ပိတ်ထားလိုက်လေသည်။
မြေစိမ်းကမူ ခေါင်းညိတ်ကာ...
'ဟုတ်ပါတယ်'
ပိုင်ချုံးရ၏ သက်ပြင်းချယင်း
'ကျုပ် မင်းတို့ကိုမသတ်ချင်ဘူး'
မြေစိမ်းမျက်မှောင်ကြုတ်ကာ
'ရှင်က ကျွန်မတို့အသက်ကို ချမ်းသာပေးမယ်ဆိုပါတော့'
'ဟုတ်တယ်'
'ဘာလဲ ကျွန်မတို့ကို ဘယ်သူခိုင်းတယ်ဆိုတာ ရှင်မေးမလို့ မဟုတ်လား'
'ဟုယ်တယ်'
မြေစိမ်း ခေါင်းခါယမ်းလိုက်သည်။
'ကျွန်မတို့ကို သတ်လိုက်ပါရှင်'
ပိုင်ချုံးရ၏ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ မြေစိမ်းကို နားမလည်နိုင်စွာကြည့်ကာ....
'ဘာဖြစ်လို့လဲ၊ မင်းမပြောရဲဘူးလား'
'ဟုတ်တယ်၊ ဒီလူဟာ အင်မတန် ကြောက်စရာကောင်းတယ်၊ ကျွန်မတို့လဲ သူ့လက်ကလွတ်အောင် မပြေးနိုင်ပါဘူး၊ ရှင်လဲ သူ့ကိုအ မတုနိုင်ဘူး၊ မကြာခင်ရှင်သေရမှာပဲ'
ပိုင်ချုံးရ၏ အံကြိတ်လိုက်ပြီး
'ဘယ်လိုလူစားမျိုးဖြစ်ပါစေ ကျုပ်မကြောက်ဘူး။ ဘယ်သူလဲဆိုတာသာ ပြောပြပါ၊ မင်းတို့အသက် ချမ်းသာပေးလိုက်ပါမယ်'



မြေစိမ်း သက်ပြင်းချလိုက်ယင်း

'မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မပြောယင်လဲ အသတ်ခံရမှာပဲ၊ မပြောယင်လဲ အသတ်ခံရမှာပဲ၊ ဒါပေမယ့် ရှင့်ကိုကြာကြာ အချိန်ဆွဲထားနိုင်ယင်တော့ ကျွန်မတို့အသက်ချမ်းသာရာရမယ်'

'ဘာလဲ နောက်ထပ်လူတွေ လွှတ်လိုက်အုံးမယ်ဆိုတဲ့သဘောလား'

'ဟုတ်တယ်၊ ကျွန်မတို့ကရှင့်ကို နိုင်ဖို့မလွယ်ဘူးထင်ယင် သူက ကျွန်မတို့ထက်တော်တဲ့လူကို လွှတ်မှာပဲ၊ သူရောက်လာယင် ရှင်ဟာ သေလူဖြစ်ပြီပေါ့၊ ကဲ အချိန်ရှိတုန်း ကျွန်မတို့ကို မြန်မြန်သတ်ပေတော့၊ နို့မဟုတ်ပဲ အကူထပ်ရောက်လာယင် ရှင်ဟာ သေလူဖြစ်သွားလိမ့်မယ်'

မြေစိမ်း၏စကား ကြားရသောအခါ၊ ပိုင်ချုံးရီတွေဝေသွားလေသည်။

မြေစိမ်းသည် အမှန်အတိုင်းပြောဆိုနေကြောင်း သူသဘောပေါက်လိုက်သည်။ မြေစိမ်းစကားပြောနေစဉ် မြေဖြူမျက်နှာပျက်နေသည်ကိုလည်း သတိပြုမိသည်။ နောက်ထပ်လွှတ်လိုက်သည့်လူများ မည်သူဖြစ်ပါသနည်း။

ကျုံးကျွန့်ရှန်းသည် အလွန်ရှုပ်ထွေးသောကိစ္စတခုနှင့် ဝင်ငြိပတ်သက်မိပြီဟု သူသဘောပေါက်လာလေသည်။

မြေစိမ်းက....

'ဘယ်လိုလဲ ရှင်ကျွန်မတို့ကို မသတ်သေးဘူးလား'

ပိုင်ချူးရီ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မသတ်ဘူး၊ မင်းတို့နှစ်ယောက် ဒီကအမြန်ဆုံးထွက် သွားကြပေတော့၊ ဝေးနိုင်သမျှဝေးအောင်သွားကြပါ

မြေ့စိမ်း မယုံကြည်နိုင်ဟန်ဖြင့်-

'ရှင် တကယ်ပြောတာလား'

'တကယ်ပါ'

ပိုင်ချူးရီမျက်နှာ တည်ကြည်လေးနက်နေပါသည်။ မြေ့စိမ်းက မြေ့ဖြူကိုလှည့်ကြည့်လိုက်ပြီး....

'မမ ဘယ်လိုသဘောရသလဲ'

မြေ့ဖြူက သူမ၏အမေးကို အဖြေမပေးပါချေ။ ပိုင်ချူးရီဘက်သို့ လှည့်လိုက်ပြီး....

'ကျွန်မတို့ပြန်သွားယင် ရှင်သတ်စရာမလိုပဲ ဟိုက ဆီးကြိုသတ်ပစ်မယ်ဆိုတာသိလို့ ရှင်တမင် မောင်းထုတ်တာ မဟုတ်လား'

ပိုင်ချူးရီက မဲ့ပြုံးပြုံးကာ—

'မင်းတို့ကို ဘယ်သူက ခိုင်းတဲ့လူဆီပြန်သွားရမယ်ပြောသလဲ မင်းတို့သွားချင်တဲ့နေရာသွားကြပေါ့'

'ရှင် တကယ်လွှတ်မှာနော်'

'တကယ်ပါ'

မြေ့ဖြူနှင့်မြေ့စိမ်းတို့မှာ ဆက်လက် တိုက်ခိုက်လျှင်လည်း ပိုင်ချူးရီ၏လက်ချက်ကြောင့် သေရမည်ကို နားလည်ထားပေသည်။ ထို့ကြောင့် မြေ့ဖြူက ပိုင်ချူးရီအား လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး



'ကျွန်မတို့အသက်ကိုချမ်းသာပေးတဲ့အတွက် ရှင့်ကျေးဇူးကို မမေ့ပါဘူး၊ ရှင့်ကို နောက်တကြိမ် မတိုက်ခိုက်တော့ပါဘူးလို့ ကတိပေးပါတယ်'

ပြောပြီး မြေ့စိမ်းဘက်သို့လှည့်ကာ ...

'လာ ညီမ တို့သွားကြစို့'

မြေ့စိမ်းက ပိုင်ချူးရီကိုကြည့်ယင်း....

'ရှင် ဒီနေရာက အမြန်ဆုံးထွက်သွားပါ၊ ကျင်းလိမ်မြို့ကိုလဲ မပြန်နဲ့၊ ဒီနယ်မြေနဲ့ လွတ်လွတ်ကင်းကင်းနေယင် ရှင့်အသက်ချမ်းသာရာရပါလိမ့်မယ်'

စကားဆုံးလျှင်မြေ့ဖြူနှင့်အတူ လျင်မြန်စွာ ပြေးထွက်သွားကြလေတော့သည်။

* * *

မြေဖြူနှင့်မြေစိမ်းတို့ ထွက်သွားကြပြီဖြစ်သည်။ သူတို့က မြေနီမြေနက်တို့၏ အလောင်းများကို ပွေ့ချီယူဆောင်သွားကြလေသည်။ မြေဖြူတို့ထွက်ခွာသွားသောအခါ သချိုင်းမြေအတွင်း ပိုင်ချူးရှိ တယောက်တည်းသာ ကျန်တော့သည်။ ပိုင်ချူးရှိက သေွးများစိမ့်ထွက်လာသော ဝမ်းဗိုက်မှဒဏ်ရာကို သွေးတိတ်ဆေးမှုန့်ဖြင့်သိပ်ပေးလိုက်သည်။

ဝန်းကျင်တွင်အမှောင်ထုက ကြီးစိုးလာပြီ ဖြစ်ရာ ထိုးထိုးထောင်ထောင်ရှိနေသော သချိုင်းဂူများအထိန်းအမှတ်ကျောက်တိုင်များဖြင့် ခြောက်ခြားဖွယ် ကောင်းလှပေတော့သည်။

ပိုင်ချူးရှိက ကျူးကျန့်ရှန်း၏ မြေပုံရှေ့သို့ တဖန် ပြန်လျှောက်သွားသည်။ ထို့နောက် မြေပုံရှေ့တွင် ဒူးထောက်ကာ ဂါရဝပြုလိုက်လေသည်။

'ညီလေး မင်းရင်ဆိုင်ခဲ့တဲ့ ဒုက္ခဟာ အင်မတန်ကြီးမား ခက်ခဲတယ်ဆိုတာ အစ်ကိုကြီး ရိပ်မိပါတယ်၊ ဒါပေမယ့် စိုးရိမ်သောကမရောက်ပါနဲ့၊ ငါ့ညီကို လုပ်ကြံတဲ့ တရားခံကို အစ်ကိုကြီးဖော်ထုတ် သုတ်သင်ပါ့မယ်'

စကားဆုံးလျှင် ဒူးထောက်ရာမှ ထလိုက်သည်။ ထို့နောက် သချိုင်းမြေမှ ပြန်လည် ထွက်ခွာခဲ့လေသည်။ သချိုင်းမြေသည် သူ၏နောက်ဘက်တွင် တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့၏။ သို့သော်



သူ့တွင် အတွေးများစွာ ပါလာသည်။ မြေစိမ်း နောက်ဆုံးပြောသွားသောစကားများမှ ပဟေဠိဆန်လွန်းလှသည် မဟုတ်ပါလား။

ပိုင်ချူးရှိက ကျင်းလိမ်မြို့တွင် ဆက်၍ နေထိုင် သွားရန် သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

• * •

## အဆိပ်လက်ဝါး

တရက်....

နှစ်ရက်—

သုံးရက်....

သုံးရက်ဟူသော အချိန်ကုန်လွန်သွားပြီဖြစ်သည်။ ပိုင်ချူးရှိ မှာလည်း ကျင်းလိမ်မြို့တွင် သုံးရက်နေထိုင်ခဲ့ပြီးဖြစ်သည်။ သို့ သော် သူ့ထံသို့ အန္တရာယ်ဟူ၍ စိုးစဉ်းမျှ ရောက်မလာပါ။ အန္တရာယ်ဖြစ်စရာအရိပ်အရောင်လည်း မတွေ့ရချေ။

သူသည် ကျင်းလိမ်မြို့၏လူစည်ကားသော မင်းလမ်းမပေါ် တည်းခိုခန်းတခုတွင် တည်းခိုနေခြင်းဖြစ်ပေသည်။ သူကကျင်း



လိမ်မြို့တွင် ဆက်နေသွားပါက အန္တရာယ်တွေ့ရမည်ဟု မြေ့စိမ်း ပြောခဲ့သည်ကို အမှတ်ရနေသည်။

မြေ့စိမ်းကသူ့အား လိမ်ညာပြောဆိုသွားခြင်းမဖြစ်နိုင်ပေ။ သူသည် သုံးရက်အတွင်း ကျူးကျန့်ရှန်းနှင့် ပတ်သက်သော သတင်းများကို လိုက်လံစုံစမ်းသည်။ သို့သော် ကျူးကျန့်ရှန်း ၏မိတ်ဆွေအပေါင်းအသင်းများကို သူ လုံးဝမသိသောကြောင့် စုံစမ်းမရပဲ ဖြစ်နေခဲ့သည်။

သုံးရက် တိုင်တိုင် ပျင်းရိဖွယ် ကောင်းအောင် အေးချမ်း ငြိမ်သက်နေလေရာ ပိုင်ချူးရှိ နေမထိ ထိုင်မသာ ဖြစ်နေလေ တော့သည်။ သူသည် အေးအေးဆေးဆေးနေထိုင်စားသောက် ကာ ရန်သူအလာကိုစောင့်မျှော်ယင်းအချိန်မဖြုန်းလိုတော့ချေ။

ကျူးကျန့်ရှန်းအား သတ်ဖြတ်သွားသည့် ရန်သူကို အမြန် ဆုံးဖော်ထုတ်လိုပေသည်။ ထို့ကြောင့် နည်းလမ်းများ ရှာကြံ တွေးတောလိုက်ရာ နောက်ဆုံး သူ့အား ရန်သူတွေ့သွားစေရန် ကိုယ်ထင်ပြမှုဖြစ်မည်ဟု တွက်မိ၏။

အနားယူနေခဲ့သည့်ရက်များအတွင်း ဝမ်းဗိုက်မှဒဏ်ရာလည်း အတော်ကလေး သက်သာ ပျောက်ကင်းလာချေပြီ။

ယခု အချိန်သည် ရန်သူအား ရင်ဆိုင်ရန် အကောင်းဆုံး အချိန်အခါမဟုတ်ပါလား။ ပိုင်ချူးရှိက တည်းခိုခန်းမှထွက် လာခဲ့သည်။ တည်းခိုခန်းမှထွက်လာပြီး လမ်းပေါ်ရောက်သည် နှင့် ကျူးကျန့်ရှန်းသေဆုံးသွားခဲ့သော ပန်းစားသောက်ဆိုင် ဆီသို့ ခြေဦးလှည့်လိုက်လေတော့သည်။

* * *

ပန်းစားသောက်ဆိုင်....

ပန်းစားသောက်ဆိုင်မှာ ထုံးစံအတိုင်း လူ စည်ကားနေလေ သည်။ ပန်းစားသောက်ဆိုင်သို့ရောက်လျှင် ဆိုင်လုလင်များက သူ့အား ပျူပျူငှာငှာကြိုဆိုကြသည်။ သုံးလေးငါးရက်အချိန် ကြာသွားပြီဖြစ်၍ လူအများနှင့် ဆက်ဆံနေကြရသော ဆိုင်လု လင်များ သူ့ကို မမှတ်မိကြတော့ချေ။

ပိုင်ချူးရီက ပန်းစားသောက်ဆိုင်အပေါ်ထပ်သို့ တက်လာ ခဲ့သည်။ အပေါ်ထပ် ရောက်လျှင် ကျူးကျန့်ရှန်း ထိုင်သွား သောနေရာကိုသာ ရွေးထိုင်ချလိုက်လေသည်။ ဆိုင်လုလင်များ အား စားသောက်ဖွယ်ရာများနှင့် အရက်များမှာကြားလိုက်ပြီး လျှင် အေးအေးဆေးဆေးငြိမ်ခံစားသောက်နေလိုက်သည်။

ပန်း စားသောက်ဆိုင်သို့ ရောက်လာမှ မကြာမီ သူ့ထံ အန္တရာယ် ရောက်ရှိလာတော့မည် ဖြစ်ကြောင်း သတိပြုမိလိုက် သည်။ ပိုင်ချူးရီ၏စိတ်ထဲ၌ ရှင်လန်း တက်ကြွလာမိသည်။

သူ့အား မသိမသာ အကဲခတ် ကြည့်နေသူ သုံးယောက်ကို လည်း မှတ်မိလောက်အောင် ကြည့်ထားလိုက်လေသည်။ ထိုသုံး ယောက်မှာ ပိုင်ချူးရီအားကြည့်ကာ အချင်းချင်း တီးတိုးပြော ဆိုနေကြသည်။ ပိုင်ချူးရီ၏စိတ်ထဲမှ ကျိတ်၍ပြုံးလိုက်သည်။

သူ၏တွက်ကိန်း မှန်ကန်နေသည့်အတွက်လည်း ကျေနပ်နေမိ သည်။ သူက အခြေအနေအရ အချိန်အနည်းငယ် စောင့်ရဦး မည်ဟု တွေးမိသည်။ ထို့ကြောင့် နောက်ထပ် စားသောက် ဖွယ်ရာများ ထပ်မံ မှာကြားလိုက်လေသည်။



အကြောင်းမှာ သူ့အားကြည့်ကာ တီးတိုးစကားပြောနေသူ သုံးယောက်အနက်က တယောက်ကထိုင်ရာမှထပြီး ဆိုင်အောက် သို့ အလျင်အမြန် ဆင်းသွားပြီမဟုတ်ပါလား။

မကြာပါချေ။ ကျန်ရစ်သူ နှစ်ယောက်က ပိုင်ချူးရီ ထံ လျှောက်လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူနှစ် ယောက်မှာ ခန္ဓာကိုယ်ထွားကြိုင်းသန်မာသူများ ဖြစ်ကြသည်။

နှစ်ယောက်စလုံး ရင်ဘတ်ကြွက်သားများ အထင်းသား ပေါ်လွင်အောင် အင်္ကျီကြယ်သီးများကို မတတ်ပဲ ဖြုတ်ထား ကြသည်။ ဗလအားကိုးပြီး လူတကာအပေါ် အနိုင်ကျင့်တတ် သော လူမိုက်ရုပ်သွင် ပေါက်နေလေသည်။ ထိုလူနှစ်ယောက် ပိုင်ချူးရီ၏ရှေ့သို့ ရောက်လာလျှင် တယောက်က—

'မိတ်ဆွေတယောက်ထဲထင်တယ်'

ပိုင်ချူးရီက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိုလူ အားရပါးရပြုံးလိုက်ယင်း

'တယောက်ထဲ အရက်သောက်ရတာဇိမ်မရှိပါဘူးဗျာ ကျုပ် တို့နဲ့လာသောက်ပါလား'

ပိုင်ချူးရီ အားတုံ့အားနာဖြစ်သွားဟန်ဖြင့်

'ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ဒီနေရာကို နှစ်သက်လို့ပါ'

'ဒါဖြင့် ကျုပ်တို့ ဒီဘက်စားပွဲကို ကူးလာခဲ့မယ်လေ'

ပိုင်ချူးရီက ထိုလူနှစ်ယောက်ကို တချက်ဝေ့ကြည့်လိုက် သည်။ ထိုလူများသည် သူ့အားစကားဖြင့် အချိန်ဆွဲထားလိမ့် မည်ဟု နားလည်လိုက်၏။

ထို့ကြောင့် ခေါင်းညိတ်ကာ....

'ရပါတယ်ဗျာ ဒီဆိုင်မှာစားသောက်ယင် ဘယ်နေရာမဆို ထိုင်လို့ရတာပဲမဟုတ်လား၊ ခင်ဗျားတို့ထိုင်မယ်ဆိုယင်လဲ ကျုပ် မကန့်ကွက်ပါဘူး'

'ကျေးဇူးပါပဲ'

လူသန်ကြီးနှစ်ယောက် ပိုင်ချူးရှိ စားပွဲတွင် ဝင်၍ ထိုင်ချ လိုက်သည်။

ထိုင်မိသည်ဆိုသည်နှင့်တယောက်က

'ကျုပ်နာမည် ကျန်းပေါင် လို့ ခေါ်ပါတယ်၊ သူကတော့ ကျန်းမင် ပါ မိတ်ဆွေနာမည်ကိုကော မသိရဘူးလား'

ပိုင်ချူးရှိ ကွယ်ဝှက်ထားစရာမလိုဟု ယူဆသောကြောင့်

'ကျုပ် နာမည် ပိုင်ချူးရှိ လို့ ခေါ်ပါတယ်'

'ပိုင်ချူးရှိဟုတ်လား မိုးကြိုးဓားပိုင်ချူးရှိဆိုတာ ခင်ဗျား ကိုး၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ'

စကားပြောနေသူ၏ အမည်မှာ ကျန်းပေါင် ဖြစ်လေ သည်။ သူ၏အဖော်မှာမူ ကျန်းမင်ဖြစ်သည်။

ပိုင်ချူးရှိမှာ ကျန်းပေါင်နှင့်ကျန်းမင်တို့၏ အမည်များကို ကြားဖူးခြင်းမရှိချေ။ သို့သော်သူကအထင်မသေးပဲ သတိထား နေရလေသည်။

ကျန်းပေါင်က ပိုင်ချူးရှိအား လက်နှစ်ဖက် ဆုပ်ကာ ဦးညွတ်လိုက်ပြီး....

'မိတ်ဆွေက ဒီမြို့ကိုအလည်အပတ်ရောက်လာတာ ထင်တယ်'

ပိုင်ချူးရှိကပြုံးကာ



'အလည်အပတ်လာတာမဟုတ်ပါဘူး'

'ဒါဖြင့်'

'ကျုပ် မိတ်ဆွေတယောက်ကို လုပ်ကြံ သတ်ဖြတ်သွားလို့ တရားခံတယောက်ကို လာရှာတာပါ'

ထိုစကားကြားရလျှင် ကျန်းပေါင်မျက်နှာ တင်းမာသွား လေသည်။

'လက်စသတ်တော့ ခင်ဗျားက တရားခံရှာဖို့ ရောက် လာ တာကိုး'

'ဟုတ်ပါတယ်'

'တရားခံဘယ်သူဆိုတာ သိပြီလားဗျ'

'မသိသေးပါဘူး၊ ဒါပေမယ့်မကြာခင်သိရတော့မှာပါဗျာ'

ကျန်းပေါင်က သူ၏ရင်ဘတ်ကိုလက်ဖြင့်ပုတ်ယင်း

'ကျုပ်တို့မိတ်ဆွေကို လေးစားပါတယ်၊ မိတ်ဆွေမှာအကူ အညီလိုယင်ပြောပါ၊ ကျုပ်တို့တတ်နိုင်သမျှ ကူညီပါ့မယ်'

ပြောပြီး ကျန်းမင်ဘက်သို့လှည့်ကာ....

'ဟေ့ တို့က မိုးကြိုးဓားပိုင်ချူးရှိနဲ့ မိတ်ဆွေဖြစ်ခွင့်ရတဲ့အ တွက်အရက်တခွက်လောက် ဂုဏ်ပြုယင်မကောင်းဘူးလား'

'ဟာ သိပ်ကောင်းတာပေါ့ဗျာ'

ပြောယင်း ကျန်းမင်က ပိုင်ချူးရှိ အား အရက် တခွက် လှမ်းပေးလေသည်။ ထိုအရက်ခွက်မှာ ပိုင်ချူးရှိ၏ စားပွဲသို့ ရောက်မှ ငှဲ့လိုက်သောအရက်ခွက်မဟုတ်ပါ။

ကျန်းမင်နှင့် ကျန်းပေါင်တို့လာစဉ်က တပါတည်းယူဆောင် လာသော အရက်ခွက်ဖြစ်ပါသည်။

ပိုင်ချူးရိက လက်ကာပြလိုက်ပြီး

'ကျုပ်က ဒီမြို့ကို ရောက်လာတဲ့ ညသည်ပါ။ ဒါကြောင့် ကျုပ်ကပဲ ခင်ဗျားတို့ကိုပြန်ပြီး ဂုဏ်ပြုပါရစေ၊ ကျုပ်ကိုဂုဏ်ပြုတာ လက်မခံပါရစေနဲ့ဗျာ'

ပိုင်ချူးရိပြောင်းဆန်လိုက်လျှင် ကျန်းမင် မျက်နှာပျက်သွားလေသည်။

အရက်ခွက်ကို အတင်းထိုးပေးယင်း

'ကိစ္စမရှိပါဘူး ကျုပ်တို့ပဲ ဂုဏ်ပြုပါ့မယ်၊ အရက်တခွက် သောက်ပါဗျာ'

ပိုင်ချူးရိသဏ်ပြင်းချလိုက်သည်။ ထို့နောက် ကျန်းမင် လှမ်းပေးသောအရက်ခွက်ကို ယူလိုက်သည်။ အရက်ထဲတွင် အဆိပ် သို့မဟုတ် မေ့ဆေးခတ်ထားမည်ကို ရိပ်မိသည်။ ထို့ကြောင့် ချက်ချင်း မသောက်သေးပဲ စားပွဲပေါ် ချထားလိုက်သည်။

တဖန် အရက်ကရားကိုင်ကာ ကျန်းမင်နှင့် ကျန်းပေါင်တို့အတွက် ငှဲ့ပေးကာ....

'ကဲ....မိတ်ဆွေတို့လဲ သောက်ကြပါဗျာ'

ပိုင်ချူးရိက အရက်ခွက်နှစ်ခွက်ကို ကျန်းမင် ပေးထားသော အရက်ခွက်နှင့်အတူ ရောလိုက်သည်။ ထို့နောက် နှစ်ခွက်ကိုယူပြီး ကျန်းမင်နှင့် ကျန်းပေါင်တို့ကို ပေးလိုက်၏။ သူက ကျန်းမင်နှင့် ကျန်းပေါင်တို့အား မျက်လှည့်ပြလိုက်ခြင်းပေတကား။



အရက်ခွက်သုံးခွက် ယှဉ်ထားလိုက်ပြီးမှ ကျန်းမင်ပေးသော အရက်ခွက်နှင့် နောက်ထပ် အရက်တခွက်ယူကာ ပြန်ပေးလိုက်ခြင်း ဖြစ်သည်။ သူကမူ သူကိုယ်တိုင်ငှဲ့သော အရက်ခွက်ကို မော့ချလိုက်လေသည်။

ကျန်းမင်နှင့် ကျန်းပေါင်တို့မှာ ပိုင်ချူးရိ၏ လုပ်ဆောင်ချက်ကို သတိမပြုမိကြချေ။ ပိုင်ချူးရိ၏ မျက်လှည့်လက်ပညာသည် ဤနေရာတွင် အံဝင်ဂွင်ကျ သုံးနိုင်ခဲ့သည် တကား။ အရက်သောက်ပြီး၍ အရက်ခွက်များ စားပွဲပေါ်သို့ ပြိုင်တူပြန်ချလိုက်ကြ၏။ ပိုင်ချူးရိက ပြုံးရွှင်သော မျက်နှာထားဖြင့်....

'ခင်ဗျားတို့ ကျုပ်ကို မိတ်ဆွေအဖြစ် အသိအမှတ် ပြုကြတယ်နော်'

ကျန်းမင်နှင့် ကျန်းပေါင်တို့ ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

'ဟုတ်ပါတယ်'

'ဒါဖြင့် ကျုပ်က အရေးကြီးတဲ့ကိစ္စတခု တိုင်ပင်ချင်တယ်၊ ခင်ဗျားတို့ ကျုပ်ကို အကြံများ ပေးနိုင်မလား'

ကျန်းပေါင် မျက်မှောင်ကုပ်ကာ

'ဘာကိစ္စလဲဗျ'

'ဘာကိစ္စလဲဆိုတာ တဖြည်းဖြည်း သိလာရမှာပေါ့ဗျာ၊ ကျုပ်က မေးမယ်၊ ခင်ဗျားတို့သိသမျှ ပြောပေါ့၊ မဖြေနိုင်တဲ့အခါလဲ မဖြေပဲ နေလို့ရပါတယ်၊ ကျုပ်ကို ကူညီတဲ့ သဘောပေါ့'

ကျန်းပေါင် ခေါင်းညိတ်ကာ –

'ကောင်းပြီ ခင်ဗျား ဘာသိချင်သလဲ'

ပိုင်ချူးရိ က တည်ကြည်သော မျက်နှာထားဖြင့်

'ဒီမြို့မှာ ကြေးစားလူသတ်သမားတွေ တော်တော်များများ ရောက်နေတယ်ဆိုတာ ခင်ဗျား သိသလား'

ကျန်းပေါင် ရုတ်တရက် အဖြေမပေးနိုင်ပဲ ဖြစ်သွား၏။ ပိုင်ချူးရိကို နားမလည်နိုင်သလို ကြည့်ကာ

'ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ'

'ဩော်.... ကျုပ်က မိတ်ဆွေအတွက် တရားခံရှာဖို့ ဒီမြို့ကို ရောက်လာတယ်၊ ဒီမြို့မှာ ကျုပ်အတွက် မိတ်ဆွေမတွေ့ရပဲ ရန်သူတွေချည်း တွေ့နေရတယ်၊ ကြေးစားလူသတ်သမားတွေဆိုပါတော့ဗျာ၊ ဥပမာ ဓားသရဲ ဟိုကြည်ထုံ၊ အဆိပ်မြွေလေးဖော်

သူကပြောယင်း စကားတပိုင်းတစဖြင့် ရပ်တန့်ထားလိုက်လေသည်။ ကျန်းပေါင်၏ မျက်ဝန်းအစုံတွင် ရက်စက်ကြမ်းကြုတ်သော အမူအရာများ ထွက်ပေါ်လာ၏။ ပိုင်ချူးရိကို စေ့စေ့ကြည့်ကာ....

'ခင်ဗျား ပြောလာတာလဲ ကျုပ်တို့ကို ကြေးစားလူသတ်သမားတွေလို့စွပ်စွဲလိုက်တာလား'

ပိုင်ချူးရိ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားတို့ကတော့ ကြေးစားလူသတ်သမား မဖြစ်နိုင်ဘူး၊ တယောက်ယောက်အတွက် အလုပ်လုပ်ပေးကြတာဖြစ်နိုင်တယ်၊ ခင်ဗျားတို့ကို ခိုင်းတဲ့လူပဲ ကျုပ်သိချင်တယ်'



ထိုစကားကြားရလျှင် ကျန်းပေါင်က ထိုင်ရာမှ ဝုန်းကနဲ ထလိုက်လေသည်။

ပိုင်ချူးရိ ကို မကျေမနပ်ကြည့်ကာ

'မိတ်ဆွေ ခင်ဗျားစကားပြောတာ ကြည့်ပြောပါဗျ'

ပိုင်ချူးရိ က ခပ်အေးအေးပင် ..

'ကျုပ် အမှန်အတိုင်း ပြောတာပါ၊ ခင်ဗျားတို့ ကျုပ်ကို အရက်ထဲ အဆိပ်ခတ်သတ်ဖို့ ကြံစည်ကြတယ် မဟုတ်လား'

ကျန်းပေါင် မျက်နှာကွက်ကနဲ ပျက်သွားသည်။ သို့သော် ချက်ချင်းသဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်ပြီး....

'ဟား .. ဟား....ဟား.... ဟုတ်တယ်၊ ခင်ဗျား အဆိပ်အရက် သောက်မိပြီ၊ မကြာခင် သေရတော့မယ်ဗျ'

ပိုင်ချူးရိ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျား မှားပြီ၊ သေရမှာက ကျုပ် မဟုတ်ဘူး၊ ခင်ဗျားတို့ပဲ ကျုပ်က ခင်ဗျားတို့ကို သတ်ပစ်နိုင်တယ်ဆိုတာ မှတ်ထားစမ်းပါ'

ကျန်းပေါင်မှာ ပိုင်ချူးရိအား လုံးဝဂရုမစိုက်ချေ။ မဲ့ပြုံးပြုံးယင်း....

'အဆိပ်အရက်သောက်ပြီးမှတော့ ခင်ဗျား လွတ်ရှားလို့ မရတော့ပါဘူး၊ ကဲ.... ဘုရားတရားသာတပေတော့'

ပြောပြီး ခါးမှ ဓားကို လျှပ်တပြက်ထုတ်ကာ ပိုင်ချူးရိအား ခုတ်ချလိုက်လေသည်။ ကျင်းပေါင်တို့၏ဇာတိရုပ်မှာ ဘွားကနဲ ပေါ်လာချေပြီ။ ပိုင်ချူးရိ နေရာတွင် အေးအေးဆေး

ဆေး ထိုင်နေပါသည်။ ကျန်းပေါင် ဓားဖြင့်ခုတ်ချလာသည်ကို လုံး၀ ဂရုမစိုက်ပဲ ရှိနေ၏။

ကျန်းပေါင်၏ဓား သူ၏ဦးခေါင်းပေါ်သို့ ရောက်လုတော့မှ လက်နှစ်ဘက်ဆန့်တန်းကာ လက်ဝါးနှစ်ဘက်ဖြင့် ဓားပြားကို ညှပ်၍ ဖမ်းထားလိုက်လေသည်။ ကျန်းပေါင်၏ ဓားမှာ ပိုင်ချူးရှီ၏ လက်ဝါးနှစ်ဘက်အောက်တွင် သံပိုက်ဖြင့် ဆွဲထားသကဲ့သို့ မြဲမြံစွာ ညပ်နေ၏။

ကျန်းပေါင်မှာ နဖူးမှ ချွေးဒီးဒီးကျလာအောင် အားစိုက်ဆွဲနှုတ်သော်လည်း မရပါချေ။ ပိုင်ချူးရှီက မဲ့ပြုံးပြုံးယင်း

'ခင်ဗျားတယောက်ထဲ အခြေအနေမဟန်ဘူးထင်တယ်၊ ခင်ဗျားမိတ်ဆွေကို အကူအညီတောင်းပါအုံးလား'

ကျန်းပေါင်က ကျန်းမင်ကို လှမ်းကြည့်လိုက်သည်။ ကျန်းမင်မှာ နေရာတွင် မလှုပ်မယှက်ထိုင်နေ၏။ သူ၏မျက်လုံးအစုံသည် ရှေ့သို့ပြူးထွက်နေပြီး ပိုင်ချူးရှီအား မယုံကြည်နိုင်သလို ကြည့်နေသည်။

သို့သော်သူက စကားပြောခြင်း၊ လှုပ်ရှားခြင်း မပြုပါ။ အရက်ခွက် အလွန်ပြင်းသော အဆိပ်ခတ်ထားသည် ဖြစ်ရာ၊ အဆိပ်အရက်သောက်ပြီး တခဏအကြာတွင် ကျန်းမင် ထိုင်လျက် သေဆုံးသွားပြီ ဖြစ်လေသည်။

ကျန်းပေါင်က ကျန်းမင်ကိုကြည့်ကာ....

'ဟေ့ ကျန်းမင်၊ မင်းဘာလုပ်နေတာလဲ'

ပိုင်ချူးရှီကပြုံးလိုက်ပြီး....

'သူက အဆိပ်အရက်သောက်ပြီး၊ ဇိမ်ခံ နေတာထင်ပါရဲ့'



သူစကားကြားရသောကျန်းပေါင်မှာမျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

ပိုင်ချူးရှီကို ဒေါသကြီးစွာကြည့်ကာ....

'ခင် ခင်ဗျာ'

ပိုင်ချူးရှီက အေးတိအေးစက်ဖြင့်

'ခင်ဗျားတို့ အသုံးပြုတဲ့နည်းက မဟန်တော့ပါဘူးဗျာ။ ကျုပ်ကို လွယ်လွယ်ကူကူသတ်လို့ ရမယ်ထင်ယင် မှားသွားမှာပေါ့'

သူက ယင်းသို့ပြောနေရာ ကျန်းပေါင်က လက်ထဲမှဓားကို စွန့်လွှတ်လိုက်ပြီး၊ လက်ဝါးတဘက်ဖြင့် ပိုင်ချူးရှီ၏ရင်ဝကို ရိုက်ချလိုက်လေသည်။

ပိုင်ချူးရှီက ဓားကိုယူပြီးနောက် အပေါ်သို့ပစ်လွှင့်လိုက်ကာ လက်ဝါးတဘက်ဖြင့် ပြန်လည်ခုခံပေးလိုက်သည်။

'ဖြောက်'

အရိုးကျိုးသံတချက် ခပ်သဲ့သဲ့ ထွက်ပေါ်လာပြီးနောက် ကျန်းပေါင်၏မျက်နှာ ရှုံ့မဲ့သွားသည်။ သူ၏လက်တဘက်ကို ကျန်လက်တဘက်ဖြင့် ဆုပ်ကိုင်ကာ နောက်ဆုတ်သွားလေသည်။ ပိုင်ချူးရှီက ထိုင်ရာမှ ရုတ်တရက်ခုန်ထလိုက်သည်။

ကျန်းပေါင်နောက်သို့ ယက်ကြပ်မကွာလိုက်သွားပြီး ကျန်းပေါင်အား ဖမ်းချုပ်ထားလိုက်လေသည်။ သူ၏အကြောကိုင်ပညာမှာ ကျန်းပေါင်ကို မလှုပ်နိုင် မယှက်နိုင်အောင် ဖြစ်သွားစေသည်။ ကျန်းပေါင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့်....

'လွှတ် လွှတ် ကျုပ်ကိုလွှတ်ပါ'

ပိုင်ချူးရဝ်ကပြုံးလိုက်ပြီး

'စိတ်ချပါ၊ ခင်ဗျားကိုလွှတ်ပေးမယ်၊ ဒါပေမယ့်ဘယ်သူက ကျုပ်ကိုသတ်ခိုင်းတယ်ဆိုတာ ပြောမှဖြစ်မယ်'

ကျန်းပေါင် ပါးစပ်ပိတ်သွားလေသည်။ ပိုင်ချူးရဝ်က ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ရာ ကျန်းပေါင်မှာ အသက်ရှူ ကျပ်လာလေသည်။ ပိုင်ချူးရဝ်က တင်းမာသောမျက်နှာထား ဖြင့်

'ပြောစမ်း၊ ဘယ်သူကကျုပ်ကိုသတ်ခိုင်းတာလဲ'

ကျန်းပေါင်က

'ကျုပ် ကျုပ်မသိပါဘူး'

'ဘာ ခင်ဗျားမသိဘူး ဟုတ်လား'

'ဟုတ်ပါတယ်'

'ကဲ လိမ်အုံး'

ပိုင်ချူးရဝ်က ချုပ်ကိုင်ထားသောလက်တဘက်ကို အနည်း ငယ် အားစိုက်ထုတ်လိုက်သည်။

'ဖြောက်'

ကျန်းပေါင်၏ အကောင်းအတိုင်း ကျန်နေသေးသော နောက်ထပ်လက်တဘက် သွင်သွင်ကျိုးသွားလေသည်။ ကျန်း ပေါင်မှာ နာကျင်လွန်းသောကြောင့် မျက်နှာရှုံ့မဲ့သွား၏။ ကျယ်လောင်သောအသံဖြင့် တအားအား စူးစူးဝါးဝါးအော် ဟစ်နေလေသည်။

'ပါးစပ်ပိတ်ထားလိုက်စမ်း'



ပြောယင်း ပိုင်ချူးရဝ်က ပါးစပ်ကိုလက်ဖြင့် ဖြတ်ရိုက်မည် ပြုရာ ကျန်းပေါင်ပါးစပ်ပိတ်လိုက်လေသည်။ သူသည် ကြောက် အားလန့်အားဖြင့် ပါးစပ်ပိတ်လိုက်သော်လည်း တဟင်းဟင်း ညည်းညူနေလေသည်။

ပိုင်ချူးရဝ် အံတင်းတင်းကြိတ်ကာ

'ကျုပ်က မင်းတို့လိုလူယုတ်မာတွေအပေါ် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ဖို့ ဝန်မလေးဘူးဆိုတာ မှတ်ထားပါ'

ကျန်းပေါင် ခေါင်းညိတ်လိုက်သည်။ ပိုင်ချူးရဝ်က ထပ်၍ ပြောလိုက်ပြန်သည်။

'ကျုပ်ကို ဘယ်သူသတ်ခိုင်းတာလဲ'

ယခုတကြိမ်လည်း ကျန်းပေါင်က အဖြေမပေးသေးပါချေ။ ပိုင်ချူးရဝ် ဒေါသထွက်လာပြီး-

'ကောင်းပြီ၊ အခုမင်းကိုအယင်သတ်မယ်၊ ပြီးမှ ကျုပ်ကို သတ်ခိုင်းတဲ့လူကို လိုက်ရှာမယ်'

စကားဆုံးလျှင် လက်ဝါးတဘက် အပေါ်သို့မြှောက်ကာ ကျန်းပေါင်၏ငယ်ထိပ်ပေါ်သို့ ဖိချလိုက်လေသည်။ ပြင်းထန် သောအင်အားတခု ဦးခေါင်းပေါ်သို့ရောက်မှ ပိုင်ချူးရဝ်က ပြောသည့်အတိုင်း လုပ်လိမ့်မည်ဖြစ်ကြောင်း ကျန်းပေါင်ယုံ ကြည်လာသည်။

သူသည် အသက်သေရမည်ကို ကြောက်ရွံ့သွားပြီး

'မ မလုပ်ပါနဲ့ဗျာ'

ပိုင်ချူးရဝ် မဲ့ပြုံးပြုံးကာ

'ခင်ဗျား ပြောတော့မလား'

'ဟုတ်....ဟုတ်ကဲ့'

'ကဲ....ပြောစမ်း၊ ကျုပ် ဘယ်သူသတ်ခိုင်းတာလဲ'

'ကျုပ်.... ကျုပ်ဆရာပါ'

ပိုင်ချူးရီ မျက်မှောင်ကုပ်ကာ

'ခင်ဗျားဆရာက ဘယ်သူလဲ'

'အဆိပ်လက်ဝါး တန်ကျီဝိုက်'

ထိုစကားကြားရသည်နှင့် ပိုင်ချူးရီ၏ ခန္ဓာကိုယ် တချက် တုန်ခါသွားလေသည်။ ကျူးကျန့်ရှန်းမှာ တန်ကျီဝိုက်၏ လက် ချက်ဖြင့် သေဆုံးသွားခဲ့သည် မဟုတ်ပါလား။ ပိုင်ချူးရီ အံကြိတ်ထားရာ မေးကြောများပင် ထောင်တက်လာ၏။

'သူ ဘယ်မှာလဲ'

'သူ.... သူ'

'ကျုပ် ဒီမှာပါ'

ကျန်းပေါင်၏ စကားမဆုံးမီ ကြားဖြတ်ပြီး အေးစက်သော စကားသံတချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ ပိုင်ချူးရီက ကျန်းပေါင်ကို ချက်ချင်းတွန်းထုတ်ပစ်လိုက်သည်။ ထို့နောက် အနောက်ဘက်သို့ ချာကနဲ လှည့်ကြည့်လိုက်လေ သည်။

ထိုအခါ လှေကားမှတဆင့် အပေါ်ထပ်သို့ တက်လာ သည့် အဖြူရောင်အဝတ် ဝတ်ဆင်ထားသောအဘိုးအိုတယောက် အား တွေ့မြင်လိုက်ရလေတော့သည်။

* * *



တကိုယ်လုံး အဖြူရောင် ဆင်မြန်းထားသော အဘိုးအိုက လှေကားထစ်များအတိုင်း အပေါ်ဘက်သို့ အေးအေး ဆေး ဆေး လှမ်းတက်လာနေသည်။ သူ၏ နောက်ဘက်တွင် ကျန်း ပေါင်တို့နှင့် စကားပြောနေသူ ပါလာလေသည်။ ကျန်းပေါင် ထိုအဘိုးအိုကို တွေ့သည်နှင့်....

'ဆရာ'

တချက်ခေါ်ပြီး ပြေးသွားသည်။ သို့သော် သူ့အနီးသို့ ရောက်လျှင် အဘိုးအိုက ခြေထောက်ဖြင့် ဆီးကန်လိုက်သည်ကို ခံရလေသည်။

'ဝုန်း'

ကျန်းပေါင်မှာ အရှိန်မထိန်းနိုင်ပဲ လှေကားအတိုင်း ဆိုင် အောက်ဘက်သို့ တလိမ့်ခေါက်ကွေး ကျသွားလေသည်။ ထိုအ ချိန်မှစ၍ ကျန်းပေါင် ဆိုင်ပေါ်သို့ ပြန်တက်မလာတော့ချေ။

ပိုင်ချူးရီက အဘိုးအိုကို တွေ့လျှင်....

'အဆိပ်လက်ဝါး တန်ကျီဝိုက်'

ဟု လွတ်ကနဲ ခေါ်လိုက်မိသည်။ မှန်ပါ၏။ ထိုသူမှာ ကျူး ကျန့်ရှန်းအား သတ်ပစ်ခဲ့သော အဆိပ်လက်ဝါး တန်ကျီဝိုက် ဖြစ်လေသည်။

တန်ကျီဝိုက်က ကုလားထိုင်ပေါ်တွင် ထိုင်လျက်သား သေ ဆုံးနေသော ကျန်းမင်ကို တချက်ကြည့်လိုက်သည်။ ပြီးမှ ပိုင် ချူးရီကို ကြည့်ယင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'မင်းမဆိုးဘူး၊ ဒါကြောင့်လဲ မိုးကြိုးဓားပိုင်ရှင် ပိုင်ချူးရီ လို့ သိုင်းလောကမှာ နာမည်ထွက်နေတာကိုး'

ပိုင်ချူးရီက အံကြိတ်လိုက်ပြီး

'ဘာလဲ ခင်ဗျား ကြောက်နေပြီလား၊ ကျုပ် မိတ်ဆွေကို ခင်ဗျားသတ်လိုက်တဲ့အတွက် အသက် လျော်ပေးရမယ်ဆိုတာ ခင်ဗျား မသိဘူးလား'

'မင်း မိတ်ဆွေဆိုတာ ကျူးကျန့်ရှန်းကို ပြောတာလား'

'ဟုတ်တယ်'

တန်ကျိုဝိုက် သက်ပြင်းချလိုက်သည်။

'သူက သေသင့်သေထိုက်လို့ သေသွားပြီပဲ၊ မင်းက ကြားက အချောင်ဝင်ပြီး မသေချင်စမ်းပါနဲ့'

'ကျုပ် ဘယ်တော့မှ မသေဘူး၊ ခင်ဗျားကို သတ်ပစ်မယ်ဆိုတာ မှတ်ထားပါ'

သူက ပြောသာပြောသော်လည်း တကယ်တမ်းတိုက်ခိုက်ခြင်း မပြုသေးချေ။ တန်ကျိုဝိုက်က အဘယ်ကြောင့် ကျူးကျန့်ရှန်းအား သတ်ပစ်ရသည်ကို သိချင်နေသည်။ မြွေစိမ်း ပြောသွားသော စကားများအရတန်ကျိုဝိုက်က ကျူးကျန့်ရှန်းအား သတ်ပစ်ရသည်ကို သိချင်နေသည်။

မြွေစိမ်းပြောသွားသော စကားများအရ တန်ကျိုဝိုက်က ကျူးကျန့်ရှန်းအားရန်ငြိုးရှိ၍သတ်ခြင်းမဟုတ်ပဲတစုံတယောက်၏ ငွေပေးငှားရမ်းမှုကြောင့် ရှင်းပစ်လိုက်ခြင်းဖြစ်မည်ဟု သူ တွေးထားလေသည်။

တန်ကျိုဝိုက်၏နောက်တွင် ကြိုးကိုင်ထားနေသူ တယောက် ရှိရပေမည်။ ထိုလူသည် တန်ကျိုဝိုက်ကိုသာမကအဆိပ်



မြွေလေးဖော်၊ ခေါ်သရဲ ဟိုကြည်ထုံတို့ကိုလည်း ကြိုးကိုင်ထားသူ ဖြစ်နိုင်၏။

ထိုလူကို ဖော်ထုတ် သုတ်သင်ပစ်နိုင်မှသာ ကျူးကျန့်ရှန်းအတွက် အသက်လျော်ကြေးရသလိုရှိပေမည်။ ထို့အပြင် ကျူးကျန့်ရှန်းသည် ထိုနောက်ကွယ်မှ ကြိုးကိုင်နေသူနှင့်တနည်းတဖုံ ပတ်သက်ခဲ့၍သာလုပ်ကြံသတ်ဖြတ်ခြင်းခံရသည်မဟုတ်ပါလား။

တန်ကျိုဝိုက် ခေါင်းခါယမ်းယင်း

'မင်းကို ကျုပ် တခု အကြံပေးချင်တယ်'

'ပြောပါ'

'မင်းနဲ့ကျုပ် မရင်ဆိုင်ချင်ဘူး၊ ဒါကြောင့် မင်းဘာမှဒုက္ခမပေးပဲ ဒီမြို့က ထွက်သွားပါ'

ပိုင်ချူးရီက မဲ့ပြုံးပြုံးလိုက်ကာ

'ကျုပ်က လွယ်လွယ်နဲ့ ထွက်သွားမယ် ထင်သလား'

'ထွက်မသွားယင် မင်း သေရမှာပေါ့'

'ခင်ဗျား ကျုပ်ကို သတ်နိုင်လို့လား'

'ကျုပ်မသတ်နိုင်လဲ မင်းကို သတ်မယ့်လူ တယောက်ပြီးတယောက် ရောက်လာမှာပဲ၊ နောက်ဆုံး မင်း သေရမှာပေါ့'

ပိုင်ချူးရီက

'ခင်ဗျားကို ခိုင်းတဲ့လူရှိတယ် မဟုတ်လား'

တန်ကျိုဝိုက် အဖြေမပေးပဲ ပါးစပ်ပိတ်ထားလိုက်လေသည်။ ပိုင်ချူးရီ ထပ်မေးလိုက်ပြန်သည်။

'ခင်ဗျားကို ခိုင်းတဲ့လူရှိတယ် မဟုတ်လား'

ဦးခေါင်း မသိမသာညိတ်ယင်း....

'ဟုတ်တယ်'

'သူက ဘယ်သူလဲ'

တန်ကျိုဝိုက်၏ မျက်လုံးအစုံတွင် ထူးခြားသော အရိပ်အရောင်များ ထွက်ပေါ်လာလေသည်။ ပိုင်ချူးရှီကို မျက်လုံးစိန်းစိန်းကြည့်ကာ....

'ကျုပ် မပြောနိုင်ဘူး၊ ဒါပေမယ့် တခုတော့ရှိတယ်၊ မင်းသိချင်ယင် ပြောပြနိုင်မယ့် လူတယောက်ရှိတယ်'

ပိုင်ချူးရှီ စိတ်ခေါတ်တက်ကြွလာပြီး....

'ဘယ်သူလဲ'

'မင်း မိတ်ဆွေ ကျူးကျန့်ရှန်းလေ'

'သူက သေပြီပဲ'

'အေး.... မင်းသိချင်ယင် သေရွာကို လိုက်သွားပြီး သူ့ကို မေးကြည့်ပေါ့'

ပိုင်ချူးရှီ ဒေါသခြောင်းခြောင်း ထွက်လာသည်။ တန်ကျိုဝိုက်အား အေးအေးဆေးဆေးမေး၍ရမည်မဟုတ်ကြောင်း သူနားလည်လာလေသည်။ တန်ကျိုဝိုက်အား ကျန်းပေါင်ကို စစ်မေးသကဲ့သို့ နှိပ်စက်ပြီး မေးမြန်းမှသာ အဖြေရနိုင်ပေလိမ့်မည်။ ဤသို့ဆိုလျှင် သူက တန်ကျိုဝိုက်ကို အနိုင်တိုက်ခိုက်ကာ အရှင်ဖမ်းဆီးရမည် မဟုတ်ပါလား။

တန်ကျိုဝိုက်သည် ကျန်းပေါင် မဟုတ်ချေ။ ကျန်းပေါင်ထက် အဆပေါင်းများစွာ ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်သည်။ မည်သို့ဆိုစေ ပိုင်ချူးရှီမှာ တိုက်ပွဲကို ရှောင်လွှဲ၍မရမှန်း သဘောပေါက်လိုက်သောကြောင့်



'ကောင်းပြီ၊ ကျုပ်က သေရွာလိုက်သွားပြီး မေးချင်တယ်၊ ခင်ဗျားပို့ပေးပါဗျာ'

ပြောပြီးလျှင် လျှပ်တပြက် ရှေ့တိုးသွားကာ တန်ကျိုဝိုက်အား တိုက်ခိုက်လိုက်လေသည်။ တန်ကျိုဝိုက်က ပိုင်ချူးရှီ၏ အခြေအနေကို စောင့်ကြည့်နေပါသည်။ ပိုင်ချူးရှီ စတင်တိုက်ခိုက်လာသည်နှင့် နောက်သို့ခုန်ဆုတ်သွားပြီး လက်တဘက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ ဆိုင်အောက်ဘက်မှ လူရှစ်ယောက် လျှင်မြန်စွာ ပြေးတက်လာကြသည်ကို တွေ့ရ၏။ ထိုလူရှစ်ယောက်မှာအပေါ်ထပ်သို့ ရောက်သည်နှင့် ပိုင်ချူးရှီကို ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

* * *

နတ်ဓားရှစ်လက်....

လူရှစ်ယောက်မှာ ဓားရှစ်လက်ဖြင့် ပိုင်ချူးရဲအား လေးဘက် လေးတန်မှ ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ထိုလူရှစ်ယောက်မှာ အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားကြပြီး သက်တူရွယ်တူလူငယ်များ ဖြစ်ကြလေသည်။

နဖူးတွင် အဖြူရောင်ပဝါများ စည်းထားကြသည်။ ဓားအိမ်ကအစ အဖြူရောင်ဖြစ်လေရာ သူတို့ရှစ်ယောက်ကို တနေရာတည်း စုစုဝေးဝေး တွေ့လိုက်ရသည်နှင့် နတ်ဓားရှစ်လက်ဆိုသူများ ဖြစ်ကြကြောင်း ပိုင်ချူးရဲ သိလိုက်လေသည်။

သူသည် ကျူးကျန့်ရှန်းထံမှ စာရပြီးနောက်ပိုင်း သိုင်းလောကတွင် ထင်ရှားနေသူများနှင့်ဆက်တိုက်ကြုံတွေ့နေရသည်မဟုတ်ပါလား။ ပိုင်ချူးရဲ ရင်လေးမိသည်။ ဤအတိုင်းဆိုလျှင် ကျူးကျန့်ရှန်း ပတ်သက်ခဲ့သူမှာ တော်ရုံတန်ရုံ လူတယောက်မဟုတ်ကြောင်း သေချာနေသည်။ ထိုလူသည် သိုင်းလောကမှ ကျော်ကြားနေသူများကို ချုပ်ကိုင်နိုင်သည် မဟုတ်လား။

ပိုင်ချူးရဲ ရှည်ရှည်ဝေးဝေး စဉ်းစားမနေနိုင်ပါချေ။ မြင်းထန်စွာ ထိုးခိုက်လာကြသော နတ်ဓားရှစ်လက်ကို အသေအလဲ ခုခံနေရတော့သည်။ လူရွယ်ရှစ်ယောက်မှာ စနစ်တကျ လေ့ကျင့်ထားကြသူများ ဖြစ်သည်။ ဓားရှစ်လက်ကို ပိုင်ချူးရဲမှာ မိုးကြိုးဓားကို ဆွဲကိုင်ယင်း ပြန်လည်တိုက်ခိုက်နေရ၏။

ဤအတိုင်းဆက်၍ တိုက်ခိုက်သွားပါက အချိန်ကြာလာလျှင် အရှုံးအနိုင် ပေါ်လာလိမ့်မည်။ သို့သော် နောက်ဆုံး



တွင် လူအင်အား ကောင်းသော တန်ကျိုဝိုက်တို့ လူစုကသာ အနိုင်ရသွားပေလိမ့်မည်။

ထို့အပြင် ယခုအချိန်အထိ တန်ကျိုဝိုက်က တိုက်ပွဲအတွင်းသို့ ဝင်မလာသေးပဲ စောင့်ကြည့်နေသည်။ တန်ကျိုဝိုက်သာ တိုက်ပွဲအတွင်း ဝင်လာပါက မုချမသွေ ရှုံးနိမ့်ရတော့မည်မဟုတ်ပါလား။

ပိုင်ချူးရဲ တွေးယင်း တွေးယင်း ဉာဏ်ကူမှ ဖြစ်တော့မည်ဟု နားလည်လာ၏။ ထို့ကြောင့် တိုက်ခိုက်ယင်း

'အား'

စူးရှသော အော်သံတချက်ပြုကာ နောက်ဆုတ်သွားလေသည်။ ပိုင်ချူးရဲ ဒဏ်ရာရရှိသွားပြီထင်မှတ်ကာ လူငယ်ရှစ်ယောက်က ရှေ့သို့လျှပ်တပြက်တိုးယင်း အသေသတ်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ပိုင်ချူးရဲက ကြမ်းပြင်ပေါ်သို့ ခြေတချက်ဆောင့်ကာ အပေါ်သို့ ခုန်တက်လိုက်သည်။ တဆက်တည်းပင် ခြေနှစ်ချောင်းဖြင့် ရှေ့ဆုံးမှလူရွယ်နှစ်ယောက်ကို ကန်ထုတ်ပစ်လိုက်လေသည်။

သူ၏ခြေထောက်ကန်ချက်မှာ တိကျနေ၏။

'ခွပ် ခွပ်'

အသံနှစ်ချက် ခပ်အုပ်အုပ်ထွက်ပေါ်လာပြီး၊ လူရွယ်နှစ်ယောက် နောက်လန်လဲကျသွားသည်။ သူတို့၏ဦးခေါင်းခွံများ ကွဲကြေသွားကာ သွေးများစီးကျလာသည်။ နတ်ဓားရှစ်လက်ထဲမှ လူရွယ်နှစ်ယောက် သေဆုံးသွားပြီ ဖြစ်လေသည်။

လူရွယ်များမှာ ပိုင်ချူးရိ၏လှည့်ကွက်ကြောင့် အငိုက်မိသွားကြလေသည်။ တဒင်္ဂအချိန်အတွင်း လူရွယ်နှစ်ယောက်သေဆုံးသွားသောကြောင့် ကျန်လူများ ငေးငိုင်သွားကြသည်၊ ထိုစဉ်မှာပင် ပိုင်ချူးရိ၏ မိုးကြိုးဓားက သူတို့ထံသို့ ပြင်းထန်စွာဝင်ရောက်လာလေတော့သည်။

'ဇွိ ဇွိ ဇွိ'

ပိုင်ချူးရိကဓားကို စက်ဝိုင်းပမာ မှတ်နေအောင်ဝှေ့ယမ်းကာ ငေးငိုင်နေကြသော လူရွယ်များထံသို့ တရကြမ်းတိုးဝင်သွား၏။ ထိုအခါမှ ထိတ်လန့်သွားကာ....

'ရှောင်ကြဟေ့'

ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး၊ ရှောင်တိမ်းရန်ကြိုးစားကြလေသည်။ သို့သော် လူရွယ်နှစ်ယောက်မှာ ရှောင်ရန်နောက်ကျသွားရှာ ...

'အား'

'အမလေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာပြီးလျှင် အဝေးသို့ လွင့်စဉ်သွား၏။ ကြမ်းပြင်ပေါ်အရောက်တွင် တချက် နှစ်ချက်လူးလိမ့်ပြီး ငြိမ်သက်ကာ သူတို့၏အဖော်များနောက်သို့လိုက်သွားကြတော့၏။

ယခု လူရွယ်ရှစ်ယောက်အနက် လေးယောက်သာကျန်တော့သည်။ သူတို့၏တိုက်စစ်အားမှာလည်း သိသိသာသာ လျော့ကျသွား၏။ ဤသည်ကို အခွင့်ကောင်းယူကာ ပိုင်ချူးရိက ပြင်းပြင်းထန်ထန် တိုက်စစ်ဆင်လေသည်။



ပိုင်ချူးရိ၏ မိုးကြိုးဓားမှာ မြွေဟောက်တကောင်ပမာ ရန်သူများကို ဒုက္ခရောက်စေသည်။ လူရွယ်လေးယောက်သည် အခြေအနေမဟန်သောကြောင့် နောက်သို့သာ တဆုတ်တည်းဆုတ်နေသည်။

ပိုင်းချူးရိက ဓားကိုသာမက ခုန်ပျံတိုက်ခိုက်ယင်း ခြေထောက်နှစ်ဘက်ဖြင့် လည်းကောင်း၊ ကျန်လက်ဘဘက်ဖြင့်လည်းကောင်း တိုက်ခိုက်သေး၏။ ထို့ကြောင့် လူရွယ်များသည် ပိုင်ချူးရိ၏ လက်ဝါးစောင်းနှင့် ခြေထောက်ကန်ချက်များကို လွတ်အောင်မရှောင်နိုင်ကြတော့ချေ။

'အား'

'အွန့်'

'အမလေး'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြန်သည်။ လူရွယ်သုံးယောက် ခွေခေါက်ကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။ ယခု နတ်ဓားရှစ်လက်အနက် လူရွယ်တယောက်သာ ကျန်ရစ်ခဲ့ပါတော့သည်။

ပိုင်ချူးရိက မဲပြုံးပြုံးလိုက်ကာ

'မင်းကော ကျုပ်ကိုဆက်ပြီး တိုက်ခိုက်ချင်သေးသလား'

လူရွယ် အံတင်းတင်းကြိတ်လိုက်လေသည်။

'ကျုပ်အဖော်တွေသွားပြီးတဲ့နောက် ကျုပ်က တယောက်ထဲနေခဲ့မယ် ထင်သလား'

ပြေးပြီးလျှင် ပိုင်ချူးရိအား ခုန်အုပ်လိုက်သည်။

ပိုင်ချူးရိကလူရွယ်ကို ကရုဏာသက်သွားသည်။ သို့သော် ဆိုးသွမ်းယုတ်မာသူများကို လက်လွှတ်ပေး၍ မဖြစ်ချေ။ မြွေ ဆိုးသည် အကြင်နာတရားကို မသိတတ်ပါ။ အခွင့်သင့်လျှင် ကိုက်ခဲပေမည်။

ထိုအခါ မြွေဆိပ်သင့်ကာ သေဆုံးရမည် မဟုတ်ပါလား။ ထို့နည်းတူ ပိုင်ချူးရိလည်း လူရွယ်ကို သနားနိုင်ခြင်း မရှိ တော့ပါချေ။ ဓားကို တချက်ဝှေ့ယမ်းလိုက်လျှင် ခုန်အုပ်လာ သောလူရွယ်မှာ လေထဲ၌ပင် တုံ့ကန်ရပ်သွားသည်။

ထို့နောက် သူ၏ရင်ဘတ်မှ သွေးစီးကြောင်းတခု ထွက်ပေါ် လာပြီး ကြမ်းပြင်ပေါ်သို့ စုန်းကနဲ ပြုတ်ကြသွားလေတော့ သည်။

* * *



နတ်ဓားရှစ်လက်မှာ ကြမ်းပြင်ပေါ်တွင် လဲကျနေသည်။

ဓားကိုင်ဆောင် လူရှစ်ယောက်စလုံးလည်း ကြမ်းပြင်ပေါ်မှ မထနိုင်တော့ချေ။ သူတို့သည် မိုးကြိုးဓားပိုင်ချူးရိလက်ချက် ဖြင့် လောကကို စွန့်ခွာသွားရပြီ ဖြစ်လေသည်။

နတ်ဓားရှစ်ယောက်နှင့် တိုက်ခိုက်စဉ် ပိုင်ချူးရိ ဒဏ်ရာ တချက်မျှ ရရှိခဲ့ခြင်းမရှိပါ။ သို့သော် ဓားသရဲဟိုကြည်ထုံ၏ လက်ချက်ကြောင့် ရရှိခဲ့သော ဝမ်းဗိုက်မှဒဏ်ရာ နာကျင်ကိုက် ခဲလာသည်။ ဆက်၍ လှုပ်လှုပ်ရှားရှားပြုလုပ်လျှင် သွေးပြန်ထွက် လာနိုင်ပေသည်။

ပိုင်ချူးရိ သက်ပြင်းချမိသည်။

တန်ကျူဝိုက်ကျန်ရှိနေသေးသောကြောင့် သူက ဆက်ပြီး လှုပ်လှုပ်ရှားရှားပြုလုပ်ရဦးမည်မဟုတ်ပါလား။ ပိုင်ချူးရိက တန်ကျူဝိုက်ဘက်သို့လှည့်ကြည့်လိုက်၏။ ရုတ်တရက် သူ၏မျက် လုံးများ ပြူးကျယ်သွားသည်။ တန်ကျူဝိုက်မှာ မူလရပ်နေရာ တွင် လုံးဝမရှိတော့ချေ။ ပိုင်ချူးရိ အံ့သြသွားကာ....

'ဒီလူ ဘယ်ရောက်သွားပါလိမ့်'

ဟု တီးတိုးရေရွတ်လိုက်သည်။ ထိုစဉ်မှာပင်....

'ကျုပ် ဒီမှာရှိပါတယ်'

တန်ကျူဝိုက်၏ အေးတိအေးစက်စကားသံ ထွက်ပေါ်လာ သည်ကို ကြားလိုက်ရလေသည်။ ထိုအသံသည် ပိုင်ချူးရိ၏ နောက်ကျောဘက်မှ နီးကပ်စွာထွက်ပေါ်လာခြင်း ဖြစ်သည်။ ပိုင်ချူးရိ မျက်နှာကွက်ကနဲ ပျက်သွား၏။ ထို့နောက် နောက် သို့ လှည့်ရန်ကြိုးစားလိုက်သည်။

ထိုစဉ်မှာပင် သူ၏နောက်ကျောတွင် စူးရှ ပြင်းထန်သော ဝေဒနာတရပ်ခံစားလိုက်ရလေသည်။ အလွန် ထက်မြက်သော အရာဝတ္ထုတခုက သူ၏နောက်ကျောသို့ တည့်တည့်မတ်မတ်စိုက်မိသွားပြီမဟုတ်ပါလား။ ပိုင်ချူးရိ ရှေ့သို့ ငိုက်ကျသွားပြီး –

'အွန့်'

မသဲမကွဲညည်းညူလိုက်လေသည်။ ထိုစဉ် နံဘေးသို့ပြင်းထန်သော ခြေထောက်ကန်ချက်တခု လာရောက် ထိတွေ့သည်ကိုသိလိုက်ရသည်။ ပိုင်ချူးရိ၏ခန္ဓာကိုယ်လေထဲသို့မြောက်တက်သွားပြီး လှေကားအတိုင်းအောက်ထပ်သို့ တလိမ့် ခေါက်ကွေးကျသွားလေသည်။

ပိုင်ချူးရိ၏ဦးခေါင်းမျာ ချာချာလည်ကာ မူးဝေလာ၏။ မျက်လုံးများပြာဝေနေပြီး အရာရာကို သဲသဲကွဲကွဲတွေ့မြင်ရခြင်း မရှိတော့ပါ။ အပေါ်ထပ်မှာ တန်ကျူိဝိုက်၏ တဟားဟားရယ်မောသံ ကျယ်လောင်စွာထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

တဆက်တည်းမှာပင် သူ့အား နူးညံ့သော လက်နှစ်ဘက်လာ၍ ပွေ့ချီသည်ကိုသိလိုက်ရ၏။ ထို့နောက်ဘာကိုမျှသတိမရပဲ မေ့မြောသွားလေတော့သည်။

* * *

## ကျေးဇူးသိသူ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ အချိန် မည်မျှကုန်ဆုံးသွားမှန်းမသိရပါချေ။ ပိုင်ချူးရိ ရုတ်တရက်သတိရလာ၏။ ထိုအခါ သူသည်အမှောင်ကမ္ဘာအတွင်းဘက်မှအလင်းဘက်သို့ ရုတ်ခြည်း ပြန်ရောက်လာသူပမာ မျက်လုံးဖွင့်မရနိုင်အောင် ရှိနေသည်။

သူ၏တကိုယ်လုံး နာကျင်ကိုက်ခဲနေပြီး မျက်ခွံများလေးလံနေ၏။ မျက်လုံးဖွင့်ရန်ကြိုးစားသော်လည်း တော်တော်နှင့် ဖွင့်၍မရချေ။ သို့သော်ပတ်ဝန်းကျင်တွင်ဖြစ်ပေါ်သော အသံဗလံများကိုမူ ကြားနေရပါ၏။

ပတ်ဝန်းကျင်မှာ အေးချမ်းတိတ်ဆိတ်ငြိမ်သက်သော နေရာတခုဖြစ်ကြောင်း သိရှိနိုင်၏။ ကျေးငှက်ကလေးများ၏ အော်မြည်သံ သစ်ရွက်လေတိုးသံနှင့် တခါတရံ ပေါ်လာသော တီးတိုးစကားသံများကို မသဲမကွဲကြားနေရ၏။

ပိုင်ချူးရ၏ အသက်ကိုခက်ခက်ခဲခဲရှူနေရပါ၏။ အသက်ရှူလိုက်တိုင်း နောက်ကျောနှင့်ရင်ဘတ်များလည်း အောင့်နေ၏။ ပိုင်ချူးရီက ကြိုးစား၍မျက်လုံးဖွင့်ကြည့်သည်။ ခန္ဓာကိုယ်လှုပ်ရှားလိမ့်ထရန် ကြိုးစားနေ၏။

ထိုသို့ ကြိုးစားလိုက်တိုင်း သူ၏တကိုယ်လုံးနာကျင်လာ၏။ ဦးခေါင်းများလည်း မခံမရပ်နိုင်အောင် ကိုက်ခဲ မူးမော်လာ၏။ ထို့ကြောင့် ပိုင်ချူးရီအသက်မှိန်းနေရသည်။ ယခုတကြိမ် သူက အသက်ဘေးမှလွတ်မြောက်လာပြန်ပြီဖြစ်သည်။

မည်သူက သူ့အား ကယ်တင်ခဲ့ပါသနည်း။ ပထမတကြိမ် ကယ်တင်ခဲ့သော မြင်းဇောင်းပိုင်ရှင် ဝမ်းထိုက်တော့မဟုတ်နိုင်ပါချေ။ ပိုင်ချူးရီ တွေးယင်းတွေးယင်း မျက်ခွံများ လေးလံလာသည်။

သူကြားနေရသော ကျေးငှက်များအော်မြည်သံ၊ တီးတိုးစကားပြောသံများလည်း တဖြည်းဖြည်း တိုး၍တိုး၍သွားလေတော့သည်။

* * *



အချိန်ကြာသွားပြီးနောက် ပိုင်ချူးရီ ဒုတိယအကြိမ် ပြန်၍နိုးလာလေသည်။ ပိုင်ချူးရီနိုးလာသောအခါ ဦးခေါင်းများ ကြည်ကြည်လင်လင်ဖြစ်နေပြီး နောက်ကျောမှ ကိုက်ခဲသော ဝေဒနာလည်း သက်သာပျောက်ကင်းသွားသည်ဟု ခံစားရ၏။

သူက မျက်လုံးဖွင့်လိုက်သည်နှင့် ဖြူဖွေးသောမျက်နှာကြက်ကို တွေ့မြင်လိုက်ရ၏။ တဆက်တည်းပင် သန့်ရှင်းသပ်ရပ်သော အခန်းတွင်းရှိ နူးညံ့အိစက်သည့် ခုတင်တလုံးအပေါ်ရောက်ရှိနေသည်ကို သတိပြုမိလေသည်။

ပိုင်ချူးရီကြိုးစား၍ ခုတင်ပေါ်ထထိုင်လိုက်၏။ သူ၏ ခန္ဓာကိုယ် လှုပ်လှုပ်ရှားရှားပြုလာနိုင်သော်လည်း ခြေလက်များ နွေးကွေး လေးလံနေကြောင်း သတိပြုမိလေသည်။ ပိုင်ချူးရီက အခန်းကို သေချာစွာ အကဲခတ်ကြည့်လိုက်သောအခါ ရင်ထိတ်သွား၏။

အခန်းတွင်း၌ မိန်းကလေး အသုံးအဆောင်များသာ ရှိနေသည်မဟုတ်ပါလား။ ပိုင်ချူးရ၏ အံ့ဩစိတ်ဖြင့် ခုတင်ထက်မှ ဆင်းမည်အပြုတွင် ရုတ်တရက်အခန်းတံခါးပွင့်သွားပြီး မိန်းကလေးတယောက်ဝင်လာသည်ကို တွေ့လိုက်ရ၏။

မိန်းကလေး၏လက်တွင်း၌ အငွေ့တထောင်းထောင်းထနေသော ပန်းကန်တခု ပါလာသည်။ မိန်းကလေးက ပိုင်ချူးရ၏ သတိရနေသည်ကိုတွေ့ရလျှင် ချစ်စဖွယ်ပြုံးကာ....

'ရှင်သတိရနေပြီကိုး'

မိန်းကလေးငယ်၏အသံကိုကြားရလျှင် ပိုင်ချူးရ၏ ခန္ဓာကိုယ်တချက် တုန်ခါသွားသည်။ ရင်ထဲ၌ ထိတ်လန့်မှုကိုလည်း

ခံစားလိုက်ရ၏။ သူက မိန်းကလေးကို သိထားပါသည်။ ထို မိန်းကလေးမှာ အဆိပ်မြွေ လေးဖော်အနက် သက် ရှင်လျက် လွတ်မြောက်သွားသော မြေဖြူဖြစ်နေသည်။

မြေဖြူကိုတွေ့ရလျှင် ပိုင်ချူးရဲ့က မိမိ ရန်သူလက်တွင်းသို့ ကျရောက်ကာ အဖမ်းခံနေရပြီဟု တွေးမိလိုက်လေတော့သည်။ မြေဖြူက ပိုင်ချူးရဲ့ ပျက်နှာပျက်သွားသည်ကို သတိပြုမိလိုက် သည်။ သူမသည် ပိုင်ချူးရဲ့အနီးသို့ ချဉ်းကပ်သွားပြီး....

'ဆေး သောက်လိုက်ပါဦးရှင်'

ပိုင်ချူးရဲ့ခေါင်းခါယမ်းလိုက်လေသည်။ သူက အေးစက် မာကျောသော လေသံဖြင့်....

'ကျုပ်ကို ဆေးတိုက်စရာ မလိုဘူး၊ ရန်သူ့လက်ထဲ အဖမ်း ခံနေရတာထက် သေရတာမြတ်သေးတယ်'

မြေဖြူ ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ ချက်ချင်း လက်ကာပြယင်း....

'မဟုတ်ဘူး....မဟုတ်ဘူး၊ အို့ ရှင့်အတွေး မှားနေပြီ၊ ရှင် ရန်သူလက်ထဲမှာ အဖမ်းခံနေရတာ မဟုတ်ဘူးရှင့်'

ပိုင်ချူးရဲ့ မျက်မှောင်ကုပ်ကာ....

'ဒါဖြင့် မင်းက....

'ဟုတ်တယ် ကျွန်မ ရှင့်ကို ကယ်တင်လာခဲ့တာ'

ထိုစကား ကြားရလေသအခါ ပိုင်ချူးရဲ့ သူ၏ နားကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားသေသည်။ မြေဖြူကိုကြည့်ယင်း

'မင်း....မင်း ကျုပ်ကို ကယ်ဘင်လာခဲ့တာ ဟုတ်လား



'ဟုတ်ပါတယ်၊ ရှင် စားသောက်ဆိုင် အပေါ်ထပ်က ကျ လာတော့ ကျွန်မတို့ ရှင့်ကိုပွေ့ချီပြီး ထွက်ပြေးလာတာ၊ ဝါဝါ က မြင်းလှည်းနဲ့အဆင်သင့် စောင့်နေတယ်လေ၊ အပြင်ဘက် ရောက်တော့ မြင်းလှည်းပေါ်တင်ပြီး ခေါ်လာတာပေါ့၊ တန် ကျိုဝိုက်တော့ မကျေနပ်ဖြစ်ပြီး ကျန်ခဲ့တယ်'

'ဝါဝါဆိုတာ ဘယ်သူလဲ'

'ရှင် မြွေစိမ်းလို့ ခေါ်တဲ့သူပေါ့'

'ဒါဖြင့်....မင်းကကော'

'ကျွန်မနာမည် အရင်းက စန်းစန်းပါ'

မြေဖြူ(ဝါ) စန်းစန်းသည် တည်ငြိမ်သော မျက်နှာထား ဖြင့် ပြောနေခြင်းဖြစ်ပေသည်။ ပိုင်ချူးရဲ့မှာ စန်းစန်းနှင့် ဝါ ဝါတို့ကို ကျေးဇူးတင်မဆုံး အောင်ဖြစ်သွား၏။

သို့သော် ယုံကြည်စိတ်ချနိုင်ခြင်းမရှိသောကြောင့်....

'မင်းတို့အဖော်နှစ်ယောက် ကျုပ်လက်ချက်နဲ့ သေသွားဘာ မင်းတို့ ကျုပ်ကို မမုန်းကြဘူးလား'

စန်းစန်း သက်ပြင်းချကာ....

'ကျွန်မတို့က ရှင့်ကို သတ်ဖို့ ကြိုးစားခဲ့ကြသေးတယ်မဟုတ် လား၊ ရှင်သာလွှတ်မပေးယင် ကျွန်မတို့လဲ သေရမှာပဲ'

ပိုင်ချူးရဲ့ မျက်မှောင်ကုပ်ပြီး....

'နေစမ်းပါဦး၊ မင်းတို့ ကျုပ်ဲနောက်ကို တချိန်လုံး နောက် ယောင်ခံလိုက်နေတာလား'

စန်းစန်းခေါင်းညိတ်ကာ—

'နောက်ယောင်ခံလိုက်တာတော့ဘူးမဟုတ်ပါ၊ ရှင့်ရဲ့ အခြေအနေကို စောင့်ကြည့်နေတာပါ၊ ရှင် ပန်း စားသောက်ဆိုင်ကို လာတတ်တာသိလို့ ရုပ်ဖျက်ပြီး စောင့်ကြည့်နေတာ တန်ကျိုဝိုက်ရောက်လာတော့ ရှင် အပေါ်ရောက်နေပြီဆိုတာ သိရတယ်၊ အပေါ်ထပ်တက်ကြည့်ဖို့ ကြံစည်နေတုံး ရှင် ဒဏ်ရာရပြီး ပြုတ်ကျလာတာ တွေ့လို့ ကယ်တင်လာခဲ့တာ'

ပိုင်ချူးရီက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်အလေးပြုလိုက်လေသည်။

'ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါထက် ဘာကြောင့် ကျုပ်ကို ကယ်တင်ရတာလဲ'

'ရှင်က ကျွန်မတို့ကို မသတ်ပဲ လွှတ်လိုက်လို့ပါ'

ပိုင်ချူးရီ ပါးစပ် ပိတ်ထားလိုက်လေသည်။ ထို အခန်းတွင်းသို့ နောက်ထပ် မိန်းကလေးတယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။ ထိုမိန်းကလေးမှာ မြွေစိမ်း (ဝါ)ဝါဝါ ဖြစ်လေသည်။

ပိုင်ချူးရီက ထပ်မံ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်ပြီး---

'ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ဝါဝါ'

မြွေစိမ်း(ဝါ) ဝါဝါ ပြုံးလိုက်ပြီး....

'ရှင်ကျွန်မနာမည်ကိုတောင် သိနေပြီကိုး၊ မမပြောပြထားပြီထင်တယ်'

'ဟုတ်ပါတယ်'



မြွေစိမ်း(ဝါ)ဝါဝါမှာ အပြင်ဘက်မှပြန်လာဟန် ရှိလေသည်။ သူ၏အတွေးမမှားကြောင်း ပိုင်ချူးရီ ချက်ချင်းသိလိုက်ရ၏။

စန်းစန်းက ဝါဝါကိုလှမ်းကြည့်လိုက်ပြီး....

'ညီမ ဘာသတင်းထူးသေးသလဲ'

ဝါဝါပခုံးတွန့်ကာ

'သူတို့ သဲသဲမဲမဲ လိုက်ရှာနေကြတယ်'

စန်းစန်း၏မျက်နှာဘွင် စိုးရိမ်ကြောင့်ကြသော အမူအရာများ ထွက်ပေါ်လာလေသည်။

ဝါဝါက ဆက်ပြောလိုက်၏။

'သူတို့က ကျွန်မတို့ခိုးလာတဲ့မြင်းလှည်းကို ခြေရာခံမိသွားတယ်လေ။ မြင်းလှည်းပိုင်ရှင်တော့ ဘုမသိဘမသိ အသတ်ခံလိုက်ရတယ်၊ အဲဒီလူနာမည် ဝမ်းထိုက်ဆိုလားပဲ'

ထိုစကားကြားလျှင် ပိုင်ချူးရီ မျက်လုံးပြူးကျယ်သွားပြီး....

'ဝမ်းထိုက်ဟုတ်လား၊ မြင်း အကြီးအကျယ် မွေးတဲ့ဝမ်းထိုက်'

ဝါဝါက....

'ရှင်သိလို့လား'

'ကျုပ်သူ့ကိုသိတယ်၊ သူဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်ပဲ'

ပိုင်ချူးရှိက ခါးသရဲဟိုကြည်ထုံနှင့် တွေ့ဆုံခဲ့သည့် အကြောင်းမှစ၍ ကျင်းလိမ်မြို့သို့ ရောက်လာသည့်တိုင် အစအဆုံး ပြောပြလိုက်သည်။ သူ၏စကားကြားရလျှင် ဝါဝါနှင့်စန်းစန်း သက်ပြင်းချလိုက်ပြီး....

'ဒီလိုမှန်းသိယင် သူ့မြင်းလှည်း ခိုးမယူခဲ့ပါဘူးရှင်'

ဝါဝါခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျွန်မတို့လဲ အမြန်ဆုံးထွက်ပြေးရအောင် တွေ့တဲ့မြင်းလှည်း တက်မောင်းလာခဲ့တာ၊ အခုတော့ ဘုမသိဘမသိ မြင်းလှည်းပိုင်ရှင်သေရပြီ'

'မြင်းလှည်းပိုင်ရှင် ဝမ်းထိုက်ကို ဘယ်သူသတ်တာလဲ'

သူ၏စကားသံ မှကြောနေသောကြောင့် ဝါဝါနှင့်စန်းစန်း လန့်သွားကြ၏။

ဝါဝါက....

'တန်ကျိုဝိုက်ရဲ့လက်ချက်လို့ ပြောတာပဲ'

ပိုင်ချူးရှိ အံတင်းတင်းကြိတ်ကာ

'တန်ကျိုဝိုက်ကို ကျုပ်တသက်လုံး မကျေနပ်ဘူး'

ဝါဝါနှင့်စန်းစန်းတို့ ခေါင်းငုံ့ ထားလိုက်ကြလေသည်။ ပိုင်ချူးရှိမှာ စိတ်လှုပ်ရှားမှုကြောင့် တကိုယ်လုံးရှိသွေးများ ဆူဝေလာသည်။ ထို့ကြောင့် ဦးခေါင်းပြင်းထန်စွာ ကိုက်ခဲလာလေသည်။

ပိုင်ချူးရှိက အမှတ်မထင် လဲကျသွားမလိုဖြစ်ရာ ဝါဝါနှင့်စန်းစန်းတို့က အချိန်မီဖေးမ လိုက်ကြ၏။ ပိုင်ချူးရှိကိုခုတင်ပေါ်တင်ပေးလိုက်ပြီး စန်းစန်းက....



'ရှင်ဆေးသောက်ပြီး၊ အေးအေးဆေးဆေး အနားယူပါရှင်၊ ဒဏ်ရာတွေ သက်သာပျောက်ကင်းသွားမှ သူတို့ကို လက်စားချေနိုင်မယ် မဟုတ်လား'

ပိုင်ချူးရှိ ပါးစပ်ပိတ်ထား၏။ ဝါဝါနှင့် စန်းစန်းတို့က ပိုင်ချူးရှိအား ဆေးတိုက်ကျွေး၍ ပြုစုကြ၏။ စန်းစန်းက

'တန်ကျိုဝိုက်ဟာ အင်မတန် ကြောက်စရာကောင်းတဲ့ လူတယောက်ပဲ၊ ဒါပေမယ့် သူဟာ အဆိပ်ပညာမှာသာ တော်တာပါ၊ သိုင်းပညာက သိပ်မဟုတ်ပါဘူး၊ ရန်သူကိုတိုက်ခိုက်ယင် သူကဘယ်တော့မှ ဝင်မတိုက်ဘူး။ လက်အောက်ငယ်သားတွေနဲ့ လွှတ်ပေးပြီး၊ အခြေအနေစောင့်ကြည့်တယ်၊ ပိုင်လောက်ပြီထင်မှ အဆိပ်နဲ့တိုက်ခိုက်တယ်၊ ရှင့်ကိုလဲ အဆိပ်လူးထားတဲ့ဓားနဲ့ ထိုးချလိုက်တာ ရှင်သေရမယ်လို့တော့ သူကျိန်းသေတွက်ထားမှာပါ၊ သူ့အဆိပ်က ဖြေဆေးအချိန်မီမရယင် နေ့ဝက်အချိန်အတွင်း သေသွားနိုင်တယ်ရှင့်'

သူမက ပိုင်ချူးရှိစိတ်ပြောင်းသာအောင် ပြောလိုက်ခြင်းဖြစ်ပေသည်။ အမှန်တကယ်လည်း ပိုင်ချူးရှိ သူမ၏စကားများကို စိတ်ဝင်စားသွားသည်။ စန်းစန်းကိုမော့ကြည့်ကာ....

'မင်းတို့ အဆိပ်ဖြေဆေး ဘယ်ကရသလဲ'

စန်းစန်းကပြုံးလိုက်ပြီး

'ကျွန်မတို့ဟာ အဆိပ်မြွေဖြူလေးဖော်ဆိုတာ ရှင်မေ့နေပြီလား၊ အဆိပ်ပညာ တတ်မြောက်ကျွမ်းကျင်တာ လူတိုင်းသိတယ်၊ ဘယ်အဆိပ်ကို ဘယ်လိုဖြေဆေးမျိုးနဲ့ ကုသရမယ်ဆိုတာ သိတယ်ရှင့်'

'ဒါဖြင့် ကျုပ်ကို ဘာဆေးနဲ့ကုခဲ့တာလဲ'

စန်းစန်းက တည်ငြိမ်သောမျက်နှာထားဖြင့်

'ခုန ရှင်သောက်လိုက်တဲ့ဆေးရည်ဟာ အမှန်တော့ ကျွန်မ အထူးဖော်စပ်ထားတဲ့ အဆိပ်တမျိုးပဲ'

'ဘာ'

ပိုင်ချူးရဲ့ အထိတ်တလန့်ဖြစ်သွားလေသည်။ စန်းစန်းက ဆက်ပြောလိုက်သည်။

'ကျွန်မတို့က သမားတော်မဟုတ်လို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ၊ အသုံးပြုလိုက်တာ တန်ကျိုဝိုက်ရဲ့အဆိပ်ကို ကျွန်မရဲ့အဆိပ်နဲ့ တန်ပြန်တဲ့သဘောပေါ့၊ အဆိပ်နှစ်ခု ဆန့်ကျင်ဘက်ဖြစ်တော့ လူကိုဒုက္ခမပြုပဲ အာနိသင်ပြယ်သွားတယ်လေ'

သူရှင်းပြမှ ပိုင်ချူးရဲ့ သဘောပေါက် နားလည်သွားလေသည်။

'လက်စသတ်တော့ ဒီလိုကိုး၊ ကျုပ် မသိပါဘူးဗျာ၊ ကျုပ် ကိုယ်ထဲမှာ အဆိပ်တွေ တော်တော်များများ ရောက်နေယင် သေရလိမ့်မယ်ဆိုတာပဲ သိတယ်'

ဝါဝါက ခေါင်းခါယမ်းယင်း ကြားဖြတ်ပြောလိုက်၏။

'မဟုတ်သေးဘူး၊ အချို့အဆိပ်တွေဟာ အဆိပ်ဖြေဆေး အဖြစ် တန်ပြန်သုံးလို့ရတယ်၊ ကျွန်မတို့က ဒီလိုနည်းအတိုင်း လုပ်လိုက်လို့ ရှင်အမြန်ဆုံး သက်သာလာတာပေါ့၊ တန်ကျိုဝိုက် ဆီမှာသာ အဆိပ်ဖြေဆေး သွားတောင်းနေရမယ်ဆိုယင် ကျွန်မ တို့လဲ အသက်ရှိတော့မှာ မဟုတ်ဘူး'



ပိုင်ချူးရဲ့ တိတ်တခိုး ပြုံးလိုက်မိသည်။ ဝါဝါနှင့်စန်းစန်း တို့သည် ဉာဏ်ကောင်းသူများဖြစ်ကြောင်း သူနားလည်သဘော ပေါက်လိုက်လေသည်။ သူမတို့ စိတ်ရင်းကောင်းပုံရ၍ အဘယ့် ကြောင့် ကြေးစား လူသက်သမားများ ဖြစ်လာကြရသည်ကို ပိုင်ချူးရဲ့ စဉ်းစား၍မရချေ။

ထို့ကြောင့် ပွင့်ပွင့်လင်းလင်းပင် ဖွင့်မေးလိုက်လေသည်။

'မင်းတို့နှစ်ယောက်ကို ကျုပ်တခု မေးချင်ပါတယ်'

'မေးပါ'

'မင်းတို့ ဘာကြောင့် ကြေးစားလူသတ်သမား ဖြစ်လာကြ တာလဲ'

ထိုစကားကြားရလျှင် စန်းစန်း သက်ပြင်းချကာ....

'အမှန်တော့ ကျွန်မတို့ဟာ ဆရာကိုသတ်သွားတဲ့ လူသတ် သမားကို လိုက်ရှာယင်း လူအတော်များများသတ်မိကြပါတယ်၊ ဒီတော့ လူတွေက လူသတ်မာကြေးစားတွေလို့ ပြောသတယ်။ ဒီအချိန်မှာပဲ ကျွန်မကိုကို ငွေပေးခိုင်းတဲ့လူပေါ်လာတော့ မထူး တော့ဘူးလို့ သဘောပိုက်ပြီး ဆက်လုပ်ခဲ့ကြတာပါရှင်'

ပိုင်ချူးရဲ့ ခေါင်းညိတ်လိုက်၏။

'လက်စသတ်တော့ဒီလိုကိုး၊ ဒါထက် ကျုပ်ကိုသတ်ဖို့ ဘယ် သူ ငွေပေးခိုင်းတာလဲ'

'တန်ကျိုဝိုက်ပါ'

ပိုင်ချူးရဲ့ အံ့သြသွားပြီး

'တန်ကျိုဝိုက် ဟုတ်လား'

'ဟုတ်ပါတယ်'

'သူက ကြေးစားတယောက်ပဲ၊ သူ့နောက်မှာ ကြိုးကိုင်နေတဲ့ လူတယောက် ရှိဦးမယ်ထင်တယ်'

'ဟုတ်ပါတယ်၊ ကျွန်မတို့လဲ ဒီလိုပဲတွေးမိပါတယ်၊ ဒါပေမယ့် တန်ကျူဝိုက်က စပ်စုတာမကြိုက်လို့ သိပ်မသိခဲ့ရပါဘူး'

ပိုင်ချူးရီမျက်မှောင်ကုပ်ကာ....

'မင်းတို့က တန်ကျူဝိုက်နဲ့ပဲ ဆက်ဆံခဲ့ကြတယ်မဟုတ်လား'

'ဟုတ်တယ် ကြေးစားတွေ အကုန်လုံးကို တန်ကျူဝိုက်ကပဲ ဒိုင်ခံပြီး ငှားရမ်းပေးတယ်လို့ သိရပါတယ်၊ တကယ်တမ်း ငွေထုတ်ပေးတဲ့လူက ဘယ်သူလဲ မသိရပါဘူး'

'ဒီလူဟာ တော်တော်ချမ်းသာလိမ့်မယ် ထင်တယ်'

'ဟုတ်တယ်'

'တန်ကျူဝိုက်က မင်းကို ဘာအကြောင်းပြပြီး ငှားတာလဲ'

'ကျူးကျန့်ရှန်းနဲ့ ပတ်သက်တဲ့ သိုင်းလောက မိတ်ဆွေတွေအားလုံးကို သုတ်သင်ပစ်ဖို့ ငှားရမ်းတာပါ'

'ဘာကြောင့် ဒီလိုလုပ်ရသလဲ မင်းတို့သတ်ပြုမိသလား'

စန်းစန်းအနည်းငယ်စဉ်းစားလိုက်ပြီး

'သူတို့ ကျူးကျန့်ရှန်းကို သတ်ပစ်ဖို့ အစီအစဉ်ရှိလိမ့်မယ်၊ ဒါကြောင့် နောက်နောင် ကျူးကျန့်ရှန်း အတွက် လက်စားချေပေးမယ့်လူ ပေါ်ပေါက်မလာအောင် တခါထဲရှင်းလင်းပစ်တာတူပါတယ်'

ပိုင်ချူးရီခံပြင်းသွားသည်။ ကျူးကျန့်ရှန်းအား လုပ်ကြံသူမှာ အကွက်စေ့သူဖြစ်ကြောင်း ရိပ်မိလာ၏။ ထိုလူသည်အဘယ့်ကြောင့် ကျူးကျန့်ရှန်းကို သတ်ပစ်လိုပါသနည်း။



ဤမေးခွန်းသည် ပိုင်ချူးရီ၏ ဦးခေါင်းထဲသို့ အကြိမ်ပေါင်းမြောက်မြားစွာ ငရောက်ခဲ့ပြီး ဖြစ်သည်။ သို့သော် ယခုတိုင် အဖြေမရသေးချေ။ ဝါဝါနှင့် စန်းစန်းတို့ တယောက်ကို တယောက်ကြည့်လိုက်ကြသည်။

ပြီးလျှင် စန်းစန်းက

'ရှင်အနားယူလိုက်ပါအုံး ကျွန်မတို့အပြင်ဘက်မှာ စောင့်ရှောက်နေမယ်၊ တရက်နှစ်ရက်လောက် နေယင် ရှင်နေကောင်းသွားမှာပါ'

ပြောပြီးလျှင် ဝါဝါနှင့်အတူ အပြင် ထွက်သွားကြ၏။

အခန်းတံခါးကိုလည်းပြန်ပိတ်ထားလိုက်သည်။ အခန်းတွင်း၌ ပိုင်ချူးရီတယောက်တည်းသာ ကျန်ရစ်ခဲ့လေတော့သည်။

* * *

ပိုင်ချူးရီမှာ ခုတင်ပေါ်တွင် လဲလျောင်းနေသည်။ အချိန်ကြာသော် ပျင်းရိလာ၏။ ထို့ကြောင့် ခုတင်ပေါ်မှ ထရန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ ဆူညံသော တိုက်ခိုက်သံများထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ပိုင်ချူးရီခေါင်းရင်းဘက်တွင် မိုးကြိုးဓားအသင့် ထောင်ထားသည်ကိုတွေ့ရ၏။ ပိုင်ချူးရီက တုံ့ဆိုင်းမနေပဲမိုးကြိုးဓားကိုဆွဲကာ အခန်းအတွင်းမှ ပြေးထွက်လိုက်၏။

အပြင်ဘက်တွင် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေ၏။ ဝါဝါနှင့်စန်းစန်းတို့အား လူတစုက ဝိုင်းရံတိုက်ခိုက်နေကြသည်ကိုတွေ့ရလေသည်။ ထိုလူများသည် သေသေချာချာသေ့ကျင့်ထားသူများဖြစ်ကြောင်း သိထားနိုင်၏။

ဝါဝါနှင့်စန်းစန်းအစွမ်းကုန် တိုက်ခိုက်နေသော်လည်း ထိုးဖောက်မရသည့်အပြင် သူမတို့အားဝိုင်းရံထားခြင်းခံရလေသည်။ ထို့အပြင် ထိုလူများ၏ ဓားချက်များက ဝါဝါနှင့်စန်းစန်းတို့၏အသက်ကို ခြိမ်းခြောက်နေပါ၏။

ပိုင်ချူးရီအပြင်ဘက်သို့ ရောက်လာလျှင်

'အား'

စူးရှသော အော်ဟစ်သံနှင့်အတူ ဝါဝါမြေပေါ်လဲကျသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ဝါဝါမှာရန်သူ၏ဓားချက်မိသွားပြီဖြစ်လေသည်။

*  *  *



ပိုင်ချူးရီဒေါသခြောင်းခြောင်းထွက်လာ၏။ မိုးကြိုးဓားကိုဆွဲထုတ်လိုက်ပြီး....

'ရပ်လိုက်ကြစမ်း'

ကျယ်လောင်စွာ ဟိန်းဟောက်ကာ တိုက်ပွဲအတွင်းသို့တရှိန်ထိုးပြေးဝင်သွားလေသည်။ သူကဓားကို အဆက်မပြတ် ဝေ့ယမ်းယင်း မျက်စိအောက်၌ မဲမဲမြင်သမျှ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သူ၏အသက်ကိုပဓာနမထားပဲ တိုက်ခိုက်မှုကြောင့် စန်းစန်းနှင့်ဝါဝါတို့အား ဝိုင်းရံတိုက်ခိုက်နေသူများ ချက်ချင်းနောက်ဆုတ်သွားကြလေသည်။ ပိုင်ချူးရီမှာလည်း ဝိုင်းရံထားသူများ၏စည်းဝိုင်းအလယ်သို့ ရောက်ရှိသွားသလိုဖြစ်နေ၏။

ပိုင်ချူးရီရောက်ရှိလာသည်ကို တွေ့ရလျှင် ဝိုင်းရံထားသူများ ချက်ချင်းနောက်ဆုတ်သွားပြီး အဝေးမှဝိုင်းထားကြ၏။ ဆက်လက် တိုက်ခိုက်ခြင်းမပြုကြတော့ချေ။

ပိုင်ချူးရီက စန်းစန်းကိုကြည့်ကာ

'ဝါဝါကိုကြည့်ပါအုံး'

စန်းစန်းက ဓားကိုပြန်သိမ်းထားလိုက်ပြီး ဝါဝါကိုပွေ့ထူလိုက်၏။ ဝါဝါ၏ရင်ဘတ်တွင် သွေးများဖြင့် စိုရွှဲနေသည်။ သူသည် ဓားဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိသွားသောကြောင့် အသက်ငွေ့ငွေ့ကမလေးသာ ကျန်ပါတော့၏။

စန်းစန်း၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝိုင်းလာ၏။ မကြာသေးမီက ပြုံးပြုံးရွှင်ရွှင်စကားပြောနေခဲ့သော ဝါဝါမှာ ယခုလူသေတယောက်ပမာဖြစ်နေချေပြီ။

ဝါဝါမှာတဖြည်းဖြည်းချင်းမျက်လုံးပွင့်လာသည်။ စန်းစန်းကိုတွေ့လျှင် ဝမ်းနည်းကြေကွဲသောလေသံဖြင့်....

'ကျွန်မအပြစ်ပါ၊ မမရယ်၊ သူတို့ ကျွန်မနောက်ကို နောက်ယောင်ခံလိုက်လာကြတာထင်ပါရဲ့'

စန်းစန်းခေါင်းခါယမ်းကာ....

'ညီမ ဘာမှမပူနဲ့၊ သူတို့ကို မမ မောင်းထုတ်ပစ်လိုက်မှာပါ'

ဝါဝါ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာသည်။

'မမ ကျွန်မကို ခွင့်လွှတ်ပါနော်'

စကားဆုံးလျှင် ခေါင်းငိုက်စိုက်ကျသွားလေသည်။

'ဝါဝါ'

စန်းစန်းက ကျယ်လောင်စွာခေါ်လိုက်သော်လည်း ဝါဝါ မထူးနိုင်တော့ပါချေ။ စန်းစန်း၏မျက်လုံးများ ရဲရဲနီလာ၏။ ဝါဝါကို ရုတ်တရက်လွှတ်ချလိုက်ပြီး ဓားကောက်ကိုင်ကာ....

'ရှင်တို့ကို တယောက်မှအရှင်မထားဘူး'

ပြောပြီး ဝိုင်းရံထားသောရန်သူများကို တဟုန်ထိုးတိုက်ခိုက်လိုက်၏။ လက်တဘက်က ဓားကိုင်ထားသလို ကျန်လက်တဘက်က အဆိပ်အပ်များ၊ ဓားတိုများ အဆက်မပြတ်ပစ်လွှင့် တိုက်ခိုက်လေသည်။

ပိုင်ချူးရီလည်း မနေနိုင်တော့ပါချေ။ စန်းစန်းကို ဟန့်တား၍ အကျိုးရှိမည်မဟုတ်မှန်းသိလျှင် ဓားဖြင့်ရန်သူများကို ဝင်တိုက်ခိုက်လိုက်လေ၏။ သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေ၏။



ရန်သူများသည် အဆက်မပြတ်ပစ်လွှင့်လာသောဓားတိုများ လက်နက်ပုန်းများကို ရှောင်တိမ်းယင်း တရကြမ်း တိုက်ခိုက်လာသော ပိုင်ချူးရီနှင့် စန်းစန်းတို့၏ ဓားချက်များကြောင့် တယောက်ပြီးတယောက်လဲကျသွားကုန်တော့၏။

ဆူညံစွာအော်ဟစ်သိုက်ကြွေးသော အသံများ၊သံသံခြင်း ထိခိုက်သံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။မျက်စိတမှိတ် လျှပ်တပြက်အချိန်အတွင်း ရန်သူလေးငါးယောက်မျှ မြေပေါ်လဲကျသွား၏။

သို့သော် ရန်သူများမှာ အလွန်များပြားနေသည် ဖြစ်ရာ ခဏအတွင်း ပိုင်ချူးရီနှင့်စန်းစန်းတို့ နောက်ပြန်ဆုတ်လိုက်ကြလေသည်။ ရန်သူများသည် တယောက်လဲကျသွားလျှင် နှစ်ယောက် အစားထိုးဝင်လာ၏။

နှစ်ယောက်လဲကျသွားလျှင် လေးယောက်အစားထိုး ဝင်လာသည်။တိုက်ခိုက်သုတ်သင်၍ မကုန်နိုင်အောင် ဖြစ်နေသည်။ တဖြည်းဖြည်း ပိုင်ချူးရီနှင့်စန်းစန်းတို့ ခြေကုန်လက်ပန်းကျလာသည်။

ဤတကြိမ် ကယ်သူဝေးကာသေဆုံးရတော့မည်ဖြစ်ကြောင်း ပိုင်ချူးရီ တွက်ဆလိုက်၏။မည်သို့ဆိုစေ သူကနောက်ဆုံးအချိန်အထိ ပြင်းပြင်းထန်ထန်တိုက်ခိုက်သွားရမည် မဟုတ်ပါလား။

ပိုင်ချူးရီမှာ နာလန်ထကာစဖြစ်သော်လည်း ရန်သူများကို ကောင်းစွာတိုက်ခိုက်နိုင်ခဲ့ပါသည်။ အချိန်များတရွေ့ရွေ့ ကုန်ဆုံးသွားသည်။မြေပေါ်တွင်လဲကျသေဆုံးနေသော ရန်သူများ၏ အလောင်းများ တစတစပိုလာ၏။

ထိုနည်းတူ ပိုင်ချူးရီနှင့် စန်းစန်းတို့၏ ခန္ဓာကိုယ်ပေါ်တွင်လည်း ဒဏ်ရာများသည် ထပ်များလာသည်။ သူတို့၏ တိုက်အားလုံးဝမရှိတော့သလောက်ဖြစ်သွားပြီး....

'ဖုတ်'

စန်းစန်း မြေပေါ်လဲကျသွား၏။ မရှေးမနှောင်းမှာပင် ပိုင်ချူးရီလည်း မြေပေါ်သို့လဲကျသွားသည်။ သူတို့နှစ်ယောက်သည် တိုက်ခိုက်ရန်မဆိုထားနှင့် ခုခံနိုင်ခြင်းပင် မရှိတော့ပါ။

နှစ်ယောက်စလုံး ခွန်အားများကုန်ခန်းနေကြပြီ ဖြစ်သည်။ ထို့နောက် ခုခံနိုင်ခြင်းမရှိသော ပိုင်ချူးရီနှင့် စန်းစန်းတို့အားအပေါ်မှပြန်၍ ဓားဖြင့်ခုတ်ချရန်အသင့် မိုးထားလိုက်ကြလေတော့သည်။

* * *



နေရောင်ခြည်ဖြာကျနေ၏။ နေရောင်အောက်တွင် ဓားရောင်များ ဖွေးဖွေးလှုပ်နေပေသည်။ ဓားဆယ့်လေးငါးလက်ခန့်မှာ ပိုင်ချူးရီနှင့် စန်းစန်းတို့၏အပေါ်မှမိုးထား၏။

ဓားရောင်များကြောင့် မျက်စိများပင်ကျိန်းစပ်ပြာဝေသွားရသည်။ သို့သော် မိုးထားသောဓားများသည် ခုတ်ချလာခြင်းမရှိသေးချေ။ ပိုင်ချူးရီနှင့်စန်းစန်းတို့က သေရမည့်အချိန်ကို ငံ့လင့်နေကြသည်။

မည်သို့ဆိုစေ သူတို့အားသတ်ပစ်ခြင်းမရှိသေးသောကြောင့် ဓားသမားများမှာ တစုံတယောက်အား စောင့်မျှော်နေကြကြောင်း သိနိုင်ပါ၏။ သူတို့စောင့်မျှော်နေသူမှာ မည်သူဖြစ်ပါသနည်း။

ထိုစဉ် ရယ်မောသံတချက် ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

'ဟား....ဟား....ဟား၊ အခုတော့ မင်းတို့ ဘာတတ်နိုင်ကြသေးသလဲ'

ထိုအသံကြားရသည်နှင့် ပိုင်ချူးရီမျက်နှာကွက်ကနဲ ပျက်သွားသည်။ အသံရှင်ကို သူနှင့်စန်းစန်းတို့ သိထားကြပါသည်။ အသံရှင်မှာ အဆိပ်လက်ဝါးတန်ကျူဝိုက်ဖြစ်နေသည်။

တန်ကျူဝိုက်သည် သူတို့ထံသို့ ဟလှမ်းချင်း လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

တန်ကျိုဝိုက် ရောက်ရှိလာပြီဖြစ်သည်။ တန်ကျိုဝိုက်က မြေ ပေါ်တွင် လဲကျနေသော ပိုင်ချူးရီ နှင့် စန်းစန်းတို့ကို မြင်ရ လေအောင် ဓားသမားတချို့ကို တွန်းဖယ်ပစ်လိုက်၏။

သို့သော် ပိုင်ချူးရီ နှင့် စန်းစန်းတို့ကို ဓားဖြင့်မိုးထားသူ များ ရှိနေဆဲပင်။ ပိုင်ချူးရီ နှင့် စန်းစန်းတို့ အနည်းငယ် လှုပ် ရှားလိုက်သည်နှင့် အသက်သေရမည် မလွဲချေ။

တန်ကျိုဝိုက်က ပိုင်ချူးရီကိုကြည့်ကာ တဟားဟား ရယ် မောလိုက်သည်။ အတန်ကြာ ရယ်မောပြီးမှ—

'ဘယ်လိုလဲ ပိုင်ချူးရီ၊ မင်း ထွက်ပြေးလို့ ရဦးမှာလား၊ ကျုပ်လက်က မလွတ်နိုင်ဘူးဆိုတာ ယုံပြီမဟုတ်လား'

ပိုင်ချူးရီက အသက်ကို ခက်ခဲစွာ ရှူရှိုက်နေရ၏။

သူသည် နေကောင်းခါစအချိန်တွင် ပြင်းထန်သော တိုက်ပွဲ ဆင်နွှဲလိုက်ရသောကြောင့် အားအင်ကုန်ခန်းနေချေပြီ။ ထို့အ ပြင် ဓားဒဏ်ရာ သုံးလေးချက် ရရှိသွား၏။

တန်ကျိုဝိုက်၏စကား ကြားရလျှင် တံတွေး ထွေးကာနဲ့ ထွေး ကာ....

'အခုမှ အပိုတွေလာပြောမနေနဲ့၊ ခင်ဗျား သတ္တိရှိယင် အစ ကတည်းက ကျုပ်နဲ့ တယောက်ချင်း ယှဉ်ပြိုင်ပါလား'

တန်ကျိုဝိုက် ခေါင်းခါယမ်းလိုက်သည်။

'မင်းကိုသတ်ဖို့ ကျုပ်ကိုယ်တိုင် တိုက်ခိုက်စရာ မလိုပါဘူး ကျုပ်လူတွေနဲ့ လုံလောက်နေသားပဲ'

ပိုင်ချူးရီ အံကြိတ်ကာ....



'ခင်ဗျားတို့က ကျူးကျန့်ရှန်းကို သတ်လိုက်ပြီး ကျုပ်က လက်စားချေမှာ စိုးရိမ်လို့ ကျုပ်ကိုပါ သတ်ဖို့ကြံတယ်၊ ကျုပ် သေသွားယင် ခင်ဗျားတို့ အကြံအောင်မယ်ထင်သလား၊ ကျုပ် မိတ်ဆွေတွေက ခင်ဗျားတို့ကို ကျုပ်အတွက် လက်စားချေကြ လိမ့်မယ်၊ ကျုပ်မိတ်ဆွေတွေကို ခင်ဗျား ကုန်အောင် လိုက်ပြီး သတ်နိုင်မှာ မဟုတ်ပါဘူး'

ထိုစကားကြားရလျှင် တန်ကျိုဝိုက် မျက်နှာကွက်ကနဲ ပျက် သွားလေသည်။ မှန်ပါ၏။ ပိုင်ချူးရီသည် မိတ်ဆွေအလွန်ပေါ များသူတယောက် မဟုတ်ပါလား။ တန်ကျိုဝိုက် မျက်နှာရှုံ့ ကာ....

'မင်း မိတ်ဆွေတွေလဲ မင်းလို သေသွားရစေမယ်၊ ကျုပ် အာမခံတယ်၊ ကဲ— အချိန်ကြာတယ်၊ သူတို့ကို သတ်လိုက်ကြ တော့ဟေ့'

သူ၏အသံမှာ ပိုင်ချူးရီနှင့် စန်းစန်းတို့အား လောကပေါ် မှ မောင်းထုတ်ပစ်လိုက်သကဲ့သို့ ရှိနေသည်။ ယခုတကြိမ် ပိုင်ချူးရီနှင့် စန်းစန်းတို့မှာ ကျေန်အမှန် သေဆုံးသွားကြရတော့ မည် မဟုတ်ပါလား။

ဓားသမားများက ချက်ချင်း ဓားကိုမြှောက်ကာ အပေါ်မှ မိုး၍ခုတ်ချရန် ဟန်ပြင်လိုက်ကြသည်။ ပိုင်ချူးရီနှင့် စန်းစန်း တို့မှာ ခုခံနိုင်ခြင်းမရှိသောကြောင့် မျက်စိစုံမှိတ်ထားလိုက်ကြ လေသည်။ သူတို့၏ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာများ ခံစားနေကြရ၏။

ထိုစဉ်မှာပင်....

'ရပ်လိုက်'

ကျယ်လောင်သော ဟန့်တားသံတချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ အပေါ်မှ ခုတ်ချလာမည့် ဓားချက်များကို စောင့်စားနေကြသော ပိုင်ချူးရီနှင့် စန်းစန်းတို့မှာ ဓားချက်များ ကျရောက်လာခြင်း မရှိသောကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

ထို့အပြင် သူတို့အား ဝိုင်းရံထားသူများ နောက်ဆုတ်သွားကြသည်ကို တွေ့မြင်ရလေသည်။ ပိုင်ချူးရီ အံ့သြနေစဉ် ရုတ်တရက် သစ်ပင်တပင်နောက်ကွယ်မှ မိန်းကလေးတယောက် လှမ်းထွက်လာသည်ကို တွေ့ရတော့သည်။ ဟန့်တားလိုက်သူမှာ ထိုမိန်းကလေး ဖြစ်သည်။

မိန်းကလေးမှာ အနီရောင် အဝတ်အစားများ ဝတ်ဆင်ထားသည်။ ဆံပင်ကို ကျစ်ဆံမြီးကျစ်ထားပြီး အသက် ၁၇–၁၈ နှစ်ခန့်သာရှိမည်ဟု ထင်ရလေသည်။ ရုပ်ရည်မှာ အလွန်ချောမော လှပနေပါသည်။

မိန်းကလေးကိုတွေ့ရလျှင် တန်ကျိုဝိုက်၏မျက်နှာတွင် လေးစားသော အမူအရာများ ပေါ်ထွက်လာသည်။ မိန်းကလေးကို လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး

'သခင်မကလေး ဘာကိစ္စ ဒီကိုလိုက်လာတာလဲဗျာ'



မိန်းကလေးမှာ သူမအား သခင်မကလေးဟုခေါ်လိုက်သောကြောင့် ရှုံ့ရှာသည်။ စက်ဆုပ်သွားဟန် ရှိပါသည်။ တန်ကျိုဝိုက်ကို ကြည့်ပြီး နှာခေါင်းရှုံ့ကာ....

'ကျွန်မကို သခင်မကလေးလို့ မခေါ်စမ်းပါနဲ့'

တန်ကျိုဝိုက် ပါးစပ်ပိတ်ထားလိုက်လေသည်။ မိန်းကလေးက ဆက်ပြောလိုက်သည်။

'ကျွန်မနာမည် တုဖန်းဖန်းလို့ ခေါ်ပါတယ်ရှင်၊ ခေါ်ချင်ယင် တုဖန်းဖန်းလို့ ခေါ်ပါ'

တန်ကျိုဝိုက် ခေါင်းခါယမ်းလိုက်ပြီး....

'ကျုပ် မခေါ်ဝံ့ပါဘူးဗျာ'

'စကားရှည်တယ်၊ ရှင်တို့ ဒီနေရာက အခုချက်ချင်း ထွက်သွားကြပါ'

တန်ကျိုဝိုက်က....

'မဖြစ်နိုင်ဘူး၊ ကျုပ်တို့သခင်ကြီးအမိန့်ကို မလွန်ဆန်ဝံ့ဘူးဗျ'

တုဖန်းဖန်းဆိုသော မိန်းကလေးက ခံပြင်းသောလေသံဖြင့်

'ရှင်တို့ မလွန်ဆန်ဝံ့တာ ကျွန်မနဲ့ဘာဆိုင်လဲ၊ ကျွန်မစကားနားမထောင်ယင် ကျွန်မကိုနောက်ထပ်မတွေ့ရတော့ဘူးမှတ်ပါ'

ထိုစကားကြားရလျှင် တန်ကျိုဝိုက် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။ စန်းစန်းက ပိုင်ချူးရီ၏နားနားသို့ ကပ်ကာ အသံတိုးတိုးဖြင့်

‘တန်ကျီဝိုက်က တုဖန်းဖန်းဆိုတဲ့ မိန်းကလေးကိုတွေ့ယင်လဲ ဖမ်းထားရမယ်ပြောတယ်၊ ထိခိုက်နာကျင်မှု လုံးဝမရှိစေရဘူးတဲ့၊ သူ့ကို အရှင်လိုချင်တယ်လို့ ပြောတယ်၊ တန်ကျီဝိုက်ကို ကြည့်ရတာ တုဖန်းဖန်းနဲ့ရှင့်ကို တော်တော်ကလေး အမိကထားပုံရတယ်၊ ဒါပေမယ့် ရှင်ကအသေ သူကအရှင် ကွာခြားတာပေါ့’

ပိုင်ချူးရီ ပြုံးဖြစ်အောင် ပြုံးမိလေသည်။ ထိုစဉ် တန်ကျီဝိုက်၏စကားသံ ထွက်ပေါ်လာသည်ကို ကြားရ၏။ တန်ကျီဝိုက်က တုဖန်းဖန်းကို အရှိအသေပြုယင်း

‘သခင်မလေးကို ကျုပ်တို့လိုက်ရှာနေတာ ကြာပါပြီ၊ ကျေးဇူးပြုပြီး ကျုပ်တို့နောက် လိုက်ခဲ့ပါဗျာ’

ပြောပြီး သူ၏လူများကို မသိမသာ မျက်ရိပ်ပြလိုက်လေသည်။ ဓားသမားတချို့က တုဖန်းဖန်းကို မသိမသာဝိုင်းရံထားလိုက်ကြ၏။

တုဖန်းဖန်း မဲ့ပြုံးပြုံးလိုက်ပြီး

‘ကျွန်မကိုဖမ်းပြီး ရှင့်သခင်ကြီးအတွက် မျက်နှာလုပ်မလို့ မဟုတ်လား၊ ဘယ်တော့မှ ဖမ်းလို့မရဘူးမှတ်ပါ’

ပြောပြီး၊ ဓားမြှောင်တချောင်းကို ဆွဲထုတ်ကာ သူမ၏ရင်ဝတွင် ထောက်ထားလိုက်လေသည်။ ဤအခြင်းအရာကို မြင်ရသောအခါ တန်ကျီဝိုက် မျက်လုံးပြူးကျယ်သွားလေသည်။



ချက်ချင်း လက်ကာပြပြီး

‘မ မလုပ်ပါနဲ့ သခင်မလေး’

တုဖန်းဖန်း ရယ်မောလိုက်သည်။

‘ကျွန်မသေမှာ ရှင်ကြောက်တယ်ဟုတ်လား’

‘ဟုတ် ဟုတ်ကဲ့’

‘ကောင်းပြီ၊ ရှင့်လူတွေနောက်ပြန်ဆုတ်ခိုင်းလိုက်ပါ’

တန်ကျီဝိုက်က လက်ဝေ့ယမ်းပြလိုက်ရာ မသိမသာဝိုင်းရံထားသောလူများ ချက်ချင်း နောက်ပြန်ဆုတ်သွားလေသည်။

တုဖန်းဖန်းက စန်းစန်းနှင့် ပိုင်ချူးရီတို့ဘက်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး—

‘သူတို့ကိုဝိုင်းထားတဲ့လူတွေလဲ နောက်ပြန်ဆုတ်ခိုင်းပါ’

ထိုစကားကြားရလျှင် တန်ကျီဝိုက် အခက်ကြုံသွားလေသည်။ ပိုင်ချူးရီသည် သူ့အတွက်အဆိပ်ပြင်းသော မြွေတကောင်ဟု သူသဘောထား၏။ ပိုင်ချူးရီအား အကြိမ်ကြိမ်သတ်ဖြတ်ရန် ကြိုးစားခဲ့သော်လည်း ယခုတိုင် အသက်ရှင်နေဆဲ၊

ဤအတိုင်းဆိုလျှင် တချိန်ချိန် သူဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။ သူသည် ပိုင်ချူးရီအား သတ်ခွင့် အကြိမ်ကြိမ်ရခဲ့သော်လည်း မသတ်နိုင်ခဲ့ပါ။ ပိုင်ချူးရီက သူ့အားသတ်ခွင့်တကြိမ်ရသည်နှင့် သူသေသွားရလိမ့်မည်ဟု ယုံကြည်ထားလေသည်။

တန်ကျူိဝိုက်တွေဝေနေသည်ကို တွေ့ရလျှင် တုဖန်းဖန်းက....

'ဘယ်လိုလဲ ရှင်ကျွန်မစကား နားမထောင်ဘူးလား'

ပြောယင်း ဓားမြှောင်ဖြင့် ရင်ဝကိုစိုက်ချရန် ဟန်ပြင်လိုက်လေသည်။

'မ မလုပ်ပါနဲ့'

တန်ကျူိဝိုက်မှာ တုဖန်းဖန်းသေသွားမည်ကို အလွန်အမင်းကြောက်ရွံ့နေဟန် ရှိပါသည်။ အထိတ်တလန့် ဟန့်တားလိုက်ပြီး သူ၏လူများဘက်သို့လှည့်ကာ....

'ဟေ့ မင်းတို့အားလုံး နောက်ဆုတ်သွားကြစမ်း'

သူ အမိန့်ပေးသံကိုကြားရလျှင် ပိုင်ချူးရီနှင့် စန်းစန်းတို့အား ဓားဖြင့်မိုးထားသောသူများ နောက်ဆုတ်သွားကြလေသည်။ သို့သော် သူတို့က ပိုင်ချူးရီတို့သွက်မပြေးနိုင်စေရန် ဝိုင်းရံထားကြ၏။

ပိုင်ချူးရီနှင့် စန်းစန်းတို့လည်း မြေပေါ်မှ မထနိုင်ကြသေးပါ။ ပိုင်ချူးရီနှင့်စန်းစန်းတို့အား စိုက်ကြည့်လိုက်ပြီး....

'ရှင်တို့က ဘယ်သူတွေလဲ'

ပိုင်ချူးရီ မြေပေါ်မှလူးလဲထရန် ဟန်ပြင်လိုက်၏။ ထိုအခါ တန်ကျူိဝိုက်က....

'ပိုင်ချူးရီ မင်းထမလာနဲ့၊ မင်းထတာနဲ့ ငါဘာမှဂရုမစိုက်နိုင်ဘူး။ အားလုံးကိုသတ်ပစ်ရမှာပဲ'



ထိုစကားကြားရလျှင် ပိုင်ချူးရီမနေနိုင်တော့ချေ။ ယခုအချိန်သည် တန်ကျူိဝိုက်၏စကားကို နားထောင်ရမည့်အချိန်ဖြစ်နေသည် မဟုတ်ပါလား။ မြေပေါ်မှမထသော်လည်း ထိုင်ဖြစ်အောင်တော့ ထိုင်လိုက်သေး၏။

စန်းစန်းကလည်း ထထိုင်လိုက်လေသည်။ ပိုင်ချူးရီက တုဖန်းဖန်းကိုကြည့်ကာ ..

'ကျုပ်နာမည်သူခေါ်တာ မင်းကြားလိုက်တယ်မဟုတ်လား'

တုဖန်းဖန်း ခေါင်းညိတ်လိုက်သည်။ သူမ၏မျက်လုံးအစုံ ရီဝေနေ၏။ မျက်နှာတခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ပိုင်ချူးရီကိုတွေ့ရလျှင် တစုံတခုသောစိတ်မကောင်းစရာအကြောင်းများကို ပြန်တွေးမိဟန်ရှိပါသည်။

ပိုင်ချူးရီကိုကြည့်ယင်း သက်ပြင်းတချက်ချကာ....

'ရှင်က မိုးကြိုးဓား ပိုင်ချူးရီ ဟုတ်တယ်နော်'

'ဟုတ်ပါတယ်'

'ဒါဖြင့် အစ်ကိုကျူးကျန့်ရှန်းရဲ့မိတ်ဆွေပေါ့'

'ဟုတ်ပါတယ်'

'ရှင် သူ့ကိုတွေ့ဖို့ကျင်းလိမ်မြို့ကိုရောက်လာတာ ဟုတ်လား'

ပိုင်ချူးရီ ခေါင်းညိတ်လိုက်သည်။ ထိုစဉ် တုဖန်းဖန်း၏ မျက်ဝန်းအစုံမှမျက်ရည်များ စီးကျနေသည်ကို တွေ့လိုက်ရလေသည်။ ပိုင်ချူးရီ ကြောင်အမ်းအမ်းဖြစ်သွား၏။

တုဖန်းဖန်းက တုန်ယင်လှိုက်လှဲသောလေသံဖြင့်

'အစ်ကိုကျူးကျန့်ရှန်း သေသွားပြီ'

ပိုင်ချူးရီ ဦးခေါင်းကိုဖြည်းညင်းစွာညိတ်ကာ....

'ဟုတ်ပါတယ်၊ ကျုပ် သူ့အတွက် လက်စား ချေပါ့မယ်၊ ဒါ့ထက် ညီမက ဘယ်သူလဲဆိုတာမသိရဘူးလား'

တုဖန်းဖန်းအဖြေမပေးနိုင်မီ တန်ကျိုဝိုက်က ကြားဖြတ်ပြောလိုက်သည်။

'ဟော့....သူက တို့သခင်ကြီးရဲ့သား သခင်ကလေးနဲ့လက်ထပ်မယ့် သတို့သမီးလောင်းကွ'

ထိုစကားကြားရလျှင် တုဖန်းဖန်း မျက်နှာ တင်းမာသွားသည်။ တန်ကျိုဝိုက်ဘက်သို့လှည့်ကာ....

'ရှင်တို့ သခင်ကလေးကို ကျွန်မလက်ထပ်မယ် ထင်သလား၊ ဟင်း--ဝေးပါသေးတယ်၊ ကျွန်မချစ်တဲ့ အစ်ကို ကျူးကျန့်ရှန်းနောက်ကို လိုက်သွားမယ်ဆိုတာမှတ်ထား'

သူမစကားကြားရသောအခါ ပိုင်ချူးရီ နားရှုပ်သွားသည်။ သို့သော် ခေါင်းအေးအေးထားကာတွေးကြည့်မှ အခြေအနေကို တဖြည်းဖြည်း နားလည်သဘောပေါက်လာ၏။

တန်ကျိုဝိုက်အား ကြိုးကိုင်ထားသူက သူ၏သားနှင့် တုဖန်းဖန်းကို လက်ဆက် ပေးချင်စိတ် ရှိနေသေးသည်။ တုဖန်းဖန်းမှာလည်း ကျူးကျန့်ရှန်းနှင့် သံယောဇဉ်ငြိတွယ်ကာမေတ္တာမျှနေပေလိမ့်မည်။



ထို့ကြောင့် ကြိုးကိုင်ထားသူ ကျူးကျန့်ရှန်းကို အယင်ဦးဆုံး ရှင်းပစ်လိုက်ခြင်းဖြစ်သည်။ ပိုင်ချူးရီမှာ အဖြစ်အပျက်များကို တဖြည်းဖြည်းနားလည်သဘောပေါက်လာသည်။

သို့သော် တုဖန်းဖန်းဆိုသောမိန်းကလေးမှာ ကျူးကျန့်ရှန်းအသတ်ခံရသည့်အချိန်တွင် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။ သူမသည် ကြိုးကိုင်ထားသူ၏ရန်ကို ကြောက်ကာတိမ်းရှောင်နေပေလိမ့်မည်။

ကျူးကျန့်ရှန်းကလည်း သူ့ကိုခေါ်ကာ ကြိုးကိုင်ထားသူအား ဖြေရှင်းရန်အားစိုက်ထုတ်ခဲ့ပေမည်။ သို့ရာတွင် ကြိုးကိုင်ထားသူက ပို၍ခြေလှမ်းသွက်ကာ လက်ဦးသွားခြင်း ဖြစ်သည်။

သူတို့သည် ကျူးကျန့်ရှန်းကို ရှင်းပစ်နိုင်ခဲ့သလို မိမိကိုလည်း လမ်းမှဟန့်တားနိုင်ခဲ့သည်။ သို့သော် တုဖန်းဖန်းက ထွက်ပြေးလွတ်မြောက်သွားသောကြောင့် အခက်ကြုံရသည် မဟုတ်ပါလား။

ယခု တုဖန်းဖန်းသည် ပျောက်ကွယ်နေရာမှ ပြန်လည်ထွက်ပေါ်လာပြီဖြစ်လေသည်။

ထိုစဉ် တန်ကျိုဝိုက်က....

'သခင်မလေး ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ သခင်မကလေး ဆက်ပြီးငြင်းဆန်နေမယ်ဆိုယင် ပိုင်ချူးရီတို့ အသက်သေရမှာပါပဲ၊ သူတို့ ကျုပ်လက်ထဲက ပြေးမလွတ် နိုင်ပါဘူး'

ယခုတကြိမ် တုဖန်းဖန်း တွေဝေသွား၏။ သူမ အသက်သေမည်ကို မကြောက်သော်လည်း မဆိုင်သူများ မသေစေလိုပေ။ တုဖန်းဖန်းက ပိုင်ချူးရီအား ကြည့်လိုက်ပြီး....

'ရှင်နဲ့ အစ်ကိုကျူးကျန့်ရှန်းတို့ဟာ ညီအစ်ကိုလို ချစ်ကြတဲ့ မိတ်ဆွေတွေမဟုတ်လား'

ပိုင်ချူးရီ ခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊ သူခေါ်လို့ ကျုပ်လိုက်လာတာပါ၊ ဒါပေမယ့် အလာကောင်းပြီး အခါနှောင်းခဲ့ရပါတယ်'

တုဖန်းဖန်း မချိပြုံးပြုံးလိုက်ပြီး....

'အစ်ကိုကျူးကျန့်ရှန်းကို ကျွန်မ အသက်လောက်ချစ်ပါတယ်၊ သူဟာ ကျွန်မနဲ့ ဗေမတ္တာမျှမိလို့ သေသွားရတာပါရှင်၊ သူ့အတွက် လက်စားချေချင်တာဆိုယင် ကျွန်မကိုပဲ သတ်လိုက်ပါတော့'

ပိုင်ချူးရီ ခေါင်းခါယမ်းကာ....

'ဘယ်ဟုတ်ပါ့မလဲ၊ ညီလေးကျူးကျန့်ရှန်းကို သတ်တာလူယုတ်မာတွေပါ၊ သူတို့ကို ကျုပ်က ဖေါ်ထုတ် သုတ်သင်မယ်လို့ ညီလေးကျူးကျန့်ရှန်းရဲ့ မြေပုံရှေ့မှာ ကတိသစ္စာပြုပြီးပါပြီ'

ကျူးကျန့်ရှန်းတွင် သစ္စာရှိမိတ်ဆွေတယောက် ရှိနေခြင်းကြောင့် တုဖန်းဖန်း ဝမ်းသာသွားပုံရသည်။ သို့သော် ယခုပိုင်ချူးရီလည်း လူသေဘယောက်ပမာဖြစ်နေချေပြီ။



တုဖန်းဖန်းက ဆုံးဖြတ်ချက်တခုချလိုက်သည်။

တန်ကျိုဝိုက်ကိုကြည့်ကာ -

'ရှင် ကျွန်မကို ရှင်တို့သခင်ကြီးဆီကို ခေါ်သွားချင်တယ် မဟုတ်လား'

တန်ကျိုဝိုက် မျက်နှာချိုသွေးယင်း...

'သခင်မလေး လိုက်ခဲ့ယင်လေ စည်းစိမ် ခံစားရမှာပါဗျာ၊ ခြေသလုံးအိမ်တိုင်သိုင်းသမားတယောက်ထက် ကျုပ်တို့ သခင်ကလေးက ပိုပြီးတင့်တောင့်တင့်တယ် ထားနိုင်ပါတယ်'

တုဖန်းဖန်း ဒေါသထွက်သွားပြီး....

'ရှင် စကားမရှည်နဲ့၊ ကျွန်မကိုခေါ်သွားချင်သလား ခေါ်မသွားချင်ဘူးလား ပြောပါ'

'ခေါ်....ခေါ်သွားချင်ပါတယ်'

'ကောင်းပြီ၊ ကျွန်မကို အသက်ရှင်လျက် ခေါ်သွားချင်ယင် ကျွန်မစကား နားထောင်ရမယ်'

'ဗျာ'

တန်ကျိုဝိုက် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ သူသည် တုဖန်းဖန်း၏ လိုလားမှုများကို လိုက်လျောမှ တုဖန်းဖန်းကို အသက်ရှင်လျက် သူ၏ သခင်ကြီးထံ ခေါ်သွား၍ ရမည်ဖြစ်ကြောင်း သိလိုက်လေသည်။

သူ၏သခင်ကြီးမှာလည်း တုဖန်းဖန်းကိုသာ အလိုရှိနေသည် မဟုတ်ပါလား။

တန်ကျိုဝိုက် သက်ပြင်းချကာ -

'ကျုပ်က ဘာတွေ နားထောင်ရမှာလဲ

တုဖန်းဖန်းက ပိုင်ချူးရီတို့အား လက်ညှိုးညွှန်ပြလိုက်ပြီး...

'သူတို့ကို လွှတ်ပေးလိုက်ရမယ်၊ နောက်ထပ် အန္တရာယ်မပြုရဘူး၊ ဒုက္ခမပေးရဘူး'

တန်ကျိုဝိုက် ရုတ်တရက် အဖြေမပေးနိုင်ပဲ ဖြစ်သွားလေသည်။

တုဖန်းဖန်းက အသံမာမာဖြင့်...

'ဘယ်လိုလဲ ကျွန်မပြောတာ ရှင် မကြားဘူးလား'

'ကြား–ကြားပါတယ်'

'ကြားယင် ဘာဖြစ်လို့မဖြေတာလဲ'

တန်ကျိုဝိုက် ပင့်သက်ချယင်း–

'သူတို့ဟာ သခင်ကြီးရဲ့ ရန်သူတွေပါ၊ ဒါကြောင့် လွှတ်ပေးလို့ မဖြစ်ဘူးဗျာ'

တုဖန်းဖန်း မဲ့ပြုံး ပြုံးလိုက်ပြီး–

'ဘာလဲ သူတို့ကအစ်ကို ကျူးကျန့်ရှန်းအတွက် ရှင်တို့ကို လက်စားချေမှာ ကြောက်နေကြတယ်မဟုတ်လား'



တန်ကျိုဝိုက် ပါးစပ်ပိတ်ထားလိုက်လေသည်။ တုဖန်းဖန်းက ခပ်တင်းတင်းပင် ဆက်ပြောလိုက်သည်။

'စကား ရှည်တယ်၊ သူတို့ကို လွှတ်ယင်လွှတ် မလွှတ်ယင် ကျွန်မကိုယ်ကျွန်မ သတ်သေပစ်လိုက်မယ်'

ပြောပြီး ရင်ဝတွင် ထောက်ထားသော ဓားကို အနည်းငယ် ဖိချလိုက်လေသည်။ ထိုအခါ ဓားမြှောင်ဦးမှာ ရင်ဝအသားသို့ စိုက်ဝင်သွားပြီး သွေးများစိမ့်ထွက်လာ၏။

တုဖန်းဖန်းက ပြောသည့်အတိုင်း လုပ်လိမ့်မည်ဖြစ်ကြောင်း တန်ကျိုဝိုက် သဘောပေါက်လျှင် ကပျာကယာ ဟန့်တားလိုက်လေသည်။

'မလုပ်ပါနဲ့ သခင်မလေး'

ပြောပြီး ရှေ့တိုးလာရန် ဟန်ပြင်လိုက်၏။

'ရှေ့မှတိုးနဲ့'

ထိုစကားကြောင့် တန်ကျိုဝိုက်၏ ခြေလှမ်းများ တုံ့ကနဲ ရပ်သွား၏။

တုဖန်းဖန်းက–

'ဘယ်လိုလဲ ကျွန်မပြောတာ သဘောတူနိုင်မလား၊ သူတို့ကို လွှတ်ပေးလိုက်ရမယ်'

တန်ကျိုဝိုက်မှာ တုဖန်းဖန်းနှင့် စကားပြောယင်း အကြံထုတ်နေပါသည်။ တုဖန်းဖန်း၏စကား နားမထောင်၍ တုဖန်း

ဖန်း ကိုယ့်ကိုကိုယ် သတ်သေမည်ဆိုပါက သခင်ကြီး သူ့အား အပြစ်တင်ပေမည်။

သို့မဟုတ်လျှင် အန္တရာယ် များလှသော ပိုင်ချူးရီ လွတ်မြောက်သွားနိုင်၏။ အတန်ကြာ တွေဝေစဉ်းစားပြီးလျှင် အကြံတခုရလာ၏။

ထိုစဉ် တုဖန်းဖန်းက....

'ဘယ်လိုလဲ ရှင် အဖြေ မပေးသေးဘူးလား'

တန်ကျိုဝိုက် ကပျာကယာ ခေါင်းညိတ်ကာ...

'ကျုပ် သဘောတူပါတယ်ဗျာ'

ထိုစကားကြားရလျှင် တုဖန်းဖန်းမှာ စိတ်သက်သာရာ ရရှိသွားပုံရလေသည်။

ပိုင်ချူးရီအား ကြည့်လိုက်ပြီး....

'ရှင်ဟာ အစ်ကိုကျူးကျန့်ရှန်း မိတ်ဆွေဖြစ်တဲ့အပြင် သစ္စာရှိတဲ့လူဖြစ်လို့ ကျွန်မ လေးစားပါတယ်၊ ကျွန်မအပေါ် နားလည် သဘောပေါက်နိုင်မယ် ဆိုယင် ဒီနေရာက မြန်မြန်ထွက်သွားပါရှင်'

ထိုအချိန်တွင် ပိုင်ချူးရီသည် မတ်တတ်ရပ်ပြီး ဖြစ်နေ၏။ တုဖန်းဖန်းအား ကရုဏာသက်စွာ ကြည့်ယင်း...

'အခြေအနေတွေကို ကျုပ် သဘောပေါက်ပါတယ်၊ မင်း ဘာကြောင့် ဒုက္ခခံရမှာလဲ၊ သေစရာရှိယင်လဲ အားလုံးအတူတူ



သေကြတာပေါ့၊ လူယုတ်မာတွေကို လက်မြောက်အရှုံးပေးဖို့ မစဉ်းစားစမ်းပါနဲ့'

သူ၏စကားကြားရလျှင် စန်းစန်းမှာ လေးစားသွားလေသည်။ ပိုင်ချူးရီသည် သိုင်းပညာဆက်မြက်သည့်အပြင် ရဲရင့်တည်ကြည်သူတယောက် မဟုတ်ပါလား။

တုဖန်းဖန်းက....

'ရှင် မသွားဘူးလား'

'မသွားဘူး'

'ဒီလိုဆိုယင် ရှင် သေသွားလိမ့်မယ်'

ပိုင်ချူးရီက တည်ကြည်သော မျက်နှာထားဖြင့်

'မိတ်ဆွေအတွက် ကျုပ်အသက် သေဝံ့ပါတယ်ဗျာ'

တုဖန်းဖန်း၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျလာသည်။ ယင်းမျက်ရည်များသည် ဝမ်းနည်း၍ ကျသော မျက်ရည် မဖြစ်နိုင်ပါ။ သူမ၏ချစ်သူ ကျူးကျန့်ရှန်းတွင် မိတ်ဆွေစစ် မိတ်ဆွေမှန်များ ရှိနေသည်ကို သိရသဖြင့် ဝမ်းသာသောကြောင့် ကျလာသော မျက်ရည်များသာ ဖြစ်လေသည်။

မည်သို့ဆိုစေ ပိုင်ချူးရီ၏အသက် မသေသင့်ကြောင်း သူမ နားလည်သည်။ ထို့ကြောင့် အသံမာမာဖြင့်...

'ရှင်မသွားယင် ကျွန်မ ကိုယ်ကျွန်မ သတ်သေလိုက်မယ်'

ယခုတကြိမ် မျက်လုံး မြူးသွားရသူမှာ ပိုင်ချူးရီ ဖြစ်လေသည်။ တုဖန်းဖန်းက သူ့ကိုလည်း ခြိမ်းခြောက်လာချေပြီ၊ ပိုင်ချူးရီကို စိုက်ကြည့်ကာ

'ရှင် သွားမလား မသွားဘူးလား'

ပိုင်ချူးရီ ငေးငိုင်နေ၏။ ထိုစဉ် တန်ကျိုဝိုက်က ဒေါသသံဖြင့်....

'ဟေ့... ပိုင်ချူးရီ၊ မင်းဒီက မြန်မြန်ထွက်သွားစမ်းပါ'

ပိုင်ချူးရီက မကြားဟန်ဆောင်ကာ ပေပြီးရပ်ခနေလေသည်။ တုဖန်းဖန်းက ပိုင်ချူးရီအနီးသို့ကပ်လာပြီး

'ရှင်....ကျွန်မအတွက် မစိုးရိမ်ပါနဲ့၊ ကျွန်မမှာ အကြံအစည် ရှိပါတယ်ရှင်၊ ရှင်တို့သာ လွတ်အောင်ပြေးကြပါ'

ထိုစကားကြားရလျှင် ပိုင်ချူးရီ စိတ်ခတ် တက်ကြွလာသည်။ တုဖန်းဖန်းကို စိုက်ကြည့်ကာ

'ခင်ဗျား တကယ်ပြောတာလား'

'တကယ်ပေါ့'

'ဒါဖြင့် ကျုပ်ထွက်သွားယင် ခင်ဗျားကို အကာအကွယ် မပေးနိုင်ပဲ ထွက်သွားရတာမျိုး မဖြစ်ပါဘူးနော်'

'စိတ်ချပါ လုံးဝ မဖြစ်စေရပါဘူး'

'ကောင်းပြီ ဒါဖြင့် ကျုပ်သွားမယ်၊ နောက်တကြိမ် ခင်ဗျားကို ဘယ်မှာလာတွေ့နိုင်မလဲ ပြောပါ'



တုဖန်းဖန်းက အနည်းငယ် စဉ်းစားလိုက်ပြီး

'တလကြာတဲ့အခါ ကျူးကျန့်ရှန်းရဲ့မြေပုံကိုရောက်အောင် လာခဲ့ပါ၊ ကျွန်မ စောင့်နေပါ့မယ်'

သူတို့နှစ်ယောက် တီးတိုးစကားပြောနေကြသည်ကို မြင်ရလျှင် တန်ကျိုဝိုက်က—

'ဟေ့....မင်းတို့ဘာတွေ တိုင်ပင်နေကြတာလဲ'

ပိုင်ချူးရီ ပြန်မပြောနိုင်မီ တုဖန်းဖန်းက ဦးအောင်ပြောလိုက်လေသည်။

'ရှင့်ပါးစပ် ပိတ်ထားလိုက်စမ်း၊ နောက်ထပ် စကားတခွန်း ထွက်လာယင် ကျွန်မရဲ့အခလောင်းပဲရမယ် မှတ်ထား'

တန်ကျိုဝိုက် တခါတည်း ပါးစပ်ပိတ်သွားတော့၏။

တုဖန်းဖန်းက ပိုင်ချူးရီအား ကြည့်ကာ....

'ကဲ.... ရှင်သွားပေတော့၊ သူတို့က ယုံကြည် စိတ်ချရတာ မဟုတ်ဘူး၊ ဒါကြောင့် ဒီနေရာက ဝေးသထက် ဝေးအောင် သွားပေတော့'

ပိုင်ချူးရီ ခေါင်းညိတ်လိုက်သည်။ ထို့နောက် တုဖန်းဖန်းကို လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်ကာ

'နောက်တလကြာယင် ကျုပ် ဆက်ဆက်ရောက်အောင် လာခဲ့ပါ့မယ်ဗျာ'

ပြောပြီး စန်းစန်းဘက်သို့ လှည့်ကာ....

'လာ....တို့သွားကြစို့'

စန်းစန်း၏လက်ကိုဆွဲပြီး ပြေးထွက်သွားလေသည်။ ပိုင်ချူးရီနှင့် စန်းစန်းတို့ကို မည်သူမျှ ဟန့်တားခြင်း မရှိကြချေ။ ပိုင်ချူးရီတို့ ပြေးထွက်သွားသည်ကို တန်ကျူိဝိုက် ငေးကြည့်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

* • •



ပိုင်ချူးရီနှင့် စန်းစန်းတို့ ပြေးထွက်သွားပြီ ဖြစ်သည်။ သူတို့သည် သစ်ပင်ဝါးပင်များအကြား ကွေ့ပြေးသွားပြီး တခဏကြာတွင် တန်ကျူိဝိုက်၏ မြင်ကွင်းမှ ကွယ်ပျောက်သွားလေသည်။

တန်ကျူိဝိုက်မှာ ဖြစ်ပေါ်လာနေသော ဒေါသစိတ်များကို ရင်ထဲအောင့်အည်းထားရ၏။ ပိုင်ချူးရီသည် သူ့လက်တွင်းမှ အကြိမ်ကြိမ် လွတ်မြောက်သွားချေပြီ။ ယခုတကြိမ်တွင် ပိုင်ချူးရီအား လွှတ်ပေးလိုက်ရသော်လည်း တုဖန်းဖန်းအားရလိုက်သောကြောင့်သာ တော်ပေတော့၏။

တန်ကျူိဝိုက်က တုဖန်းဖန်းဘက်သို့လှည့်ကာ....

'ကဲ....သခင်မကလေး လက်ထဲက ဓားမြှောင် ချလိုက်ပါတော့'

တုဖန်းဖန်း ခေါင်းခါယမ်းလိုက်သည်။

'မချနိုင်ဘူး'

တန်ကျူိဝိုက် မျက်မှောင်ကုပ်ကာ

'ဘာဖြစ်လို့လဲ ပိုင်ချူးရီတို့ကို လွှတ်ပေးလိုက်ပြီ မဟုတ်လား'

တုဖန်းဖန်းက တည်ကြည်သော မျက်နှာထားဖြင့်

'သူတို့ကိုလွှတ်ပေးလိုက်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အခုနေနောက်ကလိုက်သွားယင် မီနိုင်သေးတယ်၊ သူတို့ ဘေးလွတ်ရာကိုရောက်ပြီး စိတ်ချရပြီဆိုမှ ဓားမြှောင်ကိုချမယ်'

တန်ကျူိဝိုက် စိတ်ပျက်သွားလေသည်။ အမှန်တော့ သူက မိုင်ချူးရိ နှင့်စန်းစန်းတို့မှာ ဒဏ်ရာများရရှိပြီး အားအင် ကုန်ခန်းနေကြောင်း ရိပ်မိလေသည်။ ထို့နောက်လွှတ်ပေးလိုက်ပြီး နောက်မှလိုက်ဖမ်းလျှင် တခဏအတွင်း ပြန်မိနိုင်ကြောင်းတွက်မိသည်။

ထို့ကြောင့် တုဖန်းဖန်း၏တောင်းဆိုချက်ကို သဘောကျကာ လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ယခုတုဖန်းဖန်းက သူ့ထက်ပို၍ပါးနပ်နေသည်ကိုတွေ့ရလျှင် မျက်နှာရှုံ့မဲ့သွားလေသည်။

တန်ကျူိဝိုက် တခဏကြာအောင်စောင့်လိုက်ပြီးလျှင်

'ဒီလောက်ဆိုယင် သူတို့လဲ ဘေးကင်းရာ ရောက်လောက်ပါပြီ'

တုဖန်းဖန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'ဒါဖြင့် သခင်မလေး လက်ထဲက ခါးမြှောင်ကိုချလိုက်ပါ'

တုဖန်းဖန်းရယ်မောလိုက်သည်။

ယခုအချိန်တွင် မိုင်ချူးရိ နှင့်စန်းစန်းတို့ ဘေးကင်းရာသို့ ရောက်ရှိနေပြီဟု နားလည်လိုက်လေသည်။

ထို့ကြောင့်သူမ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရတော့မည်မဟုတ်ပါလား။



တန်ကျူိဝိုက် သခင်ကြီးသည် သူ၏သားနှင့် သူမကို လက်ဆက်ပေးလိုသောကြောင့် သူမ၏ချစ်သူ ကျူးကျန့်ရှန်းကိုသုတ်သင်ပစ်လိုက်သည်။ သူမအား မရလျှင် သခင်ကြီးအကြံအစည်များသဲထဲရေသွန်သလို ဖြစ်သွားပေမည်။

တုဖန်းဖန်း အားရပါးရ ရယ်မောကာ

'ရှင်တို့ ကျွန်မကို အသက်ရှင်လျက် ရမယ်ထင်သလား'

စကားဆုံးလျှင် ခါးမြှောင်ကို ရင်ဝသို့ ထိုးသွင်းလိုက်လေသည်။

ထိုစဉ်မှာပင်တန်ကျူိဝိုက်က လက်တဘက်ကို မသိသာ လှုပ်ရှားလိုက်လေသည်။

သူ၏လက်မှ လက်နက်ပုန်းက တုဖန်းဖန်း၏လက်မောင်းကို စိုက်ဝင်သွား၏။ အဆိပ်လက်နက်ပုန်းဖြစ်သောကြောင့် တုဖန်းဖန်း၏လက်မောင်းတဘက် ထုံကျဉ်သွားပြီး ခါးမြှောင် လွှတ်ကျသွားလေသည်။

တန်ကျူိဝိုက် ရှေ့သို့ချက်ချင်းခုန်တိုးတာ တုဖန်းဖန်းကိုချုပ်နှောင်လိုက်၏။

တုဖန်းဖန်းသွေးကြောများထိုးပိတ်လိုက်ပြီး အဆိပ်ဖြေဆေးတလုံးခွံ့လိုက်လေသည်။

တုဖန်းဖန်းရုန်းကန်နေသော်လည်း အဆိပ်ဖြေဆေး ပါးစပ်ထဲဝင်သွားအောင် တန်ကျူိဝိုက် အတင်းတိုက်ကျွေး၏။ အမှန်တော့ တုဖန်းဖန်းကို သူကဟန့်တားနိုင်ပါသည်။

ပိုင်ချူးရ ိတို့ကို မလွှတ်ပေးမီအချိန်ကပင် ဟန့်တားနိုင်၏။ သို့သော် ယင်းသို့ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ် ဟန့်တားသည်ကို သူ၏သခင်ကြီး သိသွားပါက အပြစ်တင် ခံရမည်ကို စိုးရိမ်နေမိ၏။

ထို့ကြောင့် လက်ပိုက်ကြည့်နေခြင်းဖြစ်သည်။ ယခုမူ သူက လက်ပိုက်ကြည့်လျှင် တုဖန်းဖန်း အလောင်းကိုသာ ရမည်ဟု သဘောပေါက်သောကြောင့် ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ရခြင်းဖြစ်၏။

တုဖန်းဖန်းအား သွေးကြောပိတ်လိုက်ပြီး အဆိပ်ဖြေဆေး တိုက်ကျွေးလိုက်ပြီးနောက် တန်ကျူဝိုက် စိတ်သက်သာရာရသွားလေသည်။ မလှုပ်မယှက်ကျောက်ရုပ်ပမာဖြစ်နေသော တုဖန်းဖန်းကိုလက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး

'ကျုပ်အပြုအမူ ရိုင်းစိုင်းသွားတဲ့အတွက် ခွင့်လွှတ်ပါသခင်မလေး'

ပြောပြီးလျှင် ခပ်လှမ်းလှမ်းမှ ရပ်နေသူများကို ကြည့်ကာ

'ဟေ့ ဘာလုပ်နေကြတာလဲ ဟိုကောင်နောက်ကို မြန်မြန်လိုက်ကြစမ်း'

သူ၏အမိန့်ပေးသံကြားရလျှင်ဓားသမားများသည်ပိုင်ချူးရိနှင့်စန်းစန်းတို့ ထွက်ပြေးရာဘက်သို့ လျှင်မြန်စွာ ပြေးသွားကြတော့၏။



တန်ကျူဝိုက်ကမူ တုဖန်းဖန်းကို ပခုံးပေါ်တွင် ထမ်းလိုက်သည်။

ထို့နောက် အခြံအရံအနည်းငယ်နှင့်အတူ လှည့်ထွက်လာခဲ့၏။ စန်းစန်း၏ ဝါးအိမ်ကလေးနှင့်မလှမ်းမကမ်းတနေရာတွင် တောလမ်းကလေးတခုရှိသည်။ ထိုတောလမ်းပေါ်တွင်အလုံပိတ်မြင်းလှည်းတစီးရပ်ထား၏။

တန်ကျူဝိုက်က တုဖန်းဖန်းအားမြင်းလှည်ပေါ်သို့တင်လိုက်၏။ သူကိုယ်တိုင်လည်း ခုန်တက်ကာ

'သခင်ကြီးအိမ်ကို အမြန်မောင်းစမ်းဟေ့'

သူ၏စကားဆုံးလျှင် မြင်းလှည်းမောင်းသမားက မြင်းကို အော်ငေါက်ကာ အမြန်ဆုံး အရှိန်ဖြင့် မောင်းနှင်သွားလေသည်။

မြင်းခွာသံ ကွယ်ပျောက်သွားပြီးလျှင် ဝန်းကျင် တခုလုံး ပြန်လည် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

* * *

လေပြေ လေညင်းကလေး ဝေ့ယမ်း တိုက်ခတ်လာသည်။ လေတိုးသံကြောင့် သစ်ရွက်များ တရှဲရှဲ မြည်သွားကြ၏။ ပတ်ဝန်းကျင်တွင် သစ်ပင်ဝါးပင်များ ချုံနွယ်များပိတ်ပေါင်းများ ဖုံးလွှမ်းနေလေသည်။

ဤနေရာအား စန်းစန်းက ကျွမ်းကျင်ထားဟန်ရှိသည်။ ပိုင်ချူးရီနှင့်လက်တွဲမဖြုတ်ပဲ ရှေ့သို့လျင်မြန်စွာ ပြေးသွားနေ၏။ ပိုင်ချူးရီမှာ စန်းစန်း၏လက်ကို ဆုပ်ကိုင်ထားယင်း အဖော်ကောင်းတယောက် သူနှင့်အတူရှိနေသည်ဟု တွေးမိလေသည်။

သူတို့ အတန်ကြာ ပြေးလွှားလာပြီး မောပန်း လာကြ၏။ ထို့ကြောင့် စန်းစန်းက....

'အစ်ကို ကျွန်မတို့ ခဏနားကြယင် ကောင်းမယ်'

သူမ၏စကားသံကြားရလျှင် ပိုင်ချူးရီ ကြောင်အမ်းအမ်းဖြစ်သွား၏။ သို့သော် ကြင်နာမှုပြည့်လွှမ်းသော မျက် လုံးဖြင့် စန်းစန်းကို ပြန်စိုက် ကြည့်မိလေသည်။ သူတို့ နှစ်ယောက်မှာ အသက်ဘေးမှ အလွတ်ပြေးလာရသော ဘဝတူ လူသား နှစ်ယောက် မဟုတ်လား။

စန်းစန်း မောဟိုက်နေပြီ ဖြစ်ကြောင်း သိသော်လည်း ပိုင်ချူးရီ ခေါင်းခါယမ်းကာ....

'နည်းနည်း လောက် ဆက်ပြေးအုံးမှ ဖြစ်မယ်၊ စိတ်ထိန်းစမ်းပါ ညီမရယ်၊ တန်ကျူဝိုက်ဟာ ယုံကြည်ရတဲ့ လူစားမျိုး မဟုတ်ဘူး'



ပြောပြီး ရှေ့ဆက်ပြေးသွား၏။ သို့သော် စန်းစန်း မဟာန်နိုင်တော့ပါချေ။ ခြေထောက်များ ခွေသွားပြီးလျှင် မြေပေါ်သို့ လဲကျသွားလေသည်။

'အို့ အမေ့'

စန်းစန်းလဲသွားသောကြောင့် ပိုင်ချူးရီလည်း မနည်းထိန်းထားလိုက်ရ၏။ စန်းစန်း ရှေ့ဆက်မပြေးနိုင်ကြောင်းသိလျှင်—

'ဘာမှ မပူနဲ့ ညီမ'

ပြောပြီး စန်းစန်းကို ပခုံးပေါ် ထမ်းလိုက်လေသည်။ စန်းစန်း၏မျက်နှာတခုလုံး နီရဲသွားသည်။

'အို....အစ်ကို မလုပ်ပါနဲ့'

သူမ မည်သို့ပင် ဟန့်တားနေသော်လည်း ပိုင်ချူးရီကမမှုပဲ ပခုံးပေါ် ထမ်းကာ ရှေ့ဆက် ပြေးသွား၏။ တဖြည်းဖြည်း သူတို့နှစ်ယောက် တောနက်ထဲသို့ ရောက်မှန်းမသိ ရောက်သွားကြလေသည်။

ချုံနွယ် ပိတ်ပေါင်းများ ပိတ်ဆို့ နေသည့်အပြင် သစ်ပင်များလည်း အကိုင်းချင်းယှက်အောင် နီးကပ်စွာ ပေါက်နေသောကြောင့် လျင်မြန်စွာ ပြေးသွားနိုင်ခြင်းမရှိချေ။

ပိုင်ချူးရီလည်း မတတ်သာသည့်အဆုံး....

'တို့ ဆက်ပြေးဖို့ မလွယ်ဘူး၊ တနေရာမှာ ပုန်းနေကြယင်ကောင်းမယ်ထင်တယ်'

စန်းစန်း ခေါင်းညိတ် ထောက်ခံလိုက်သည်။

'ဟုတ်တယ်အစ်ကို၊ ဟိုဘက်မှာ လှိုဏ်တခု ရှိတယ်၊ အဲဒီမှာ သွားပုန်းယင် ဘယ်သူမှ တွေ့နိုင်မှာမဟုတ်ဘူး'

ပိုင်ချူးရီက စန်းစန်းညွှန်ပြရာဘက်သို့ ပြေးသွား၏။ မကြာပါချေ။ ချုံနွယ်များပုံးလွှမ်းနေသည့် အောက်ဘက်မှလျှိုမြောင်တခုရှိနေသည်ကို တွေ့ရသည်။ ပိုင်ချူးရီက စန်းစန်းကို ထမ်းကာ လျှိုထဲသို့ တိုးဝှေ့ဆင်းသွားသည်။

ထို့နောက် အသံးစိုးစဉ်းမျှ မထွက်အောင် ဂရုစိုက်ကာ ပုန်းအောင်းနေလိုက်ကြလေတော့သည်။

* * *



အချိန်များများ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အချိန်အတော်ကြာသောအခါ စကားပြောသံများ သစ်ပင်ချုံနွယ်များကို တိုးဝှေ့သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ပိုင်ချူးရီနှင့်စန်းစန်းတို့မှာ လျှိုမြောင်အတွင်း ခြေပစ်လက်ပစ်ထိုင်နေကြ၏။ နှစ်ယောက်စလုံး၏လက်ထဲတွင် ဓားများကိုင်ဆောင်ထားကြပါသည်။ သို့သော် တကယ်တမ်း တိုက်ခိုက်ရန်သူတို့တွင် အင်အားမရှိကြတော့ချေ။

အကယ်၍ လိုက်ရှာနေသူများတွေ့သွားပါက သူတို့ သေဖို့သာရှိပေတော့သည်။ ပိုင်ချူးရီမှာ စိတ်ထဲမှနေ၍ တန်ကျူဝိုက်ကို ကျိန်ဆဲနေမိသည်။ သူ၏ဒဏ်ရာများသက်သာပျောက်ကင်းသွားပြီး ခွန်အား ပြည့်ဖြိုးလာလျှင် ပထမဆုံး တန်ကျူဝိုက်ကို သုတ်သင်ရှင်းလင်းပစ်ရန် ဆုံးဖြတ်ထား၏။

တန်ကျူဝိုက်အား သုတ်သင်ပြီးမှ တရားခံ အစစ်အမှန် ဖြစ်သော သခင်ကြီးဆိုသူကို ရှင်းရပေမည်။ ထို့နောက် တုဖန်းဖန်းကို ကယ်တင်ရမည်။ သူ့တွင် လုပ်စရာကိစ္စများစွာ ကျန်နေပါသေး၏။

သူသေဆုံးသွား၍ မဖြစ်သေးချေ။ ထိုစဉ် စကားသံများ တစထက် တစ ကျယ်လောင်လာသည်ကို ကြားလိုက်ရ၏။ တဆက်တည်းပင် သစ်ပင်ချုံနွယ်များကို ဓားဖြင့် ခုတ်ထွင် ရှင်းလင်း ရွှေ့တိုးလာနေသော ခြေသံများ ကြားလိုက်ရ၏။

စန်းစန်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။
ပိုင်ချူးရီကို လှမ်းကျည့်လိုက်ပြီး

'သူ သူတို့'

ပိုင်ချူးရီက နှုတ်ခမ်းတွင်လက်ညှိုးဖြင့်တေ့ကာ အသံမထွက်ရန် အချက်ပြလိုက်၏။

စန်းစန်း၏စကားသံ ရုတ်ခြည်းရပ်တန့်သွားသည်။ ထို့စဉ် တဖြည်းဖြည်း ကျယ်လောင်သောစကားများကို ပီပီပြင်ပြင် ကြားလိုက်ရ၏။

လူနှစ်ယောက်၏ စကားသံဖြစ်ပါသည်။ တယောက်က
'ဟေ့ တို့လိုက်ရှာနေလို့လဲ အပိုပါပဲ၊ သူတို့ အခုလောက်ဆိုယင် တို့လက်လှမ်းမမီတဲ့နေရာ ရောက်ရောပေါ့'

နောက်တယောက်က
'မဖြစ်နိုင်ဘူး၊ သူတို့ဒဏ်ရာရထားတယ်၊ ပြီးတော့ ခွန်အားကုန်နေပြီ ဘယ်လိုလုပ်ဝေးဝေးရောက်အောင် ပြေးနိုင်မှာလဲ'
'အေး မင်းပြောတာဟုတ်တယ်၊ ဒါဖြင့် အခုအထိ သူတို့ကို ရှာမတွေ့သေးဘူး။ သူတို့ဘယ်ရောက်သွားလို့လဲ'

'သူတို့ တနေရာရာမှာ ပုန်းနေတာဖြစ်မှာပေါ့'
'ဒီလိုဆိုယင်တော့ ဒုက္ခပဲ၊ တို့ဘယ်လိုလုပ်ရှာရမလဲ၊ လောက်ချုံနွယ်တွေထူထပ်တာ'
'ရှာနိုင်သလောက် ရှာကြတာပေါ့'
'ရှာလို့မတွေ့ယင်ကော'



'လွယ်ပါတယ်ကွာ၊ မတွေ့ဘူးပြောလိုက်တာပေါ့'
'တန်ကျူဝိုက်က လက်ခံပါ့မလား'
'အို လက်မခံနိုင်ယင် သူကိုယ်တိုင်လိုက်ရှာပေါ့'
'အေး မင်းပြောတာလဲဟုတ်တယ်'

စကားသံများ ရုတ်တရက်ဘိတ်ဆိတ်သွား၏။ ခြေသံများလည်း ကွယ်ပျောက်သွားလေသည်။ ပိုင်ချူးရီနှင့်စန်းစန်းတို့ တယောက်မျက်နှာတယောက် ကြည့်နေကြ၏။ သူတို့၏ရင်ထဲ၌ ထိတ်လန့်မှုကိုယ်စီ ရှိနေကြ၏။ မကြာပါချေ စကားသံများပြန်လည်ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြန်လေသည်။

'ဘယ်လိုလဲ တို့ဆက်ပြီး ရှာကြအုံးမလား'
'ရှုပ်ပါတယ်ကွာ ပြန်ကြပါစို့'
'အေး ကောင်းတယ်'

စကားသံဆုံးလျှင် ခြေသံများ ဆူညံစွာထွက်ပေါ်လာသည်။ မရှေးမနှောင်း ချိုတောတိုးသံများ ထွက်ပေါ်လာပြီး၊ ဝေးရှဲဝေးရှဲသွား၏။ ပိုင်ချူးရီနှင့် စန်းစန်းတို့ ယခုတိုင် မလှုပ်ရှားရဲကြသေးပါ။

တဖြည်းဖြည်း ခြေသံများပျောက်ကွယ်သွား၏။ နောက်ဆုံး လုံးဝမကြားရတော့ချေ။ လေပြေလေညင်းတိုက်ခိုက်လာသော အသံများ၊ သစ်ရွက်လှုပ်ရှားသံများ ပြန်လည်ထွက်ပေါ်လာ၏။

တခါတရံ ကျေးငှက်လေးများ၏ အော်မြည်သံလည်း ကြားရသည်။ ရန်သူများ ထွက်ခွာသွားကြချေပြီ။ ပိုင်ချူးရီနှင့်စန်းစန်းတို့အတွက် အန္တရာယ်မရှိတော့ချေ။ ပိုင်ချူးရီက သက်ပြင်းလေးလေးပင်ပင် ချလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် ပြိုင်တူပြုံးလိုက်ကြလေတော့သည်။

* * *

## ဆရာ

ပိုင်ချူးရီနှင့်စန်းစန်းတို့ လျှိုမြောင်အပြင်ဘက်သို့ ထွက်လာခဲ့ကြပြီ ဖြစ်သည်။ သူတို့ထွက်လာသောအခါ ဓားချက်ကြောင့် ကျိုးပြတ်နေသော သစ်ကိုင်းသစ်ရွက်များကို တွေ့ရ၏။

မကြာသေးမီက ရှုပ်ထွေးနေခဲ့သော သစ်ပင်ချုံဖုတ်များမှာ ယခုတော့ ရှင်းရှင်းလင်းလင်း ဖြစ်နေသရောင်။ ပိုင်ချူးရီက စန်းစန်းကိုကြည့်လိုက်သည်။

စန်းစန်းကလည်း ပိုင်ချူးရီကိုပြန်ကြည့်နေ၏။ ပိုင်ချူးရီ သူမကိုပြုံးပြလိုက်ပြီး

'ညီမ အမောပြေသွားပြီလား'

စန်းစန်း ခေါင်းညိတ်ပြလိုက်လေသည်။ ပိုင်ချူးရီကို သူမ အင်္ကျီအိတ်ထဲမှ ဆေးတထုပ်နှိုက်ယူပေးလိုက်ပြီး

'အစ်ကို့ ဒဏ်ရာတွေကို ဒီဆေးထည့်ထားလိုက်ပါအုံး'

ထိုအခါမှ လက်မောင်းနှင့်ရင်အုံတွင် ဓားဒဏ်ရာအနည်းငယ်ရရှိခဲ့သည်ကို ပိုင်ချူးရီသတိရလာ၏။ သူ့ ဆေးထည့်နေစဉ် စန်းစန်းကလည်း သူမ၏ဒဏ်ရာများကို ဆေးထည့်နေ၏။

သူတို့နှစ်ယောက်မှာ ညစ်ပတ်ပေကျံနေပြီး အဝတ်အစားများစုတ်ပြဲနေသောကြောင့် အရူးများနှင့်ပင် တူနေပေတော့၏။ ပိုင်ချူးရီက ရယ်မောလိုက်ပြီး....

'ညီမ ကျုပ်တို့နှစ်ယောက်ဟာ အရူးတွေလို ဖြစ်နေကြပြီနော်'

စန်းစန်းရယ်မောခြင်း မပြုချေ။ သူမသည် မိန်းမသားဖြစ်သောကြောင့် အားငယ်တတ်သည့်သဘောတရား အနည်းနှင့်အများ ရှိနေသည် မဟုတ်ပါလား။ သူမသည် ရယ်မောရန်ထက် ရှေ့မည်သို့ဆက်ရမည်ကို တွေးတောရင်မောမိသည်။

သူမသည် တန်ကျိုဝိုက်ကို ပုန်ကန်ကာ ပိုင်ချူးရီနှင့် ပူးပေါင်းမိချေပြီ။ တန်ကျိုဝိုက်က သူမအား ချမ်းသာပေးတော့မည် မဟုတ်ချေ။ စန်းစန်း မျက်နှာမကောင်းသည်ကို တွေ့ရသောအခါ ပိုင်ချူးရီ မျက်မှောင်ကုပ်သွားပြီး



'ညီမ ဘာများဖြစ်လို့လဲ'

စန်းစန်း သက်ပြင်းတချက်ချကာ

'ကျွန်မ တခုတွေးမိလို့ပါ'

'ဘာများလဲ ပြောစမ်းပါဦး'

စန်းစန်းက တည်ကြည်သော မျက်နှာထားဖြင့်....

'အခု ကျွန်မတို့နှစ်ယောက် တန်ကျိုဝိုက်လက်က သေပြေးရှင်ပြေး ပြေးခဲ့ကြရတယ်နော်'

ပိုင်ချူးရီ အံကြိတ်ထားလိုက်လေသည်။ သူသည် ဒဏ်ရာများသာ ပျောက်ကင်းနေပါက တန်ကျိုဝိုက်နှင့် တယောက်ချင်း ရင်ဆိုင်ရပါက မှုမည်မဟုတ်ချေ။

'သူက လူစုလူဝေးနဲ့ မတရားသဖြင့် တိုက်ခိုက်လို့ ကျုပ်တို့ ဒုက္ခရောက်ရတာပါ၊ ကျုပ် သူ့ကိုမမှုပါဘူး'

စန်းစန်း ခေါင်းညိတ်ကာ

'ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမယ့် တန်ကျိုဝိုက်ဟာ ဘယ်တော့မဆို လူစုအားကိုးတတ်တယ်၊ သူ့ကိုတယောက်ချင်း ရင်ဆိုင်ရမှာမဟုတ်ဘူး၊ ပြီးတော့ သခင်ကြီးက သူ့ကို အာဏာကုန်လွှဲအပ်ထားပုံရတယ်၊ သူက ကြေးစားတွေကို ဖောချင်း သောချင်းငှားပြီး ကျွန်မတို့ကို လိုက်ရှာခိုင်းဦးမှာပဲ'

ထိုစကားကြားရလျှင် ပိုင်ချူးရီ ရင်လေးသွား၏။ စန်းစန်း ပြောသည့်စကားများ သွေးထွက်အောင် မှန်ကန်နေသည်မဟုတ်ပါလား။ စန်းစန်း ဆက်ပြောလိုက်သည်။

'အခုအခြေအနေအတိုင်း ကျွန်မတို့ ပြန်ပြီးတိုက်ခိုက်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး နေရာ တနေရာ ရှာပြီး အနားယူမယ်၊ ဆေးကုပြီး ဒဏ်ရာပျောက်ယင်'

သူမ၏စကားမဆုံးမီ ပိုင်ချူးရီက ကြားဖြတ် မေးလိုက်သည်။

'ဒဏ်ရာပျောက်တော့ သွားပြီး ရင်ဆိုင်ကြတာပေါ့'

စန်းစန်း ခေါင်းခါယမ်းလိုက်သည်။

'သွားပြီး ရင်ဆိုင်လို့မဖြစ်ဘူး'

ပိုင်ချူးရီ အံ့သြသွားကာ

'ဘာဖြစ်လို့လဲ'

စန်းစန်းက ပိုင်ချူးရီကို အဓိပ္ပာယ်ရှိသော မျက်လုံးများဖြင့် ကြည့်ယင်း....

'အစ်ကို သူတို့ကိုရင်ဆိုင်တာ ဘယ်နှစ်ခါရှိပြီလဲ'

ပိုင်ချူးရီ တွေဝေသွားသည်။ စန်းစန်းကို နားမလည်နိုင်စွာ ကြည့်လိုက်ပြီး…



'သုံးလေးကြိမ်ရှိပြီလေ၊ ဘာဖြစ်လို့လဲ'

စန်းစန် သက်ပြင်းချကာ

'သုံးလေးကြိမ်စလုံးမှာ သခင်ကြီးမဆိုထားနဲ့၊ တန်ကျိုဝိုက်ကိုတောင် မသတ်နိုင်ဘူး မဟုတ်လား'

ပိုင်ချူးရီ ပါးစပ်ပိတ်ထားလိုက်ရလေသည်။ စန်းစန်းက ဆက်ပြောလိုက်သည်။

'အစ်ကိုသာ သေလုမျောပါး ဒဏ်ရာရပြီး ထွက်ပြေးခဲ့ရတယ်၊ အဲဒါ ဘာကြောင့်လဲ'

ပိုင်ချူးရီ ခံပြင်းသွားပြီး

'သူတို့က လူများနေလို့ပေါ့၊ ပြီးတော့ ကောက်ကျစ်စဉ်းလဲတဲ့ နည်းတွေကို သုံးကြတယ်လေ'

'ဟုတ်တယ်၊ လူယုတ်မာတွေဟာ ကောက်ကျစ် စဉ်းလဲတဲ့ နည်းပဲသုံးမှာပေါ့၊ ကျွန်မကိုယ်တိုင်လဲ လုပ်ခဲ့ဘူးတာပဲ၊ အရေးအကြီးဆုံးအချက်က အစ်ကို့ရဲ့ သိုင်းပညာပဲ'

ပိုင်ချူးရီ ကြောင်အမ်းအမ်း ဖြစ်သွားပြီး

'ညီမ ဘာကိုဆိုလိုတာလဲ'

စန်းစန်းက လေသံအေးအေးဖြင့် ရှင်းပြလေသည်။

'အစ်ကိုဟာ သိုင်းပညာတော်တယ်ဆိုပေမယ့် လူယုတ်မာနဲ့ ယှဉ်ပြိုင်တဲ့အခါ အစ်ကိုမှာ ပညာလိုနေသေးတယ်၊ အစ်ကို့ပညာ

ဒီထက်ပိုပြီး တဆင့်တက်မယ်ဆိုယင် သူတို့ကို ကောင်းကောင်း ယှဉ်နိုင်မှာပဲ'

ပိုင်ချူးရဲ့ ငိုင်ကျသွားလေသည်။ စန်းစန်းက ဆက်ပြော ပြန်သည်။

'အစ်ကို့ မိတ်ဆွေ ကျူးကျန့်ရှန်းအတွက်၊ ကျွန်မတို့အသက် ကို ကယ်ခဲ့တဲ့တုဖန်းဖန်းအတွက်၊ အစ်ကို ပညာပိုပြီး ကြိုးစား သင့်တယ်၊ ကျွန်မကတော့ အစ်ကို့ကိုတောင် မနိုင်ဘူး၊ ကျွန်မ ပညာ လူရာသွင်းလို့မရဘူး၊ အစ်ကိုသာဖြစ်နိုင်တယ်'

ပိုင်ချူးရဲ့ မျက်မှောင်ကုပ်ကာ

'ညီမ ဘာကြောင့် ဒီလိုပြောရတာလဲ'

'အစ်ကို့ဆရာဟာ ဘယ်သူ ဖြစ်တယ်ဆိုတာ ကျွန်မ သိပါ တယ်၊ ကျွန်မဆရာမသေခင် မှာဘူးတယ်၊ သိုင်းလောကမှာ မူဝ ဓားရှင်ဆိုတဲ့ လူရှိတယ်၊ သူ့မှာပိုင်ချူးရဲ့ဆိုတဲ့တပည့်တယောက် ရှိတယ်၊ သူတို့ကိုတွေ့ယင် ရင်မဆိုင်ပဲ ဝေးဝေးကရှောင်ဖို့ပြော သွားတယ်'

ပိုင်ချူးရီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

စန်းစန်းက....

'ကျွန်မတို့ဟာ ငွေမက်လို့ အစ်ကို့ကို တိုက်ခိုက်ခဲ့ကြတာ မဟုတ်ပါဘူး၊ တကယ်တမ်းပြောယင် တန်ကျူိဝိုက်က ကျွန်မ



တို့ကို ချုပ်ကိုင်ထားခဲ့တာပါပဲ၊ သူ့လက်အောက်က ကြေးစား တော်တော်များများဟာ ...'

စန်းစန်းမှာ စကားဆုံးအောင် မပြောနိုင်ပါချေ။ သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များစီးကျလာလေသည်။ ပိုင်ချူး ရဲ့ ရင်ထိတ်သွားပြီး....

'ဘာဖြစ်လို့လဲ ညီမ'

စန်းစန်းက ဝမ်းနည်းကြေကွဲသော လေသံဖြင့်....

'တန်ကျူိဝိုက်ဟာ ကျွန်မတို့နဲ့ ရင်းနှီးတဲ့မိတ်ဆွေတယောက် ပါ၊ သူဟာ တနေ့မှာ စားသောက်ပွဲတခု ကျင်းပတယ်၊ မိတ် ဆွေအားလုံးကို ဖိတ်ခေါ်လိုက်တယ်၊ ကျွန်မတို့လဲ စားသောက် ပွဲကို သွားကြတာပေါ့၊ အဲဒီမှာ စားသောက်ပြီးတဲ့အခါ အား လုံးကို ထူးခြားတဲ့အဆိပ်တမျိုး ခတ်လိုက်တာပဲ၊ အဆိပ်မိသွား တဲ့လူတွေအားလုံး မကျေနပ်ဖြစ်ပေမယ့် သူ့ကို မတိုက်ခိုက်ဝံ့ ဘူး၊ သူခိုင်းတာလုပ်ပေးရတော့တာပါပဲ'

ပိုင်ချူရီးအံ့သြကာ....

'ညီမ... ညီမတို့လဲ အဆိပ်ပညာကျွမ်းကျင်တယ်မဟုတ်လား၊ ဘာကြောင့် သူခတ်ထားတဲ့အဆိပ်ကို မဖြေနိုင်တာလဲ'

စန်းစန်း သက်ပြင်းချယင်း....

'ကျွန်မတို့ ကြိုးစား ဖြေပါတယ်၊ ဒါပေမယ့် လုံးဝ ပျက်ပြယ်မသွားဘူး၊ အဆိပ်တကိုယ်လုံးမပျံ့သွားအောင်ပဲ ထိန်းထားနိုင်တယ်'

'သူ့ဆီမှာ ဖြေဆေးတောင်းလို့မရဘူးလား'

'သူ့အတွက် အလုပ်တခု လုပ်ပေးယင် ဖြေဆေး တလုံးနဲ့ ငွေပေးပါတယ်၊ ဖြေဆေးဆယ်လုံးလောက်သောက်ရမှ အဆိပ်ပြေသွားမှာပါ'

ပိုင်ချူး၏ရင်ထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တန်ကျိုဝိုက်၏ လက်အောက်တွင် သိုင်းသမား အမြောက်အမြားရှိနေသည့်အကြောင်းရင်းကိုလည်း နားလည် သဘောပေါက်လာကြ၏။

'ဒါဖြင့် ကျုပ်မိသွားတဲ့အဆိပ်လက်နက်ပုန်းကကော'

စန်းစန်း ခေါင်းငုံ့ကာ—

'ကျွန်မကြိုးစားပြီး ကုသပေးခဲ့တာပါပဲ၊ ဒါပေမယ့် ခန္ဓာကိုယ်တွင်း တနေရာမှာ ချုပ်ထိန်းထားလို့ပဲ ရမယ်၊ သူ့ဆီက ဖြေဆေးရမှ လုံးဝပျောက်ကင်းမှာ'

ပိုင်ချူးရဲ့ မခံမရပ်နိုင်အောင် ဒေါသ ထွက်လာလေသည်။ စန်းစန်းဆက်ပြောပြန်သည်။

'သူ့ကို ကျွန်မ အသက်သေခံပြီး သုတ်သင်ပစ်ဖို့ စဉ်းစားခဲ့ဖူးပါတယ်၊ ဒါပေမယ့် တခြား အဆိပ်မိထားတဲ့ လူတွေက တန်



ကျိုဝိုက်သေသွားတာကို လက်ခံမှာ မဟုတ်ဘူး၊ တန်ကျိုဝိုက်အသက်ရှင်မှ သူတို့အတွက် အဆိပ်ဖြေဆေးရမယ် မဟုတ်လား၊ ဒါကြောင့် တန်ကျိုဝိုက်ပြောသမျှ လုပ်ရကြတယ်၊ တန်ကျိုဝိုက်ကိုအသက်နဲ့လဲပြီး အကာအကွယ် ပေးကြတယ်'

ပိုင်ချူးရဲ့ မကျေနပ်စွာဖြင့်....

'ဒီလိုဆိုယင် ကျုပ်ခန္ဓာကိုယ်ထဲကအဆိပ်တွေ လုံးဝပျောက်ကင်းသွားဖို့ တန်ကျိုဝိုက် ဆီက အဆိပ်ဖြေဆေးရမှ ဖြစ်မယ်ဟုတ်လား'

'ဟုတ်ပါတယ်'

ပိုင်ချူးရဲ့ အံတင်းတင်း ကြိတ်ကာ—

'ကျုပ် သူ့ကိုသတ်ပစ်မယ်'

စန်းစန်းပါးစပ်ပိတ်ထားလိုက်လေသည်။ ပိုင်ချူးရဲ့မှာ စိတ်လှုပ်ရှားမှုကြောင့် သွေးတိုးနှုန်းမြန်ဆန်လာပြီး ဒဏ်ရာမှာ နာကျင်လာ၏။ သူသည် တန်ကျိုဝိုက်နှင့်သခင်ကြီး သုတ်သင်ရန်သာ ဆန္ဒရှိပါတည်။

တခြားမည်သည့်အကြောင်းခြင်းရာကိုမျှ ဦးနှောက်အတွင်း ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ချေ။

ထိုစဉ် စန်းစန်းက—

'အစ်ကို အခုလက်ရှိ သိုင်းပညာနဲ့ မလုံလောက်သေးဘူးလို့ ကျွန်မပြောတဲ့အချက်ကိုကော'

ပိုင်ချူးရီ တွေဝေသွားသည်။ စန်းစန်းကဆက်ပြောပြန်၏။

'အစ်ကိုရဲ့ ဓားသိုင်းကို ကျွန်မ မြင်တွေ့ခဲ့ပါပြီ၊ ဒါပေမယ့် လိုနေသေးတယ်ထင်မိပါရဲ့'

ပိုင်ချူးရီ မတတ်သာပဲ ခေါင်းညိတ်လိုက်ရသည်။ တဆက်တည်း သူ၏ လျှို့ဝှက်ချက်ကို ထုတ်ဖော် ပြောလိုက်လေသည်။ အမှန်တော့ သိုင်းလောကသို့ စတင် ဝင်ရောက်ချိန်မှစ၍ ယခုအထိ သူ၏လျှို့ဝှက်ချက်အား မည်သူ့ကိုမျှ ပြောပြခဲ့ဘူးခြင်း မရှိချေ။

သူသည် စန်းစန်းကို ယုံကြည်စိတ်ချလွန်းသောကြောင့်သာ ဖွင့်ပြောလိုက်ခြင်းဖြစ်လေသည်။ ပိုင်ချူးရီက တည်ကြည်သော မျက်နှာထားဖြင့်–

'ညီမကို ရှင်းရှင်းပြောရယင် အစ်ကိုရဲ့ဓားသိုင်းဟာ ပြည့်စုံနေပါပြီ၊ ဒါပေမယ့် မပြည့်စုံဘူးလို့ ညီမထင်တာဟာ နောက်ဆက်တွဲအဆင့်မြင့် ဓား အထွတ်အထိပ်ညာ လိုနေသေးလို့ပါပဲ'

စန်းစန်း မျက်မှောင်ကုပ်ကာ–

'အစ်ကိုပြောတာ ကျွန်မ နားမလည်ဘူးရှင့်'

- ပိုင်ချူးရီ သက်ပြင်းချယင်း–



'အစ်ကိုမိုးကြိုးဓား ၁၈ကွက်ဟာပြည့်စုံတဲ့ သိုင်းကွက်ပါပဲ၊ ဒါပေမယ့် မိုးကြိုးဓား(၁၈)ကွက်ထက် ပိုပြီးထက်မြက်တဲ့အဆင့်မြင့် ဓားပညာ ကျန်သေးတယ်၊ မိုးကြိုးဓား(၁၈)ကွက်ကို အခြေခံ သင်ယူတတ်မြောက်ထားမှဆက်ပြီးလေ့ကျင့်နိုင်မယ့် ဓားပညာပါ'

'ဘယ်လိုဓားပညာလဲ'

'ဓူဝံဓားသိုင်းလို့ ခေါ်တယ်'

'အစ်ကို့ဆရာ တီထွင်ထားတဲ့ သိုင်းပညာပေါ့'

'ဟုတ်တယ်'

စန်းစန်းက ပိုင်ချူးရီကို နားမလည်နိုင်စွာဖြင့်ကြည့်ကာ

'အစ်ကို့ဆရာက ဓူဝံဓားသိုင်း၊ အစ်ကို့ကို သင်မပေးဘူးလား'

ပိုင်ချူးရီ တွေဝေသွား၏။ ရုတ်တရက် အဖြေမပေးနိုင်ပဲ ဖြစ်သွားလေသည်။ ဤအကြောင်းများကို သူကထုတ်ဖော်ပြောကြားခြင်း၊ ပြန်ပြောင်းစဉ်းစားခြင်းမပြုပဲ အတတ်နိုင်ဆုံး မေ့ပျောက်ထားလေသည်။

ဤအကြောင်းများသည် သူ့ဘဝ၏ အားနည်းချက်များ မဟုတ်ပါလား။ စန်းစန်းက ပိုင်ချူးရီ အမူအရာ ဟန်ပျက်နေသည်ကို မသိပဲ ထပ်မံမေးလိုက်လေသည်။

'အစ်ကို့ဆရာက သင်မပေးဘူးလားဟင်'

ပိုင်ချူးရီ သက်ပြင်းချကာ

'အမှန်အတိုင်း ဝန်ခံရမယ်ဆိုထင် သူက သင်ပေးပါတယ်'

'ဒါဖြင့် အစ်ကို ဘယ်လိုလုပ်ပြီး မတတ်တာလဲ'

'အဲဒီအချိန်မှာ အစ်ကိုဟာ လူငယ်တယောက်ဖြစ်လို့ သိုင်းလောကကို ခြေချချင်စိတ် ပြင်းထန်နေတယ်၊ မိုးကြိုးဓား(၁၈)ကွက် တတ်မြောက်ပြီး သိုင်းလောကမှာ လူတလုံးသူတလုံး ဖြစ်နိုင်ပြီ၊ ဓူဝံသိုင်း သင်စရာမလိုတော့ဘူး ထင်ခဲ့တယ်'

စန်းစန်း နားလည် သဘောပေါက်သွားကာ

'လက်စသတ်တော့ ဒီလိုကိုး၊ အစ်ကို့ဆရာက မဆူဘူးလား'

'သူက ကျုပ်ကို အတန်တန် တားမြစ်နေတဲ့ကြားက ကျုပ်ဆက်မသင်တော့ပဲ ဇွတ်ထွက်လာခဲ့တာပါ'

စန်းစန်း မျက်လုံးအစုံတွင် အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာလေသည်။

'အစ်ကို့ကို ကျွန်မတခု ပြောချင်တယ်'

'ပြောပါ'

'အစ်ကို့ဆရာဆီကို ပြန်သွားပြီး ဓူဝံဓားသိုင်း သင်ပါလား'



ပိုင်ချူးရီ ခေါင်းငိုက်စိုက်ကျသွားလေသည်။

စန်းစန်းက ဆက်ပြောလိုက်၏။

'အစ်ကိုတယောက်ထဲအတွက် မဟုတ်ဘူး၊ သိုင်းပညာအားကိုးနဲ့ မတရားသဖြင့် ပြုမူနေတဲ့ လူဆိုးလူယုတ်မာတွေကိုနှိမ်နင်းသုတ်သင်ဖို့ပါ၊ အစ်ကို့ဆရာကို ရှင်းပြလို့ရမယ် ထင်ပါတယ်'

ပိုင်ချူးရီ ခေါင်းခါယမ်းလိုက်ပြီး

'ကျုပ်ဆရာနဲ့ ရင်မဆိုင်ဝံ့ဘူး'

စန်းစန်းက ပြုံးကာ

'ကျွန်မရှိသားပဲ၊ အစ်ကို့ဆရာ ဘယ်မှာရှိသလဲဆိုတာ ပြောပါ၊ ကျွန်မသွားပြီး တောင်းပန်ပါ့မယ်'

ပိုင်ချူးရီထံမှ စကားသံ ထွက်ပေါ်လာခြင်းမရှိပဲ တိတ်ဆိတ်သွားလေသည်။ စန်းစန်း မျှော်လင့်ကြီးမားစွာဖြင့်

'ကျွန်မပြောတာ အစ်ကို သဘောပေါက်တယ် မဟုတ်လား၊ တန်ကျိုဝိုက်ဟာ သခင်ကြီးအတွက် ဒုစရိုက်မှုတွေ ဒိုင်ခံလုပ်ပေးနေတယ်၊ ဥပမာ လုယက်မှု လူသတ်မှု'

'ဆက်မပြောနဲ့တော့'

ပိုင်ချူးရီ ဟန့်တားလိုက်လေသည်။

စန်းစန်းက

'အစ်ကို ပြန်သွားမယ် မဟုတ်လား'

ပိုင်ချူးရီ သက်ပြင်းချပြီး

'ကျုပ် စဉ်းစားဦးမယ်'

စန်းစန်း အားမလိုအားမရ ဖြစ်သွားလေသည်။ ပိုင်ချူးရီကို စိုက်ကြည့်ကာ....

'အစ်ကို အချိန်အကုန်ခံနေလို့မဖြင်ဘူး၊ တနေ့ထက်တနေ့ တန်ကျူိဝိုက်ဟာ လက်ရဲဇက်ရဲ သောင်းကျန်းလာခဲ့နေတယ်၊ သူ့ကို အချိန်မီ မဟန့်တားယင် လူအတော်များများ ဒုက္ခရောက်ကြလိမ့်မယ်၊ တုဖန်းဖန်းရဲ့ အသက်ကိုလဲ လုံခြုံစိတ်ချရလိမ့်မယ်လို့ ဘယ်သူမှ အာမ မခံနိုင်ဘူး'

ပိုင်ချူးရီ၏ဦးခေါင်း ဆတ်ကနဲ ထောင်လာသည်။ မှန်ပါသည်။ တန်ကျူိဝိုက်နှင့် သခင်ကြီးဆိုသူအား အမြန်ဆုံး ဖော်ထုတ် သုတ်သင်ပစ်ရမည် မဟုတ်ပါလား။ သို့မဟုတ်လျှင် လူအတော်များများ ဒုက္ခရောက်ကြရပေလိမ့်မည်။

သူသည် ဆရာထံမှ ထွက်လာစဉ်ကတည်းက မကောင်းမှုဟူ၍ မြူမှုန်တခုမျှ ပြုမူကျင့်ကြံခဲ့ခြင်းမရှိပါ။ ဆရာ သင်ကြားပေးသော သိုင်းပညာဖြင့် အများအကျိုးနှင့်အမှန်တရားတက်မှသာ ရပ်တည်ခဲ့သည်။



ထိုအတွက် ဗူဝေ့ခေါ်ကျ သူ့အား ခွင့်လွှတ်နိုင်လိမ့်မည်ဟု ယုံကြည်လေသည်။ နောက်ဆုံး၌ ဆုံးဖြတ်ချက်တခု ရဲရဲ့စွာ ချလိုက်ပြီး

'ကောင်းပြီ ညီမပြောသလို ကျုပ်ဆရာဆီကို ပြန်သွားမယ်'

ထိုစကားကြားရလျှင် စန်းစန်းမှာ ထခုန်မတတ် အံ့သြဝမ်းသာသွားလေသည်။

* * *

## မှူဝံဓားရှင်

ဤနေရာသည် တောင်တခုဖြစ်သည်။ အလွန်မြင့်မားသော နေရာတခုလည်း ဖြစ်လေသည်။ မြင့်မားလွန်းသောကြောင့် တောင်ခြေတွင် မြူခိုးများပင် ရစ်သိုင်းလွှမ်းခြုံနေ၏။ ဤနေရာသို့ လူစုအရောက်အပေါက် နည်းပါးလှသည်။

လမ်းခရီးခက်ခဲကြမ်းတမ်းပြီး၊ ထူထပ်သော တောအုပ်များ ဖုံးလွှမ်းနေ၏။ အလွန်နက်ရှိုင်းသော တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီးမှ ဤနေရာသို့ ရောက်ရှိလာနိုင်ပါသည်။

သို့သော် လမ်းပန်းခရီးကျွမ်းကျင်ပြီး၊ လျှို့ဝှက်လမ်းများ သိရှိထားသော ပိုင်ချူးရီတို့ ဤနေရာသို့ သုံးရက်အတွင်းရောက်



အောင် လာနိုင်ခဲ့လေသည်။ သုံးရက်မြောက်သော ညနေဆည်းဆာအချိန်တွင် ဤတောင်ခြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

တောင်ခြေသို့ရောက်လျှင် ပိုင်ချူးရီနှင့် စန်းစန်းတို့ ခရီးတထောက်နားလိုက်ကြ၏။ တခဏအနားယူပြီးနောက် အမောပြေသည်ဆိုလျှင် ပိုင်ချူးရီက ရှေ့ဆက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ စန်းစန်းက

'အစ်ကို အစ်ကို့ဆရာဆီကို မရောက်သေးဘူးလားဟင်'

ပိုင်ချူးရီ ပြုံးလိုက်သည်။ စန်းစန်းကို တိုတိုတုတ်တုတ်စကားတခွန်းပြောကာ ရှေ့မှနေ၍ တောင်ပေါ်သို့ လှမ်းတက်သွား၏။ ပိုင်ချူးရီပြောလိုက်သော စကားများမှာ....

'ဒီတောင်ပေါ်မှာ အစ်ကို့ဆရာရှိတယ်'

ဟူ၍ ဖြစ်လေသည်။

* * *

တောင်လေက တဟူးဟူး တိုက်ခတ်နေသည်။ အရိုးကွဲမတတ် ပြင်းပြသောအေးစိမ့်မှုက ပတ်ဝန်းကျင်ကို လွှမ်းခြုံထားသည်။ တောင်ပေါ်တွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများဖြင့် ပိတ်ဆည်းနေလေသည်။

လမ်းဟူ၍ မည်မည်ရရမရှိပဲ၊ သစ်ပင် သစ်ကိုင်းများကိုဆွဲကာ လမ်းထွင်၍ တောင်ပေါ်တက်ရ၏။ တောင်အမြင့်ပိုင်းသို့ရောက်လာမှ ဆင်ခြေလျှော ကုန်းဆင်းများရှိသည်ကို တွေ့ရလေသည်။ ထိုနေရာသို့ရောက်လျှင် ပိုင်ချူးရီနှင့် စန်းစန်းတို့အတွက် ရှေ့ဆက်တက်ရန် သက်သာသွားပြီဖြစ်သည်။

မြေပြင်လည်း အနည်းငယ် ညီညာလာသောကြောင့် ခြေလှမ်းမှန်မှန်ဖြင့်လျှောက်သွားနိုင်ကြလေသည်။ သူတို့နှစ်ယောက် အတွေးကိုယ်စီဖြင့် ခပ်သုတ်သုတ်လျှောက်သွားကြရာ တောင်ထိပ်သို့ ရောက်မှန်းမသိ ရောက်လာကြ၏။

တောင်ပေါ်ရောက်လျှင် အလွန်သာယာလှပသော ရောင်စုံပန်းခင်းတခု ရှိနေသည်ကို တွေ့ရ၏။ ပန်းခင်းအတွင်း ပျားပိတုန်းများ၊ ကျေးငှက်ကလေးများ ရှိနေသည်ကို တွေ့ရ၏။

ပန်းခင်းအရောင်အသွေး စုံလင်သလို ကျေးငှက်များလည်း အလွန်လှပပေရာ စန်းစန်းမမြင်ဖူးသော ကျေးငှက်ကလေးများပင် ပါဝင်လေသည်။ ထို့အပြင် ပန်းခင်းတဘက်မြက်ခင်းပြင်တွင် ယုန်ကလေးများ၊ သမင်ဒရယ်စသော တောကောင်ကလေးများ ပြေးလွှားကျက်စားနေကြသည်ကို တွေ့ရ၏။



အိပ်မက်ဆန်သော ပန်းချီကားချပ်ပမာ သာယာလှပသော သဘာဝ၏အလှအပကို တွေ့မြင်ရလျှင် စန်းစန်း၏စိတ်ထဲ ကြည်ကြည်နူးနူးဖြစ်လာ၏။ တချိန်ကမိုက်မဲခဲ့သော သူမ၏စိတ်ဓာတ်ကို ခဝါချပစ်လိုက်သကဲ့သို့ ရှိနေပေသည်။

စန်းစန်းက ပတ်ဝန်းကျင်ကို ငေးမောကြည့်ယင်း....

'သာယာလိုက်တဲ့ နေရာပါလား၊ အစ်ကို့ဆရာ ဒီမှာရှိတယ် ဟုတ်လား'

ပိုင်ချူးရီက ခပ်လှမ်းလှမ်းတနေရာသို့ လက်ညှိုးညွှန်ပြလိုက်ပြီး....

'ဟိုမြင်နေရတဲ့ ဝါးရုံပင်ရိပ်မှာ အစ်ကို့ဆရာရှိတယ်'

ပြောပြီး မြက်ခင်းပြင်ကို ဖြတ်ကျော်ကာ ဝါးတောရှိရာသို့ လျှောက်သွား၏။ စန်းစန်းကလည်း နောက်မှလိုက်သွားလေသည်။ သူတို့ကို တွေ့ရသော်လည်း ကျေးငှက် တိရစ္ဆာန်များ ကြောက်ရွံ့ထိတ်လန့်ကာ ထွက်ပြေးသွားကြခြင်း မရှိပါချေ။

သူတို့အား ထူးထူးဆန်းဆန်း ကြည့်နေကြ၏။ စန်းစန်း၏ ရင်ထဲ၌ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်း၏အရသာကို ခံစားလိုက်ရလေသည်။ သဘာဝသည် လူသားတို့အား သာယာပျော်ရွှင်ခြင်းနှင့် လွတ်လပ်ခြင်း အပြည့်အဝပေးထားသည် မဟုတ်ပါလား....။

လူတို့က သာယာသောသဘာဝ၏ ပျော်ရွှင်ခြင်းနှင့် လွတ်လပ်ခြင်းသဘောတရားများကို ဖျက်ဆီးပစ်တတ်ကြသည် ဖြစ်လေသည်။ ပိုင်ချူးရီက ရှေ့သို့ခပ်သုတ်သုတ် လျှောက်သွားပြီး ဝါးတောအား လှမ်းကြည့်လိုက်သည်။

ဝါးတော၏အလယ်တွင် သစ်ရွက်သစ်ခက်များဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတလုံးရှိပါသည်။ ထိုအိမ်ကလေးရှေ့တွင် မီးပုံတပုံရှိနေ၏။ မီးပုံမှာ မီးညွန့်တလူလူတက်နေခြင်းမရှိသော်လည်း မီးခိုးများထွက်နေသည်ကို တွေ့ရ၏။

ပိုင်ချူးရီ သဘောကျစွာပြုံးလိုက်သည်။

'ညီမ ကျုပ်ဆရာထွက်မသွားဘူး၊ ဒီနေရာမှာ ရှိနေသေးတယ်'

စန်းစန်း ခေါင်းညိတ်လိုက်သည်။ ဓူဝံဓားရှင် ဤနေရာမှာ မထွက်သွားပဲ ရှိနေခြင်းသည် သူတို့အတွက် ကောင်းခြင်းဟု သူမယုံကြည်ထားလေသည်။

သူတို့နှစ်ယောက် ဝါးတောရှေ့သို့ရောက်လျှင်....

'မိုင်ချူးရမိ မင်းပြန်ရောက်ပြီလား'

အေးစက်သော စကားသံတချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ စကားသံမှာ ကြည်လင် ပြတ်သားနေပေသည်။



ပိုင်ချူးရမိ၏မျက်နှာတွင် ရှိသေလေးစားသော အမူအရာများထွက်ပေါ်လာပြီးလျှင်....

'ဆရာ'

ဟု တချက်ခေါ်ကာ သစ်ရွက်အိမ်ကလေးဆီသို့ ပြေးသွားလေတော့သည်။

* * *

သစ်ရွက်တဲကလေးအတွင်းမှ အဘိုးအိုတယောက် လှမ်းထွက်လာ၏။ ထိုအဘိုးအို၏မျက်နှာမှာ အလွန် တည်ကြည်ခန့်ညားပြီး သတ္တဝါများအပေါ် ကြင်နာသနားချစ်ခင် တတ်ဟန်အထင်းသားပေါ်လွင်နေ၏။

စိတ်ရင်းစေတနာကောင်းမည့်ပုံလည်းရလေ၏။ အဘိုးအို၏ကိုယ်ပေါ်တွင် ဖျင်ကြမ်းအင်္ကျီများသာ ဝတ်ဆင်ထား၏။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း အသားအရည်များ ရှုံ့တွခြင်း၊မျက်လုံးရီဝေခြင်းမရှိပါ။

ထို့ကြောင့် အတွင်းအားအလွန်ကောင်းသူ တယောက်ဖြစ်ကြောင်း သိသာနိုင်လေ၏။ ပိုင်ချူးရိမှာ ထိုအဘိုးအိုကိုတွေ့ရလျှင် မြေပေါ်သို့ချက်ချင်းဒူးထောက်ချလိုက်ပြီး....

'ဆရာ'

အဘိုးအိုမှာ မူဝမ်ဓားရှင်ဖြစ်ကြောင်း စန်းစန်း ချက်ချင်းရိပ်မိလိုက်လေသည်။ ထို့ကြောင့် သူမလည်း ဒူးထောက်ချလိုက်၏။ အဘိုးအို(ဝါ)မူဝမ်ဓားရှင်က ပိုင်ချူးရိ နှင့်စန်းစန်းတို့ကို အပြန်ပြန်အလှန်လှန်ကြည့်လိုက်၏။

ထို့နောက် သဘောကျစွာပြုံးလိုက်ပြီး....

'ပိုင်ချူးရိ မင်းမဆိုးဘူး၊ အိမ်ထောင်ပြုဖို့ ဇနီးလောင်းရလို့ ကျုပ်ကိုလာပြီးကန်တော့တာပေါ့လေ'



ထိုစကားကြောင့် စန်းစန်း၏မျက်နှာ နီရဲသွားလေသည်။ ပိုင်ချူးရိလည်း ကြောင်အမ်းအမ်းဖြစ်သွားကာ—

'ဆရာ'

မူဝမ်ဓားရှင်က လက်ကာပြလိုက်ပြီး

'မင်း ငါ့ကိုဘာမှပြောစရာမလိုဘူး၊ မင်းရဲ့ဇနီးလောင်းဟာ မင်းနဲ့ရွေးသွားနောက်လိုက်ညီပါတယ်၊ အင်မတန် လိုက်ဖက်ပါတယ်၊ မင်းကို ငါအပြစ်မတင်ပါဘူး'

ပိုင်ချူးရိ ဟင်းကနဲသက်ပြင်းချမိသည်။ သူ၏ ဆရာသည် တခါတရံ အလွန်မြတ်သောသူရဲကောင်းတယောက်ပမာ ရှိပြီး တခါတရံ ကလေးဆန်လူပျော်ကြီးတယောက်ပမာ ရှိနေတတ်သည် မဟုတ်ပါလား။

သူ၏ထူးခြားသော အပြုအမူများကို မည်သူကမျှ ကဲ့ရဲ့ရှုပ်ချခြင်း မပြုဝံ့ကြချေ။ အကြောင်းမှာ သူ၏သိုင်းပညာသည် ပြိုင်ဘက်ကင်းအောင် ထက်မြက်ခြင်းကြောင့်ဖြစ်ပေသည်။

မူဝမ်ဓားရှင် သဘောကျစွာရယ်မောလိုက်ပြီး....

'ဟော့—ပိုင်ချူးရိ မင်းရဲ့ဇနီးလောင်းနဲ့ငါ့ကို မိတ်ဆက်ပေးပါဦးကွ'

ပိုင်ချူးရိမှာ သူ့အားတွေ့လျှင် မူဝမ်ဓားရှင်က ကြိမ်းမောင်းမာန်မဲလိမ့်မည်ဟု ယူဆထား၏။ သူသည် မူဝမ်ဓားရှင်ကို

အသေအလဲကြောက်ရွံ့သူဖြစ်၍ လာရန်ဝန်လေးနေမိခြင်း ဖြစ်ပေသည်။

ယခု စန်းစန်း သူနှင့်အတူပါလာသည်က ကံကောင်းသွားသည်ဟု ဆိုရပေမည်။ စန်းစန်းကြောင့် ဇူဝံခါးရှင် စိတ်ပျော်ရွှင်နေသည် မဟုတ်ပါလား။ ပိုင်ချူးရီကစန်းစန်းကိုမသိမသာ မျက်စိတဘက်မှိတ်ပြလိုက်၏။

ပြီးမှ ဇူဝံခါးရှင်ကို အရိုအသေပြုကာ—

'ဆရာ- ကျွန်တော်တို့ ဂါရဝပြုပါတယ်'

ပြောပြီး စန်းစန်းကို မသိမသာမျက်ရိပ် ပြလိုက်ပြန်သည်။ စန်းစန်းမှာ ပိုင်ချူးရီကို အကြွင်းမဲ့ယုံကြည်ထား၏။ ပိုင်ချူးရီက အကြောင်းရှိ၍ပြောဆိုနေခြင်းဖြစ်ကြောင်း ရိပ်မိလျှင် မီးစဉ်ကြည့်ကရန် ဆုံးဖြတ်လိုက်လေသည်။

ပိုင်ချူးရီက ဝံခါးရှင်အားရှိခိုးကန်တော့လိုက်သောကြောင့် စန်းစန်းလည်း ကန်တော့လိုက်သည်။ သူတို့နှစ်ယောက် ညီညီညာညာကန်တော့နေကြသည်ကို တွေ့ရလျှင်ဇူဝံခါးရှင်သဘောကျစွာဖြင့် တဟားဟားရယ်မောနေလေသည်။

သူသည် မျက်ရည်များထွက်လာသည်အထိ အတန်ကြာရယ်မောပြီးမှ....

'ကဲ... ဆိုစမ်းပါဦး၊ မင်း ငါ့ဆီကထွက်သွားတာ ငါးနှစ်ကျော်ပြီ၊ ဒီကြားထဲ ဘာလို့မလာတာတုန်း'



အမှတ်(၁၃၈)

ပိုင်ချူးရီ ခေါင်းငုံ့ကာ—

'သိုင်းလောကမှာ ခြေချမိတယ်ဆိုကတည်းက ဆရာပြောသလို ကျော်ကြားမှုနဲ့ အိုင်ထဲက ရုန်းမထွက်နိုင်တော့ပါဘူး၊ ပြီးတော့ ကိုယ်တန်တဲ့ပညာနဲ့အများအကျိုး ဆောင်ရွက်နေလို့ အချိန်မအားမလပ်တာကြောင့်'

'တော်တော့'

သူစကားမဆုံးမီ ဇူဝံခါးရှင်က ကြားဖြတ်ဟန့်တားလိုက်သည်။ ပိုင်ချူးရီကို စေ့စေ့ကြည့်ယင်း

'မင်းထွက်သွားပြီးတဲ့နောက် ငါ သိုင်းလောကထဲကိုမကြာခဏ ချောက်တယ်ဆိုတာ မင်းသိရဲ့လား'

'ဗျာ'

ပိုင်ချူးရီ ပါးစပ်ဟောင်းလောင်းဖြစ်သွား၏။ ဇူဝံခါးရှင်က ဆက်ပြောလိုက်လေသည်။

'မင်းအကြောင်းကို ငါ တိတ်တိတ်လိုက်ပြီး စုံစမ်းနေတာ၊ သိုင်းလောကမှာမင်းခြေချနိုင်ပြီဆိုတာသိရမှ ငါပြန်လာခဲ့တယ်၊ အခု သိုင်းလောကကို မရောက်တာ တနှစ်လောက်ပဲ ရှိသေးတယ်၊ မင်းက ဇနီးလောင်းတွေ့ပြီပေါ့လေ'

ထိုစကားကြားရလျှင် ပိုင်ချူးရီ၏အနည်းငယ်စိတ်သက်သာရာရရှိသွားလေသည်။ ကျူးကျန့်ရှန်းနှင့် ပတ်သက်သော ဖြစ်ရပ်မှန်များ မကြာသေးမီကမှ ဖြစ်ပွားခဲ့သည် မဟုတ်ပါလား။

ထိုအကြောင်းများကို ဓူဝံခေါ်ရှင်သိထားပုံမရချေ။ ဓူဝံခေါ်ရှင် မသိမှသာ သူက အကျိုးအကြောင်းပြောလည်စွာ ပြောနိုင်လေမည်။

ပိုင်ချူးရဓိက....

'ဆရာ...ကျွန်တော်တို့ဆရာကိုလာပြီး ဂါရဝပြုတာပါ၊ ပြီးတော့ အကူအညီတောင်းစရာ....'

သူ၏စကားမဆုံးမီ ဓူဝံခေါ်ရှင်လက်ကာပြပြီး....

'ဟေ့...သိုင်းလောကမှာ မင်းခြေချနိုင်ပြီမဟုတ်လား၊ ငါ့ကိုအကူအညီတောင်းစရာ လိုသေးလို့လား'

ပိုင်ချူးရဓိ သက်ပြင်းချယင်း....

'ဆရာမကယ်ယင် မဖြစ်လို့ပါ'

ထိုစဉ် စန်းစန်းကလည်း ကြားဝင် ပြောလိုက်လေသည်။ သူမသည် ဓူဝံခေါ်ရှင်ကိုဦးညွှတ်ယင်း....

'ဘဘကို ကျွန်မ ဦးညွှတ်ပါတယ်၊ ကျွန်မတို့ နှစ်ယောက် အသက်ရှင်ရေးဒုက္ခနဲ့ ရင်ဆိုင်နေရလို့ပါရှင်၊ ဘဘ မကယ်ယင် ကျွန်မတို့နှစ်ယောက် လူ့ဘဝမှာ နေရတော့မှာမဟုတ်ဘူး'

ဓူဝံခေါ်ရှင်မျက်လုံးပြူးသွား၏။ စန်းစန်းက သူ့အား ရှိုရှိုသေသေ ယဉ်ယဉ်ကျေးကျေး ပြောလာသောကြောင့် သဘောကျသွားလေသည်။ ပိုင်ချူးရီအား စိုက်ကြည့်ယင်း –



'နေစမ်းပါအုံး မင်းဘာတွေလျှောက်လုပ်ခဲ့လို့လဲ၊ ဒီကလေးမကိုကြည့်ရတာ မင်းကြောင့် ဒုက္ခရောက်ရတော့မယ့် ပုံပဲ'

ပိုင်ချူးရဓိ တည်ကြည်သော မျက်နှာထားဖြင့်....

'ကျွန်တော်ဟာ ဆရာသင်ပေးတဲ့ ပညာနဲ့ သိုင်းလောကမှာ မတရားမှု မပြုခဲ့ဘူးဆိုတာ ကျိန်ဆိုဝံ့ပါတယ်၊ အများအကျိုးအတွက် တရားမျှတမှုအတွက် အသက်စွန့်ပြီးကြိုးပမ်း ဆောင်ရွက်ခဲ့ပါတယ်'

ဓူဝံခေါ်ရှင် မျက်မှောင်ကုပ်ကာ

'ဒီလိုဆိုယင် ဘာကြောင့် ဒုက္ခရောက်လာတာလဲ'

'ကျွန်တော် ရင်ဆိုင်လို့မရတဲ့ ရန်သူတယောက်ကြောင့်ပါ'

ဓူဝံခေါ်ရှင် ခေါင်းညိတ်လိုက်ပြီး

'ဆက်ပြောစမ်းပါအုံး'

ပိုင်ချူးရဓိက ဆက်ပြောလိုက်လေသည်။ သူသည် တန်ကျိုဝိုက်နှင့် အပေါင်းပါများက မတရားမှုများ ပြုမူပုံ၊ သိုင်းလောသားများကို အဆိပ်ခတ်၍ စေခိုင်းနေပုံနှင့် သူတို့အား တော်လှန်မည့်သူရှိလျှင်ပြတ်ပြတ်သားသား ရက်ရက်စက်စက်သုတ်သင်သတ်ဖြတ်နေကြပုံများ အပိုအလိုမရှိ ပြောပြလိုက်လေသည်။

ပိုင်ချူးရဓိ၏ စကားဆုံးလျှင် ဓူဝံခေါ်ရှင် တွေဝေသွား၏။ စကားတလုံးမျှမပြောပဲ စဉ်းစားနေလေသည်။

ပိုင်ချူးရှိက .

'သူတို့ဟာ လူအင်အား အလွန်များပါတယ်၊ ယုတ်မာ ကောက်ကျစ်တဲ့နည်းမျိုးစုံ အသုံးပြုကြပါတယ်၊ သူတို့ကို ကျွန်တော် သုံးလေးကြိမ်မက ရင်ဆိုင်ခဲ့ပေမယ့် အရှုံးနဲ့ ထွက်ပြေး လာခဲ့ရပါတယ်'

ဓူဝံခါးရှင်က မျက်နှာတင်းမာသွားလေသည်။ ပိုင်ချူးရှိကို မကျေမနပ်ကြည့်ကာ....

'ငါပြောသားပဲ ဓူဝံခါးသိုင်းမတတ်သေးပဲ သိုင်းလောက ကိုခြေမချပါနဲ့ဆိုတာ မင်းအခု နောင်တရပြီလား'

ပိုင်ချူးရှိက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ကဲ့ ကျွန်တော် နောင်တရပါပြီ'

'ဒါဖြင့် ဓူဝံခါးသိုင်းသင်ဖို့ မင်းပြန်လာတယ် ဆိုပါတော့'

ပိုင်ချူးရှိ မဖြေဝံ့သာကြောင့် ခေါင်းငုံ့ထားလိုက်လေသည်။ ဓူဝံခါးရှင်က ထပ်မေးလိုက်သည်။

'ပိုင်ချူးရှိ ငါပြောတာ ကြားတယ်မဟုတ်လား'

'ဟုတ်...ဟုတ်ကဲ့ ကြားပါတယ် ဆရာ'

'ဒီလိုဆိုယင် ဖြေစမ်း'

ပိုင်ချူးရှိ မတတ်သာတော့ပဲ....

'အများအကျိုးဆောင်ရွက်ဖို့ လူယုတ်မာတွေကို တိုက်ဖျက်ဖို့ ကျွန်တော့်ကို ဓူဝံခါးသိုင်းသင်ပေးပါဆရာ၊ ကျွန်တော် လေးလေးစားစား သင်ယူပါ့မယ်လို့ ကတိပေးပါတယ်'



ဓူဝံခါးရှင်၏ မျက်နှာ ပြုံးရှင်သွားလေသည်။ ပိုင်ချူးရှိအား ချစ်မြတ်နိုးစွာ စိုက်ကြည့်ယင်း....

'ငါအသက်ကြီးပြီ ပညာအမွေ ဆက်ခံဖို့ မင်းတစ်ယောက်ပဲ ရှိတယ်၊ မင်းကဓူဝံခါးသိုင်းမသင်ပဲ ထွက်သွားတော့ ငါတော်တော် စိတ်ခတ်ကျခဲ့ရတယ်လေ၊ ဒါပေမယ့် သိုင်းလောကဟာ အင်မတန်ရှုပ်ထွေးပွေလီတယ်၊ သိုင်းပညာဟာ တောင်လိုပဲမြင့်တဲ့တောင်ရှိယင် သူ့ထက်မြင့်တဲ့ တောင်ပေါ်မှာပဲ။ တနေ့ မင်းဟာကျုပ်ဆီ ပြန်ရောက်လာမယ်တွေးမိလို့ ဒီမှာ ဆက်ပြီး စောင့်နေခဲ့တာကျုပ်မျှော်လင့်ချက်အခုတော့ပြည့်ပြီ၊ ဒါတောင် ငါးနှစ်မက စောင့်ခဲ့ရတယ် မင်းမဆိုးဘူး'

ဓူဝံခါးရှင်လက်ခံကြောင်း သိရလျှင် ပိုင်ချူးရှိဝမ်းမြောက် ဝမ်းသာ ဖြစ်သွားတော့၏။ ဓူဝံခါးရှင်ကိုဦးသုံးကြိမ်ချလိုက်ပြီး

'ဆရာ့ကျေးဇူးကြီးမားလှပါတယ်၊ ကျွန်တော်ဘယ်တော့မှ မေ့ပျောက်လို့ ရနိုင်မှာမဟုတ်ဘူးဆရာ'

ဓူဝံခါးရှင်က စန်းစန်းဘက်လှည့်လိုက်ပြီး

'မိန်းကလေး နာမည် ဘယ်လိုခေါ်သလဲ'

'စန်းစန်းလို့ခေါ်ပါတယ်ဘဘ'

'မိန်းကလေးက ဘယ်လိုသိုင်းပညာတတ်မြောက်ထားသလဲ'

'ခါးပေါက်ပညာပါ'

မူဝံဓားရှင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'အေးကောင်းတယ်၊ မင်းကဓားပေါက်ပညာ အခြေခံရှိပြီး သားဆိုတော့ မင်းကိုဘာဘာကနောက်ထပ် တီထွင်ထားတဲ့ ပန်းကြွေလက်နက်ပုန်းပညာ သင်ပေးလိုက်မယ်'

ထိုစကားကြောင့် စန်းစန်းလည်း ဝမ်းသာ ဝမ်းမြောက်ဖြစ်သွား၏။

မူဝံဓားရှင်က ဆက်ပြောလိုက်သည်။

'မင်းတို့နှစ်ယောက် ပူးပေါင်းတိုက်ခိုက်မယ်ဆိုယင် ရန်သူတရာနဲ့ရင်ဆိုင်ပါရစေ ကြောက်စရာမလိုတော့ပါဘူးကွယ်'

ပိုင်ချူးရှီနှင့်စန်းစန်းတို့ တယောက်မျက်နှာတယောက်ကြည့်လိုက်ကြလေသည်။

ပိုင်ချူးရှီ၏ မျက်လုံးတွင်ကြင်နာသည့် အရိပ်အရောင်များ ပြည့်လျှမ်းနေသလို စန်းစန်း၏ မျက်လုံးများတွင် ရှက်ရွံ့သည့် အရိပ်အရောင်များ ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက် တယောက်ကိုတယောက် မသိမသာ သံယောဇဉ်ဖြစ်တွယ်နေကြပြီဖြစ်လေသည်။

မူဝံဓားရှင်က

'ကဲ အချိန်ကြာတယ်မင်းတို့နှစ်ယောက် ကျုပ်နောက်လိုက်ခဲ့ကြစမ်း'

ပြောပြီး ရှေ့မှလျှောက်သွားသည်။



ပိုင်ချူးရှီက စန်းစန်းအား လက်ကမ်းပေးလိုက်သည်။

စန်းစန်းက ပိုင်ချူးရှီ၏လက်ကို မဝံ့မရဲကိုင်လိုက်လေသည်။

ပိုင်ချူးရှီက စန်းစန်း၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်လိုက်ပြီး မူဝံဓားရှင်နောက်သို့ လိုက်သွားလေသည်။

• • •

ဤနေရာမှာ ရေပူစမ်းတခုဖြစ်သည်။ အလွန် အေးမြသော တောင်ပေါ်ရှိ ရေပူစမ်းတခုဖြစ်သည်။ အလွန် အေးမြသော တောင်ပေါ်တွင် ရေပူစမ်းတခု ထူးထူးခြားခြားတည်ရှိနေခြင်း ဖြစ်လေသည်။ မူဝံ့ခေါ်ရှင်က ရေပူစမ်းရှေ့ရောက်လျှင်

'မင်းတို့နှစ်ယောက် ဒဏ်ရာကိုယ်စီ ရထားကြတယ် မဟုတ်လား'

ပိုင်ချူးရိ နှင့် စန်းစန်းတို့ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။ မူဝံ့ခေါ်ရှင်က ရေပူစမ်းကိုညွှန်ပြလိုက်ပြီး

'ရေပူစမ်းထဲ နှစ်ယောက်စလုံး ဆင်းပြီး ရေစိမ်ကြရမယ် မှန်းတည့်ချိန်ရောက်မှ ကျုပ်ရှိတဲ့ကိုပြန်လာခဲ့ကြ၊ ကျုပ်ကဆေးမြစ်တွေ ဆေးဥတွေစုဆောင်းပြီး ဆေးဖော်ရအုံးမယ်'

ပြောပြီး ချာကနဲလှည့်ထွက်သွားလေသည်။ မူဝံ့ခေါ်ရှင်မှာ အရိပ်ပမာ ခဏအတွင်း သူတို့ရှေ့မှ ပျောက်ကွယ်သွား၏။

စန်းစန်းမနေနိုင်တော့ပဲ....

'ကောင်းလိုက်တဲ့ကိုယ်ဖော့ပညာ'

'ကျုပ်က လူမိုက်တယောက်ဖြစ်လို့ ဆရာဆီက ပညာအကုန် မသင်ခဲ့မိဘူး၊ ကျုပ် ကိုယ်ဖော့ပညာဟာ ဆရာတဝက်တောင် မရှိဘူး၊ ကျုပ်သာ ကိုယ်ဖော့ပညာ ဆရာခြေရာ နင်းနိုင်မယ်ဆိုယင် ခေါ်သရဲ ဟိုကြည်ထုံ ကျုပ်နောက်လိုက်လာနိုင်မှာမဟုတ်ဘူး၊ သူ့လက်ချက်နဲ့လဲ ဒဏ်ရာရမှာမဟုတ်ဘူး၊ ပြီးတော့ကျူး ကျန့်ရှန်းကို အချိန်မီကယ်တင်နိုင်လိမ့်မယ်'



ပြောပြီး သူ၏အသံများ တုန်ယင်လာလေသည်။ ပိုင်ချူးရိ စိတ်ထိခိုက်သွားပြီဖြစ်ကြောင်းသိ၍ စန်းစန်း ကြိုးစားနှစ်သိမ့်လိုက်လေသည်။

'အစ်ကိုရယ် ပြီးခဲ့တာတွေပြန်တွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့တော့ ကျွန်မတို့မှာ ရှေ့လုပ်စရာတွေ အများကြီး ရှိသေးတယ် မဟုတ်လား'

ပိုင်ချူးရိ က ပြောင်းလဲလာသော စန်းစန်းကို စိုက်ကြည့်လိုက်သည်။ စန်းစန်းသည် လူဆိုးဘဝမှ လူကောင်းတယောက်အဖြစ် အမှန်ကကယ်ကူးပြောင်းလာခဲ့ပြီမဟုတ်လား၊ ပိုင်ချူးရိ စကားတလုံးမျှ မပြောတော့ပဲ ရေပူစမ်းအတွင်းသို့ ဝုန်းကနဲခုန်ဆင်းလိုက်သည်။

စန်းစန်းကလည်း သူ၏နောက်မှထပ်ကြပ်မကွာလိုက်ကာခုန်ဆင်းလိုက်လေတော့သည်။

* * *

စမ်းချောင်းကလေးမှာ တသွင်သွင် စီးဆင်းနေသည်။ စမ်းရေသည် အေးမြနေခြင်းမရှိပါ။

ရေပူစမ်းဖြစ်သောကြောင့် ပူနွေးနေလေသည်။ စမ်းချောင်းကလေး၏ ရေမျက်နှာပြင် အပေါ်ဘက်တွင် ရေငွေ့ပျံကာ အငွေ့တထောင်းထောင်းဖြစ်နေသည်။ ပိုင်ချူးရီနှင့်စန်းစန်းတို့ ရေပူစမ်းအတွင်းသို့ ရောက်သွားသောအခါ တယောက်ကို တယောက် သဲသဲကွဲကွဲ မမြင်ရတော့ချေ။

သူတို့နှစ်ယောက်အကြား ပဝါကာဆီးထားသလို ရေငွေ့များက ကာဆီးထားလိုက်သည်။ ပိုင်ချူးရီမှာ ရေပူစမ်းအတွင်းသို့ ရောက်လျှင် ပူနွေးသောရေနှင့် ထိတွေ့မိရာ တကိုယ်လုံးပူနွေးလာသည်။

တဆက်တည်းပင် ဒဏ်ရာသည် ရေ၏အပူဒဏ်ကြောင့် နာကျင် ကိုက်ခဲမှု သက်သာလာ၏။ ဤသို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ အချိန်ကြာလာသည်နှင့်အမျှ ရေမှာ ပို၍ပို၍ ပူလောင်လာသည်ဟု ထင်ရလေသည်။

မကြာပါချေ။ စန်းစန်း၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

'အစ်ကို ရေက သိပ်ပူလာပါလား'

ပိုင်ချူးရီ သက်ပြင်းချကာ ..

'ဟုတ်တယ် ညီမ'

'ကျွန်မတို့ ကြာကြာဆက်စိမ်နေလို့ ဖြစ်ပါ့မလား'



'ဖြစ်ပါတယ်၊ ဆရာက ဒါလုပ်ဆို ကျုပ်တို့ ဒါလုပ်ရမှာပဲ၊ သူ့စကား ငြင်းပယ်ပိုင်ခွင့် မရှိဘူး'

စန်းစန်း၏အသံ တိတ်သွားလေသည်။ ရေပူစမ်းအတွင်းမှ ရေများသည် နေမြင့်သည်နှင့်အမျှ ပွက်ပွက်ဆူထလာသည်။

အချိန်ကြာလာလေ အပူရှိန်တိုးလာလေလေ ဖြစ်လေသည်။

အချိန်ကြာသောအခါ ပိုင်ချူးရီ၏တကိုယ်လုံး ရေခွေးအိုးထဲသို့ ထည့်ပြုတ်ထားသည့်ပမာ ပူလောင်သော ဝေဒနာကို နေမထိ ထိုင်မသာ ခံစားနေရ၏။ ထိုအချိန်တွင် စန်းစန်း၏အသံ ထွက်ပေါ်လာပြန်သည်ကို ကြားရလေသည်။

စန်းစန်းက --

'အစ်ကို ကျွန်မ မနေနိုင်တော့ဘူး၊ ရေတွေက သိပ်ပူလာပြီ ဘယ်လိုလုပ်ရမလဲ'

ပိုင်ချူးရီကိုယ်တိုင်လည်းမနေနိုင်တော့ပါချေ။ သူကခေါင်းမော့ကြည့်လိုက်၏။ ကံကောင်းထောက်မစွာပင် ထိုအချိန်၌ နေမွန်းတည့်နေပြီ ဖြစ်သည်ကို တွေ့ရလေသည်။ ပိုင်ချူးရီ ဝမ်းသာသွားကာ....

'ညီမရေ နေမွန်းတည့်ပြီဟေ့.... မြန်မြန်ခုန်တက်တော့'

ပြောပြီး အားယူကာ ရေထဲမှ ကမ်းပေါ်သို့ ခုန်တက်လိုက်သည်။ ရေသည် ပိုင်ချူးရီ၏လည်ပင်းခန့်သာ အနက်ရှိပါသည်။ သူတို့နှစ်ယောက်ကုန်းပေါ်သို့ရောက်လာသောအခါ နှစ်ယောက်စလုံး ရှဲရှဲစိုနေကြသည်။

စန်းစန်းမှာ ရေဗိုအဝတ်ကြောင့် အင်မတန်လှပသည့် ခန္ဓာကိုယ်ပိုင်ရှင် ဖြစ်ကြောင်း ပိုင်ချူးရီ တွေ့လိုက်ရသည်။ သို့သော် စန်းစန်း ရှက်သွားမည်ကို စိုးရိမ်သောကြောင့် မျက်နှာလွှဲကာ

'လာ ညီမ တို့သွားကြစို့'

သူတို့နှစ်ယောက် တယောက်က ရှေ့မှသွားပြီး တယောက်က နောက်မှလိုက်သွား၏။ မကြာပါချေ။ ဓူဝံမားရှင်၏ သစ်ရွက်တဲကလေးသို့ ပြန်လည်ရောက်ရှိသွားကြလေသည်။

* * *



ဓူဝံမားရှင်က သစ်ရွက်တဲကလေးရှေ့တွင် ထိုင်နေသည်။ သူ၏ရှေ့မြေကြီးမှာ ပြောင်ရှင်းနေ၏။ မြေပေါ်တွင် ခွက်ကလေးနှစ်လုံးချထားသည်ကို တွေ့ရ၏။ ခွက်ကလေးများထဲတွင် နီရဲသော အရည်များရှိနေပါသည်။

ပိုင်ချူးရီနှင့် စန်းစန်းတို့ ရောက်လာသည်ကို တွေ့ရလျှင် ဓူဝံမားရှင်က အားရပါးရ ပြုံးလိုက်ပြီး—

'မင်းတို့ မှန်းလွဲပိုင်းအထိ ဆက်ပြီးရေစိမ်နေယင် တကိုယ်လုံး စုပ်ပြုတ်လုပ်ပြီးသား ဖြစ်သွားမယ် ဟား....ဟား....ဟား'

ပိုင်ချူးရီနှင့် စန်းစန်းတို့လည်း ရယ်မောလိုက်ကြ၏။ အေးမြသော တောင်လေတိုက်ခတ်မှုကြောင့် ရေနွေးစိမ်ခဲ့သော ပိုင်ချူးရီနှင့် စန်းစန်းတို့ တကိုယ်လုံး လန်းလန်းဆန်းဆန်း ဖြစ်လာသည်ဟု ခံစားကြရလေသည်။

ဓူဝံမားရှင်က ခွက်ကလေးနှစ်ခွက် ကောက်ယူလိုက်ပြီး....

'ရော့.... ဆေးဒီဆေးတွေ မင်းတို့တကိုယ်လုံး သုတ်လိမ်းလိုက်ကြပါ၊ ပြီးတော့ ဒီဆေးကိုသောက်'

ပြောပြီး အင်္ကျီအိတ်ထဲမှ အဖြူရောင်ဆေးလုံးနှစ်လုံး နှိုက်ယူကာ ပိုင်ချူးရီနှင့် စန်းစန်းတို့ကို တယောက်တလုံးပေးလိုက်သည်။ ဓူဝံမားရှင်သည် သိုင်းပညာတတ်ကျွမ်းခတ် တတ်မြောက်ထားသည့်အပြင် အလွန် တော်သည့် သမားတော် တယောက်ဖြစ်လေသည်။

သူသည် ရှာပါးပြီး ဆေးဘက်ဝင်သော သစ်သီး သစ်ဥသစ်မြစ်များကို ရှာဖွေစုဆောင်းကာ ဆေးဝါးများ ဖော်စပ်ထားတတ်ကြောင်း ပိုင်ချူးရိ သိထား၏။ ပိုင်ချူးရိက ဓူဝံခါးရှင်ကပေးသော ဆေးခွက်နှင့် ဆေးလုံးသုကာလိမ်းကျံသောက်သုံးလိုက်လေသည်။

စန်းစန်းလည်း ဓူဝံခါးရှင်ကို ရိုသေလေးစားနေပြီ ဖြစ်သောကြောင့် ပိုင်ချူးရိပြုသကဲ့သို့ တသဝေမတိမ်း လုပ်ဆောင်လိုက်၏။ ဓူဝံခါးရှင်က သူတို့နှစ်ယောက်အား ကြည့်ပြီး ပြုံးကာ...

'မင်းတို့အဆိပ်မိလာကြတယ်ဆိုတာကျုပ်သိတယ်ဒါကြောင့်ဆေးကုပေးရအုံးမယ်၊ အခုဆေးသောက်ပြီးယင် သုံးရက်လုံးလုံး အိပ်ပျော်နေလိမ့်မယ်၊ဒီအချိန် ကျုပ်က ဆေးကုမှာပေါ့၊ သုံးရက်မြောက်လို့ အိပ်ပျော်ရာကနိုးလာတဲ့အခါ မင်းတို့ကိုယ်မှာ အဆိပ်တစက်ကလေးမှမရှိတော့ဘူးမှတ်ပေတော့'

ပိုင်ချူးရိကစကားပြောရန်ဟန်ပြင်လိုက်သည်။သူ၏တကိုယ်လုံး လေးလံထိုင်းမှိုင်းသွားပြီး ပါးစပ်ပင် မဖွင့်လိုတော့ပေ။ တကိုယ်လုံးရှိခွန်အား ကုန်ခန်းသွားကာ ပျော့ခွေလာ၏။

တဆက်တည်း မျက်ခွံများလေးလံလာပြီး အိပ်ချင်လာလေသည်။ စန်းစန်းမှာလည်း ပိုင်ချူးရိကဲ့သို့ပင်ရှိနေ၏။ ဓူဝံခါးရှင်က သစ်ရွက်တဲကလေးကိုလက်ညှိုးညွှန်ပြကာ....

'ကဲ....တဲထဲမှာ အိပ်ရာအဆင်သင့်ပြင်ထားတယ် သွားအိပ်ကြပေတော့'



ပိုင်ချူးရိက အားတင်း၍ သစ်ရွက်တဲကလေးအတွင်းသို့ဝင်သွား၏။ သစ်ရွက်တဲကလေးအတွင်း ဝါးများဖြင့်ပြုလုပ်ထားသော ကွပ်ပျစ်နှစ်ခုရှိနေပါသည်။ ပိုင်ချူးရိ ကွပ်ပျစ်ပေါ်သို့ရောက်လျှင် ဟန်မဆောင်နိုင်အောင်ပဲ အိပ်ပျော်သွားတော့၏။

စန်းစန်းမှာ ကွပ်ပျစ်အနီးသို့ရောက်လာသောအခါ အပေါ်ပင်မတက်နိုင်ပါချေ။ပိုင်ချူးရိလောက် အတွင်းအားမကောင်းသဖြင့် အိပ်ဖို့စိတ်ကိုချုပ်တည်းထားနိုင်စွမ်းမရှိပါ။

ကွပ်ပျစ်ခြေရင်းတွင် ခွေကနဲလဲကျအိပ်ပျော်သွား၏။သူမကို ဓူဝံခါးရှင်က ကွပ်ပျစ်ပေါ် တင်ပေးလိုက်ရလေတော့သည်။

* * *

နေဝန်းနီမှာ အရှေ့ဘက်မှထွက်ပေါ်လာသည်။ သစ်ပင်ထက်တွင် အိပ်တန်းဝင်ခဲ့ကြသော ကျေးငှက်ကလေးများ အစာရှာရန် အရပ်လေးမျက်နှာသို့ပျံသန်းသွားကြ၏။

တနေ့တာအစာရှာပြီး တညတာအနားယူရဦးမည်မဟုတ်ပါလား။ နေဝန်းနီသည် ကောင်းကင်ပေါ်သို့ တဖြည်းဖြည်းဖြင့်တက်လာပြီး တဖန် အနောက်ဘက်သို့နိမ့်ဆင်းသွား၏။

ထို့နောက် အနောက်ဘက်တွင် ပျောက်ကွယ်သွားလေ၏။ ကျေးငှက်ကလေးများလည်း တနေ့တာအစာရှာပြီး ဆူညံသောအသံများပေးကာ သစ်ပင်ထက်တွင်တညတာ အိပ်စက်အနားယူကြချေပြီ။

ရာသီစက်ဝန်းက အနှေးအမြန်မရှိ ပုံမှန်အတိုင်း လည်ပတ်လျက် အချိန်များသည်တရွေ့ရွေ့ကုန်ဆုံးသွားသည်။ဤသို့ဖြင့် တရက်၊ နှစ်ရက်၊ သုံးရက်။ သုံးရက်ဟူသောအချိန် ကုန်လွန်သွားပြီးသော လေးရက်မြောက်နေ့နံနက်ခင်းတွင် ပိုင်ချူးရိ အိပ်ပျော်ရာမှ နိုးလာတော့၏။

သူ အိပ်ရာမှနိုးလာသောအခါ နံနက်ခင်းအချိန် ဖြစ်သောကြောင့် ကျေးငှက်ကလေးများ၏အော်မြည်သံများ၊ လေတိုက်ခတ်သံ၊ သစ်ရွက်ကြွေသံ စသည့် သဘာဝ၏ ဂီတသံများကြားရသည်။

သူ၏တကိုယ်လုံး ခွန်အားများ ပြည့်ဖြိုးနေပြီး လန်းလန်းဆန်းဆန်းရှိနေ၏။ ကိုယ်လက်ညောင်းညာခြင်း ဝေဒနာများ၊ နာကျင်ကိုက်ခဲခြင်း စသည့်စသည့် ဝေဒနာများကိုခံစားရခြင်း မရှိတော့ချေ။



ပိုင်ချူးရိ ကွပ်ပျစ်ပေါ်ထိုင်လိုက်လျှင် မလှမ်းမကမ်း ကွပ်ပျစ်တလုံး၌ စန်းစန်းတယောက် နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကိုတွေ့ရ၏။ ပိုင်ချူးရိ ပြုံးမိသည်။ စန်းစန်းမှာ အလွန်ချစ်မြတ်နိုးဖွယ် ကောင်းသော လှပသည့် မိန်းကလေးတယောက်ဖြစ်၏။

သူအိပ်နေသည်က ကလေးဆန်ပြီး စွဲမက်ဖွယ် ဆောင်နေသေးတော့၏။ ပိုင်ချူးရိ ငေးကြည့်နေစဉ် စန်းစန်း၏ ခန္ဓာကိုယ် လူးလွန့်လာပြီး အိပ်ပျော်ရာမှနိုးလာလေတော့သည်။

* * *

စန်းစန်း အိပ်ပျော်ရာမှနိုးလာပြီဖြစ်သည်။ မျက်လုံးဖွင့်ကြည့်လျှင် သူမအားငေးကြည့်နေသော ပိုင်ချူးရှိကို တွေ့ရလေသည်။ စန်းစန်း၏မျက်နှာ ရုတ်တရက်နီမြန်းသွားသည်။

မျက်လွှာချကာ ကွပ်ပျစ်ပေါ်မှ လူးလိမ့်ထလိုက်လေသည်။ ပိုင်ချူးရှိလည်း အားတုံ့အားနာဖြစ်သွားသည်။ သူက ကြိုးစား ပြုံးယင်း....

'ညီ....ညီမ အိပ်လို့ကောင်းရဲ့လား'

သူက ကယောင်ကတမ်းဖြင့် ပြောမိပြောရာပြောလေ၏။ သူ၏စကားကြောင့် စန်းစန်း၏မျက်နှာတွင် ချစ်စဖွယ် အပြုံး ပေါ်လွင်လာကာ....

'အစ်ကို ဘာတွေပြောနေတာလဲ၊ သုံးရက်လောက် အိပ်ပျော်မှတော့ အိပ်လို့မကောင်းပဲနေ့ပါမလား'

'အင်း....ဟုတ်သားပဲ'

ထိုစဉ်....

'မင်းတို့နိုးလာကြပြီလား'

ဗူဝ ခါးရှင်၏အသံကိုကြားလိုက်ရသည်။ အသံဆုံးလျှင် ဗူဝ ခါးရှင် တဲကလေးအတွင်းသို့ဝင်လာသည်ကို တွေ့လိုက်ရ၏။ ပိုင်ချူးရှိနှင့်စန်းစန်းတို့ ကွပ်ပျစ်ပေါ်မှဆင်းလိုက်ကြပြီး မြေပေါ် ဒူးထောက်ကာ....



'ဆရာ'

စန်းစန်းကလည်း ဆရာဟု သံပြိုင် ခေါ်လိုက်လေသည်။ သူသည် ဘဝတသက်တာတွင် ပိုင်ချူးရှိကိုသာ တပည့်အဖြစ် လက်ခံခဲ့သည်။ ယခုမူ စန်းစန်းဟူသော တပည့်တယောက် အသစ်တိုးပွားလာပြီမဟုတ်ပါလား။

ဗူဝ ခါးရှင် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး

'ကဲ မင်းတို့နှစ်ယောက် အပြင်ထွက်ခဲ့ကြအုံး၊ မင်းတို့အတွက် အချိန်သိပ်မရှိဘူးဆိုတာ ကျုပ်နားလည်တယ်'

ပြောပြီး အပြင်ဘက်သို့ ပြန်ထွက်လာသည်။ ပိုင်ချူးရှိနှင့် စန်းစန်းတို့က နောက်မှလိုက်သွားလေသည်။ သစ်ရွက်တဲအပြင်ဘက်ရောက်လျှင် ပြောင်နေအောင် ရှင်းလင်းထားသော မြေပေါ်တွင် မီးသွေးခဲဖြင့် စက်ဝိုင်းများကွင်းထားသည်ကို တွေ့ရသည်။

စက်ဝိုင်းတိုင်းတွင် နံပါတ်များရေးထားပြီး၊ ပိုင်ချူးရှိ ရေတွက်ကြည့်လိုက်သောအခါ၊ စက်ဝိုင်းစုစုပေါင်း ၃၆ ခုရှိနေသည်ကို တွေ့ရလေသည်။ ဗူဝ ခါးရှင်က ပိုင်ချူးရှိကိုကြည့်ကာ....

'ဒီစက်ဝိုင်းတွေဟာ မိုးကြိုးခါး ၁၈ ကွက်ကို လေ့ကျင့်ဖို့ အခြေခံချထားတဲ့ ခြေကွက်တွေမဟုတ်လား'

ပိုင်ချူးရှိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဆရာ'

'အေး မိုးကြိုးခါးဟာ ၁၈ ကွက်ပဲ၊ အခု ၃၆ ကွက်ဖြစ်နေတာ မတွေ့ဘူးလား'

'တွေ့ပါတယ်ခင်ဗျာ'

ဓူဝံဓားရှင်၏မျက်နှာ တည်ကြည်လေးနက်လာပြီး

'မိုးကြိုးဓားကွက် ၁၈ ကွက်ရှိတယ်။ ဓူဝံဓားကွက်လဲ ၁၈ ကွက်ရှိတယ်၊ နှစ်ခုပေါင်းလိုက်ယင် ၃၆ ကွက်ရှိမယ်၊ မင်းက မိုးကြိုးဓား ၁၈ ကွက်ကို တစ်မြောက်ပြီးသားဆိုပေမယ့် ဓားကွက်နှစ်ခုပေါင်းစပ်ပုံ ဆက်နွယ်ပုံကို ရုတ်တရက်သဘောပေါက်အုံးမှာ မဟုတ်ဘူး။ ဒါကြောင့် အစကပြန်ပြီး လေ့ကျင့်ရမယ်၊ ဇွဲရှိရှိ ကြိုးစားပမ်းစား လေ့ကျင့်ပါ'

'ဟုတ်ကဲ့ဆရာ'

'ကောင်းပြီ၊ ကျုပ်ကနံပါတ်ရေးပေးမယ်၊ မင်းက စက်ဝိုင်းဘေးထဲ ခြေနင်းပြီး၊ နံပါတ်အတိုင်းရွှေ့ပါ၊ မြန်နိုင်သမျှ မြန်အောင် ရွှေ့တိုးကြိုးစားရမယ်'

ပိုင်ချူးရိကသူ၏မိုးကြိုးဓားကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် နံပါတ်တစ်ဟုရေးသားထားသော စက်ဝိုင်းထဲသို့ ခြေတဘက်လှမ်းလိုက်လေသည်။ ကျန်ခြေတဘက်ကိုမူ စက်ဝိုင်းအပြင်ဘက်တွင် ထားရှိ၏။

'နံပါတ်နှစ်'

ဓူဝံဓားရှင်ထံမှ အသံထွက်လာသည်နှင့် ကျန်ခြေထောက်ကို နံပါတ်နှစ်စက်ဝိုင်းထဲသို့ နင်းချလိုက်၏။ ဓူဝံဓားရှင်က နံပါတ်များ တခုပြီးတခု ဆက်တိုက်ရေရွတ်သွားသည်။ ပိုင်ချူးရိကလည်း စက်ဝိုင်းတခုမှတခု ရွှေ့ပြောင်းနင်းသွား၏။

အချိန်ကြာသော် စက်ဝိုင်းအားလုံး နင်းမိပြီးသား ဖြစ်သွားပြီး၊ နံပါတ်တစ်စက်ဝိုင်းကို ပြန်လည် ရောက်ရှိလာလေ



သည်။ ယခုတကြိမ်တွင်မူ နံပါတ်စဉ်အတိုင်း မခေါ်တော့ပဲ၊ နံပါတ်တစ်ပြီးလျှင် နံပါတ်သုံးကိုခေါ်သည်။ ပြီးလျှင် ရှစ်၊ တဆယ်၊ တဆယ့်ငါး စသည်စသည်ဖြင့် နံပါတ်များ ခုန်ကျော်လိုက်၏။

ပိုင်ချူးရိက ဓူဝံဓားရှင်ခေါ်သည့် နံပါတ်အတိုင်း ကိုယ်ဖော့ပညာအသုံးပြုကာ ခုန်ကျော်ရလေသည်။ ဤသို့ဖြင့်နံပါတ်စဉ်ပြောင်းလဲသွားသလို ခြေကွက်များ ပြောင်းလဲသွားသည်။

သိုင်းကွက် ၃၆ ကွက်၊ ခြေကွက် ၃၆ ကွက်သာ ရှိသော်လည်း နံပါတ်စဉ်က ပြောင်းပြန်ခေါ်မှုကြောင့် လည်းကောင်း အမျိုးမျိုး စိတ်ကြိုက်ရာနံပါတ် ခေါ်နေခြင်းကြောင့် လည်းကောင်း ခြေကွက်ရာပေါင်းများစွာ၊ သိုင်းကွက်ပေါင်းများစွာ ဖြစ်ပေါ်လာလေတော့သည်။

* * *

'ခါးသမားတယောက်အတွက် ခြေထောက်၊ ခြေလှမ်း၊ ခြေနင်းကွက်ဟာ အင်မတန်အရေးကြီးတယ်၊ အဆုတ်အတက်၊ အကွေ့အပတ်၊ အရှောင်အတိမ်းဟာ များသောအားဖြင့် ခြေထောက်အပေါ်မှာ မူတည်နေတယ်၊ မင်းက ခြေနင်းကွက်တွေကို ကြိုးစားမှတ်သားပြီး လေ့ကျင့်ရမယ်၊ ပြီးမှ ခါးကွက် တိုက်ခိုက်ပုံ၊ ခုခံပုံ ခန္ဓာကိုယ်အပေါ်ပိုင်း ပညာတဆင့်တက်ရမယ်'

ဦးဝံခါးရှင်က မှတ်သားလောက်အောင်မိန့်ကြားပြီးနောက် ပိုင်ချူးရီအား ခြေကွက်များ လေ့ကျင့်စေသည်။

ပိုင်ချူးရီလည်း ပျင်းရိနေခြင်းမရှိ၊ နေထွက်မှသည် နေဝင်သည်အထိပြင်းပြင်းထန်ထန် လေ့ကျင့်နေသည်။

ထိုသို့လေ့ကျင့်ယင်း၊သေဆုံးသွားသော သူ၏မိတ်ဆွေကျူးကျန့်ရှန်း၏ မျက်နှာကိုလည်းကောင်း၊ တန်ကျူဝိုက်ကိုလည်းကောင်း၊ တုဖန်းဖန်းကို လည်းကောင်း မဆီမဆိုင် အသက်စွန့်လွှတ်သွားရသည့် ဝါလဝါနှင့် ဝမ်းထိုက်တို့ကိုလည်းကောင်း မြင်ယောင်လာသည်။

သူ၏ရင်ထဲရှိ မကျေနပ်မှု အဆိုင်အခဲ တနေ့တခြား ကြီးထွားလာသည်။ ထိုသို့ကြီးထွားလာသည်နှင့်အမျှ လေ့ကျင့်မှု



ကို ပို၍ပြင်းထန်စေလေသည်။ ခွန်အားများကို ပို၍တိုးတိုးတက်စေလေသည်။

ပိုင်ချူးရီ ခြေကွက်များ လေ့ကျင့်နေစဉ် ဦးဝံခါးရှင်က စန်းစန်းကို လက်နက်ပုန်းပစ်ပညာ သင်ကြားပေးနေလေတော့သည်။

* * *

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြန်သည်။ ဆယ်ရက်ခန့်ကြာသွားသောအခါ၊ ပိုင်ချူးရီမှာ ခြေနင်းကွက်များကို ပိုင်ပိုင်နိုင်နိုင် တတ်မြောက်သွားပြီဖြစ်လေသည်။ သူသည် နဂို၌က အခံရှိသူတယောက်ဖြစ်သောကြောင့် ယခုလို မြန်မြန်ဆန်ဆန် တတ်မြောက်ခြင်းဖြစ်သည်။

ခြေကွက်များ လေ့ကျင့်ယင်း နေ့စဉ် မရပ်မနားခုန်ပေါက်နေရသောကြောင့် ကိုယ်ဖော့ပညာနှင့် အတွင်းအားလည်း ပို၍ကောင်းမွန်လာသည်။

ပိုင်ချူးရီ၏ ခြေကွက်များ တတ်မြောက်သွားသောအခါ ဓူဝံဓားပညာရှင်က ဓူဝံဓားသိုင်းကို စတင်သင်ကြားပေး၏။ ဓူဝံဓားသိုင်းတွင် အခြားသိုင်းပညာများကဲ့သို့ ခုခံသော သိုင်းကွက်တကွက်တလေမျှ မပါရှိချေ။

ဓူဝံဓားကွက်ဖြင့်စတင်တိုက်ခိုက်စစ်ဆင်လျှင် ရန်သူကျသွားမှသော်လည်းကောင်း၊ သို့မဟုတ် မိမိလဲကျသွားမှ သော်လည်းကောင်း ရပ်တန့်ခြင်းပြုနိုင်ပေမည်။ ဓူဝံဓားသိုင်းသည် တိုက်စစ်သက်သက်ဖြစ်သည်။

အင်မတန်ထက်မြက်ပြီး ရက်စက်ကြမ်းကြုပ်သည်ဟု ထင်ရ၏။ သို့သော် လူယုတ်မာများကိုသုတ်သင်ရာတွင် အံဝင်ဂွင်ကျ



ဖြစ်မည့်ပညာဖြစ်လေသည်။ ပိုင်ချူးရီမှာ လုံ့လဝီရိယအပြည့်ဖြင့်ဓူဝံဓားသိုင်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်နေတော့၏။

ထိုအတောအတွင်း စန်းစန်း၏ လက်နက်ပုန်းပစ် ပညာမှာလည်းများစွာတိုးတက်လာသည်။ သို့သော်ဓူဝံဓားရှင်က အဆိပ်လက်နက်ပုန်းအသုံးပြုခြင်းခွင့်မပြုချေ။

အဆိပ်အစားရန်သူကို ထိထိမိမိတိုက်ခိုက်နိုင်စေရန် သွေးကြောရွေးချယ်နည်းပညာသင်ကြားပေး၏။ ရန်သူ၏ အဓိကကျသောသွေးကြောများကို ရွေးချယ်လက်နက်ပုန်းဖြင့် တိုက်ခိုက်ခြင်းဖြင့် ရန်သူကိုသုတ်သင်နိုင်သည်။

သို့မဟုတ် ရန်သူသတိလစ်သွားစေနိုင်သည်။ သို့မဟုတ်ရန်သူကိုအဝေးမှ လက်နက်ပုန်းဖြင့် သွေးကြောပိတ်နိုင်မည်ဖြစ်လေသည်။

စန်းစန်းမှာနဂိုကပင် ဓားပေါက်ကျွမ်းကျင်နေသောကြောင့် ဓူဝံဓားရှင်ထံမှလက်နက်ပုန်းပစ်ပညာ သင်ယူရလျှင် ခက်ခဲမှုမရှိတော့ချေ။

ကြိုးကြိုးစားစားလေ့ကျင့်သည်နှင့် တပတ်အတွင်း သူမ၏ပညာတိုးတက်လာသည်။ နှစ်ပတ်ခန့်ကြာသောအခါ ဓူဝံဓားရှင် သင်ကြားပေးသမျှ သုံးပုံနှစ်ပုံခန့် တတ်မြောက်သွား၏။

မှူဝံဓားရှင်မှာအလွန်ကြိုးစားကြသော စန်းစန်းနှင့်ပိုင်ချူးရီတို့ကိုကြည့်ကာ ကျေနပ်နေမိပါသည်။

သူ၏သိုင်းပညာရပ်များသည် တိမ်ကောကွယ်ပျောက်မသွားပဲ အများအကျိုးအတွက် အသုံးပြုနိုင်ရန် သိုင်းလောကတွင် ထင်ထင်ရှားရှား ကျန်ရစ်ခဲ့ပါလိမ့်မဟုတ်ပါလား။

ပိုင်ချူးရီနှင့် စန်းစန်းတို့ သိုင်းပညာ လေ့ကျင့်နေစဉ်တွင် သူကလည်း တောင်ပေါ်ဝါးများကိုခုတ်ယူကာဝါးကြောနွှာ၍ စိတ်ရှည်လက်ရှည်ဖြာကာ ကိုယ်ကျပ် အင်္ကျီ ရက်လုပ်နေလေသည်။

ဝါးကိုယ်ကျပ်အင်္ကျီရက်လုပ်ရန် လွယ်ကူသောကိစ္စ မဟုတ်ပါ။ သို့သော်မှူဝံဓားရှင်မှာ ဓားကို ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ပြီး ဝါး၏ အကြော နားလည်ထားသောကြောင့် ဝါးကြောကို လက်မဝက်ခန့်နွှာပြီး အကြောချည်းသက်သက် အတွင်းခံအင်္ကျီ ရက်လုပ်နိုင်ခဲ့လေသည်။

ဝါးကြောကိုယ်ကျပ်အင်္ကျီသည် ပျော့ပျောင်း လာသည်။ သို့သော် အလွန်မာကျောသော ဝါးကြောများဖြင့် ရက်လုပ်ထားသောကြောင့် တော်ရုံတန်ရုံ လက်နက်ပုန်း အန္တရာယ်ကို ကာကွယ်နိုင်မည်မဟုတ်ပါလား။



ပိုင်ချူးရီနှင့်စန်းစန်းတို့သည် သူ့ထံမှ ထွက်သွားပြီးနောက် အလွန်ပြင်းထန်သော တိုက်ပွဲတခု ဆင်နွှဲလိမ့်မည် ဖြစ်ကြောင်း မှူဝံဓားရှင် သဘောပေါက် နားလည်ထားသည်။

ထို့ကြောင့်ပိုင်ချူးရီနှင့်စန်းစန်းတို့အတွက် အစစ အရာရာ စီမံနေလေတော့သည်။

* * *

တလ....

တလဟူသော အချိန်ကုန်ဆုံးသွားပြီ ဖြစ်လေသည်။ တလတင်းတင်းပြည့်သောနေ့တွင် ပိုင်ချူးရိ နှင့် စန်းစန်း၏ သိုင်းပညာလေ့ကျင့်မှု ဆုံးခန်းတိုင်သွား၏။

ပိုင်ချူးရိ ၏ခန္ဓာကိုယ်ပေါ်ရှိအဆိပ်များ လုံးဝ ကင်းသွားပြီဖြစ်သည်။

ထို့အပြင် သူ၏ကြွက်သားများတွင် အယင်ထက်ပို၍ သန်မာတောင့်တင်းလာသည်။

ခန္ဓာကိုယ်ထွားထွားကြိုင်းကြိုင်းဖြစ်လာပြီးသိုင်းပညာလည်း ပို၍တိုးတက်လာ၏။ ယခင်က ပိုင်ချူးရိ မဟုတ်တော့ချေ။

စန်းစန်းသည်လည်း ပိုင်ချူးရိ နည်းတူပင် သူမရင်ထဲမှရက်စက်ကြမ်းကြုတ်မှုများ၊ မတရားစိတ် မြူတမှုံမျှမရှိ ကင်းစင်သွားချေပြီ။ ပိုင်ချူးရိ နှင့် ဓူစံမားရှင်တို့ကို ကြည့်ကာ လေးစားသည့်စိတ်များ အစားထိုးဝင်လာသည်။

လူကောင်းတယောက်ဖြစ်လာစေရန် သိုင်းပညာဖြင့် အများအကျိုးဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားပြီဖြစ်၏။ သူမ၏ လက်နက်ပုန်းပင်ပညာ အဆပေါင်း များစွာ တိုးတက်လာသောကြောင့် တော်ရုံတန်ရုံလူကို မှုစရာလိုတော့မည် မဟုတ်ပါချေ။

ပိုင်ချူးရိ နှင့် စန်းစန်းတို့မှာ မတရားမှုများ ဖြိုခွဲပစ်ရန် အသင့်ရှိနေကြပြီ ဖြစ်လေသည်။

* * *



တလမြောက်ပြီး သုံးရက်ကြာသော အခါ ဓူစံမားရှင် က ပိုင်ချူးရိနှင့်စန်းစန်းတို့အား ခေါ်တွေ့လေသည်။ သူသည်တလပြည့်သည့်နေ့တွင် သိုင်းပညာသင်ယူမှုကို အဆုံးသတ်စေပြီးအိပ်ဆေးကျွေးကာ သုံးရက်လုံးလုံး အိပ်စက် အနားယူစေသည်။

သုံးရက်ကုန်ဆုံးပြီး လေးရက်မြောက်နေ့ နံနက်ပိုင်းရောက်မှ ပိုင်ချူးရိ နှင့် စန်းစန်းတို့ကို သစ်ရွက်တဲအပြင်သို့ ခေါ်ထုတ်လာခဲ့ခြင်း ဖြစ်ပေသည်။ ပိုင်ချူးရိ နှင့် စန်းစန်းတို့က ဓူဝံမားရှင်ရှေ့တွင် ငြိမ်သက်စွာ ရပ်နေကြသည်။ ဓူဝံမားရှင်က သူတို့နှစ်ယောက်အား သေသေချာချာ အကဲခတ်ကြည့်လိုက်ပြီး

'မင်းတို့ဟာ အယင်ကနဲ့ မတူတော့ဘူးဆိုတာ သိကြသလား'

ပိုင်ချူးရိ နှင့် စန်းစန်းတို့ ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

'ဟုတ်ကဲ့ သိပါတယ်ဆရာ'

'အေး... မင်းတို့ဟာ အဆင့်မြင့်သိုင်းသမားတွေ ဖြစ်ကြပြီ၊ ဒီကနေ့ သိုင်းလောကမှာ သိုင်းပညာ တဘက်ကမ်းခတ် တတ်မြောက်သူ ထူးချွန်သူတွေ တစထက်တစ ရှားပါးလာပြီ၊ ရှိတဲ့လူတွေကလဲ မတရားမှုလုပ်တဲ့လူများတယ်၊ ဒီတော့ မင်းတို့က သိုင်းပညာကို ကိုယ်ကျိုးအတွက် အသုံးမပြုဖို့ ပထမ မှာချင်တယ်'

ပိုင်ချူးရီက ဓူဝံဓားရှင်ကို ဦးညွှတ်လိုက်ပြီး

'စိတ်ချပါဆရာ၊ ကျွန်တော်ဟာ အများအတွက် အသက်စွန့် ဆောင်ရွက်ပါ့မယ်လို့ ကတိပေးပါတယ်'

ဓူဝံဓားရှင်က စန်းစန်းကို လှမ်းကြည့်လိုက်သည်။ စန်းစန်းကလည်း တည်ကြည်သော မျက်နှာထားဖြင့်

'တချိန်က ကျွန်မ ဆိုးသွမ်းမိခဲ့လို့ အခုအချိန်ကစပြီး ကျွန်မရဲ့ အပြစ်တွေကို အများကောင်းကျိုးဆောင်ရွက်ပြီး ဆေးကြောသုတ်သင်ပါ့မယ်လို့ ကတိပေးပါတယ်'

ဓူဝံဓားရှင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'အိမ်း....ကောင်းပါပေ့ကွယ်၊ မင်းတို့ နှစ်ယောက်စလုံးကို ငါယုံကြည်ပါတယ်၊ ကဲ အခုအချိန်ကစပြီး မင်းတို့ဟာ အများအကျိုးအတွက် ဆောင်ရွက်နိုင်ခွင့်ရှိပါပြီ'

ထိုစကားကြားရလျှင် ပိုင်ချူးရီနှင့်စန်းစန်းတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။ သူတို့ ဤတောင်ပေါ်မှ ဆင်းသွားပြီး ရန်သူအား တိုက်ခိုက်သုတ်သင်ရန် ဓူဝံဓားရှင်က ခွင့်ပြုလိုက်ပြီ မဟုတ်ပါလား။

ပိုင်ချူးရီနှင့် စန်းစန်းတို့ တယောက်ကိုတယောက်ကြည့်ကာ အားရပါးရ ပြုံးလိုက်သည်။ ထို့နောက် ပြိုင်တူမြေပေါ်သို့ ဒူးထောက်ချလိုက်ပြီး



'ကျေးဇူးရှင် ဆရာရဲ့စကားနဲ့ ကျေးဇူးတရားကို ဘယ်တော့မှ မမေ့ပါဘူး'

ဟုပြောပြီး ဦးသုံးကြိမ် ချလိုက်ကြလေသည်။ ဓူဝံဓားရှင်မှာ ပိုင်ချူးရီတို့နှင့် ခွဲခွာရမည်ဖြစ်သောကြောင့် စိတ်မကောင်းဖြစ်နေဟန်ရှိပါသည်။ သူ၏မျက်နှာအနည်းငယ် ညှိုးငယ်နေ၏။

သို့သော် ပိုင်ချူးရီတို့ မရိပ်မိအောင် ဟန်ဆောင်ထားရလေသည်။

ဓူဝံဓားရှင်က....

'မင်းတို့ ခဏစောင့်ကြဦး'

ပြောပြီး သစ်ရွက်တဲကလေးအတွင်းသို့ ဝင်သွား၏။ သူပြန်ထွက်လာသောအခါ ဝါးဖြင့် ရက်လုပ်ထားသော အတွင်းခံအင်္ကျီများ ပါရှိလာ၏။ ထို့အပြင် အဖြူရောင် ဆေးလုံးများလည်း ပါလာလေသည်။

သူက ပိုင်ချူးရီနှင့် စန်းစန်းတို့ကို လှမ်းပေးလိုက်ပြီး

'ဒီကိုယ်ကျပ်အင်္ကျီတို့က လက်နက်ပုန်းရန်က အထိုက်အသင့် အကာအကွယ်ပေးနိုင်လိမ့်မယ်၊ ဝတ်ထားကြ ဆေးလုံးကတော့ ခွန်အားတိုးပွားစေတယ်၊ အဆိပ်ပြယ်စေတယ်၊ အရေးကြုံယင် အသက်ကယ်ဆေးအဖြစ် သုံးလို့ရတာပေါ့'

ပိုင်ချူးရှိ နှင့် စန်းစန်းတို့က ဆေးလုံးနှင့် ကိုယ်ကျပ်အင်္ကျီများ ကိုယ်စီကိုယ်ငှ လှမ်းယူလိုက်ကြလေသည်။ ဓူဝံဓားရှင်က သူတို့နှစ်ယောက်အား အတန်ကြာ စေ့စေ့ကြည့်လိုက်သည်။

ထို့နောက် တဘက်သို့လှည့်ကာ ကျောခိုင်းလိုက်ပြီး

'မင်းတို့ သွားနိုင်ကြပါပြီကွယ်'

သူ၏အသံမှာ အနည်းငယ် တုန်ယင်နေ၏။ ပထမတကြိမ် ပိုင်ချူးရှိက သူ၏စကားနားမထောင်ပဲ ထွက်သွားစဉ်ကလည်း သူစိတ်မကောင်းဖြစ်ခဲ့ရသေးသည် မဟုတ်ပါလား။

ယခုတကြိမ် စန်းစန်းဆိုသော မိန်းကလေးအတွက် သံယောဇဉ် ပိုလာရသည်။ စန်းစန်းနှင့် ပိုင်ချူးရှိတို့လည်း စိတ်မကောင်းဖြစ်နေကြပါသည်။ ပိုင်ချူးရှိမှာ အတွေ့အကြုံ ရင့်ကျက်ပြီး စိတ်ထိန်းနိုင်သူဖြစ်၍ မျက်နှာညှိုးလျော်သွားရုံသာ ရှိနေ၏။

စန်းစန်းမှာမူ မျက်စိမျက်နှာပျက်နေသည်။ တခဏကြာလျှင် သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များစီးကျလာလေသည်။ သူတို့သည် ဓူဝံဓားရှင်နှင့် မခွဲလိုသော်လည်း မဖြစ်နိုင်ချေ။

ထိုအသိကြောင့် ပိုင်ချူးရှိက....

'ညီမ....အစ်ကိုတို့ သွားကြစို့'

စန်းစန်းက မျက်ရည်များ သုတ်ပစ်လိုက်သည်။ တဖန် ပိုင်ချူးရှိကို ကြိုးစားပြုံးလိုက်ပြီး



'အစ်ကို ရန်သူတွေကို သုတ်သင် ရှင်းလင်းပြီး ဒီနေရာ တခေါက် ပြန်လာကြမယ်နော်'

ပိုင်ချူးရှိ ခေါင်းညိတ်လိုက်၏။ သူမ၏ စကားကြောင့် ဓူဝံဓားရှင်၏ ခန္ဓာကိုယ်တချက် တုန်ခါသွားသည်ကို တွေ့မြင်ရလေသည်။ ဓူဝံဓားရှင်၏ မျက်နှာကို စောင့်ကြည့်နေသော်လည်း ပြန်လှည့်လာတော့မည်မဟုတ်ကြောင်း နားလည်၍ ပိုင်ချူးရှိ နှင့် စန်းစန်းတို့ နောက်ဆုံး အကြိမ်အဖြစ် ကန်တော့လိုက်ကြ၏။

ပြီးလျှင် ခြေလှမ်းလှမ်းကျဲကျဲဖြင့် တောင်အောက်သို့ ဆင်းသွားကြလေတော့သည်။

* * *

## မင်းအာလှည့်

ပိုင်ချူးရီနှင့် စန်းစန်းတို့ တောင်ပေါ်မှ ဆင်းလာကြပြီဖြစ်သည်။ သူတို့သည် လာခဲ့ကြသောဖြတ်လမ်းအတိုင်း ကျင်းလိမ်မြို့ ဆီသို့ ဦးတည်သွားကြ၏။ နှစ်ယောက်စလုံး တိုးတက်လာသော ကိုယ်ဖော့ပညာ အသုံးပြု၍ ပြေးသွားကြရာ သုံးရက်မတိုင်မီ ကျင်းလိမ်မြို့သို့ ရောက်သွားကြ၏။

ကျင်းလိမ်မြို့သို့ရောက်လျှင်ရောက်ချင်း ပိုင်ချူးရီက မြို့ထဲမဝင်သေးပဲ မြို့ပြင်သင်္ချိုင်းသို့ လာခဲ့သည်။ မြို့ပြင်သင်္ချိုင်းတွင် ကျူးကျန့်ရှန်း၏မြေပုံရှိနေ၏။ ကျူးကျန့်ရှန်း၏ မြေပုံတွင် တုဖန်းဖန်း စောင့်နေလိမ့်မည်မဟုတ်ပါလား။



ပိုင်ချူးရီတို့ ကျူးကျန့်ရှန်း၏ မြေပုံသို့ ရောက်လာသောအခါ တုဖန်းဖန်းကိုမတွေ့ရချေ။ အကြောင်းမှာ ချိန်းဆိုထားသော တလဟူသည့်အချိန်ထက် ဆယ်ရက် နောက်ကျနေသောကြောင့် ဖြစ်သည်။

သူတို့နှင့် ချိန်းဆိုထားသည့် တုဖန်းဖန်းလည်း တန်ကျိဝိုက်ကဖမ်းဆီးသွားခဲ့သည်မဟုတ်ပါလား....။ တုဖန်းဖန်း အဖမ်းခံသွားရသည်ကို ပိုင်ချူးရီနှင့်စန်းစန်းတို့မသိကြချေ။

ကျူးကျန့်ရှန်း၏ မြေပုံအနီးတွင် တနေကုန်အောင်စောင့်နေကြ၏။ သို့သော် ညဉ့်နက်သည် အထိ ပေါ်မလာသောကြောင့် ပိုင်ချူးရီ စိတ်ပူလာသည်။ တုဖန်းဖန်းသည် တလပြည့်၍ သူတို့ ရောက်မလာသည်အတွက် နောက်ရက်များတွင် လာစောင့်ခြင်း မပြုသည်လော—။

သို့တည်းမဟုတ် တုဖန်းဖန်း အန္တရာယ်များနှင့် ရင်ဆိုင်နေရပြီလော— ပိုင်ချူးရီ မတွေးတတ်တော့ပါ။ ထိုအချိန်တွင် တုဖန်းဖန်းသည် တန်ကျိဝိုက်၏သခင်ကြီး စံအိမ်တွင် ရောက်ရှိနေပြီဖြစ် ပါသည်။

*

* *

နေဝန်းနီနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးကွယ်ပျောက်သွားပြီး ဖြစ်ပါသည်။ နေ၏အလင်းရောင်များ ကွယ်ပျောက်သွားလျှင် ည၏ အမှောင်ထုက အစားထိုး ဝင်ရောက်လာသည်။

ကျင်းလိမ်မြို့တွင် ညနေ မိုးချုပ်သည်နှင့် အိမ်းတိုင်းလိုလို မီးထွန်းညှိလိုက်ကြပြီ ဖြစ်လေသည်။ သို့သော် ဆီမီး တိုင်မှ အလင်းရောင်သည် မည်းနက်သော ည၏အမှောင်ထုနှင့် ယှဉ်သော် ပိုစုန်းကြူးအလား....

မည်သို့ဆိုစေ ဆီမီးရောင်ကို ပိုးစုန်းကြူးငယ်ဟု ပြောလျှင် ကျင်းလိမ်မြို့ မြောက်ဘက်ရှိ စံအိမ်ကြီးတလုံးမှ မီးရောင်ကိုမူ ပိုးစုန်းကြူးကြီးအကြီးစား တကောင်ဟု တင်စားရမည် ဖြစ်သည်။

ထိုစံအိမ်ကြီးမှာ မီးများထိန်ထိန်လင်းအောင် ထွန်းညှိထားရာ စံအိမ်ပတ်ဝန်းကျင်တွင် နေ့ဘက်နှင့်မခြား လင်းထိန်းနေသည်မဟုတ်ပါလား...။ ယင်းစံအိမ်ကြီးသည်ကား ကျင်းလိမ်မြို့၏မျက်နှာဖုံးသဌေးကြီး လျူ ပိုင်ဆိုင်သော ဂေဟာတခုဖြစ်လေသည်။

သဌေးကြီး လျူမှာ ကျင်းလိမ်မြို့တွင် အလွန် ကျော်ကြားသောသူဖြစ်၏။ တရားမျှတမှုကို လေးစားပြီး မတရားမှုမှန်



သမျှ တိုက်ဖျက်ရာတွင် ရှေ့တန်းမှ ပါဝင် ဆောင်ရွက်လျက်ရှိသည်။

ကျင်းလိမ်မြို့၏ ရပ်ရေးရွာရေး သာရေးနာရေးကိစ္စများတွင်လည်း ရှေ့တန်းမှ ကြိုးပမ်းဆောင်ရွက်ဘတ်သူတယောက် ဖြစ်လေသည်။ ဆင်ရဲနွမ်းပါးသူများကို ငွေကြေး စွန့်ကြဲ ပေးကမ်းသည်၊ အလုပ်ရှာပေးသည်။အလှူအတန်းပြုလုပ်သည်။

ကျင်းလိမ်မြို့အနီးတဝိုက် လူဆိုးဒမြများ သောင်းကျန်းလာလျှင် ကိုယ်တိုင်ထွက်ကာ နှိမ်နင်း၏။ သူ့အား သိုင်းလောကသားများက ငွေဓားရှင်ဟု ခေါ်ကြလေသည်။

သူသည် ငွေကြေး ချမ်းသာ ကြွယ်ဝသလို ဓားပညာလည်း တအာက်ကမ်းခတ် တတ်မြောက်ထားသည်မဟုတ်ပါလား....။ သို့သော် ယခုတလော ကျင်းလိမ်မြို့အနီးတဝိုက်လူသတ်မှုများ ဒမြမှုများဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာသည်။

ဤသည်ကို မြို့ခံလူများက သဌေးကြီးလျူအား တင်ပြကြလေသည်။ သဌေးကြီးလျူမှာ နေထိုင်မကောင်း ဖြစ်နေသည်။ ထို့ကြောင့် သူကလည်း လက်ပိုက် ကြည့်နေရသည်ဟု ဆိုလေသည်။

သဌေးကြီး နေမကောင်းဟု ဆိုသော်လည်း သမားတော်များ စံအိမ်သို့ ဝင်ထွက်သွားလာသည်ကို မတွေ့ရပါ။ သဌေး

ကြီးလျှု၏ သုံးမကုန်နိုင်သော ငွေကြေးများ မည်သည့်နေရာက ရရှိလာသည် စဉ်းစားမိသူ ရှိချင်မှရှိပေမည်။

သဌေးကြီးလျှုသည် လူကောင်းတယောက် ဖြစ်နိုင်ပါမည် လား....

* * *



အခန်းမှာ ကျယ်ဝန်းသော အခန်းတခု ဖြစ်သည်။ အခန်းထဲတွင် မီးရောင်ထိန်ထိန်လင်းအောင် ထွန်းညှိထား၏။ခန်းလုံးပြည့် အမွေးပွ ကော်ဇောများ ခင်းကျင်းထားပြီး အဖိုးတန်အိမ်ထောင်ပရိဘောဂ ပစ္စည်းများဖြင့် တန်ဆာ ဆင်ထားလေသည်။

ဤအခန်းထဲသို့ ရောက်ရှိလာသူတယောက်သည် အခန်း၏ အရှိန်အဝါဖြင့် သဌေးကြီးလျှုကို အလိုလိုလေးစားကြောက်ရွံ့သွားမည်ဖြစ်၏။ အကြောင်းမှာ ထိုအခန်းသည် သဌေးကြီးလျှုအထူးပြင်ဆင်ထားသော စာဖတ်ခန်းဖြစ်ခြင်းကြောင့်ပင်.....

ယနေ့ညသဌေးကြီးလျှုမှာစာဖတ်ခန်းအတွင်းလက်နှစ်ဘက်နောက်ပစ်၍ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။သူ့မျက်နှာတည်ကြည်နေပြီး တစုံတခုကို လေးလေးနက်နက် စဉ်းစားနေပုံရလေသည်။

မကြာပါချေ....

'ဒေါက်....ဒေါက်'

တံခါးခေါက်သံထွက်ပေါ်လာ၏။ သဌေးကြီးလျှု၏ ခြေလှမ်းများ တုံ့ကနဲရပ်သွားသည်။ သူက တံခါးကို လှမ်းကြည့်လိုက်ပြီး....

'ဘယ်သူလဲ'

'ကျုပ်ပါ'

'ငင်ခဲ့'

တံခါးပွင့်သွားပြီး အပြင်ဘက်မှလူတယောက်လှမ်းဝင်လာသည်။ ထိုလူမှာ တကိုယ်လုံး အဖြူရောင်ဝတ်ဆင်ထား၏။ သိုင်းလောကတွင် အဆိပ်လက်ဝါးဟု ကျော်ကြားနေသော တန်ကျိုဝိုက်ပင် ဖြစ်ပါသည်။

သဋ္ဌေးကြီးလျူသည် အသက်ငါးဆယ်ကျော်ခန့်ရှိအဘိုးအိုတယောက်ဖြစ်သည်။ ချမ်းသာကြွယ်ဝခြင်း၊ လောက စည်းစိမ်အပြည့်အဝခံစားနိုင်ခြင်းကြောင့် တကိုယ်လုံးဝဖီးကာလူဝကြီးတယောက်ဖြစ်နေ၏။

သို့သော် သူက ငွေဓားဖြင့်ရန်သူကို တိုက်ခိုက်သောအခါ မယုံကြည်နိုင်အောင် လျင်မြန်ဖျတ်လတ်ကြောင်းသိသူနည်းပါး၏။ တန်ကျိုဝိုက်မှာ သဋ္ဌေးကြီးလျူ၏ လူယုံတော်ဖြစ်သောကြောင့် ကောင်းကောင်းကြီးသိထားလေသည်။

သူသည် သဋ္ဌေးကြီးလျူ၏ စံအိမ်ကိုဒမြတိုက်ရန်ကြံစည်ပြီး သဋ္ဌေးကြီးလျူနှင့် ရင်ဆိုင်တိုက်ခိုက်သောအခါ ရှုံးနိမ့်ခဲ့သည်။ ထိုအချိန်မှစ၍ သဋ္ဌေးကြီးလျူထံတွင် တပည့်ခံနေခြင်းဖြစ်ပါသည်။



သဋ္ဌေးကြီးလျူမှာ အလင်းတွင် လူကောင်းတယောက်ဖြစ်ပြီး အမှောင်တွင် အလွန်ကောက်ကျစ်စဉ်းလဲသူ ဖြစ်ကြောင်းသိလာရ၏။ သဋ္ဌေးကြီးလျူ၏အကြောင်း ခရေစေ့တွင်းကျသိရလျှင် ပူးပေါင်းကာ မကောင်းမှုများ ကျူးလွန်ခဲ့ခြင်းဖြစ်၏။

ယခုတလော ကျင်းလိမ်မြို့တဝိုက် ဒုစရိုက်မှုများဖြစ်ပွားနေသည်မှာ သဋ္ဌေးကြီးလျူ၏ လက်ချက်မကင်းကြောင်းမည်သူမျှမသိကြချေ။ သဋ္ဌေးကြီးလျူက တန်ကျိုဝိုက်ကို ကြည့်ကာ....

'အခြေအနေဘယ်လိုရှိသလဲ'

တန်ကျိုဝိုက် သက်ပြင်းချယင်း....

'အခုအထိတော့ မထူးခြားသေးပါဘူး'

'ဘာမထူးခြားတာလဲ'

'အားလုံးလိုလိုပါပဲ'

'ပိုင်ချူးရီကော'

'သူ့ကိုရှာလို့မတွေ့ဘူး၊ သူနဲ့အတူတူမြေဖြူလဲ့ပျောက်သွားတယ်'

သဋ္ဌေးကြီးလျူ၏ မျက်ဝန်းအစုံတွင် စိုးရိမ်ကြောင့်ကြသောအမူအရာများ တွက်ပေါ်လာသည်။

'မြေဖြူက တို့ရဲ့လုပ်ရပ်တွေ ဖွင့်ချလိုက်ယင် ဘယ်လိုလုပ်မလဲ'

တန်ကျိုဝိုက် ခေါင်းခါယမ်းလိုက်ပြီး—

'ကျုပ်တို့ ဘာလုပ်နေတယ်ဆိုတာ သူ အကုန်မသိပါဘူး၊ ဒီကိစ္စတွေမှာ သခင်ကြီးပါတယ်ဆိုတာ ကျုပ်ကလွဲယင် ဘယ်သူမှ မသိကြပါဘူး'

'ကောင်းတယ်၊ ငွေကုန်ချင်သလောက်ကုန်ပါစေ၊ ပိုင်ချူးရှီနဲ့ မြေဖြူကိုသုတ်သင်ပစ်ဖို့လုပ်ပါ'

တန်ကျိုဝိုက် မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွား၏။ သူသည် သဌေးကြီးလျူနှင့် မတွေ့မီအလွန်ဆင်းရဲသူတယောက်ဖြစ်၏။ ယခုမူ အလွန်ချမ်းသာသူတယောက် ဖြစ်လာချေပြီ။

ကြေးစားလူသတ်သမားများ ငှားရမ်းသောအခါ ငွေတသောင်းပေးရလျှင် သူက သဌေးကြီးလျူထံတွင်နှစ်သောင်းဟု လိမ်လည်တောင်းယူနိုင်သည်။ ထို့အပြင် သဌေးကြီးလျူ၏ စီစဉ်ပေးချက်အရ ဒမြမှု၊ လုယက်မှုများ ကျူးလွန်သောအခါ ရရှိသည့်ပစ္စည်းနှင့်ငွေများအပေါ် ထက်ဝက်တိတိအကျိုးခံစားခွင့်ရှိလေသည်။

သဌေးကြီးမှာ အလွန်လျှင်သူဖြစ်သည်။ မည်သူ့ထံတွင်ငွေ မည်မျှရှိသည်၊ မည်သည့်အချိန်တွင်ဒမြတိုက်၍ရမည်ကို စုံစမ်းသိရှိထားပြီး တန်ကျိုဝိုက်ကိုစေခိုင်းခြင်းဖြစ်သည်။



သဌေးကြီးလျူ စီစဉ်ပေးသမျှ ချွတ်ချော်တိမ်းသွင်းခြင်း မရှိခဲ့ဖူးချေ။ တန်ကျိုဝိုက်သဘောကျစွာပြုံးယင်း....

'သူ့ကိုလိုက်ရှာဖို့ လူဆယ်ယောက်လွှတ်ထားပါတယ်၊ သူ ကျုပ်တို့လက်ကပြေးမလွတ်ပါဘူး သခင်ကြီး'

'ကောင်းတယ်၊ ဒါထက် တုဖန်းဖန်းကိစ္စကော'

တန်ကျိုဝိုက် ရယ်မောလိုက်ပြီး....

'ဒီကောင်မလေးကို သခင်ကြီးရဲ့သား သခင်ကလေး လျူဟိုက သိမ်းပိုက်လိုက်ပါပြီ'

သဌေးကြီးလျူ၏မျက်နှာပေါ်တွင် ကျေနပ် နှစ်သိမ့်သော အရိပ်အရောင်များထွက်ပေါ်လာသည်။ လျူဟိုမှာ သူ၏ တဦးတည်းသော သားဖြစ်သည်။ လျူဟိုအရွယ်ရောက်လျှင် သိုင်းပညာသင်ပေးပြီး၊ အိမ်ထောင်ချပေးရန်စီစဉ်ခဲ့၏။

ထိုအခါ လျူဟိုမှာ ကျင်းလိမ်မြို့စွန်မှ ကုန်စုံဆိုင်ပိုင်ရှင်သမီး တုဖန်းဖန်းကိုလိုချင်ကြောင်း နားပူနားဆာ လုပ်ခဲ့၏။ တုဖန်းဖန်းမှာ ကျင်းလိမ်မြို့မှာ အချောဆုံးအလှဆုံးမိန်းကလေး တယောက် ဖြစ်ပေသည်။

လျူဟို၏ အလိုဆန္ဒ မငြင်းပယ်လိုသောကြောင့် သဌေးကြီးလျူ လက်ခံခဲ့လေသည်။ သို့သော် တုဖန်းဖန်းမှာ အရက်

သေစာသောက်စားပြီး၊ အပျော်အပါး လောင်းကစားခုန်မင်သော လျှူဟိုကို သဘောမကျချေ။

ထို့ကြောင့် ခါးခါးသီးသီးငြင်းဆန်ခဲ့လေသည်။ သဌေးကြီးလျှူက တုဖန်းဖန်း၏မိဘများကို နားချကာ သူ၏သားနှင့်ပေးစားနိုင်ရန် ကြိုးစားခဲ့သည်။ ထိုအခါ တုဖန်းဖန်း၏မိဘများက သဘောတူသော်လည်း တုဖန်းဖန်းမှာ ထွက်ပြေးသွားသည်။

လိုက်လံစုံစမ်းကြည့်သောအခါမှာ တုဖန်းဖန်းတွင် ကျူးကျန့်ရှန်းဆိုသောလူတယောက် ရှိနေသည်ကို သိရလေသည်။ သဌေးကြီးလျှူ ဒေါသထွက်ကာ ကျူးကျန့်ရှန်းကိုသုတ်သင်ရန် အမိန့်ချလိုက်သည်။

ကျူးကျန့်ရှန်းနှင့် တုဖန်းဖန်းတို့ ကျင်းလိမ်မြို့မှ ထွက်မပြေးနိုင်မီ ကျူးကျန့်ရှန်းကို သုတ်သင်နိုင်ခဲ့၏။ သို့သော် တုဖန်းဖန်းမှာ လူလွတ် ထွက်ပြေးလွတ်မြောက်သွားပြန်သည်။

တုဖန်းဖန်းအား လူစုခွဲရှာနေစဉ် ကျူးကျန့်ရှန်း၏မိတ်ဆွေပိုင်ချူးရီ ကျင်းလိမ်မြို့သို့ ရောက်လာခြင်းဖြစ်၏။ သဌေးကြီးလျှူနှင့် တန်ကျိုဝိုက်တို့မှာ မထူးတော့သည့်အတူတူ တဘက်က တုဖန်းဖန်းကို လိုက်လံရှာဖွေယင်း တဘက်က ကျူးကျန့်ရှန်း၏မိတ်ဆွေများကို သုတ်သင်ကြရလေတော့သည်။



မည်သို့ဆိုစေ သူတို့၏ကြိုးစားမှုကြောင့် နောက်ဆုံး တုဖန်းဖန်းကို ပြန်လည်ဖမ်းဆီးနိုင်ခဲ့ပြီ မဟုတ်ပါလား။

တုဖန်းဖန်းအား ဖမ်းခေါ်လာပြီး၊ ငွေမားစံအိမ်သို့ရောက်လျှင် သခင်ကလေးလျှူဟိုက အတင်းအဓမ္မ သိမ်းပိုက်လိုက်လေတော့၏။ သဌေးကြီးလျှူ အားရပါးရ ပြုံးလိုက်ပြီး–

'ကျုပ်သားက ဘယ်ဆိုးလို့တုံး'

တန်ကျိုဝိုက်ခေါင်းညိတ်ကာ....

'ဟုတ်ပါတယ်၊ သခင်ကလေးဟာ သူလိုချင်တာကို မရရအောင် ယူတတ်ပါတယ်'

'အင်း....သူက ကောင်မလေးကို တော်တော်စွဲလမ်းနေပုံရတယ်'

'ဟုတ်ပါတယ်သခင်ကြီး'

'သူတို့ကို လက်ထပ်ပေးလိုက်ယင် ဘယ်လိုနေမလဲ'

တန်ကျိုဝိုက် စဉ်းစားခြင်းပင်မပြုပဲ အဖြေပေးလိုက်လေသည်။

'အကောင်းဆုံးပါပဲ၊ တုဖန်းဖန်းဟာ သခင်ကလေးအလိုကျထားရာ နေသွားရမယ့် ဇနီးလောင်းတယောက်ဖြစ်နေပါပြီ၊ သူမဘဝဆုံးရှုံးသွားပြီမို့ သခင်ကလေးကို လွန်ဆန်ဝံ့မှာ မဟုတ်ဘူး။ သူကလန်ကဆန်လုပ်ယင် သူ့မိဘတွေကို သတ်ပစ်

မယ်လို့ ခြိမ်းခြောက်ထားတယ်၊ သူတို့မင်္ဂလာပွဲဟာ ကျင်းလိမ့်မှာ အစည်ကားဆုံးဖြစ်လိမ့်မယ်ဆိုတာ ကျုပ်တော့ မြင်ရောင်မိပါသေးတယ်'

သခ္ဒေးကြီးလျှူ အနည်းငယ်စဉ်းစား လိုက်ပြီး....

'မင်္ဂလာပွဲကို ပိုင်ချူးရီလာပြီးနှောင့်ယှက်ယင် ဘယ်လိုလုပ်မလဲ'

တန်ကျူိဝိုက် ကောက်ကျစ်စဉ်းလဲစွာပြုံးကာ....

'သူလာယင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားမှာပေါ့'

သခ္ဒေးကြီးလျှူ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး၊ ပိုင်ချူးရီဟာ အဖြူရောင်သိုင်းသမားလို့ သိုင်းလောကမှာ နာမည်ကြီးနေတယ်၊ သူရောက်လာယင် လူရွှေ့သူရှေ့မှာ သတ်သင်သတ်ဖြတ်ပစ်လို့ ရမှာမဟုတ်ဘူး။ တို့တတွေ နာမည်ပျက်ကုန်လိမ့်မယ်'

တန်ကျူိဝိုက် မဲ့ပြုံးပြုံးလိုက်ပြီး....

'ဒီအတွက် သခင်ကြီးစိတ်ချနေပါ၊ ကျုပ်မှာအကြံရှိပါတယ်'

'ဘယ်လိုအကြံမျိုးလဲ'

သခ္ဒေးကြီးလျှူမှာ တန်ကျူိဝိုက်၏စကားကို အလွန်စိတ်ဝင်စားနေလေသည်။



'သခင်ကြီးမှာ သိုင်းလောက ထင်ရှားတဲ့မိတ်ဆွေအပေါင်းအသင်းတွေ အများကြီးရှိတယ် မဟုတ်လား၊ မင်္ဂလာပွဲနေ့ရက်ဒီကိုလာဖို့ ဖိတ်ကြားလိုက်ပေါ့'

သခ္ဒေးကြီးလျှူ မျက်လုံးပြူးကျယ်သွားပြီး....

'ဟော့ လူအများကြီးရှေ့မှာ ကျုပ်အရှက်ကွဲမှာပေါ့'

'ဒီအတွက် မစိုးရိမ်ပါနဲ့၊ ပိုင်ချူးရီပြောတဲ့စကားနဲ့ သခင်ကြီးပြောတဲ့စကား လူတွေက ဘယ်သူ့စကားယုံမလဲ၊ တကယ်လို့ ပိုင်ချူးရီသာ မင်္ဂလာပွဲကိုလာပြီးနှောင့်ယှက်ယင် သူက စော်ကားမော်ကားလုပ်တယ်ဆိုယင် ကျုပ်တို့ဘာမှမလုပ်ပဲ ဒေါသထွက်နေတဲ့ သခင်ကြီးရဲ့မိတ်ဆွေတွေလက်ချက်နဲ့ သေရမှာပါ'

သခ္ဒေးကြီးလျှူမှာ တန်ကျူိဝိုက်၏အကြံအစည်ကို အနည်းငယ်ရိပ်မိ သဘောပေါက်မိလာလေသည်။ တန်ကျူိဝိုက်၏အကြံအစည်မှာ အလွန်သင့်မြတ်နေပါသည်။ မင်္ဂလာပွဲသို့ ပိုင်ချူးရီရောက်လာလျှင် သူက မသိဟန်ဆောင်နေလိုက်ရုံသာ ရှိသည်။

ထိုအခါ၊ ပိုင်ချူးရီက သူ့အပေါ်စွပ်စွဲပြောဆိုသမျှ စော်ကားမော်ကား ပြောနေသည်ဟုသာ ထင်ကြရပေမည်။ သူ၏မိတ်ဆွေများ ဒေါသထွက်လာလျှင် ပိုင်ချူးရီ ပြေးစရာမြေရှိတော့မည် မဟုတ်ချေ။

သခ္ဒေးကြီးလျှူက တည်ကြည်သောမျက်နှာထားဖြင့်—

'သူကကျုပ်ကိုစွပ်စွဲယင် ဘယ်လိုအကြောင်းပြချက်နဲ့ စွပ်စွဲမလဲ'

တန်ကျိုဝိုက် ခေါင်းခါယမ်းလိုက်ပြီး
'ဘယ်လိုအကြောင်းမှ စွပ်စွဲစရာမရှိပါဘူး'

'ဒါပေမယ့် သူက တုဖန်းဖန်းကို တွေ့ခွင့်တောင်းမယ် ထင်တယ်'

'ဟုတ်တယ်၊ ဒါပေမယ့် စိတ်မပူပါနဲ့၊ တုဖန်းဖန်း ဘာမှပြောဝံ့မှာမဟုတ်ဘူး၊ သူအမှန်အတိုင်းပြောယင် သူ့မိဘနဲ့သူ့အသက်သေရတော့မယ် မဟုတ်လား၊ ပြီးတော့ သူ့ဘဝမှာ ပြန်ပြီးထူးခြားလာမှာ အသစ်ပြန်ဖြစ်လာမှာ မဟုတ်ပဲ'

သဋ္ဌေးကြီးလျူ အလွန်သဘောကျသွားလေသည်၊

'**ကောင်းတယ်....ကောင်းတယ်**'

တန်ကျိုဝိုက် လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး
'ကျုပ်ကို ခွင့်ပြုပါဦး သခင်ကြီး'
ပြောပြီး ထွက်ခွာရန် ခြေလှမ်းပြင်လိုက်လေသည်။
'ခဏနေပါဦး'

သဋ္ဌေးကြီးလျူက ဟန့်တားလိုက်၏။ တန်ကျိုဝိုက် မျက်မှောင်ကုပ်သွားပြီး

'ဘာပြောစရာရှိသေးလို့လဲ သခင်ကြီး'



သဋ္ဌေးကြီးလျူ သက်ပြင်းချကာ

'အခုတလော ကျင်းလိမ်မြို့တဝိုက်မှာ ဖြစ်ပွားနေတဲ့ ဒုစရိုက်မှုတွေဟာ ကျုပ်လက်ချက် မကင်းဘူးဆိုတာအမြင်လူဘယ်နှစ်ယောက် သိသလဲ'

တန်ကျိုဝိုက် လက်နှစ်ချောင်း ထောင်ပြလိုက်ပြီး
'နှစ်ယောက်ပဲ သိပါတယ်'
'အဲဒီလူနှစ်ယောက်က ဘယ်သူတွေလဲ'
'တုဖန်းဖန်းနဲ့ ကျုပ်ပါ'
သဋ္ဌေးကြီးလျူ အံ့သြသွားပြီး
'တုဖန်းဖန်းက ဘယ်လိုသိတာလဲ'

'တုဖန်းဖန်းက သခင်ကလေးလျူဟို ခြိမ်းခြောက် အကြပ်ကိုင်ပြောတဲ့ စကားတွေကြားပြီး သိသွားတာပါ၊ ကျုပ်ကတော့ ကိုယ်တိုင်ကိုယ်ကျလုပ်ခဲ့ရတယ် **မဟုတ်**လား'

ပြောပြီး သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်လေသည်။ သူ၏ပုံဟန်မှာ သဋ္ဌေးကြီးလျူကို မထိမဲ့မြင်ပြုရာကျ၏။ မှန်ပါသည်။ သူက သဋ္ဌေးကြီးလျူ၏ လျှို့ဝှက်ချက်များ သိထားသောကြောင့် နောင်တနေ့ သဋ္ဌေးကြီးကို ပြန်လည်ချုပ်ကိုင်နိုင်လိမ့်မည်**ဟု** မျှော်လင့်ထားလေသည်။

သဋ္ဌေးကြီးလျူ သက်ပြင်း**ချ**ကာ

'ကျုပ်တွေးမိတာ တခုရှိတယ်'

'အမိန့်ရှိပါ သခင်ကြီး'

'မင်္ဂလာပွဲမကျင်းပခင် သောင်းကျန်းနေတဲ့ ဒုစရိုက်မှုတွေဟာ ဘယ်သူဘယ်ဝါရဲ့ လက်ချက်ဖြစ်တယ်ဆိုတာ ထုတ်ဖော်ပြီး တယောက်ယောက်ကို အပြစ်ပုံချလိုက်ယင် ပိုကောင်းမယ် ထင်တယ်၊ ဒါဆိုယင် ပိုင်ချုပ်ရဲ့ အန္တရာယ်ကို ကြောက်စရာမလိုတော့ဘူး'

တန်ကျွိဝိုက် အနည်းငယ်စဉ်းစားပြီး ခေါင်းညိတ်လိုက်လေသည်။

'ကောင်းပါတယ်'

'ဒါဖြင့် ဘယ်သူ့အပေါ် အပြစ်ပုံမလဲ'

'ပိုင်ချုပ်ရဲ့ပေါ်ပုံချယင် မကောင်းဘူးလား'

သဋ္ဌေးကြီးလျူ ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး၊ သူက တရားတဲ့သိုင်းသမားလို့ နာမည်ကြီးနေတာ၊ သူ့အပေါ်အပြစ်ပုံချလို့ တော်ရုံတန်ရုံ ဘယ်သူကယုံမလဲ'

'ဒါဖြင့် ကျုပ်တို့လက်အောက်မှာရှိနေတဲ့ ကြေးစားလူသတ်သမားတွေထဲက တယောက်ယောက်အပေါ်အပြစ်ပုံချပြီး သတ်ပစ်လိုက်ယင်ကော'

သဋ္ဌေးကြီးလျူ ခေါင်းခါယမ်းလိုက်ပြန်သည်။

'ဒီနည်းလဲ မကောင်းသေးဘူး၊ အခုဖြစ်ပျက်နေတဲ့ကိစ္စတွေမှာ ပိုင်ချုပ်ရဲ့က ကြားဝင်လာတယ်မဟုတ်လား၊ တော်ရုံ



တန်ရုံ ကြေးစားတယောက် ကြီးကြီးကျယ်ကျယ် ကြံစည်ချုပ်ကိုင်နိုင်မှာ မဟုတ်ဘူးလို့ တွေးမိလိမ့်မယ်၊ ဒါဆိုယင် တို့အပေါ် ပြဿနာတက်လာနိုင်တယ်'

'ဘာဖြစ်လို့လဲ'

'တို့က တရားခံကို ဖော်ထုတ်ပေးမယ့်လူတွေ မဟုတ်လား၊ တို့ကိုဘယ်လိုလုပ်ပြီး တရားခံမိသလဲ၊ ဘယ်လိုဖော်ထုတ်သလဲ၊ ဟိုဟာဒီဟာလျှောက်မေးပြီး ဟာကွက်ရှာမယ်၊ အားပျော့တဲ့အချက်တွေကိုထောက်မယ်၊ ဒီလိုဆိုယင် အများရှေ့မှာ ကျုပ်တို့ရဲ့ အလိမ်ပေါ်သွားနိုင်တာပေါ့'

တန်ကျွိဝိုက် မစဉ်းစားတတ်တော့ချေ။ ထို့ကြောင့် သဋ္ဌေးကြီးလျူကို စိုက်ကြည့်ကာ

'သခင်ကြီး ဘယ်သူ့အပေါ် အပြစ်ပုံချဖို့ စိတ်ကူးထားသလဲ'

သဋ္ဌေးကြီးလျူ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။ သူသည် အတန်ကြာသည်အထိ စကားမပြောပဲ ငြိမ်သက်နေ၏။ သဋ္ဌေးကြီးလျူက မည်သူ့အပေါ် အပြစ်ပုံချလိုသည်ကိုလည်း သိချင်လာလေသည်။

ထို့ကြောင့် သဋ္ဌေးကြီးလျူနှင့် နီးနိုင်သမျှနီးအောင် တိုးကပ်သွားပြီး

'သခင်ကြီးက ဘယ်သူ့အပေါ် အပြစ်ပုံချမလဲ'

သဋ္ဌေးကြီးလျူက သူ့အား စိုက်ကြည့်လိုက်သည်။ ပြီးမှ စဉ်းစားချင့်ချိန်သော လေသံဖြင့်

'ကျုပ်စဉ်းစားမိတဲ့ လူဘယောက်တော့ရှိတယ်၊ ဒါပေမယ့် ဖြစ်နိုင်မလား မဖြစ်နိုင်ဘူးလား စဉ်းစားနေတာ'

'အဲဒီလူက....'

'အဲဒီလူက မင်းပေါ့'

'သဌေးကြီးလျှု၏စကားသံသည် တိုးသွားသည်ဟုထင်မှတ်လိုက်ရ၏။ တန်ကျိုဝိုက် ပါးစပ်ဟောင်းလောင်း ဖြစ်သွား၏။ သဌေးကြီးလျှုကို မယုံကြည်နိုင်စွာကြည့်ယင်း....

'ခင်ဗျာ'

သူ၏အသံသည် လည်ချောင်းတွင် တစ်ဆို့ ကွယ်ပျောက်သွား၏။ စကားသံအစား ချွဲမြမြအရသာရှိသော သွေးများက သာ ပါးစပ်ဘလျှောက် စီးဆင်းလာသည်။ သူ၏ဝမ်းဗိုက်တွင် စူးရှပြင်းပြပြီး အလွန်နာကျင်သော ဝေဒနာတရပ် ခံစားလိုက်ရ၏။

အခြေအနေမဟန်မှန်း ရိပ်စားမိလျှင် တန်ကျိုဝိုက်က ချက်ချင်းနောက်ခုန်လိုက်၏။ အနောက်ဆုတ်မိမှ သဌေးကြီး လျှု၏ လက်တွင် ဆင်စွယ်ရိုးတပ် ဓားမြှောင်တချောင်း ရှိနေသည်ကို တွေ့ရလေသည်။

ဓားမြှောင်တွင်နီရဲသောသွေးများ စွန်းထင်း ပေကျံနေပြီး ဖြစ်ပါသည်။

တန်ကျိုဝိုက် သဌေးကြီး လျှု ကိုကြည့်ယင်း ဒေါသကြီးစွာဖြင့်---

'ခင်ဗျား---ခင်ဗျားလူယုတ်မာ....'



သဌေးကြီးလျှု၏ ရုပ်သွင်မှာ မှုံဝါးဝါး ဖြစ်လာသည်။ သဌေးကြီးလျှု အားရပါးရ ခါးထောက် ရယ်မောနေသည်ကို တွေ့ရ၏။ သို့သော် ရယ်မောသံကိုမကြားရချေ။ တန်ကျိုဝိုက်၏မျက်လုံးအစုံသည် အရာရာကိုမှုံဝါးဝါးတွေ့ရပြီး အသံများ မကြားရသဖြင့် ဝန်းကျင်တခုလုံး တိတ်ဆိတ်သွားသည် ထင်ရ၏။

အိမ်မက်မက်နေသူတယောက်ပမာ ဖြစ်နေသည်။ နောက်ဆုံး သူ၏မျက်လုံးအစုံတွင် အရောင်ဟူသမျှ ကွယ်ပျောက်သွားလေတော့သည်။

* * *

ကျင်းလိမ်မြို့တွင် ထူးခြားသောသတင်းတပုဒ်ထွက်ပေါ်လာသည်။ ကျင်းလိမ်မြို့အနီးတဝိုက် ဖြစ်ပွားသော လူသတ်မှုများ လုယက်မှုများ၏ တရားခံကို ဖော်ထုတ်နိုင်သည့် သတင်းဖြစ်လေသည်။

တရားခံမှာ အဆိပ်လက်ဝါးတန်ကျိုဝိုက် ဖြစ်သည်။ သဌေးကြီးလျူက လျှို့ဝှက်စုံစမ်းပြီး ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်၏။ တန်ကျိုဝိုက်အား အသေရမိပြီး တိုက်ရာပါပစ္စည်းများ၊ ရွှေငွေများပြန်လည်ရရှိ၏။

ထို့ကြောင့် ပိုင်ရှင်များကို ပြန်လည် ပေးအပ်ခြင်းပြုလေသည်။ ကျင်းလိမ်မြို့တွင် သဌေးကြီးလျူ၏ ကောင်း သတင်း တမုဟုတ်ချင်း ထွက်ပေါ်လာသည်။ လူအများသည် သဌေးကြီးလျူအား သောင်းသောင်းဖြဖြ ချီးကျူးကြ၏။

ဒုက္ခတိုက်ခံရသူများလည်း ပစ္စည်းများ ပြန်ရသောကြောင့် သဌေးကြီးလျူအား ဂုဏ်ပြုကြလေသည်။ တဆက်တည်းမှာပင် ထူးခြားသောသတင်းပုဒ်ထွက်ပေါ်လာပြန်သည်။

သဌေးကြီး လျူ၏သား လျူဟိုနှင့် ကျင်းလိမ်မြို့မှအချောလှထိပ်ခေါင် တုဖန်းဖန်တို့ မင်္ဂလာပွဲကျင်းပမည့် သတင်း ဖြစ်လေသည်။

ထိုသတင်း ထွက်ပေါ်လာပြီး သဌေးကြီးလျူ၏ အနီရောင်ဖိတ်စာများမှာ သိုင်းလောကသို့ ခြေဆန့်နေသည်ကို တွေ့ရပေမည်။

အနီရောင်ဖိတ်စာများသည် မင်္ဂလာပွဲသို့ ဂုဏ်ပြုတက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်သည်။



သိုင်းလောကတွင် ထင်ရှားသော ဂိုဏ်းအသီးသီးကိုလည်းကောင်း ဆရာကြီးများ လည်းကောင်း ဖိတ်ကြားထားသည်။

ထိုအခါ မင်္ဂလာပွဲမကျင်းပမီ သုံးလေးရက်ခန့် အလိုတွင် ကျင်းလိမ်မြို့သို့ အဝေးမှဧည့်သည်များ တဖွဲဖွဲ ရောက်လာ၏။ ထိုသတင်းများကို တုဖန်းဖန်း အား လိုက်လံ ရှာဖွေနေသည့် ပိုင်ချူးရီနှင့်စန်းစန်းတို့လည်း ကြားသိသွားလေတော့သည်။

* * *

ပန်း စားသောက်ဆိုင်....။စားသောက်ဆိုင် အပေါ်ထပ်တွင် ပိုင်ချူးရီနှင့်စန်းစန်းတို့ ရောက်ရှိနေကြသည်။ ယခု အချိန်တွင် သူတို့အား အနှောင့်အယှက်ပေးမည့်သူဟူ၍ မတွေ့ရတော့ပါ။

ကျင်းလိမ်မြို့ တမြို့လုံးအုတ်အုတ်ကျက်ကျက်ဖြစ်ကာ ပျော်ပွဲဆင်နွှဲရန် စိုင်းပြင်းနေကြ၏။သဌေးကြီးလျူ၏သား လျူဟိုနှင့် တုဖန်းဖန်းတို့၏ မင်္ဂလာပွဲတွင် ကျင်းလိမ်မြို့ တမြို့လုံးအား ဖိတ်ကြားကျွေးမွေး ဧည့်ခံမည် ဖြစ်လေသည်။

မင်္ဂလာပွဲကျင်းပရန်နှစ်ရက်မျှလိုသေး၏။ သို့သော်ကျင်းလိမ်မြို့တွင် ယခုအချိန်မှစကာ ထူးထူးခြားခြား စည်ကား နေလေသည်။ ပိုင်ချူးရီက အပေါ်ဘက်ဝရန်တာအနီးရှိ ထိုင်ခုံတွင် ထိုင်ကာ လမ်းမပေါ်မှ လှုပ်ရှားသွားလာနေကြသူများကို ငေးကြည့်နေမိ၏။

စန်းစန်းမှာ သူ၏ရှေ့တွင် မလှုပ်မယှက်ထိုင်နေသည်။ သူတို့သည် စားသောက်ဖွယ်ရာများမှာ မှာကြားထားကြသော်လည်း လက်ဖျားနှင့်ပင်မတို့ကြချေ။သူတို့နှစ်ယောက်စလုံးအတွေးကိုယ်စီဖြင့် ထိုင်နေကြ၏။

အတန်ကြာမှ စန်းစန်းက စကားစလိုက်သည်။

'အစ်ကို'

ပိုင်ချူးရီ စန်းစန်းဘက်သို့ ဖြည်းဖြ ှ်းချင်း လှည့်လာကာ....



'ညီမ ဘာပြောချင်လို့လဲ'

'တန်ကျိုဝိုက်သေသွားပြီဆိုတော့ ကျွန်မတို့ ရှေ့ ဘာဆက်လုပ်ကြမလဲ'

ပိုင်ချူးရီ ရုတ်တရက်အဖြေမပေးနိုင်အောင် ဖြစ်သွား၏။ တန်ကျိုဝိုက်မှာ အဓိကကျသော သော့ချက်တခုဖြစ်သည်။

တန်ကျိုဝိုက်ကို ချုပ်ကိုင်နိုင်မှ သခင်ကြီး ဆိုသူကို ထုတ်ဖော်နိုင်ပေမည်။

ယခု တန်ကျိုဝိုက် သေဆုံးသွားချေပြီ။

စန်းစန်း၏စကားအရ တုဖန်းဖန်းအား အလို ရှိနေသူများအတွက် တန်ကျိုဝိုက်က အလုပ် လုပ်ပေးနေကြောင်း သိရ၏။

ယခု တုဖန်းဖန်းမှာ သဌေးကြီး လျူ၏ သား လျူဟိုနှင့် လက်ထပ်ပေတော့မည်။ သဌေးကြီး လျူသည် တုဖန်းဖန်းကို အလိုရှိနေသူလော....

တန်ကျိုဝိုက်၏သခင်ကြီးမှာ သဌေးကြီးလျူ ဖြစ်နေသည်လော။ သဌေးကြီးလျူ၏ ကောင်းသတင်းမှာ ကျင်းလိမ်မြို့ တမြို့လုံးမွှေးပျံ့လျက်ရှိသည်။သူက သဌေးကြီးလျူအားအဓိကတရားခံအစစ်ဟုတ်မဟုတ် သေသေချာချာမသိပဲ အရမ်းလုပ်မရချေ။

အဓိကတရားခံမဟုတ်လျှင် သူသာ ဒုက္ခရောက်သွားနိုင်ပေသည်။ ပိုင်ချူးရီ သက်ပြင်းချကာ....

'ကျုပ်လဲ ဘာဆက်လုပ်ရမှန်းမသိတော့ဘူး၊ လမ်းစပျောက်နေပြီ'

စန်းစန်းအနည်းငယ် စဉ်းစားလိုက်ပြီး

'အစ်ကို ကျွန်မတခုအကြံပေးချင်တယ်'

'ပြောပါ'

'ကျွန်မတို့ တုဖန်းဖန်းကိုသွားတွေ့ကြယင် မကောင်းဘူးလား'

ပိုင်ချူးရ် မျက်မှောင်ကြုတ်သွားကာ....

'ဖြစ်ပါ့မလား၊ တုဖန်းဖန်းက သဌေးကြီး လျူရဲ့ အိမ်ကိုရောက်နေပြီပဲ၊ သူ့ကိုသွားတွေ့လို့ဖြစ်ပါ့မလား'

'အို...ဘာကြောင့် မဖြစ်ရမှာလဲ'

ပိုင်ချူးရ် ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ပါဘူး၊ သူက ကျုပ်မိတ်ဆွေ ကျူးကျန့်ရှန်းအပေါ်သစ္စာမရှိပဲ တခြားလူတယောက်နဲ့ လက်ထပ်တော့မယ် မဟုတ်လား၊ ကျုပ် သူ့ကိုသွားပြီးမတွေ့ချင်ဘူး'

စန်းစန်းက တည်ကြည်သောမျက်နှာထားဖြင့်....

'အစ်ကို ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ အစ်ကို့မိတ်ဆွေ ကျူးကျန့်ရှန်း သေသွားပြီမဟုတ်လား၊ သေသွားတဲ့ လူတယောက်အတွက် တုဖန်းဖန်းက ဘဝတသက်လုံး အဆုံးခံရတော့မှာလား၊ပြီးတော့ သူကကျွန်မတို့ရဲ့အသက်ကိုကယ်တင်ခဲ့သေးတယ်လေ၊ သူ့ကျေးဇူးကိုမေ့လို့ ဘယ်ဖြစ်မလဲ'



ပိုင်ချူးရ် တွေဝေသွား၏။စန်းစန်းပြောသည့် စကားများသွေးထွက်အောင်ပင်မှန်ကန်နေပါသည်။ ပိုင်ချူးရ်က စန်းစန်းကိုကြည့်ကာ ...

'ဒီတော့ ညီမ ဘာလုပ်ချင်သလဲပြောပါ'

'ကျွန်မတို့ တုဖန်းဖန်းကိုသွားတွေ့ယင်ကောင်းမယ်၊ သူဟာသူ့သဘောနဲ့ သူ လျူဟိုကိုလက်ဆပ်တာလား၊ဒါမှမဟုတ် သူ့သဘောမပါပဲ လက်ထပ်ရတာလား၊ဒါကို သူနဲ့တွေ့ယင် သိရမှာပဲ၊ ပြီးတော့ တန်ကျိုဝိုက်ဟာ တုဖန်းဖန်းကိုလိုချင်တဲ့လူအတွက် အလုပ်လုပ်ပေးနေတာမဟုတ်လား၊ တန်ကျိုဝိုက်ကို ခိုင်းတာသဌေးကြီးလျူဆိုတာသိရယင် သူ့ရဲ့မင်းသားခေါင်း ဆောင်းထားတဲ့ ဘီလူးရုပ်ကိုလူရှေ့မှာဖွင့်ချပြနိုင်လိမ့်မယ်'

ပိုင်ချူးရ်က စဉ်းစားသောလေသံဖြင့်....

'တန်ကျိုဝိုက်ဟာ တုဖန်းဖန်းကိုလိုချင်တဲ့အတွက် အလုပ်လုပ်ပေးနေတာတော့မှန်တယ်၊ ဒါပေမယ့် အဲ့ဒီလူက ဘယ်သူလဲ၊ သဌေးကြီးလျူလား၊ သဌေးကြီးလျူဆိုယင် တို့က သက်သေ အထောက်အထားပြနိုင်မှဖြစ်မယ်'

စန်းစန်းက ပြုံးလိုက်ပြီး....

'ဒါကြောင့် တုဖန်းဖန်းကို သွားတွေ့သင့်တယ် ပြောတာပေါ့၊ သူ့ကိုသွားတွေ့ယင်အားလုံးရှင်းသွားမှာပဲ'

ပိုင်ချူးရ်က သက်ပြင်းချကာ—

'ကောင်းပြီ ကျုပ်တို့သွားကြစို့'

ပြောပြီး ထိုင်ရာမှထလိုက်သည်။စန်းစန်းမှာမူ နေရာတွင်ပင်ငြိမ်သက်စွာထိုင်နေ၏။ ပိုင်ချူးရ်၏ လှုပ်ရှားမှုများကို မျက်

တောင်မခတ်ငေးကြည့်နေသည်။ စန်းစန်း လှုပ်ရှားခြင်း မပြုသောကြောင့် ပိုင်ချူးရ ိပင် ကြောင်အမ်းအမ်းဖြစ်သွားရလေသည်။

စန်းစန်းကိုနားမလည်နိုင်စွာကြည့်ယင်း....

'ညီမ မသွားဘူးလား'

စန်းစန်း ခေါင်းခါယမ်းလိုက်သည်။

'မသွားဘူး'

'ဘာဖြစ်လို့လဲ'

'ကျွန်မတို့ အခုသွားလို့ဘယ်ဖြစ်မလဲ'

ပိုင်ချူးရိ မျက်မှောင်ကြုတ်ကာ—

'ညီမပြောတာ ကျုပ် နားမလည်နိုင်တော့ဘူး'

စန်းစန်းက လေသံအေးအေးဖြင့်ရှင်းပြလိုက်သည်။

'အခုသွားတွေ့မယ်ဆိုယင် အစ်ကိုဘယ်သွားမယ်စိတ်ကူးလဲ'

'လွယ်ပါတယ်၊ တုဖန်းဖန်းဟာ သဌေးကြီးလျူရဲ့စံအိမ်မှာ ရှိနေမှာပေါ့'

'သဌေးကြီးလျူရဲ့ ငွေခြားစံအိမ်ဟုတ်လား'

'ဟုတ်ပါတယ်'

'ငွေခြားစံအိမ်ကို အစ်ကိုရောက်ဖူးသလား'

ပိုင်ချူးရိ ခေါင်းခါလိုက်၏။

'မရောက်ဖူးဘူး၊ ညီမကော'

'ကျွန်မလဲ မရောက်ဖူးဘူး၊ ဒါပေမယ့် ငွေခြား စံအိမ်မှာ အစောင့်အကြပ်တွေ [illegible] အင်မတန် ထူထပ်တယ်၊ သဌေးကြီးလျူရဲ့ ခွင့်ပြုချက်မရပဲ ဘယ်သူမှဝင်လို့ မရဘူး၊ ကျွန်မတို့ တုဖန်း



ဖန်းကို သွားတွေ့မယ်ဆိုယင် ဘာကြောင့် တွေ့ချင်သလဲ မေးမှာပဲ၊အဲဒီတော့ အစ်ကိုဘယ်လိုဖြေမလဲ'

ပိုင်ချူးရိ ခပ်သွက်သွက် ဖြေလိုက်သည်။

'ကျုပ်တို့ဟာ တုဖန်းဖန်းရဲ့ မိတ်ဆွေတွေပါလို့ ပြောလိုက်မှာပေါ့'

စန်းစန်း ခေါင်းညိတ်လိုက်သည်။ တဖန် တည်ကြည်သော မျက်နှာထားဖြင့်....

'ကောင်းပြီ သဌေးကြီး လျူဟာ သခင်ကြီး မဟုတ်ဘူးဆိုယင် အရေးကြီးမှာ မဟုတ်ဘူး၊ ဒါပေမယ့် သခင်ကြီးဖြစ်နေတယ်ဆိုယင် သူကလွယ်လွယ်နဲ့ တွေ့ခွင့်ပေးမယ် ထင်သလား'

ပိုင်ချူးရိ အံကြိတ်ကာ ...

'ကျုပ်မရရအောင် ထိုးဖောက်ဝင်မှာပေါ့'

'မဖြစ်နိုင်တာ မပြောပါနဲ့ အစ်ကိုရယ် ၊ဒီမြို့မှာ အားလုံးက သဌေးကြီး လျူကို ရိုသေ လေးစားကြတယ်၊ သူနဲ့အတိုက်အခံလုပ်ယင် အစ်ကိုပဲ လူဆိုးဖြစ်သွားမှာပေါ့'

ပိုင်ချူးရိ ဒေါသထွက်လာကာ....

'ကျုပ် လူဆိုးဖြစ်ရုံမကလို့ အသက်သေချင်သေပါစေ၊ သူဟာ သခင်ကြီးဖြစ်နေယင် အလွတ်မပေးနိုင်ဘူး'

'သူမှာ အစောင့် အကြပ်တွေ အများကြီး ရှိတယ်၊ သူ့အနားကပ်နိုင်ပါ့မလား၊ ပြီးတော့ သူက တုဖန်းဖန်းကို သတ်ပစ်လိုက်မယ်ဆိုယင်ကော'

ထိုစကား ကြားရသောအခါ ပိုင်ချူးရိ ငိုင်ကျသွားလေသည်။ စန်းစန်းက ဆက်ပြောလိုက်သည်။

'တုဖန်းဖန်းကို တွေ့ဖို့အချိန် တချိန်ပဲရှိတယ်'

ပိုင်ချူးရဲ့ ဦးခေါင်းဆတ်ကနဲထောင်လာ၏။ သူ၏ မျက်လုံးများအရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပသွားပြီး....

'ဘယ်အချိန်လဲ'

'မင်္ဂလာပွဲကျင်းပတဲ့ အချိန်ပါ'

'ဖြစ်ပါ့မလား၊ မင်္ဂလာပွဲကျင်းပတဲ့အခါ မင်္ဂလာခန်းမမှာ သိုင်းလောက ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေအများအပြား ရောက်နေကြလိမ့်မယ်'

စန်းစန်း ပြုံးလိုက်ပြီး....

'အဲဒီလိုရောက်နေကြတဲ့အတွက် သူဟာ သခင်ကြီးဖြစ်တယ်ဆိုယင်တောင် မတရားလုပ်လို့ မရတော့ဘူးလေ'

ပိုင်ချူးရဲ့ ဝမ်းသာသွား၏။ စန်းစန်း၏ ဉာဏ်ရည် ထက်မြက်ပုံကို တွေးယင်း သဘောကျမိလေသည်။ စန်းစန်း သူ့အနီးတွင် ရှိနေခြင်းက သူ့အတွက် တထပ်တအား အကူအညီရစေသည်မဟုတ်ပါလား။

စန်းစန်းကို ရွှန်းရွှန်းစားစား ကြည့်လိုက်ပြီး....

'ညီမကို ချီးကျူးပါတယ်'

စန်းစန်းက ပြုံးတုံ့တုံ့ဖြင့်-

'အမှန်တော့ ဒီကိစ္စတွေကို အစ်ကို့ ဘာသာ စဉ်းစားလို့ရနိုင်ပါတယ်၊ အစ်ကိုက မိတ်ဆွေအတွက် စိတ်လော ဆန္ဒသောကြီးနေလို့ပါ၊ပြီးတော့ တန်ကျိုဝိုက်သေသွားလို့ လမ်းစပျောက်



ပြီ တထစ်ချထင်နေခဲ့တယ် မဟုတ်လား၊ ဒါကြောင့် မတွေးမိတာပါ'

ပိုင်ချူးရဲ့ သက်ပြင်းချလိုက်ပြီး

'အင်း မကြာခင် အဖြေမှန်သိရတော့မှာပေါ့၊တရားခံအစစ်ဖော်ထုတ်နိုင်မှဖြစ်မယ်၊ ကျုပ်မရ ရအောင်ဖော်ထုတ်မယ်'

* * *

အဖြစ်အပျက်များသည် ကျူးကျန့်ရှန်းနှင့် စတင်တွေ့ဆုံခဲ့သည့် အချိန်မှစခဲ့၏။

သူ၏သာယာစိုပြည်သော ချစ်ခရီးလမ်းကို ဖျက်ဆီးလိုက်သူမှာ လူရမ်းကား လျူဟိုဖြစ်သည်။ ယခု လျူဟိုသည် သူမ၏ အသွေးအသားနှင့် ဘဝကို အပိုင်စီးသွားချေပြီ။ သူမ ချစ်သူ ကျူးကျန့်ရှန်းကိုလည်း သတ်ပစ်လိုက်ကြ၏။

သူမ၏ဘဝတွင် မည်သို့ အဓိပ္ပာယ်ရှိတော့ မည်နည်း။ တုဖန်းဖန်းမှာ လျူဟို၏လက်မှ လွတ်အောင် အမျိုးမျိုးကြိုးစားခဲ့၏။ သို့သော် မလွတ်နိုင်ပါ။ သူမသည် ဘဝကို အရှုံးပေး ကာ နောက်ဆုံးထွက်ပေါက်အဖြစ် မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။

ထိုအခါလည်း လျူဟိုလက်ထဲမှ မလွတ်နိုင်ချေ။ ငွေမားစံအိမ်သို့ ရောက် လာ ပြီး နောက် သူမကို နေ့ညမပြတ် အလွတ်မပေးပဲ မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်။ တုဖန်းဖန်းမှာ အချိန်ရှိတိုင်း ငိုကြွေးနေမိတော့၏။ ယနေ့လည်း သူမကို အလှဆင်ပေးကြချေပြီ။

သူမ၏ကိုယ်ပေါ်တွင် သတို့သမီးအဝတ်အစားများ အခန့်သင့် ရောက်လာသည်။ တုဖန်းဖန်းမှာ ငိုယိုထားသောကြောင့် မျက်နှာတခုလုံး နီမြန်းနေသော်လည်း အလှပျက်မသွားချေ။

မကြာမီ မင်္ဂလာပွဲစတင်ပေတော့မည်။ သူမဘဝ အမှောင်ထုအတွင်းသို့ စုံပ်စုပ်နစ်မြုပ်သွားပြီ မဟုတ်ပါလား။ တုဖန်းဖန်းအား စောင့်ကြပ်နေရသော အထိန်းတော် 'ရှောင်ချင်' ဆိုသူမှာ ကြည့်ယင်းကြည့်ယင်း သနားလာသည်။

## မင်္ဂလာပွဲမှ မျက်ရည်စ

အပြင်ဘက်တွင် ဆူညံသော ဗျောက်အိုး ဖောက်သံများ ကြားနေရ၏။ ဟားတိုက်ရယ်မောလိုက်သော အသံများ ဆူညံစွာစကားပြောဆိုသံများ မကြားချင်အဆုံးပင်၊ အရာရာသည် ပျော်ရွှင်ခြင်းဖြင့် ဖုံးလွှမ်းနေသည်။

သို့သော် အခန်းတွင်း၌ ကျောက်ရုပ်ပမာ မလှုပ်မယှက်ထိုင်နေသော တုဖန်းဖန်းမှာမူ ပျော်ရွှင်ခြင်းကင်းမဲ့နေလေသည်။ သူမ၏ဘဝတွင် အလွန်ပျော်ရွှင်ခဲ့သော အချိန်များရှိပါသည်။

ယခုအခါမှုထိုပျော်ရွှင်ခဲ့ရသည့်အချိန်များ ကုန်ဆုံးသွားချေပြီ။ သူ၏ဘဝမှ တသက်လုံး ကွယ်ပျောက်သွားပြီဟု ထင်မိ၏။ ထို

ထို့ကြောင့် အနီး သို့ချဉ်းကပ်သွားပြီး ...

'သခင်မလေးရယ် သိပ်ပြီးငိုယိုမနေပါနဲ့၊ ငိုနေလို့ ပြီးတာမှ မဟုတ်ပဲ၊ ဘဝဆိုတာ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ရယင်ဟော့ အကောင်းဆုံးပေါ့၊ ဖြစ်မလာတဲ့အခါလဲ မတုန်မလှုပ် သတ္တိရှိရှိ ရင်ဆိုင်ဖို့ ခွန်အားမွေးစမ်းပါ၊ သခင်ကလေးကလဲ သခင်မလေးကို တော်တော်ချစ်ရှာသားပဲ မဟုတ်လား'

တုဖန်းဖန်းသည် ရှောင်ချင်ကို ဒေါသတကြီး ရန်တွေ့ပစ်လိုသည်။ သို့သော် သူမနှုတ်မှ စကားတခွန်းမျှ ထွက်မလာချေ။ ထိုစဉ်မှာပင် အခန်းတံခါး ရုတ်တရက်ပွင့်လာပြီး၊ လူငယ် တယောက် လှမ်းဝင်လာသည်ကို တွေ့ရ၏။

ထိုလူရွယ်ကိုတွေ့ရလျှင် ရှောင်ချင်အရှိအသေပြုကာ နောက်ဆုတ်သွားလေသည်။ လူရွယ်က ရှောင်ချင်ကို အပြင်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး —

'ရှောင်ချင် အပြင်ဘက်ထွက်သွားစမ်း'

ရှောင်ချင် စကားတလုံးမျှမပြောပဲ၊ အပြင်ဘက်သို့ခပ်ကုပ်ကုပ် ထွက်သွားလေသည်။ ထိုအခါ လူရွယ်က တံခါးပြန်ပိတ်လိုက်သည်။ ထိုလူရွယ်မှာ လျူဟိုဖြစ်ပါသည်။ လျူဟိုက အခန်းတွင်း၌ တုဖန်းဖန်းနှင့် နှစ်ယောက်တည်း ကျန်တော့မှ အားရပါးရ ပြုံးလိုက်ပြီး....

'ညီမ ဘာဖြစ်လို့ငိုနေရတာလဲဟင်၊ ဒီကနေ့တို့အတွက်ပျော်စရာအကောင်းဆုံးနေ့ မဟုတ်လား'



တုဖန်းဖန်း စကားပြန်မပြောချေ။ လျူဟို တုဖန်းဖန်း အနီးသို့ ချဉ်းကပ်သွားသည်။ တုဖန်းဖန်းက ခပ်ဝေးဝေးသို့ ဆုတ်သွား၏။ လျူဟို မချင့်မရဲဖြစ်သွားကာ....

'ညီမရယ်၊ မင်းကျုပ်ကို မချစ်လို့မရတော့ဘူး။ မင်းကျုပ်ကို ချစ်ကိုချစ်လာရမှာပါ၊ မင်းချစ်ရမယ့်လူဆိုတာ ကျုပ်တယောက်ပဲရှိတယ်၊ ကျုပ်အပြင်အပိုရှိလာယင် အားလုံးသေရမယ် မှတ်ထား'

တုဖန်းဖန်း၏ မျက်လုံးများ ဝင်းလက် တောက်ပြောင်လာသည်။

မျက်နှာတင်းမာစွာဖြင့် -

'ရှင့်ကိုဘယ်တော့မှ ပြန်မချစ်နိုင်ဘူးဆိုတာ မှတ်ထားပါ။ ကျွန်မရှင့်ကိုမုန်းတယ်၊ သတ်ပစ်ချင်လောက်အောင် မုန်းတယ်၊ အခုချက်ချင်း အခန်းထဲကထွက်သွားပါ'

လျူဟို၏မျက်နှာ ရဲကနဲဖြစ်သွားသည်။ ချက်ချင်းနောက်ဆုတ်သွားပြီး —

'ကောင်းပြီ၊ မင်းဘယ်လောက်ခေါင်းမာနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့၊ မင်း ငါ့စကားနားမထောင်ယင် မင်းအဖေနဲ့ အမေ သေရမယ်မှတ်ပါ၊ ကျုပ်စကားတလုံးမကျန် နားထောင်ရမယ်'

တုဖန်းဖန်း ပါးစပ်ပိတ်သွားလေသည်။ သူမ၏မိဘများ အတွက် စိုးရိမ်သွား၏။

လျူဟိုက အသံမာမာဖြင့်....

'ဒီကနေ့ မင်္ဂလာပွဲကို ပိုင်ချူးရီလာပြီး နှောင့်ယှက်မယ် သတင်းကြားရတယ်၊ သူရောက်လာယင် မင်းကသူ့ကို မဟုတ် မတရားစွပ်စွဲရမယ်၊ သူကကျူးကျန့်ရှန်းအတွက် ကျေနပ်မှာ မဟုတ်ဘူး။ သူဘာပြောပြော မဟုတ်ဘူးငြင်းရမယ်၊ မင်းငါ့ စကားနားမထောင်ယင် မင်းလဲသေရမယ်၊ မင်းမိဘတွေလဲသေ ရမယ် ဒါပဲ'

ပြောပြီး ချာကနဲလှည့်ကာ အခန်းတွင်းမှ ခြေသံပြင်းပြင်း နင်း၍ထွက်ခွာသွားလေသည်။ တုဖန်းဖန်းမှာငိုရှိုက်ယင်း ကျန် ရစ်ခဲ့လေတော့သည်။

* * *



မင်္ဂလာအချိန်အခါ ကျရောက်ပြီဖြစ်ပါသည်။ သဌေးကြီး လျူ၏ ငွေခားစံအိမ်တွင် အလှအပဖြင့် မွမ်းမံတန်ဆာဆင်ထား၏။ ငွေခားစံအိမ်တခုလုံး ဧည့်သည်များ ပြည့်နှက်နေသော ကြောင့် အိမ်ရှေ့မြေကွက်လပ်တွင် ယာယီမဏ္ဍပ်များပင် ထိုး ထားရလေသည်။

မဏ္ဍပ်များအတွင်း စားပွဲကုလားထိုင်များ ချထား၏။ လူသံ သူသံဖြင့် အုတ်အုတ်ကျက်ကျက် ဆူညံနေပေတော့သည်။ ယနေ့ သည် သဌေးကြီးလျူအတွက် မင်္ဂလာရှိသော နေ့ဘနေ့ပေ တကား....

သဌေးကြီးလျူ၏မျက်နှာ ပြုံးရွှင်နေသည်။

ရောက်လာသမျှ ဧည့်သည်များကို စံအိမ်ထိပ်ဝမှ ဆီးကြိုနှုတ် ဆက်နေ၏။ သဌေးကြီးလျူ၏သား လျူဟိုး၏ မင်္ဂလာပွဲသို့ အနယ်နယ် အရပ်ရပ်မှ သိုင်းသမားများ ရောက်ရှိလာကြပါ သည်။

ထင်ရှားသော ဂိုဏ်းချုပ်များနှင့် မြို့စားနယ်စားများလည်း တက်ရောက်ကြသည်။ အားလုံးလိုလို အဖိုးတန်လက်ဆောင် ပစ္စည်းများယူဆောင်လာကြလေသည်။ သဌေးကြီးလျူမှာ မျက် နှာပြုံးရွှင်စွာဖြင့် ဧည့်သည်များကို ဧည့်ခံနေသော်လည်း သူ၏ မျက်လုံးအစုံတွင် စိုးရိမ်ကြောင့်ကြသော အရိပ်အရောင် ထင် ပေါ်လွင်နေ၏။

ပိုင်ချူးရီ လာရောက်နှောင့်ယှက်မည်ကို စိုးရိမ်နေခြင်းဖြစ် ပေသည်။ ပိုင်ချူးရီရောက်ရှိလာပါက မည်သို့မည်ပုံ ရှင်းပစ်ရ မည်ကိုလည်း အကွက်ကျကျ စီစဉ်ထားပြီးဖြစ်သည်။ လျူဟိုး၏

ပြောကြားချက်အရ တုဖန်းဖန်းမှာ သူတို့ဘက်သို့ လုံးလုံးလျား လျား ပါနေချေပြီ။

တုဖန်းဖန်းကို သက်သေတူလျှင် ပိုင်ချူးရီမှာ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်ပေတော့မည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။ ဖိတ်ကြားထားသော ဧည့်သည်များ စုံစုံလင်လင်ရောက်ရှိလာကြ၏။ နောက်ဆုံး သတို့သားနှင့် သတို့သမီးတို့က မိဘများအား ပူဇော်ကန်တော့ရမည့် **အ**ချိန်ရောက်မှ သဌေးကြီးလျူက မင်္ဂလာခန်းမထဲသို့ ပြန်ဝင်သွားသည်။

ပိုင်ချူးရီရောက်လာတော့မည်မဟုတ်ဟု သူတထစ်ချယုံကြည်ထားလေသည်။

* * *



'သတို့သမီးနဲ့ သတို့သား မိဘများကိုကန်တော့ဖို့လာကြပါ'

မင်္ဂလာဘိသိက်ဆရာ၏ အသံကျယ်လောင်စွာထွက်ပေါ်လာသည်။ မင်္ဂလာခန်းမ၏ ရှေ့ဆုံးတန်းတွင် ရှောင်လင် ဂိုဏ်းမှ ခုံမင်ဆရာတော်၊ ဝါဒန်းဂိုဏ်း ချူးစီထူးဝါး တကိုယ်တော် သိုင်းသမား ဝမ်တန်မင်း စသည်စသည့် သိုင်းလောကမှ အလွန် ကျော်ကြားနေသူများ ထိုင်နေကြ၏။

ထိုလူများသည် သဌေးကြီးလျူ၏ အထူး ဖိတ်ကြားထားခြင်း ခံရသူများဖြစ်သေသည်။ မင်္ဂလာခန်းမ၏တဘက်မှ သတို့သား လျူဟိုကရင်ကော့၍ ထွက်လာသည်။ သူ၏ မျက်နှာဘွင် အပြုံးဝေဆာနေလေသည်။

သူက ကျင်းလိမ်မြို့မှ အချောဆုံး အလှဆုံး တုဖန်းဖန်းကို ဆွတ်ခူးနိုင်သောကြောင့် လူရွယ်လူငယ်များ ရှေ့တွင် သူရဲကောင်းပမာ ဖြစ်နေသည်မဟုတ်ပါလား။ လျူဟို၏ နောက်မှ တုဖန်းဖန်း ထွက်လာသည်။

တုဖန်းဖန်းမှာ ဝမ်းနည်းကြေကွဲရှက်ရွံ့ခြင်း ထိတ်လန့် တုန်လှုပ်ခြင်းတို့ကြောင့် ခြေလှမ်းပင် ကောင်းစွာ မလှမ်းနိုင်ချေ။ သူမကို နံဘေးမှ အထိန်းတော်ရှောင်ချင်က ဖေးမလိုက်ပါလာရလေသည်။

မင်္ဂလာခန်းမ ထိပ်တွင် သဌေးကြီးလျှူက တုဖန်းဖန်း၏ မိဘနှစ်ပါးနှင့် ရင်ပေါင်တန်းကာ ထိုင်နေသည်။ တုဖန်းဖန်း ရှင်းပြမှုကြောင့် သူမ၏မိဘနှစ်ပါးသည် သဌေးကြီး လျှူ၏ ဘောင်းဆိုချက်ကို ငြင်းပယ်ရန်ကြိုးစားလိုက်၏။

နောက်ဆုံး သူတို့အသက်ကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်းခံရသောကြောင့် သဘောတူရသည်။ သူတို့ မျက်နှာ မကောင်းလှချေ။ ရွှင်ပျမှုလည်း မရှိပါ။ ဟန်ဆောင်၍ ပြုံးနေကြရလေသည်။

လျှူဟိုနှင့် တုဖန်းဖန်းတို့က ယှဉ်တွဲ၍ ကြမ်းပြင်ပေါ် ဒူးထောက်လိုက်ပြီး မိဘများအား ကန်တော့ရန် ဟန်ပြင်လိုက်ကြသည်။

ထိုစဉ်မှာပင် ...

'အားလုံးရပ်လိုက်ကြပါ'

ကျယ်လောင်သော အသံတချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ မင်္ဂလာအခမ်းအနား စတင်နေပြီဖြစ်သောကြောင့် ခန်းမတခုလုံး ငြိမ်သက်နေပြီဖြစ်သည်။ အစောင့်များလည်း မင်္ဂလာပွဲဆီသို့ အာရုံရောက်နေသဖြင့် ရုတ်တရက် လူတယောက်ဝင်လာသည်ကို သတိမပြုမိကြချေ။



ဝင်လာသူမှာ ပိုင်ချူးရှိဖြစ်ပါသည်။ ပိုင်ချူးရှိနောက်မှ စန်းစန်းကပ်လျက် လိုက်ပါလာ၏။ ပိုင်ချူးရှိရောက်လာသည်ကို တွေ့ရလျှင် သဌေးကြီးလျှူ မျက်နှာကွက်ကနဲပျက်သွား၏။

သူက ပိုင်ချူးရှိအကြောင်း တိတ်တဆိတ် စုံစမ်းထားသောကြောင့် ဝင်လာမှန်းသိလိုက်ခြင်း ဖြစ်ပေသည်။ ပိုင်ချူးရှိ၏အသံကြောင့် ဧည့်ပရိသတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

အစောင့်များက ပိုင်ချူးရှိ၏ရှေ့တွင် လက်နက်ကိုယ်စီဖြင့် လမ်းပိတ်ရပ်ကာ -

'ရှေ့မတိုးနဲ့'

ပိုင်ချူးရှိက လက်နှစ်ဘက် အပေါ်သို့မြှောက်ပြလိုက်ပြီး....

'ကျုပ်ရန်ပြုဖို့လာတာ မဟုတ်ပါဘူး။ မေးစရာတခုရှိလို့ လာတာပါ'

'မလိုချင်ဘူး ထွက်သွားစမ်း'

အစောင့်သုံးယောက်က ပိုင်ချူးရှိအား မောင်းထုတ်ပစ်ရန် ဝိုင်းဝန်း ဖမ်းချုပ်ကြလေသည်။ သို့သော် တခဏအတွင်းမှာပင်

'ဝုန်း ဝုန်း ဝုန်း'

ကျယ်လောင်သောအသံများ ထွက်ပေါ်လာပြီး၊ အစောင့်သုံးယောက် အဝေးသို့လွင့်စဉ်သွား၏။ ပိုင်ချူးရှိမှာ ရှေ့သို့

ဆက်တိုးလာလေသည်။ ထိုအခါ အစောင့်များ စုဝေး၍ထွက်လာပြီး ပိုင်ချူးရီကို ဟန့်တားလိုက်ကြ၏။

ပိုင်ချူးရီက ထိုလူများကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်....

'ရပ်လိုက်'

လူတယောက်၏အသံ ဟိန်းထွက်လာသည်ကို ကြားရလေသည်။ ထိုလူမှာ မင်္ဂလာဧည့်ခံပွဲ ရှေ့ဆုံးမှထိုင်နေသော တကိုယ်တော်သိုင်းသမား ဝမ်တန်မင်း ဖြစ်သည်။ ဝမ်တန်မင်း၏အသံကြောင့် အစောင့်အကြပ်များ နောက်ဆုတ်သွားကြ၏။

သဌေးကြီးလျူမှာ အခြေအနေကို အကဲခတ်ကြည့်နေလေသည်။ ဝမ်တန်မင်းက ပိုင်ချူးရီ ကြည့်ယင်း....

'မိတ်ဆွေက ဘယ်သူလဲ'

'မိုးကြိုးဓား ပိုင်ချူးရီပါ'

'လက်စသတ်တော့ မိုးကြိုးဓားပိုင်ချူးရီကိုး၊ ဒီကိုဘာကိစ္စနဲ့လာတာလဲ'

အမှန်တော့ ဝမ်တန်မင်းမှာ ပိုင်ချူးရီထက် ကျော်ကြားနေသူဖြစ်၏။ သူကပင် လေးလေးစားစား ပြောလာသောကြောင့် ပိုင်ချူးရီ မလေးမစား မလုပ်ဝံ့ပဲ၊ လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်ပြီး....



'ခင်ဗျားက တကိုယ်တော်သိုင်းသမား ဝမ်တန်မင်းမဟုတ်လား'

'ဟုတ်ပါတယ်'

'အတော်ပဲ၊ ကျုပ်ဒီကိုလာတာ မတရားတဲ့ကိစ္စတခုအတွက် ဘုရင်မင်းမြတ်က စုံစမ်းဖော်ထုတ်ဖို့ တာဝန်ပေးလိုက်လို့ပါ။ အခန့်သင့်ယင် ဒီမှာတရားခံတွေ့ရလိမ့်မယ်ထင်ပါတယ်၊ တကယ်လို့ တရားခံမတွေ့ယင် မင်္ဂလာပွဲရှင်ကို ဦးသုံးကြိမ်ချတောင်းပန်ပြီး၊ ပြန်သွားပါ့မယ်'

ဝမ်တန်မင်း မျက်မှောင်ကြုတ်သွားလေသည်။

ပိုင်ချူးရီမှာ မတရားမှုများကို တိုက်ဖျက်နေသော နန်းတွင်း သိုင်းသမားတယောက်ဖြစ်ကြောင်း သူသိထား၏။ ပိုင်ချူးရီ၏စကားမှာလည်း လက်ခံနိုင်သည့် အခြေအနေ ရှိသောကြောင့်....

'မိတ်ဆွေက ဘာသိချင်တာလဲ'

ပိုင်ချူးရီက တုဖန်းဖန်းကို လက်ညှိုးညွှန်ပြကာ....

'ကျုပ် သတို့သမီးနဲ့တွေ့ပြီး၊ စကားတခွန်းမေးချင်ပါတယ်၊ ပြီးယင် ပြန်ပါ့မယ်'

ဝမ်တန်မင်းက သဌေးကြီးလျူကို လှမ်းကြည့်လိုက်သည်။ သဌေးကြီးလျူ မနေနိုင်တော့ပဲ ထိုင်နေရာမှထလိုက်သည်။

ပိုင်ချူးရဲ ရှေ့သို့လျှောက်လာပြီး....

'မင်းက ဘာမေးချင်လို့လဲ'

ပိုင်ချူးရဲက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်မေးခွန်းကို ခင်ဗျားဖြေနိုင်မှာ မဟုတ်ပါဘူး။ သတို့သမီးကိုပဲ မေးပါရစေ'

သဌေးကြီးလျူမှာ ဒေါသချောင်းချောင်း ထွက်နေသည်။ သို့သော် လူအများရှေ့တွင် စိတ်ထင်ရာစိုင်း၍ မရကြောင်း သဘောပေါက်မိ၏။ ထို့ကြောင့် လျူဟိုအား ကြည့်လေသည်။

လျူဟိုက မသိမသာ ခေါင်းညိတ်ပြလိုက်၏။ ထိုအခါ စိတ်သက်သာရာရသွားပြီး....

'ကောင်းပြီ၊ မင်းမေးကြည့်နိုင်တယ်၊ ဒါပေမယ့် ဘာကြောင့်မေးရတယ်ဆိုတာ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံရှင်းပြနိုင်မှ ကျုပ်ကျေနပ်မယ်'

'စိတ်ချပါ၊ ကျုပ်မေးပြီးယင် ရှင်းသွားမှာပါ'

ထိုအချိန်တွင် တုဖန်းဖန်းမှာ ပိုင်ချူးရဲဘက်သို့ မျက်နှာလှည့်လာသည်။ သူမ၏မျက်နှာတွင် မျက်ရည်စီးကြောင်းများ



တွေ့ရ၏။ သူမသည် ပိုင်ချူးရဲကိုတွေ့ရလျှင် ကျူးကျန့်ရှန်းကို သတိရကာ ဝမ်းနည်းလာလေသည်။

ပိုင်ချူးရဲသည်း စိတ်မကောင်းဖြစ်သွား၏။ သို့သော် ရန်သူများကို ပြတ်ပြတ်သားသား ဖြေရှင်းရမည်ဖြစ်သောကြောင့် တုဖန်းဖန်းကိုမေးရန် ဟန်ပြင်လိုက်၏။

ထိုစဉ် ပြုံးရွှင်နေသော လျူဟို၏ မျက်နှာကို မြင်လိုက်ရသောကြောင့် ပိုင်ချူးရဲ စိတ်ထင့်သွား၏။ လျူဟိုပြုံးနေခြင်းကို ထောက်ချင့်လျှင် သူတို့သည် တုဖန်းဖန်းကို ချုပ်ကိုင်ထားပြီဟု တွေးမိသည်။

တုဖန်းဖန်းက သူ၏မေးခွန်းကို အမှန်မဖြေလျှင် မည်သို့လုပ်ရမည်နည်း။ ပိုင်ချူးရဲ အနည်းငယ် စိုးရိမ်လာ၏။ သူက သဌေးကြီးလျူအား ဦးသုံးကြိမ်ချကာ အရှက်တကွဲ အကျိုးနည်းစွာဖြင့် ထွက်သွားရမည်လော...

ပိုင်ချူးရဲ တွေဝေနေစဉ် နောက်မှ လိုက်ပါလာသော စန်းစန်းက....

'အစ်ကို မေးလိုက်လေ'

ပိုင်ချူးရဲ မတတ်သာပဲ ...

'ညီမ....ညီမကို ကျုပ်မေးခွန်းဘခု မေးပါရစေ'

တုဖန်းဖန်း မျက်နှာမော့လာလည်။

လျှူဟိုသည် သူမနှင့် နီးကပ်စွာ ရပ်နေ၏။ ချွန်ထက်သော ဓားမြှောင်တလက်ဖြင့် တုဖန်းဖန်း၏နောက်ကျောသို့ မသိမသာ ထောက်ထား၏။ အကယ်၍သာ တုဖန်းဖန်းက သူတို့ဟက်မှ ကာကွယ်ပြောဆိုခြင်း မပြုလျှင် သတ်ပစ်မည်ဆိုသည့် သဘော ဖြစ်လေသည်။

တုဖန်းဖန်း၏နှုတ်ခမ်းများ ပွင့်ဟလာပြီး....

'ဘာမေးမလို့လဲ ရှင်'

သူမ၏အသံကြားရလျှင် ပိုင်ချူးရီ စိတ်ခေတ်ကျဆင်းသွားသည်။ တုဖန်းဖန်း၏အသံမှာ လျှော့လျည်းလျှော့လျှံနိုင်လှသည် မဟုတ်ပါလား....

ပိုင်ချူးရီ အားတင်းကာ....

'ညီမ....ညီမ အခုလို မင်္ဂလာဆောင်တာဟာ ကိုယ့်သဘောနဲ့ကိုယ်လုပ်တာလား၊ ဒါမှမဟုတ် တန်ကျိုဝိုက်က ဖမ်းပြီး ဒီကိုပို့ခဲ့တာလား၊ သူတို့အတင်းအကျပ် စေခိုင်းတာလား'

တုဖန်းဖန်း ရုတ်တရက် အဖြေ မပေးပါချေ။ ပိုင်ချူးရီ၏ စကားတွင် တန်ကျိုဝိုက်ဟူသော အမည်ပါလာသောကြောင့် ဧည့်သည်အများ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ တန်ကျိုဝိုက်မှာ လူဆိုးဒမြဖြစ်ကြောင်း လူတိုင်းသိထားကြလေသည်။



ဝမ်တန်မင်းလည်း မျက်မှောင်ကုပ်သွားကာ အခြေအနေ စောင့်ကြည့်နေ၏။ လျှူဟိုမှာ မနေနိုင်တော့ပါ။ တုဖန်းဖန်းအား စိုက်ကြည့်ယင်း....

'သူမေးတာ ဖြေလိုက်လေ'

တုဖန်းဖန်း နှုတ်ခမ်းကိုယ်လိုက်ပြီး—

'ကျွန်မရဲ့ချစ်သူဟာ ကျူးကျန့်ရှန်းပါ၊ သူကို တန်ကျိုဝိုက် သတ်လိုက်ပါတယ်၊ တန်ကျိုဝိုက်ဟာ သဌေးကြီးလျှူရဲ့ လက်ပါးစေပါ၊ သူဖမ်းလာလို့ ကျွန်မ ဒီရောက်လာတာပါ ရှင်၊ ကျင်းလိမ်မြို့အနီးတဝိုက်မှာ ဖြစ်ပွားနေတဲ့ လူသတ်မှုလုယက်မှုနဲ့ ဒမြမှုတွေဟာ သဌေးကြီးလျှူတို့သားအဖ လက်ချက်ကြောင့်ပဲ'

မမျှော်လင့်သော စကားကြားရလျှင် သဌေးကြီး လျှူ၏ မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ လျှူဟိုကို ဒေါသကြီးစွာ ကြည့်ကာ

'ဟေ့ လျှူဟို မင်းဘာလုပ်နေတာလဲ'

လျှူဟို ချက်ချင်းသတိဝင်လာ၏။ သို့သော် သူက တုဖန်းဖန်းကို ဟန့်တားနိုင်ခဲ့ခြင်းမရှိတော့ချေ။ တုဖန်းဖန်း၏စကားများ ကျယ်လောင်စွာ ထွက်ပေါ်လာရာ ပရိသတ် အားလုံးလိုလို ကြားသွားရလေသည်။

လျှူဟို ဒေါသမထိန်းနိုင်ပဲ....

'သေပေတော့'

ဓားမြှောင်ဖြင့် တုဖန်းဖန်းကို တအားထိုးစိုက်ချလိုက်သည်။ တုဖန်းဖန်း ရှန်းကန်လှုပ်ရှားခြင်းမပြုပဲ တောင့်တောင့်ကြီး ရပ်

နေ၏။ ခေါ်းဦးမှာ သူမ၏ အသည်းနှလုံးသို့တိုင် စိုက်နစ်သွား လေသည်။

'အင့်....'

တုဖန်းဖန်းနှုတ်မှ မသဲမကွဲ ညည်းညူသံ ထွက်ပေါ် လာပြီး ကြမ်းပြင်ပေါ် လဲကျသွားသည်။ သွေးခြင်းခြင်းနီရဲ နေသော တုဖန်းဖန်း၏ အလောင်းက မင်္ဂလာပွဲကိုအရုပ်ဆိုး အကျည်းတန် သွားစေချေပြီ။

ပိုင်ချူးရှိ မှာ မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ပါး စပ်အဟောင်းသား ဖြစ်သွားတော့သည်။

* * *



တုဖန်းဖန်းမှာကြမ်းပြင်ပေါ် လဲကျသေဆုံးပြီ ဖြစ်လေသည်။ လူအားလုံး အံ့အားသင့်နေကြ၏။ တုဖန်းဖန်း၏ စကားများ သည် သဌေးကြီးလျူ၏ဇာတိရုပ်ကို ဖွင့်ချသွားခြင်း ဖြစ်သည်။

အမှန်တော့ လျူဟိုသာ စိတ်ထိန်းနိုင်လျှင် တုဖန်းဖန်း အား ချက်ချင်း အခန်းထဲမှ ခေါ်ထုတ် သွားရပေမည်။ ထို့နောက် ဧည့်သည်များကို အဆင်ပြေဆုံး ဖြစ်စေရန် လုပ်ကြံ ပြောဆို၍ ထိန်းထားနိုင်၏။

မည်သူမျှ တုဖန်းဖန်း၏ စကားကို ရုတ်တရက် ယုံဝံ့ကြမည် မဟုတ်ပါချေ။ ယခုမူ လျူဟို၏ မဆင် မခြင် မိုက်မဲမှုကြောင့် တုဖန်းဖန်း စကားများမှာ မှန်ကန်သည်ဟု သက်သေ ပြလိုက် သကဲ့သို့ ဖြစ်နေသည်။

ဧည့်သည်များ တွေဝေနေစဉ် ပိုင်ချူးရှိ က....

'ဒီလူယုတ်မာသားအဖဟာ တန်ကျိုစိုက်ကို လက်ကိုင်တုတ် အဖြစ် အသုံးပြုပြီး မတရားမှုတွေ လုပ်ခဲ့ကြပါတယ်၊ ပြီးတော့ တန်ကျိုစိုက်ကိုသတ်ပြီး အပြစ်ပုံချလိုက်ကြတယ်၊ အခု သူတို့ရဲ့ ရက်စက်မှုဟာ အားလုံးမြင်ကြတဲ့ အတိုင်းပါပဲ၊သူတို့ကိုအလွတ် မပေးသင့်ပါဘူး'

ပြောပြီး ...

လျူဟိုကို တိုက်ခိုက်လိုက်လေသည်။ လျူဟိုမှာ ပိုင်ချူးရှိ ကဲ့သို့ ထိပ်တန်းသိုင်းသမားတယောက် မဟုတ်ချေ။ ပိုင်ချူးရှိ

တိုက်ခိုက်လာသည်နှင့် ခုခံခြင်း မပြုနိုင်ပဲ နောက်ဆုတ်သွားရသည်။

သင်္ဘြေးကြီးလျှူလည်း မနေနိုင်တော့ပါချေ။ နံဘေးရှိသက်တော်စောင့်တယောက်၏ လက်ထဲမှ ဓားကိုဆွဲယူကာ ပိုင်ချူးရီအား ကြားဝင်တိုက်ခိုက် လိုက်ရလေသည်။ သင်္ဘြေးကြီးလျှူသည် ဓားပညာ တဘက်ကမ်းခတ် တတ်မြောက်ထားသူဖြစ်၏။

ပိုင်ချူးရီမှာလည်း စူဝ ဓားပညာ သင်ယူတတ်မြောက်ထားပြီ ဖြစ်သည်။ ထို့ကြောင့် သူတို့နှစ်ယောက်၏တိုက်ပွဲမှာ ကြည့်၍ပင် ကောင်းနေတော့သည်။ ဤသည်ကို အခြေအနေ နားမလည်သော အစောင့်အကြပ်များကငြသံပေးယင်း ပိုင်ချူးရီကို ဝိုင်းရံတိုက်ခိုက်ကြသည်။

စန်းစန်း မနေနိုင်တော့ပဲ ညွှန့်ပရိသတ်များဘက်သို့ လှည့်ကာ....

'သိုင်းလောကမှ မိတ်ဆွေတို့၊ရှင်တို့ မတရားတဲ့ တိုက်ပွဲကို ဒီအတိုင်း လက်ပိုက် ကြည့်နေကြတော့မှလား၊ ပိုင်ချူးရီဟာ အမှန်တရားရဲ့ဘက်တော်သားပဲ၊ သင်္ဘြေးကြီးလျှူဟိုတို့ သားအဖက တန်ကျိုဝိုက်နဲ့ ပူးပေါင်းပြီး နောက်ကွယ်မှာ မကောင်းမှု



ဒုစရိုက်တွေလုပ်ဆောင်တယ်၊ သူတို့ကို ဒီအတိုင်း ကြည့်နေကြတော့မှာလား'

သူမ၏စကားကြောင့် ညွှန့်ပရိသတ်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြတော့၏။ ထိုအချိန်တွင် ပိုင်ချူးရီအား သင်္ဘြေးကြီးလျှူဟိုတို့သာမက အစောင့်အများအပြားဝင်၍ တိုက်ခိုက်နေကြပြီ ဖြစ်သည်။

ပိုင်ချူးရီမှာ အများနှင့်တယောက် တိုက်ခိုက်နေရသောကြောင့် ရုတ်တရက်ကြည့်လျှင် အရေးနိမ့်နေသည်ဟု ထင်ရပေသည်။ ထိုစဉ် သိုင်းသမား ဝမ်တန်မင်းက....

'ပိုင်ချူးရီပြောတာ ဖြစ်နိုင်တယ်၊သင်္ဘြေးကြီးလျှူက တရားနည်းလမ်းကျယင် အေးအေးဆေးဆေး ဖြေရှင်းပေါ့၊ ဘာကြောင့် သတို့သမီးကို သတ်ပစ်ရတာလဲ၊ ပိုင်ချူးရီကို သတ်ဖို့ကြံရတာလဲ'

ပြောပြီး ဓားဆွဲကာ ထိုင်ရာမှခုန်ထလိုက်လေသည်။ ဝမ်တန်မင်း၏စကားကို ကြားရလျှင် လျှူဟိုက

'ဟေ့....အားလုံးလာကြ၊ ခုခံတဲ့လူတယောက်မှ ချမ်းသာမပေးနဲ့'

သူ၏စကားဆုံးလျှင် ဓားကိုင်ထားသောအစောင့်အမြောက်အမြား ပြေးဝင်လာကြသည်ကို တွေ့ရ၏။ အစောင့်အချို့မှာ လေးမြားကိုင်ဆောင်ထားကြသည်။ ငြိမ်သက်စွာ ထိုင်နေကြသော ဧည့်သည်များကို ပစ်ခတ်ရန်အသင့်ပြင်ထားကြလေသည်။

ထို့ကြောင့် ဧည့်သည်များ မလှုပ်ရှားစံ့ကြတော့ချေ။

ဝမ်တန်မင်း ဒေါသထွက်လာပြီး

'ဟေ့....မင်းတို့ ဘာလုပ်တာလဲ'

လျှူဟို မဲ့ပြုံးပြုံးယင်း

'ခင်ဗျားတို့အားလုံး ငြိမ်ငြိမ်နေကြပါ၊ လှုပ်ရှားယင် သတ်ပစ်မှာပဲ'

ဝမ်တန်မင်း ဓားကိုဝေ့ယမ်းယင်း

'ကောင်းပြီ၊ မင်းတို့လို လူယုတ်မာတွေကို သုတ်သင်ယင်း သေရမယ်ဆိုယင်လဲ ငါအသေခံမယ်'

ပြောပြီး ဓားဖြင့် ဝိုင်းရံထားသော အစောင့်အကြပ်များကို ပြင်းထန်စွာ တိုက်ခိုက်လိုက်လေသည်။ စန်းစန်းမှာအခြေအနေ မဟန်မှန်းသိလျှင် လက်နက်ပုန်းများဖြင့် မြားကိုင်ထားသော အစောင့်အကြပ်များထံ ပစ်လွှတ်ကာ တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်သည်။



ဧည့်သည်များလည်း မနေနိုင်ကြတော့ပဲ လက်နက်ကိုယ်စီ ဆွဲထုတ်ကာ အစောင့်အကြပ်များကို တိုက်ခိုက်လိုက်ကြ၏။

မင်္ဂလာဧည့်ခံပွဲမှ ကြောက်မက်ဖွယ်ရာ ပြင်းထန်သော တိုက်ပွဲကြီးတခုအသွင်သို့ တမုဟုတ်ချင်း ပြောင်းလဲသွားလေတော့သည်။

* * *

တိုက်ပွဲပြင်းထန်နေသည်။ ဆူညံစွာ အော်ဟစ်လိုက်သော အသံများမှာ တဝက်သို့လျှော့သွား၏။ ညွှန့်သည်သိုင်းသမားများနှင့် လျှူဟို၏ လက်အောက်ခံသိုင်းသမားများ ပြင်းပြင်းထန်ထန် တိုက်ခိုက်နေကြသည်။

လျှူဟိုမှာ တိုက်ပွဲပြင်းပြင်းထန်ထန် ဖြစ်လာသည်ကို တွေ့ရလျှင် ရုတ်တရက် ထွက်ပြေးရန် ကြိုးစားလိုက်၏။ သို့သော် သူ၏ ရှေ့မှ ဝမ်တန်မင်း ဝါဆန်းဂိုဏ်းချုပ် စီထူးဝါးနှင့် ရှောင်လင်ကျောင်းမှ ခုံမင်ဆရာတော်တို့ ပိတ်ဆို့ရပ်နေသည်ကို တွေ့လိုက်ရ၏။

လျှူဟို အံကိုတင်းတင်းကြိတ်ကာ
'ခင်ဗျားတို့ လမ်းဖယ်ကြစမ်း'
ဝမ်တန်မင်း အေးတိအေးစက် ရယ်မောလိုက်ပြီး
'မင်းတို့ သွားချင်တိုင်း သွားလို့ရမလား၊ ဗိုလ်လောက်တောင် ရက်စက်ကြမ်းကြုတ်နေမှတော့ ကျုပ်တို့က လွှတ်မပေးနိုင်ဘူး'
'ခင် - ဗျား'
ဝမ်တန်မင်းက ရှေ့သို့ လျှပ်တပြက် ခုန်တိုးလိုက်သည်။
လျှူဟို ဓားဖြင့် ခုခံရန် ကြိုးစားစဉ် ဝမ်တန်မင်းက သူ့လက်တဘက်ကို ဖမ်းမိသွားလေသည်။ လျှူဟို၏ သွေးကြောများ အပိတ်ခံရသောကြောင့် တကိုယ်လုံးထုံကျဉ်သွား၏။
မလှုပ်မရှားနိုင်ပဲ ကျောက်ရုပ်ပမာ ဖြစ်သွားလေသည်။
ထိုစဉ်မှာပင်...
'အား....'



စူးရှသော အသံနက်ကြီးထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ဝမ်တန်မင်းတို့ လှမ်းကြည့်လိုက်ကြသောအခါ သဌေးကြီးလျှူမှာ ကြမ်းပြင်ပေါ်လဲကျနေသည်ကို တွေ့ရ၏။ သူ၏ရင်ဝတွင်ပိုင်ချူးရီ၏ မိုးကြိုးဓားစိုက်ဝင်နေသည်။

အမှန်တော့သူက သဌေးကြီးလျှူအား သတ်ပစ်နိုင်မည်မဟုတ်ပါ။ သို့သော် ရှူဝေ့ဓားရှင်ထံ ပညာသင်ကြားပြီးမှဖြင့်၍ သဌေးကြီးလျှူကို အနိုင်ရလိုက်ခြင်းဖြစ်ပေသည်။

ပိုင်ချူးရီက သဌေးကြီးလျှူ၏ အလောင်းကို အဓိပ္ပါယ်ကင်းမဲ့နေသောမျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီး သူ၏ မိုးကြိုးဓားကိုဆွဲနှုတ်လိုက်သည်။ ထို့နောက် တင်းမာသောမျက်နှာထားဖြင့် လျှူဟိုထံသို့ တလှမ်းချင်း လျှောက်သွားလေတော့သည်။

* * *

လျှုဟို မျက်လုံးများပြူးကျယ်နေသည်။ ဝမ်တန်မင်းတို့က တလှမ်းချင်းလျှောက်လာနေသော ပိုင်ချူးရီကို လှမ်းကြည့်နေကြ၏။

ပိုင်ချူးရီက လျှုဟို၏ရှေ့သို့ရောက်လျှင်

'ကျုပ်ကဥပဒေဘက်တော်သားဗျ ဘယ်တော့မှ တရားလက်လွှတ်လူမသတ်ဘူး.... ဥပဒေအတိုင်းခင်ဗျားကိုစီရင်မှာပါ'

ပြောပြောဆိုဆိုဖြင့် လျှုဟိုကို လျှပ်တပြက် ဖမ်းချုပ်လိုက်၏။လျှုဟိုကားရုန်းကန်ခုခံခြင်းမပြုတော့ချေ။ဥပဒေစက်ကွင်းမှမည်သို့မျှပြေးမလွတ်နိုင်ကြောင်း နားလည်သိရှိနေပြီဖြစ်သည်။

ယင်းသို့ဖြင့် ရာဇဝတ်မှု ထူပြောနေသော ငွေဓားစံအိမ်ကြီးသည် တရားဥပဒေစိုးမိုးမှုအောက်သို့ ရောက်ရှိသွားလေတော့သည်။

* * *



မြို့ပြင်သင်္ချိုင်း....

သင်္ချိုင်းမြေတွင် မြေပုံအသစ်တခု ပိုလာ၏။ကျူးကျန့်ရှန်း၏မြေပုံနှင့် ကပ်လျက်ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုမြေပုံတွင် 'ကျေးဇူးရှင် တုဖန်းဖန်း၏မြေပုံ'ဟုရေးသားထားသောဆိုင်းဘုတ်ရှိ၏။

မြေပုံနှစ်ခုရှေ့တွင် ပိုင်ချူးရီ ဒူးထောက်လျက်ရှိနေ၏။သူက ရီဝေသောမျက်လုံးအစုံဖြင့်....

'သူငယ်ချင်း—မင်းတို့နှစ်ယောက် အခုဘဝ မဆုံကြရပေမယ့်....နောင်ဘဝ ဆုံကြပါစေလို့ ငါဆုတောင်းပါတယ်ကွာ....'

သူ၏ အသံမှာ တုန်ယင်အက်ကွဲနေလေသည်။

ထိုစဉ်....

'အစ်ကို ...အစ်ကို....'

ရုတ်တရက် ခေါ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ပိုင်ချူးရီ နောက်လှည့်မကြည့်ပဲ စန်းစန်း၏ ခေါ်သံဖြစ်ကြောင်း သိထားလေသည်။ ခေါ်သံများ ပို၍ပို၍ ကျယ်လောင်လာသည်။

ပြေးလွှားလာနေသော ခြေသံများလည်းကျယ်လောင်စွာထွက်ပေါ်လာပြီးနီးကပ်လာ၏။လေပြေလေညင်းကလေး ဝေ့ယမ်းတိုက်ခတ်လာသည်။ လေနှင့်အတူ ရော်ရွက်များကြွေကျသွား၏။

အရာရာသည် စိမ်းစိုလန်းဆန်းပြီး ရှင်လန်းဖွယ်အတိပြီးသည်ဟုထင်ရ၏။ သချိုင်းမြေပင်ဖြစ်လင့်ကစား သစ္စာရှိသူတို့လဲ လျောင်းရာမြေဖြစ်သောကြောင့် ဤနေရာတွင် ရှင်လန်းမှုရစေနိုင်ကောင်းပေသည်။

သစ္စာတရား၏ အဖိုးတန်လှပပုံ ချစ်မြတ်နိုးဖွယ်ကောင်းပုံကိုသိမြင်ခံစားနိုင်ပေတော့သည်။

ပြီး၏။

မိုးကျော်သူ

မာသိန်နု၏ • ရှိုးပါဝမ်းကျွမ်း •

